
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၈၈၊ ခုနှစ်
ဩဂုတ်လ
ပထမအကြိမ်
အုပ်ရေ-[illegible]၀၀
၃၂-ကျပ်
စာမူခွင့်ပြု[၃၂၄][၈၈]၇
မျက်နှာဖုံးခွင့်ပြု[၂၉၆][၈၈]၇
မျက်နှာဖုံးရိုက် နန်းသဇင်
ထုတ်ဝေသူ
ဒေါ်မြမြ ဝ၁၆၆၃
ဘိုးတော်စာပေ၊အခန်း[၆]တိုက် ၈
ပဆပဃ၊ရန်ကုန်
ပုံနှိပ်သူ
ဒေါ်တင်ရီ ဝ၂၈၃၉
နန်းသဇင်ပုံနှိပ်တိုက်
၁၉၆၊၃၉ လမ်း၊ရန်ကုန်မြို့
မျက်နှာဖုံး၊ပန်းချီတင်မောင်မျှင့်

BURMESE CLASSIC

တရားဥပဒေနှင့် ဆန့်ကျင်သည့် တစ်စုံတစ်ရာသော ဖြစ်မှုအကျုံး လွန်သူများသည် ပထမ အချုပ်ထဲကို ရောက်မည်။ ဒုတိယ ထောင်ကို ရောက်မည်။ တတိယ ရဲဘက်စခန်းကို ရောက်မည်။

အမျိုးသားဖြစ်စေ၊ အမျိုးသမီး ဖြစ်စေ၊ ဖြစ်မှုကျူးလွန်၍ အပြစ်ရှိကြောင်း အဆုံးအဖြတ်ခံရလျှင် အချုပ်၊ ထောင် နှင့် ရဲဘက်စခန်းသို့ မလွဲမသွေ ရောက်ရမည်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

အခက်အရွက်တွေ ဝေဆာနေသည့် သစ်ပင်ကြီးများနှင့် အရိပ်အာဝါသ ကောင်းကောင်းမရှိသည့် နေရာတွင် ကျောက်ထုသမားများ ကျောက်ထုနေရသည်။

အမျိုးသားထက် အမျိုးသမီး ပို၍များသော အဆိုပါကျောက်ထုစခန်းမှာ အထက်ဗမာပြည်၏ ရာသီဥတု ပူပြင်းသောနေရာတွင်ရှိသည်။ အမျိုးသား အကျဉ်းသားများက ဒိုင်းနမိုက်များ၊ ကျောက်ခွဲကိရိယာများဖြင့် ခွဲပိုလိုက်သည့် ကျောက်တုံးများကို လိုချပ်သည့် အရွယ်အစား အချိုးမျိုးရရှိရန် အမျိုးသမီးများ [illegible] ကျောက်ကိုင်လျက် ခွဲ [illegible] ပစ်ကြရသည်။



အမြင်သက်သာသယောင်ရှိသော်လည်း လက်တွေ့အလုပ်ခွင်မှာ မသက်သာ။

ကျောက်ထုသမားများ ကျောက်ထုရသည့် အဆောက်အအုံများမှာ အကာမရှိ၊ အမိုးသာရှိသော တဲတန်းလျားများဖြစ်၍ နံနက်မှ ညနေခင်းသို့တိုင် ကျောက်ထုကြရသည်။

နားနေ၊ ခိုနေ၍ မရ။

သတ်မှတ်ပေးထားသော ကျောက်ပုံအရေအတွက်ရအောင် ထုရသည်။ သတ်မှတ်ချက်မပြည့်မီလျှင် အဆင့်ဆင့်သော အရေးယူမှုကို ခံရမည်။ ဂံချိန်စံညွှန်း မမီသူများမှာ ခံစားခွင့်ပေးထားသော ခံစားခွင့်များ လျော့ပေါ့ခြင်း ခံရမည်ဖြစ်သောကြောင့် အလုပ်ခွင်တွင် ရှောင်ခိုလို့ မရ။

လုပ်လျှင်စံရမည်၊ မလုပ်လျှင်ခံရမည်။ ပိုလုပ်လျှင် ပို၍အခွင့်အရေး ခံစားရမည်။

ရှောင်ခို အချောင်လိုက်သူများအတွက် ရဲဘက်စခန်းတွင် နေရာ မရှိ။

ရဲဘက်အကျဉ်းသူများ ကျောက်ထုဆင်းရသည့် အလုပ်ခွင်အဆောက်အအုံမှာ အမိုးသာရှိ၍ လေးဘက်လေးတန်တွင် အကာအရံမရှိ။ တိုက်လာသည့်လေမှာ လေပူကြီး။

ချွေးထွက်လျှင် ချွေးစေးတွေ ထွက်တတ်သည်မို့ အနေရ အထိုင်ရ အလွန်ခက်သည်။ စေးထန်းထန်းရေကို တစ်နေ့တစ်ခါ [illegible]မှ အနိုင်နိုင် ချိုးရသည်။ ရေမချိုးရ မနေနိုင်သည့် [illegible]ဘက်ရောက်လျှင် ရေ[illegible] စိုရွှဲ[illegible]သည်။

www.burmeseclassic.com



ညဘက်အိပ်ရသည့် အိပ်ဆောင်ကြီးတွေက အလုံပိတ် အိမ်ဆောင်ကြီးတွေ၊ ပြတင်းပေါက်တို့ ဘာတို့မရှိ၊ ထိပ်ဘက် အဝင်အထွက်အပေါက် တစ်ပေါက်သာရှိသည်။

ဝါးထရံကြားမှ တိုးဝင်လာသည့်လေမှာ မအေးမြခြင်းမရှိ၊ ဝါးတပ်မိုး ဝါးထရံကာ အဆောက်အအုံကြီးမှာ မှောင်ပိတ်နေသည်။ ပူအိုက်သည်မှာ မခံသာအောင် ရှိ၏။

လူတစ်ထောင်ကြီးထဲမှ ထွက်လာသည့် အနံ့အသက်ဆိုးများကြောင့် ရောက်စက အနေခက်၊ အထိုင်ခက် ရှိရသည်။ နေသားကျသွားတော့မှ နေတတ်ထိုင်တတ် ရှိသွားသည်။

အိပ်ရသည့် ဝါးကြမ်းခင်းမှာ မညီမညာသည့်အပြင်၊ ခြင်ထောင်တစ်လုံးကို လူလေးယောက်အိပ်ရသောကြောင့် ချောင်ချောင်ချိချိမရှိ။ အအိပ်ကြမ်းသူနှင့် တွဲကျလျှင် ပိုဆိုးသည်။ တစ်ချို့က ကိုယ်နံ့ဆိုးသည်။ လက်ပတ်စောင်နံသူနှင့် တစ်ခြင်ထောင်ထဲအိပ်ရလျှင် ပို၍ မလွယ်။

ဆောင်းရာသီတစ်ခုပဲ နေလို့နည်းနည်းကောင်းသည်။ နွေရာသီမှာ နေလို့ မကောင်း။ ပိုဆိုးသည်မှာ မိုးရာသီ။ ဘယ်လောက်ပဲ သန့်အောင် နေပေမယ့် နေလို့မရ၊ ကိုယ် တစ်ယောက်တည်းမှ မဟုတ်ဘဲကိုး။ မတစ်ရာ သမီးတွေထဲမှာ အနေအထိုင် ပက်စက်သူက အများစု။

ပြောလွန်းတော့လည်း စကားများရတာပဲ အဖတ်တင်သည်။ အနေအထိုင် ပုံစံမပြောင်း၊ သည်ကြားထဲက ပြောကြသေးသည်။ ကိုယ့်အိမ်မဟုတ်ဘူး၊ သည်လောက်သန့်ချင်လျှင် မရောက်အောင် နေရောပေါ့လို့။



ရဲဘက်စခန်းတွင် ထောင်ထဲမှာထက် အနေအထိုင် လွတ်လပ်မှုရှိသော်လည်း နေရေးထိုင်ရေးမှာမူ ထောင်ထဲလောက် မကောင်းပေ။ အုတ်ရိုးမြင့်မြင့်ကြီးတွေ ကာရံမထားဘဲ သံဆူးကြိုးများ ကာရံထားသဖြင့် ပတ်ဝန်းကျင်မြင်ကွင်း လွတ်လပ်မှုရှိသည်။ အုတ်ရိုးမြင့်မြင့်ကြီးများ ကာရံထားသည့် ထောင်တွင်း ပတ်ဝန်းကျင်မြင်ကွင်း လွတ်လပ်မှု မရှိစေကာမူ အနေအထိုင် သန့်ပြန့်၍ ချောင်ချောင်ချိချိရှိသည်။

ထောင်နှင့်ရဲဘက်စခန်းကို ဘယ်သို့ဘယ်ညာ ဟူ၍ နှိုင်းယှဉ်သော်လည်း တကယ်တန်းဆိုရပါမူ ထောင်ရောရဲဘက်စခန်းပါ ဘယ်နေရာမှ မကောင်းပါ။ ဘယ်နေရာမှ မရောက်အပ်ပါဟု ဆိုရမည်သာ။

ထောင်ကျအကျဉ်းသားဖြစ်လာရင် လလေးသမားက လွဲ၍ လကြီးသမားနှင့် နှစ်သမားများကို ထောင်ထဲတွင် မထားတော့ဘဲ ရဲဘက်စခန်းသို့ အမြန်ဆုံးပို့လေ့ရှိ၏။ နေချင်သည့်နေရာတွင် မနေရဘဲ ထားရာပို့ရာတွင် နေရသူတို့၏ဘဝမှာ ကောင်းရိပ်မထင်ရာ၊ အကောင်းဘက်သို့ မျက်မှောက်မပြုရာပေ။

သို့တစေ ယိုမဆောက်အပ်သောနေရာသို့ ရောက်လာသူများထဲတွင် အားကောင်းမောင်းသန် ယောကျ်ားများသာမဟုတ်၊ အားနွဲ့သူ မိန်းမသားများလည်း ရောက်ကြသည်။ ယခင်က မိန်းမဆောင်သို့ အရောက်အပေါက် နည်းသည့်အတိုင်း မိန်းမထောင်မှာကြပ်ကြပ်တည်းတည်းမရှိ။ ထို့ကြောင့်ပင် ယောကျ်ားများထောင်ဘက်တွင် နှစ်ထပ်အဆောင်ကြီးတွေ လေးငါး ခြောက်လုံး၊ ဆောက်ထားရသော်လည်း၊ မိန်းမထောင်ဘက်တွင်မူ

www.burmeseclassic.com



ထောင်ကြီးလျှင် နှစ်ထပ်အဆောင်တစ်ဆောင်၊ ထောင်သေးလျှင် တစ်ထပ်အဆောင်တစ်ဆောင်လောက်သာ ဆောက်ထားရသည်။

သို့တိုင်မိန်းမထောင်တွင် မလှည့်သာမပဲ့သာရှိအောင်လူများ သည်ဟူ၍မရှိပေ။ ချောင်ချောင်ချိချိရှိလွန်းလို့၊ချောက်ကပ်ကပ် နှင့် အလွန်ပျင်းစရာကောင်းသည်ဟု ပြောစမှတ် ပြုကြသည်။ ယခုထိုပြောစမှတ်စကားမှာ ပျက်ပြယ်သွားလေပြီ။ မိန်းမထောင် မှာ အချုပ်သူမ၊ အကျဉ်းသူမတွေ ဝင်လာမစဲ တသဲသဲရှိသော ကြောင့် ကျောတစ်ခင်းစာ နေရာကိုရဖို့သော်မှ ခက်ခဲလှအောင် ပြွပ်သိပ်ကြပ်တည်းနေသည်။

ထို့ကြောင့်လည်း ရဲဘက်စခန်းများတွင် အမျိုးသမီး ကျောက်ထုစခန်းများရှိလာသည်ပါ။

မိန်းမထောင်သို့ ရောက်လာသူ အကျဉ်းသူမ နှစ်မျိုးနှစ်စား ရှိသည်။ တစ်မျိုးမှာ ထောင်ထဲသို့ ရောက်မည်မှန်းသိလျက် ဥပဒေနှင့်ဆန့်ကျင်ဘက် အလုပ်များကိုလုပ်၍ ထောင်ထဲသို့ ဝင်ဖို့ထွက်ဖို့ လုပ်နေသူများဖြစ်၍၊ တစ်မျိုးမှာ အကြောင်း အခန့်မသင့်၍ ဒါမှမဟုတ် တစ်ကြိမ်တစ်ခါ အမှားအယွင်းလုပ် မိလို့ မမျှော်လင့်ဘဲ ထောင်ထဲသို့ရောက်လာသူများ ဖြစ်ကြ၏။

ပြည့်တန်ဆာ လုပ်ငန်းလုပ်ကိုင်နေသူများ၊ မှောင်ခိုစီးပွားရေး လုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်နေသူများ၊ အရက်ပုန်း အရောင်း အဝယ်လုပ်နေသူ၊ မိန်းမသားဖြစ်လျက် လောင်းကစား ကျူး သူများ၊ လိမ်လည်မှုအမျိုးမျိုး ကျူးလွန်သူများနှင့် မိန်းမသူခိုး များမှာ ထောင်ကိုဝင်ဖို့ထွက်ဖို့ လုပ်နေကြသူများပင် ဖြစ်၏။



ရန်ခိုက်ဒေါသဖြစ်ရာမှ လက်ရောက်ကျူးလွန်မှု လွန်ကဲ သွား၍ အကြောင်းအခန့်မသင့်လို့ ရောက်ရသူ၊ သွားရင်း လာရင်း ခလုတ်တိုက်မိလို့ မှောက်လျက်လဲဆိုသလို၊ မှုခင်းဖြစ်မှု သက်ရောက်လိမ့်မည်မထင်လို့ လုပ်မိရာမှ မမျှော်လင့်ဘဲ အုတ်ရိုး နှင့်မိတ်ဖွဲ့လိုက်ရသူ၊ သူတစ်ပါးကျူးလွန်ထားသည့် မှုဖြစ်ထဲသို့ ဘုမသိ၊ ဘမသိ လက်ဝင်လျှိမိသူများ မျက်စိလည်လမ်းမှား၍ ထောင်ထဲသို့ရောက်ကြရသူများ ဖြစ်၏။

ထိုနှစ်မျိုးမှာ ထောင်ထဲရောက်ပုံချင်း မတူသလို၊ ဗီဇစရိုက် အမူအကျင့် အပြောအဆို အနေအထိုင်လည်း မညီတူကြပေ။

ပထမအမျိုးအစားမှာ ဖြင်သလိုနေပြီး၊ အပြောအဆို အနေအထိုင်ကြမ်းတမ်းသည်။ အရှက်အကြောက်ကင်းမဲ့သည်။ မကြားဝံ့မနာသာ အပြောအဆိုများနှင့် ယှဉ်ပါး၍ ဘရုတ် သုကနေထိုင်ကြသည်။ သူတို့အစုမှာ ထောင်ထဲတွင်လည်း ထိုနည်းလည်းကောင်း၊ ရဲဘက်စခန်းတွင်လည်း ထို့အတူ သာပင်။

ဒုတိယအမျိုးအစားမှာထောင်ထဲသို့ ရောက်နေသည့်တိုင် ကိုယ့်သိက္ခာကိုကိုယ်ထိန်းသိမ်း၍ အနေအထိုင် ကျစ်လစ်သည်။ အပြောအဆို ယဉ်ပါးသည်။ အပြုအမူ ထိန်းထိန်းသိမ်းသိမ်း ရှိသည်။ ဝန်ထမ်းပိုင်းဆိုင်ရာ၏ အပြောအဆိုခံရမည်ကို စိုးရွံ့ သည်။

ထိုနှစ်စုမှာကြမ်းတမ်းပြေးတည်း နေကြစေကာမူ၊ အရောရော အနှောနှောမရှိ၊ အစုအကွဲအပြားဖြင့် နေထိုင်ကြသည်။ ရဲဘက် စခန်းရောက်တော့လည်း ထိုနှစ်စုမှာ တစ်သီးတစ်ခြားစီသာ။

www.burmeseclassic.com

www.burmeseclassic.com



ပထမအစုမှာလူများစု၊ ဒုတိယအစုမှာလူနည်းစု။

ဒေါ်ခင်အေးမြင့်မှာ ဒုတိယအစုထဲတွင် ပါဝင်သည့် အကျဉ်းသူ။

သူ့အကြောင်း၊ သူ့ဖြစ်ရပ်ကလည်း ဆန်းကြယ်သည်။ သူ့ဘဝခရီးတစ်လျှောက်ဘွင်ဥပဒေနှင့်ဆန့်ကျင်သောမည်သည့် အလုပ်ကိုမှမလုပ်ခဲ့။ တစ်စုံတစ်ရာသော ပြစ်မှုကိုမကျူးလွန်ခဲ့။ ဒုစရိုက်လုပ်ငန်းနှင့်မဆက်နွယ်၊ မပတ်သက်ခဲ့။ ဒါပေမယ့် အချုပ်ခန်းရောက်ခဲ့ရသည်။ တရားရုံးတွင် အမှုဆိုင်ခဲ့ရသည်။ ပြစ်ဒဏ်အကျဉ်းသူအဖြစ် ထောင်ထဲသို့ရောက်ခဲ့ရသည်။ ထို့မှ ရဲစခန်းဘက်သို့။

* * *

ဒေါ်ခင်အေးမြင့်ကို တရားရုံးက အပြစ်ပေးလိုက်သည်မှာ အပြစ်မရှိဘဲ အပြစ်ပေးလိုက်ခြင်းမဟုတ်။ ပြစ်မှုကိုတကယ်ကျူးလွန်ခဲ့၍သာ တရားဥပဒေနှင့်အညီ အပြစ်ပေးလိုက်ခြင်း ဖြစ်၏။



ထိုပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း သူကိုယ်တိုင်ကလည်း ဖြောင့်ဆိုချက်ပေးခဲ့သည်။

တကယ်တမ်းဆိုရပါမူ ထိုပြစ်မှုကို သူမကျူးလွန်ခဲ့။ ထို့ကြောင့်ဆန်းကြယ်သည်ဟု ဆိုရခြင်းပါ။

ဒေါ်ခင်အေးမြင့်၏ဖခင်မှာ အငြိမ်းစားယစ်မျိုးဝန်ထောက်မိခင်ဖြစ်သူမှာ ငယ်စဉ်ကတည်းက ကွယ်လွန်သွားသည်။ ဖခင်ဖြစ်သူက တစ်ဦးတည်းသောသမီးကလေးကို ထွေးထွေးပိုက်ပိုက်ချစ်မြတ်နိုးလွန်းသောကြောင့် ကွယ်လွန်သွားသည်အထိ နောက်အိမ်ထောင်မပြုခဲ့။

ယစ်မျိုးဝန်ထောက်ကြီး ဦးဘမြင့်မှာ သူဌေးစာရင်းမဝင်သော်လည်း တင့်တောင်းတင့်တယ်၊ ထည်ထည်ဝါဝါ၊ ဟန်ရပန်ရ နေနိုင်ရုံမက၊ သင့်တင့်သော ရွှေငွေရတနာများကိုလည်း စုမိဆောင်းမိရှိခဲ့သည်။ လူသတ်တန်းစားအထက်ဆင့် ချမ်းသာစာရင်းဝင်ဟုဆိုရမည့် အနေအထားရှိသည်။

ဒေါ်ခင်အေးမြင့်မှာ အဒေါ်တစ်ယောက်၏ အုပ်ထိန်းမှုအောက်တွင်စိတ်ချမ်းသာကိုယ်ချမ်းသာ မကြောင့်မကျမတောင့်မတ နေနိုင်ခဲ့ရ၏။ အဒေါ်အပျိုကြီးက အထိန်းအသိမ်းကောင်းသလို၊ ဒေါ်ခင်အေးမြင့်ကလည်း အစနေအထိုင်ကျစ်လစ်၍ ဣန္ဒြေရှင်မလေးအဖြစ် အများ၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရသည်။

အိမ်ထောင်ပြုသည့်အခါ မိမိသဘောကျမှဟုတ်ဘဲ အဒေါ်ကြီးနှင့်မိခင်သဖွယ် သဘောမှုခနသည့် အဒေါ်ဖြစ်သူ၏ အစီအစဉ်ဖြင့်အိမ်ထောင်ပြုခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည်မှာအများက သူဌေးဟု အသိအမှတ်ပြုခံရသူ၊ ရှိုးသားမှုဂုဏ် အပြည့်ရှိ၍ ဒေါ်ခင်အေးမြင့်ကိုလည်း တုန်နေအောင်ချစ်သည်။ ရွှေပေါ်မြတင်ထားခဲ့ပါသည်။ ဒါပေမယ့် သက်ဆိုးမရှည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ဒေါ်ခင်အေးမြင့်ကို မျက်ကွယ်ပြုသွားသည်။

ထိုနောက် ဒေါ်ခင်အေးမြင့်၏ ဘဝအပြောင်းအလဲမှာ -

●

## အခန်း (၂)

အမှုစစ်ရဲအရာရှိ၏ စားပွဲရှေ့ကုလားထိုင်တွင် ထိုင်နေသည့် အမျိုးသမီးကြီး၏ ဟန်ပန်မှာ ကြောက်ရွံ့ထိတ်လန့်မှု အရိပ်မထင်ဘဲ တည်တည်ငြိမ်ငြိမ်ရှိ၍ လက်နှစ်ဘက်ကို ပေါင်ပေါ်တင်ပြီး မျက်လွှာချထားသည်။ ဥပမိရုပ်သန့်ပြန့်၍ ငယ်စဉ်က ချောမောလှပသော ရုပ်ရည်ပိုင်ရှင်ဖြစ်ကြောင်း ပေါ်လွင်သည့် အလှအရိပ်အဆင်များမှာ လျော့ပါးရုံမျှသာ ရှိ၍ကွယ်ပျောက်သောအခြေအနေအထားသို့ မရောက်သေးပေ။ ခန့်ငြားရိပ်ထင်ပျံ့နေဆဲသာ။

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိမေးမြန်းသည့် မေးခွန်းများစဆို အဓိအစ္စိမရှိ၊ တွက်ဘိမြဲကြားနေသော ဒေါ်ခင်အေးမြင့်၏ အသံမှာတုန်ရင်ခြင်းမရှိ၊ ပကတိသံမှန်အတိုင်း ကျနစွာ ရတုံ့ပြန် ပြောကြားနေသည်။ အမှုစစ်အတွေ့အကြုံ ရင့်ကျက်နေသည့် ရဲအရာရှိမှာ ဒေါ်ခင်အေးမြင့်က ထိုအမှုကို သူကိုယ်တိုင်ကျူးလွန်ခဲ့ပါသည် ဟုဝန်ခံပြောဆိုနေသည်ကို လက်ခံရန် ဝန်လေးနေသည်။ ရဲအရာရှိက ဒေါ်ခင်အေးမြင့်အပေါ် တရားခံဟုမမြင်သာအောင် ဒွိဟ သံသယစိတ် ဖြစ်ပေါ်နေသည်။ တရားခံတစ်ချို့သည် ပြစ်မှုကို ကျူးလွန်ပြီးသည့်အခါ ထိုပြစ်မှုကိုမကျူးလွန်ပါဟု အကြောက်အကန်ငြင်း၍ ဘူးကွယ်ကြသည်။

တချို့မှာမူ ဝေ့လည်ကြောင်ပတ်ဖြင့်ဖြောင့်ကွယ်ကြသည်။

တချို့ကမူတော့ ကာကွယ်ပိုင်ခွင့်ကို မယူဘဲတိုက်ရိုက်ဖြောင့် ဆိုဝန်ခံကြသည်။

၉၅./ ရာခိုင်နှုန်းသော တရားခံများမှာ ပြစ်မှုကိုလွယ်လွယ်ကူကူတည့်တည့်မတ်မတ် ဝန်ခံရိုးထုံးစံမရှိ။ ဝန်ခံအောင်လုပ်သောနည်းများကို သုံးရသောကြောင့် မကြာခဏပြဿနာပေါ်ရသည်။

အမှုစစ်ရဲအရာရှိများမှာ တရားခံအလွယ်တကူ ဖြောင့်ဆိုဝန်ခံချက်ပေးလျှင်ဝမ်းသာစမြဲရှိကြ၏။ ဒိုက်စိုက်ငွေဖြင့် လက်ဖက်ရည်တိုက်ပြီး ဆေးလိပ်တို့ဘာတို့ပင် ဝယ်ပေးကြသည်။

ဒေါ်ခင်အေးမြင့်ကျတော့တစ်မျိုး။

ရဲအရာရှိကိုယ်တိုင်က ဖြောင့်ဆိုဝန်ခံချက် ပေးနေသည်ကို လိုလိုလားလားလက်မခံချင်။ ရဲအရာရှိတဦးအနေဖြင့် မလုပ်အပ်



ရာသည်ကိုဖြင့် လုပ်မိသည်။ ပြစ်မှုကျူးလွန်ပါသည် ဟူသောထွက်ဆိုချက်ကို ပြောင်းလဲထွက်ဆိုရန် စကားလမ်းကြောင်း ပေးခဲ့သည်။ ဒေါ်ခင်အေးမြင့်ကစကားလမ်းကြောင်း ပေးသည့် နောက်ကိုမလိုက်၊ သူ့ထွက်ဆိုချက်ကိုမပြင်။

'အမှုကရဲအာမခံပေးပိုင်ခွင့်မရှိဘူးအစ်မကြီး'

'အာမခံတွေဘာတွေလည်း မလုပ်ချင်ပါဘူး။ အမှုမြန်မြန်ပြီးဖို့သာကူညီပါလို့ မေတ္တာရပ်ခံပါရစေ'

'အဲဒါ- ကျွန်တော်တို့မတတ်နိုင်ပါဘူး။ တရားရုံးကပဲတတ်နိုင်ပါတယ်။ ခုအစ်မကြီးကို ဗိုလ်တထောင်ရဲစခန်းကို ပို့ရပါလိမ့်မယ်။ ကျွန်တော်တို့စခန်းမှာ မိန်းမအချုပ်သမားထားလို့မရပါဘူး။ နက်ဖြန်မနက်ရုံးပို့ပါမယ်။ အဲဒီမှာဖြောင့်ချက်ပေးလို့ရပါတယ်။ မပေးချင်လည်းရပါတယ်။ အစ်မကြီးရဲ့ဆန္ဒအတိုင်းပါ။ အခုကျွန်တော်ဘာကူညီရမလဲပြောပါ။ တတ်နိုင်သမျှလုပ်ပေးပါမယ်။'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ဒုက္ခမပေးပါရစေနဲ့။ ဘာအကူအညီမှ မလိုသေးပါဘူး။ ပို့စရာရှိတဲ့ နေရာကိုသာပို့ပေးပါ'

'လက်ဖက်ရည်တို့ဘာတို့သောက်ပြီးမှ အေးအေးဆေးဆေးသွားတာပေါ့အစ်မကြီး'

ထိုစဉ်သမီးဖြစ်သူရောက်လာသည်။

တစ်ဦးတည်းသောသမီး နာမည်က ခိုင်ယဉ်မြင့်။

သမီးမျက်ရည် ဝေ့လည်လာတော့ အမေဖြစ်သူ မျက်ရည်ကျရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါကျွန်မသမီးပါ'

'အော်-ထိုင်ပါ'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ အမှုအခြေအနေ ဘယ်လို များရှိတယ်ဆိုတာ သိခွင့်ရှိရင် သိပါရစေ'

'ခုထိတော့ဘယ်လိုဆိုတာ အဖြေမပေါ်သေးပါဘူး၊ နက်ဖြန် မခိုင်ယဉ်မြင့်ကို စစ်ဆေးပါမယ်၊ သေဆုံးသူရဲ့ နောက်ဆုံး ထွက်ဆိုချက်နဲ့ ဒေါ်ခင်အေးမြင့် ထွက်ဆိုချက် ကွဲလွဲနေပေမယ့် ဒေါ်ခင်အေးမြင့်က ဖြောင့်ဆိုဝန်ခံထားတဲ့အတွက် ဒေါ်ခင် အေးမြင့်ကို ပထမတိုင်ချက်အရ အရေးယူရပါတယ်'

'ခုမေမေ့ကို ဘယ်ပို့မှာလဲဟင်'

'ဗိုလ်တထောင်ရဲစခန်းအချုပ်ကို ပို့ရပါမယ်'

ခိုင်ယဉ်မြင့်က တစ်စုံတစ်ရာပြောဖို့ ဟန်ပြင်လိုက်ရာ ဒေါ်ခင် အေးမြင့်က လှမ်းတားလိုက်ပြီး စကားလမ်းကြောင်း ပြောင်း လိုက်သည်။

ရဲအရာရှိဖြစ်သူက ရိပ်မိလိုက်ပေမယ့် ဘာမှမပြော။

သည်အမှုနှင့်ပတ်သက်လို့ အထက်အရာရှိကို တင်ပြစရာ ရှိသည်။ အမှုကမရိုးစင်း။ မြွေသွားလမ်းလို အကောက် အကွေ့လမ်းကြောင်းရာ ထင်နေသည်ပါ။

သမီး၏စွမ်းဆောင်ချက်ကြောင့်လားမသိ၊ သီးသန့်နေရာ ထိုင်ခင်း စီစဉ်ပေးကြသည်။ အလင်းရောင်မဝင်သာသည့် နေရာတွင် ထွန်းထားသည့် မီးအားမှာ အားနည်းလွန်းလှသည်။ တစ်ယောက်နှင့်တစ်ယောက် မြင်နေရပေမယ့် ရှင်းရှင်းလင်းလင်း မရှိ။



ဒေါ်ခင်အေးမြင့်မှာ သီးသန့်နေရာပေးခံရသူ ဖြစ်သော ကြောင့် ရောက်နှင့်သူများ၏အကြည့်မှာတလေးတစားရှိသည်။ ဥပဓိရုပ်သန့်ပြန့်ပြီး အသက်ကြီးသောကြောင့် သူတို့လိုအ မှုမျိုးမဟုတ်ကြောင်း ရိပ်မိဟန်ရှိသမို့ အမေးအမြန်းမရှိဘဲ တိတ် တခိုး အကဲခတ်နေကြသည်။

အချုပ်ခန်းတို့ ထုံးစံအတိုင်း အနံ့အသက်ဆိုးများနှင့် ဆုံစည်းလိုက်ရသူ ဒေါ်ခင်အေးမြင့်မှာ သူ့နှာခေါင်းကို လက်ကိုင်ပုဝါလေးနှင့် အုပ်ထားလိုက်သည်။

ရောက်စမို့သာပါ။ ကြာရှည်တယ်အုပ်နိုင်မှာပ။

သမီးဖြစ်သူက ဆွယ်တာအင်္ကျီ၊ အိပ်ရာခင်း၊ စောင်နှင့် ခေါင်းအုံးတို့ ယူလာပေးသည်။ အချုပ်ခန်းထဲတွင် အခင်းနှင့် ခေါင်းအုံးနှင့် အိပ်ရမည့်သူမှာ သူတစ်ယောက်တည်း။ အခြား သူများမှာ ထိုလိုသောပစ္စည်းတွေ ဘာမှမရှိ။

အိမ်မှာလို အကျအနမဟုတ်စေကာမူ၊ တခြားသူများနှင့် မတူ။ တမူထူးခြားစွာ အခင်းနှင့်ခြုံစောင်နှင့် အိပ်ရပါသော် လည်း အိပ်လို့မပျော်။ အခင်းနှင့်ခြုံစောင်ရှိပေမယ့်ခြင်ထောင် ထောင်ခွင့် မရသမို့ တဝီဝီဆူညံနေသောခြင်ကို ခါနေရသည့်အ အလုပ်တစ်ခု။ နှာခေါင်း မယဉ်ပါးသေးသည့်အနံ့အသက် ဆိုးများက တစ်ဒုက္ခမို့ အိပ်မရ။

www.burmeseclassic.com

www.burmeseclassic.com



ညနေကသမီးပို့သွားသည့် ခေါက်ဆွဲကျော်ကို မစားနိုင်။ လက်ဖက်ရည်တစ်ခွက်နှင့် ကိစ္စပြီးလိုက်ရသည်။ မစားနိုင်သည့် ခေါက်ဆွဲကျော်ထုတ်ကို အနားတွင်ရှိနေသည့် ကလေးမနှစ်ယောက်ကိုပေးလိုက်ရာ၊ ညကျတော့ သူတို့နှစ်ယောက်က ခေါင်းအုံးမြင့်ကို ခြေဆုပ်လက်နယ်နှိပ်ပေးကြသည်။

စကားမပြောချင်ပေမယ့် အိပ်မရသည့်အတူတူ အချိန်ကုန်အောင် စကားပြောရင်း သူတို့အကြောင်း မေးမြန်းကြည့်ရသည်။

တစ်ယောက်က မခင်ဌေး၊ အသက်နှစ်ဆယ်ကျော်အရွယ်၊ ရုပ်ရေက ရှက်ကြမ်းမြေကြီးသာသာ၊ စကားပြောပုံ ရိုးသားသည်။

‘ကျွန်မအချုပ်ထဲရောက်တာ သုံးခေါက်ရှိပြီ ဒေါ်ဒေါ်။ ထောင်ထဲရောက်တာတော့ အခုတစ်ခေါက်ပါဆို နှစ်ခေါက်ပေါ့။ ကျွန်မတို့ ညီအစ်မသုံးယောက် ရှိပါတယ်။ အစ်မရော အဒေါ်ပါဆိုရင် မိန်းမသားငါးယောက်ရှိပါတယ်။ ငါးယောက်စလုံး ထောင်ထဲရောက်ဖူးသူတွေချည်းပါပဲ’

မခင်ဌေးက အထူးအဆန်းမဟုတ်သလို ရိုးရိုးကလေး ပြောနေသော်လည်း နားထောင်နေရသူ ဒေါ်ခင်အေးမြင့်မှာ ရင်သပ်ရှုမော တအံ့တသြဆိုသလိုဖြစ်ရုံမက၊ ကြားရတာတွေ ဟုတ်မှဟုတ်ကဲ့လားလို့လည်း သံသယစိတ် ဖြစ်ပေါ်နေရသည်။

မိန်းမသားငါးယောက်ရှိသော အိမ်မှမိန်းမသားငါးယောက်စလုံး ထောင်ထဲရောက်ဖူးသည်ဆိုတော့ ဘာယ်လိုအကြောင်းများပါလိမ့်လို့ မမေးဘဲမနေနိုင်။



‘ကျွန်မတို့က ဖဆပလရပ်ကွက်မှာနေပြီး အရက်ပုန်း ရောင်းပါတယ်၊ ကျွန်မတို့မှာ အမေနဲ့ဦးလေးတို့ ရှိပေမယ့် အဖမ်းအဆီးကိစ္စရှိလာရင် ကျွန်မတို့ မိန်းမသားတွေကပဲ တရားခံအဖြစ် အဖမ်းခံကြရပါတယ်၊ ကျွန်မတို့ ညီအစ်မတွေနဲ့ အမေရော အဒေါ်ပါ တစ်လှည့်စီ အဖမ်းခံကြတာပါပဲ’

ထပ်ဆင့်၍အံ့သြရသည်။ တစ်ခါမှမကြားဖူးသည့်အကြောင်းကို ကြားလိုက်ရသည်မို့ စိတ်ဝင်စားမှုလည်း လွန်ကဲသွားရသည်ပေါ့။

‘ယောကျ်ားရင့်မာကြီးတွေဖြစ်တဲ့ အဖေနဲ့ဦးလေးတို့ကတော့ အဖမ်းမခံကြဘူးလား၊ သူတို့က ဘာလုပ်နေကြလို့လဲ’

‘အဖေနဲ့ဦးလေးတို့က အဖမ်းခံလို့ မဖြစ်လို့ပါ၊ အဖေနဲ့ ဦးလေးတို့မရှိရင် အရက်ပုန်းသွားယူမယ့်လူ မရှိဘူး၊ ဆိုင်မှာ အဖေတို့ ဦးလေးတို့မရှိရင် သောက်စားသူတွေက ဓော်ကားချင် ရမ်းကားချင်ကြတယ်၊ ပြီး… တရားရုံး ရောက်တော့ ယောကျ်ားတွေထက် မိန်းမတရားခံကို ညှာတာတယ်၊ အပြစ်

www.burmeseclassic.com



ဒေါ်ချိုရင်တောင် သက်သက်ညှာညှာပဲ ချတယ်၊ ဒါကြောင့် အဖမ်းခံစရာရှိရင် ကျွန်မတို့ပဲ အဖမ်းခံလိုက်တာပါ'

'ဒီလိုသာ အဖမ်းခံလိုက်၊ ထောင်ထဲရောက်လိုက်ဆိုရင် တူမတို့ဘဝက ရင်လေးစရာကြီးပါလား'

'ကျွန်မတို့ကတော့ ရိုးနေပါပြီ ဒေါ်ဒေါ်၊ ဒီလိုပဲ လုပ်ကိုင်စားနေရတာပါပဲ'

'တခြားအလုပ်ကော'

'တခြားအလုပ်တော့ ကျွန်မတို့လဲမလုပ်တတ်ဘူးဒေါ်ဒေါ်၊ ဒီအလုပ်က စားဖို့ရော ဝတ်ဖို့ပါ ပြေလည်တယ်လေ'

'တူမတို့ အိမ်ထောင်ပြုဖို့ ဘာတို့ကျတော့ ယောကျ်ားကောင်း ရပါ့မလားလို့'

'မရတော့လဲ အရေးမှ မဟုတ်ဘဲ ဒေါ်ဒေါ်၊ သူ့ဟာသူတော့ ဖြစ်သွားမှာပေါ့'

မခင်ငွေး ပြောဆိုလိုက်ပုံက လွယ်လွယ်ပေါ့ပေါ့လေး၊ ကြားလိုက်ရသူက ရင်ဘလေးလေး ရှိရပါဘိ။

နောက်တစ်ယောက်က နွယ်နွယ်အေး။

ရုပ်ကလေးက ခပ်ချောချော၊ ပြောပုံဆိုပုံက သွက်သွက်လက်လက်၊ ခေတ်ပညာကလည်း အသင့်အတင့်တတ်သည်။ မိဘမျိုးရိုးကလည်းမဆိုး။ ဒါပေမယ့် သူက အရွယ်မရောက်မီ မိဘ အုပ်ထိန်းမှုအောက်က ရုန်းထွက်ခဲ့သည်။ ခုတော့ လမ်းပေါ်မှာ။

ကလေးကချေ အပေါစားတော့ မဖြစ်သေး၊ သူတို့လို သူငယ်ချင်းလေးယောက် စုနေကြသည်။ အပြင်ထွက်ပြီဆို



ခတ်တာက အပျော်စား၊ မသိလျှင် အရာရှိသားသမီးလား၊ သူဌေးသားသမီးလားဟု ထင်မှတ်မှားစရာ။ ခြေကျင် ဟိုခေါ် သည်ခေါ်တာမျိုး မလိုက်၊ ကားနှင့်ခေါ်မှ။ ထိပ်တန်း အစားအသောက်ဆိုင်မှာ ကျွေးမှ။ ကြေးကျတော့ ရာကျော်။ နယ်က ငွေဖြုန်းဖို့လာသည့် နေသားတွေနှင့် အတွဲများသည်။

ခု အဖမ်းခံရတာက အဲသည်ကိစ္စနှင့်မဟုတ်။ နယ်က ငွေဖြုန်းသမားတစ်ယောက်ထံတွင် ဖမ်းမိသည့် ဆေးကိစ္စ။

\+ + +

'ကျွန်မက ရုံးကျရင် လွတ်မှာပါ အန်တီ'

အေးကွယ်၊ လွတ်ပါစေလို့ အန်တီလဲ ဆုတောင်းပါတယ်၊ တူမလေး အိမ်ကိုပြန်ပြီး မိဘတွေနဲ့တူတူနေပါလားကွယ်၊ အမှားကိုပြင်ဖို့ အချိန်အများကြီး ရပါသေးတယ်'

'ဟုတ်ကဲ့ အန်တီ'

ဟုတ်ကဲ့လို့ လွယ်လွယ်ပြောပေမယ့် အိမ်ကို ပြန်မှာမှုတ်မပေါ့။ အတူနေ အတူတွဲဖော် သူငယ်ချင်းတွေဆီ ပြန်ရောက်ပြီး လုပ်မြဲအလုပ်မှာ ပျော်မွေ့နေဖို့ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ကြုံကြိုက်တုန်း လူကြီးစကား ပြောရတာပေါ့။

မခင်ဌေးထံမှ ထောင်ဗဟုသုတတွေ ကြားနာမှတ်သားလိုက်ရသည်မှာ အကျိုးရှိပါသည်။ ကိုယ်ရောက်ရမည့်နေရာ၊ ကိုယ်နေရမည့် နေရာအကြောင်း သိကောင်းစရာများ၊ ရှောင်ရန် ဆောင်ရန်ကိစ္စများ၊ တွေ့ရမည့်ပြဿနာနှင့် ရှောင်ရမည့် နည်းလမ်းများကို ကြိုတင် သိထားရသည်မှာ ကိုယ့်အတွက် အမြတ်ထွက်သည်ဟု ဆိုရမည်ပါ။

မိုးလင်းခါနီးကျတော့ ခြင်နှင့် အနံ့အသက်ဆိုးများက ဒေါ်ခင်အေးမြင့်ကို ဒုက္ခမပေးနိုင်တော့ပါ။ အလွန်အမင်း အိပ်ချင်လာသောကြောင့် ခဏအတွင်း အိပ်ပျော်သွားပါသည်။ အိပ်ရာထနိုးတော့ မိုးစင်စင်မလင်းသေး။ ရဲစခန်းမှ သံချောင်းခေါက်သံငါးချက် ကြားလိုက်ရသည်။

ဒေါ်ခင်အေးမြင့်က ပိုက်ဆံထုတ်ပေးသည်။ မခင်ဌေးတို့က အကြံအဖန်လုပ်ပေးသည်။ မိုးမလင်းသေးပေမယ့် လက်ဖက်ရည်နှင့်နံပြားတော့ ပတ်သုတ် စားလိုက်ရ၏။

သည်လိုဆိုတော့လည်းမဆိုး။ ဘယ်နေရာမှာမဆို ကြံတတ်ဖန်တတ်ရင် အလုပ်ဖြစ်ကြောင်း အတွေ့အကြုံသစ်ကို ရရှိလိုက်၏။

မိုးလင်းတော့ မခင်ဌေးတို့ နွယ်နွယ်အေးတို့မှာ မိတ်ကပ်အဖွေးသား၊ နှုတ်ခမ်းနီဆိုးပြီးသား၊ ဘာမှမဖြစ်သလို ပြုံးပြုံးရွှင်ရွှင် ရယ်ရယ် မောမောဖြင့် လောကမ ကို အပြုံးဆောင်၍ ရှင်ဆိုင်လိုက်သည်ဟု ဆိုရမည်သို့။



သူတို့အားလုံး တရားရုံးများသို့ သွားရမည်။ တရားရုံးချင်းမတူသော်လည်း သွားရမည့်ခရီးမှာ အတူတူ။ တရားရုံးရောက်လို့ အာမခံရရင်၊ အာမခံရသူက ကိုယ့်အိမ်ကိုယ် ပြန်ရမည်။ အာမခံမရသူက အာမခံမရမချင်း အမှုမပြီးမချင်း ကိုယ်နေရမည့် ထောင်သို့ သွားရမည်။

တရားရုံးရောက်တော့ သမီးဖြစ်သူ ရောက်နှင့် နေသည်။ လက်ဖက်ရည်နှင့်မုန့်များ စားသောက်ပြီး သမီးဖြစ်သူနှင့် အေးအေး ဆေးဆေး စကားပြောရသည်။

+ + +

မိခင်၏အမှုအတွက် နာမည်ကြီး ရှေ့နေငှားထားကြောင်း၊ မကြာခင် ရှေ့နေကြီး ရောက်လာမည်ဖြစ်ကြောင်း၊ အာမခံ အခြေအနေ ဘယ်သို့ရှိသည်ကို အမှုတရားခွင်ရောက်မှ အခြေအနေအရ လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ သမီးဖြစ်သူ ခိုင်ယဉ်မြင့် ပြောပြသည်များကို နားထောင်နေသည့် ဒေါ်ခင်အေးမြင့်မှာ မည်သို့မှ ထူးခြားပုံမပြဘဲ တည်တည် ငြိမ်ငြိမ်ပင် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအမိ နှစ်ယောက်ကြားတွင် အမှုနှင့် ပတ်သက်၍ နှစ်ယောက်တည်းသာသိသော နှစ်ကိုယ်ကြားပြောစရာစကားရှိသည်။ ခိုင်ယဉ်မြင့်က ထိုအကြောင်းပြောဖို့ စကားစလိုက်ရာ ဒေါ်ခင်အေးမြင့်က ဘယ်လိုမှ အပြောမခံဘဲ ခေါင်းကို သွက်သွက်ခါ၍ ငြင်းပယ်လိုက်သည်။

'သမီးဇီအကြောင်းကို အချိန်တစ်ပြီး နောက်ထပ် ဘာမှ မပြောနဲ့။သမီးကို စစ်ရင်လည်းဘာမှမသိဘူးလို့ ဘူးကွယ်လိုက်။ ဒီကိစ္စဖြစ်ရတာ မေမေ့ကြောင့်၊ ခံစရာရှိတာ မေမေ ခံမယ်၊ သမီးက လူ့လောကကြီးမှာ လူလုပ်ဖို့ အချိန် အများကြီး ရှိသေးတယ်။ မေမေ့ အသက်က တစ်ဝက်ကျော် ကျိုးလာပြီ။ တကယ်တော့ ဒီအမှုမှာ ရှေ့နေတွေ ဘာတွေကို ငွေကုန်ကြေးကျခံပြီး ငှားဖို့မလိုဘူး။ မေမေ အားလုံး ဖြောင့်ချက်ပေးပြီးသား၊ အမှုမြန်မြန်ပြီးဖို့ပဲ အရေးကြီးတယ်။ သမီးလည်း ရန်ကုန်မှာ ကြာကြာ ဆက်မနေနဲ့။ မိတ္ထီလာကို အမြန်ဆုံး ပြန်။ ဒီရှုံ့သနာအကြောင်းကို ခေါင်းထဲက ဖျောက်ဖင်လိုက်၊ မေမေ့ကိစ္စ မေမေ ရှင်းမယ်'

'သမီးအတွေ့'

'တော်ပြီသမီး၊ သမီးပြောတာ မေမေနားလည်တယ်၊ ကိုယ် လိုမှ မဖြေနိုင်ဘူး၊ သမီးပြောတာကိုလည်း သူတို့ လက်ခံမှာ မဟုတ်ဘူး၊ ဓားရိုးပေါ်က လက်ဗွေရာဟာ မေမေ့လက်ဗွေရာ'



ခိုင်ယဉ်မြင့်၏ ပါးပေါ်သို့ စီးကျလာသည့်မျက်ရည်များကို ဒေါ်ခင်အေးမြင့်က သူ၏လက်ကိုင်ပဝါဖြင့် တယုတယ သုတ်ပေးလိုက်သည်။ ဒေါ်ခင်အေးမြင့်၏ ပါးပြင်ပေါ်မှာလည်း မျက်ရည်စီးကြောင်းနှင့်။

\+ \+ \+

'ဒီအမှုအတွက် ငွေဘယ်လောက်ကုန်ကုန် သမီးလိုက်မယ်'
'သမီး ဇီလို့ပြောလိုက်တော့ မေမေသိပ်ဝမ်းသာတယ်၊ ဒါ ပေမယ့် သမီးအကုန်ခံစရာမလိုဘူး၊ ဆိုင်ရယ်၊ အိမ်ရယ်၊ သမီး ဆီပေးလိုက်တဲ့ ပစ္စည်းတွေရယ် ထုခွဲရုံနဲ့လုံလောက်တယ်'

ထိုစဉ် အမှုလိုက်ရှေ့နေကြီးရောက်လာသဖြင့် ပြောလက်စ စကားများပြတ်သွားသည်။

ရှေ့နေတို့၏ ထုံးစံအတိုင်း နှုတ်ခမ်းလှုပ်ပေါ်တွင် အပြုံးဆောင်လျက်။

အဘွားဖြူသမို့ ရှေ့နေအပေါ် ဝတ်ရုံနှင့် လိုက်ဖက်သည်။ ကုတ်ချောင်းချောင်းရှေ့နေအသွင်မပေါ်လွင်။ ခန့်ရှိညားညားရှိသည်။ စကားပြော ပြတ်သည့်ပုံဟန်ပေါ်သည်။

www.burmeseclassic.com



သူ့နောက်မှာ ရွှေနေပေါက်စ တစ်ယောက်နှင့်၊ ဖိုင်တွဲ၊ ဒိုင်ယာယီစာအုပ်နှင့်။ ခေါင်းပေါင်းဘူး ကိုင်သူ တစ်ယောက်လည်းပါသည်။ အသက်အရွယ်မှာ ငါးဆယ်ခန့် ဝန်းကျင်လောက်ရှိမည်။

သမားဆိုအိုမှ၊ ရွှေနေဆိုပျိုမှဟု ဆိုစကားရှိသည်။ မျိုရွယ်လွန်းလျှင်မကောင်း၊ အတွေ့အကြုံ နည်းသည်၊ ငါးဆယ်ဝန်းကျင်မှာ အတွေ့အကြုံရင့်ကျက်၍ သွက်လက် ဖျတ်လတ်ဆဲမို့ သင့်တော်သည်ဟု ဆိုနိုင်ရာ၏။

စကားပြောကြည့်ရုံနှင့် အမှုလိုက်သက်ရင့်ကျက်၍ မိမိအမှုသည်အတွက် အားကိုးလောက်သော အရည်အချင်း ပြည့်ဝကြောင်း သိရှိနိုင်ရာသည်။

ဒေါ်ခင်အေးမြင့်သဘောအရဆိုရင်တော့ ဒီအမှုမှာ ကျွန်တော်တောင် လိုက်ဖို့ မသိုအပ်ဘူးလို့ထင်ပါတယ်။ အမှုလိုက်စရွှေနေတစ်ယောက်လောက်ဆိုရင်တောင် လုံလောက်ပါတယ်။ လူနာကဆရာဝန်ကို ရောဂါဘယ်လို ဖြစ်ကြောင်းပဲ ပြောဖို့လိုပါတယ်။ ဘယ်လိုကုပါလို့ ပြောဖို့မလိုတဲ့ သဘောလိုပဲ အမှုဘယ်လိုဖြစ်ကြောင်းပဲ ပြောဖို့လိုပါတယ်။ ဘယ်လို လိုက်ပါ၊ ဘယ်လိုလုပ်ပါလို့ ပြောဖို့မလိုပါဘူး’

‘ဟော- ဦးဟိန်းတင် အထင်လွဲနေပြီထင်တယ်၊ မေမေကသည်သဘောမျိုး ပြောတာ မဟုတ်ပါဘူး၊ ဒီကိစ္စ နောက်မှ ကျွန်ုပ်မပြောပြပါမယ်’



တွေ့ဆုံခြင်းအစမှာ ဤသို့ မပြေလည်မှုလေးနှင့် စခဲ့သော်လည်း ဦးဟိန်းတင်ပင် လိုက်ပါဆောင်ရွက်ရန် သဘောတူခဲ့သည်။

တရားခွင်သို့ ရောက်သည့်အခါ ရမာန်ကြီးတစ်ပတ်ရက်ချိန်းပေးလိုက်၏။

အင်းစိန်ထောင်သို့အဝင်။

မိန်းမ အချုပ်သမားများ အတွက် သီးခြား ကား မရှိ။ ယောကျ်ားအချုပ်သမားတွေကို အခေါ် - အပို့ လုပ်သည့်အချုပ်ကားကြီးနှင့်အတူ လိုက်ရသည်။ အတူဆိုပေမယ့် ရောရောနှောနှောတော့မဟုတ်၊ အကန့်ခြားထားသည်။ ထိုမျိုးသမီး အချုပ်သမားများလိုက်ပါရသည့်နေရာမှာ အချုပ်ကားကြီး၏ နောက်ပိုင်းတွင်။

ကျယ်ကျယ်ပြန့်ပြန့်မရှိ၊ ကျဉ်းကျဉ်း ဖြစ်ကြောင်း တက်သီးတတ်သုတ်လိုက်ရသည်။ ပို့ချင်ရာကိုပို့ မြန်မြန်ရောက်ပါစေလို့ပဲ ဆန္ဒပြုနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဘူးကြီးမှာ–

ယောကျ်ားအချုပ်သမားတွေကို တင်းတင်းမာမာ ဆက်ဆံတာတို့ အခန့်မသင့်လို့ လက်မြန် ခြေမြန် ထောင်အကြောင်းပြလိုက်တာတို့ ဆဲဆိုအော်ဟောက်တာတို့နှင့် မဆုံစီးရပါ။

အားနွဲ့သည့်မိန်းမသားတွေမို့ လားမသိ၊ ဆက်ဆံသူတွေက အကိုင်အတွယ် မကြမ်းကြပါ။ အပြောအဆို မသိမ်မွေ့သော်လည်း နားမခံသာအောင် မရှိပါ။ ဘူးကြီးတွင်လိုအပ်သော စစ်ဆေးမှု ရှာဖွေမှုများ ပြုလုပ်ပြီးနောက် နေရမည့်အချုပ်ဆောင်သို့ပို့ လိုက်သည်။

အထိုင်အထ၊ အသွားအလာ အားလုံးမှာ ပုံစံအတိုင်း။

အချုပ်ဆောင်ဝင်းထဲကို ဝင်လိုက်သည်နှင့် သူတို့ နေရမည့်အဆောင်ကိုတွေ့လိုက်ရသည်။

နှစ်ထပ်အဆောက်အအုံတစ်ခုနှင့် တစ်ထပ်အဆောက်အအုံတစ်ခု။

အုတ်နှင့်ဆောက်ထားသည့် နှစ်ထပ်တိုက်အဆောင်နှင့်သွပ်မိုးမျဉ်ကာ တစ်ထပ် အဆောင်ကြားတွင် သရက်ပင်ကြီးများရှိသည်။

နှစ်ထပ်ဆောင်မှာ အချုပ်သမားများကို ထားသည့် အဆောင်။

တစ်ထပ်ဆောင်မှာ သီးသန့်အဆောင်။

ဒေါ်ခင်အေးမြင့်တို့က နှစ်ထပ် အဆောင်ဘက်သို့ သွားရသည်။ သူတို့အထဲမှာ တစ်ထပ် အဆောင်ဘက်သို့ သွားရသူမပါ။



သီးသန့်ဆောင်အကြောင်း နောက်မှသိရသည်။ သီးသန့်အဆောင်တွင် နေရသူများမှာ ထောင်ထဲရောက်သူချင်းအတူတူကိုထူးသူများဟု ဆိုရမည်။

အချုပ်သမပေါင်းကို သောကော ရောကော ထားသည်။ နှစ်ထပ်အဆောင်နှင့်မတူ။ သီးသန့်အဆောင်မှာ နေထိုင်ခွင့် ရသူအချုပ်သမနည်းသည်။ နေထိုင်သူတွေက အဆင့်အတန်းရှိသည့်အလျောက် သန့်သန့်ပြန့်ပြန့်၊ သပ်သပ်ရပ်ရပ်ရှိသည်။

\+ + +

နှစ်ထပ် အချုပ်ဆောင်ဘက်မှာ နေထိုင်သူတွေက အုံ့ရောရော ကျောက်ရောရော၊ ပြုံးကပစ်၊ ဖြစ်သလို နေထိုင်သူတွေများသောကြောင့် သန့်ရှင်းသပ်ယပ်မှုမရှိ၊ ညစ်ပတ်သည့်အနံ့ အသက်မှကောင်း၊ ဒါတောင် နေ့တိုင်း သန့်ရှင်းရေး လုပ်ပေးလို့၊ မလုပ်များမလုပ်ရင်တော့လား။

အနေအထိုင် မှက်စက်ပုံမှာ ပြောဖွယ်ရာမရှိ။ အမျိုးသမီးတွေချည်းနေရသော နေရာမို့ လွတ်လွတ်လပ် လပ်နေကြသည်ဟု ဆိုကောင်းဆိုလိမ့်မည်မဟုတ်ပါ။

www.burmeseclassic.com

မိန်းမတို့ကူရှင်ခြေ ဖွေပေးလို့မရဆိုသည့် ပမာစကားကို တောင် ထဲမှာ သုံးလို့မဖြစ်။ ကျစ်ကျစ်လစ်လစ်၊ သိပ်သိပ် သည်း သည်း နေထိုင်သူများမှာ လက်ချိုးရေတွက်လို့ ရသည့်အနည်း ဖြစ်၍ အများစုမှာ ပရမ်းပတာ နေထိုင်ကြသည်။ ညဘက်ဆို ပိုဆိုးသေး။ ပြည့်တန်ဆာအမှု ရောက်လာသူများ စုဝေး နေ ထိုင်ရာ နေရာတွင် အရွေးအထိုင် ပက်စက်ပုံကို ပြန်ရေးလို့ မကောင်း၊ ယောကျ်ားတို့ အကြောင်း ပြောဆို ကြသည်မှာ နားမခံသာအောင် တစ်စာစ်ခွခွရှိပါသို။

\+ \+ \+

ဒါကိုတော့ ထောင်စည်းကမ်းအရ ဘောင်ခတ် ချုပ်ချယ် လို့မရ။

အသစ် ရောက်လာသည့် ဒေါ်ခင်အေးမြင့်တို့လို မိန်း ကောင်းကိုင်သည့် အမျိုးသမီး ထောင်မှူးက တစ်ယော ချင်း စစ်ဆေး၍ အဆောင်တွင် ထိုက်နာနေထိုင်ရမည့် စည် ကမ်းများကို ပြောပြပြီး၊ နေရာချထားရန် တန်းစီ လက် အပ်လိုက်၏။

ဒေါ်ခင်အေးမြင့် ကိုတော့ အပေါ်ထပ် ဒေါ်တင့်တင့် နှင့် ထားရန် မှာကြားလိုက်သည်။



ဒေါ်ခင်အေးမြင့်ကို နေရာ ချထားပေးသည့် နေရာမှာ အနှင့်အဆက်အရှယ် မတိမ်းမယိမ်း လူရေသန့်သန့် အမျိုးသမီး များ နေထိုင်ရာ နေရာတွင် ဖြစ်ရာ၊ သူပါမှ ၎ါးယောက် ရှိသည်။

အဆောင်ကိုင်သည့် အမျိုးသမီးထောင်မှူးကို ကျေးဇူး တင်ရမည်။ သိကျွမ်းခြင်းမရှိစေဘာမှု ဒေါ်ခင်အေးမြင့် ရုပ် ရည်ကို အကဲဖြတ်၍ မှန်းဖြစ်ရပ်ပေါ် အခြေတည်ပြီး နေရာ ချထား စေခဲ့သည်ပါ။

တော်သေးသည်ဟု ဆိုရမည်။ ဗရွသုကွနေထိုင်သူ အစုထဲ ရောက်ပေလို့။

တွေ့တွေ့ချင်း ခင်မင်သူ ဒေါ်တင့်တင့်တို့က နှစ်သိမ့် အား ပေးစကားပြော၍ အကူအညီပေးရှာသည်။ သူက စိန့်ပွဲစား၊ အလွဲသုံးစားမှုနှင့် အချုပ်ခံနေရသူ။

သူ့အကြောင်းနှင့်သူ၊ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ တစ်ဦး ပေါ်တစ်ဦး အပြစ်မပြော။

အချုပ်ထက်တော့ အများကြီးသာသည်။ နေသာထိုင်သာ ရှည်သာပဲ့သာရှိရုံမက၊ အလင်းရောင်ရော အနံ့အသက်ပါ ကောင်းသည်ဟု ဆိုရမည်။

ထောင်ကျဆောင်က အချုပ်ဆောင်နှင့် မျက်နှာချင်းဆိုင် ခြင်းထဲမှာ။ ခိုင်းနှစ်ဝိုင်းကြားတွင် လမ်းရှိသည်။

ထောင်ဆိုသည်မှာ မနေအပ်သော နေရာ။ သို့တင မနေ သင့်သော နေရာသို့ ရောက်လာပြီမို့၊ အလိုက်သင့် အလျား

www.burmeseclassic.com



သင့် စနတတ် ထိုင်တဆ်အောင် ကြိုးစားရှဲ့ နေထိုင်ရတော့မည်ပါ။

\+ + +

အမှုစစ်ရဲအရာရှိ ရှေ့မှောက်သို့ ရောက်ရှိနေသူမှာ မခိုင်ယဉ်မြင့်။

ရဲအရာရှိက လုပ်ရိုးလုပ်စဉ်အတိုင်း အမည်၊ မွေးသက္ကရာဇ်၊ မိဘအမည်၊ စသည်များကို ရေးမှတ်ပြီး နောက် စစ်ဆေးမှုကို စတင်လိုက်သည်။

'မခိုင်ယဉ်မြင့် စနတာက မိတ္ထီလာမှာနော်'

'ဟုတ်ပါတယ် အန်ကယ်'

'တူမ ရန်ကုန်ရောက်နေတာ ဘယ်လောက်ကြာပြီလဲ'

'တစ်ပါတ်လောက် ရှိပါပြီ'

'တစ်ပတ်လောက် ဆိုတော့ ... ရက်နေ့က ရောက်တာပေါ့'

'ဟုတ်ပါတယ်'

'ရန်ကုန် ရောက်ပြီး တူမကြီးရဲ့ အမေအိမ်ကို ဘယ်နှစ်ခေါက်လောက် ရောက်သလဲ'

'ရောက်ပြီး နောက်တစ်နေ့မှာ တစ်ခါတဲ ရောက်ပါတယ်'



'အဲဒီ တစ်ခါထဲရောက်ပြီး နောက်ထပ် မရောက်ဖူးလား'

'မရောက်ပါဘူး'

'အဲဒီ မှုခင်းဖြစ်တဲ့ နေ့ကရော'

အဖြေ အနည်းငယ် တုံ့ဆိုင်းသွားပြီးမှ-

'မရောက်ပါဘူး'

'ဒါဖြင့် ဒီအမှုဖြစ်တာကို ဘယ်လိုလုပ်သိသလဲ'

ချက်ချင်း မဖြေ၊ အတန်ငယ် စဉ်းစားပြီးမှ-

'အမေက သူ့မိတ်ဆွေ တစ်ယောက်ကိုလွှတ်ပြီး ပြောခိုင်းလို့ သိတာပါ'

'အဲဒီ လာပြောတဲ့လူရဲ့အမည်ကိုရော မေးထားမိသလား'

'မမေးလိုက်မိပါဘူး'

မိတ်ကပ်လိမ်းထားသည့် မျက်နှာပြင်ပေါ်တွင် ချွေးပေါက်အလေးများ ထင်လာသည်။

'သေဆုံးသူ ထွန်းထွန်း ခေါ် မောင်သိန်းဆွေက'

'ကျွန်မမိခင်ရဲ့ နောက်အိမ်ထောင်ပါ'

'မိခင် နောက်အိမ်ထောင်ပြုတာနဲ့ ပတ်သက်ပြီး ဘယ်လိုသဘောထားရှိခဲ့သလဲ'

'ကျွန်မ သမီးတစ်ယောက်အနေနဲ့ သဘောမတူခဲ့ပါဘူး၊ ဒါကြောင့် အမေနဲ့ကျွန်မ အဆက်အဆံ ပြတ်သွားပါတယ်၊ ပြီး ဆက်သွယ်မှုရှိတာ မကြာသေးပါဘူး'

'အဝင်အထွက် ပြန်ရှိတာ ဘယ်လောက်ကြာပြီလဲ'

'ခြောက်လလောက်ပဲ ရှိဦးမယ်၊ အမေ ဆေးရုံတက်ရတာကြောင့် ပြန်ပြီး ဆက်မိတာပါ'

www.burmeseclassic.com



'မောင်သိန်းဆွေနဲ့ကော အခေါ် အပြောအဆက်အဆံ ဘယ်လိုများ ရှိသလဲ'

'မေးထူးခေါ် ပြောပါပဲ၊ တရင်းတနှီးမရှိပါဘူး၊ မတတ်သာမှ ဆက်ဆံပါတယ်'

'မောင်သိန်းဆွေ မသေခင် ထွက်ဆိုချက် မေးသွားတဲ့ ထွက်ချက်ထဲမှာ 'ခိုင်ယဉ်မြင့်ကသူ ကို' ဆိုတဲ့ စကားတစ်လုံးပါတယ်၊ အာလုပ်တယ် ညာလုပ်တယ်လို့ နောက်ဆက်တွဲ ပြောမသွားဘူး၊ ဒါနဲ့ပတ်သက်ပြီး တူမကြီးက ဘယ်လို ပြောချင်သလဲ'

'ဒါတော့ ကျွန်မလဲ မပြောတတ်ပါဘူး၊ အဲဒီနေ့ကရော၊ အဲဒီအရင်ကရော မတွေ့ပါဘူး၊ အဆက်အဆံလဲ မရှိပါဘူး'

'ခု မှုခင်းဖြစ်တာနဲ့ ပတ်သက်ပြီးတော့ကော'

'ကျွန်မ မပြောတတ်ပါဘူး'

'သူ ရှုပ်ရှုပ်ပွေပွေ နေတတ်တာကိုရော သိလား'

'ကျွန်မ မသိပါဘူး၊ အမေကလဲ သူ့အိမ်ထောင်ရေး အကြောင်း မပြောဖူးပါဘူး'

'အဲဒီနေ့က အမေ့အိမ်ကို တူမလာတာ မှတ်ဝန်းကျင်က မြင်တယ်လို့ ထွက်ဆိုချက်ရှိတယ်၊ ဒါနဲ့ ပတ်သက်ပြီး တူမကြီး ဘယ်လို ထွက်ဆိုချက် ပေးမလဲ'

'ကျွန်မ အဲဒီနေ့က မရောက်တာ အမှန်ပါပဲ၊ အန်ကယ်တို့က မယုံကြည်ရင်တော့ အန်ကယ်တို့ လုပ်ငန်းခွင်အတိုင်းလုပ်ပါ၊ ကျွန်မလဲ မပြောတတ်ပါဘူး'

'တူမကြီး ဘယ်တော့ မိတ္ထီလာပြန်မလဲ'

'ကျွန်မ မပြန်သေးပါဘူး၊ အမေ့ကိစ္စအတွက် နေဦးမှာပါ'



'အခုအတွင်းတော့ ဘယ်မှ မသွားပါနဲ့ဦး၊ မိတ္ထီလာ ပြန်မယ်ဆိုရင် အန်ကယ်တို့ကို ကြိုတင် အကြောင်းကြားပါ'

'ဟုတ်ကဲ့၊ အကြောင်းကြားပါ့မယ်'

\+ \+ \+

အမှုတစ်ခုဖြစ်ပြီဆိုရင် စစ်ဆေးမှုမှာတိုတိုတုတ်တုတ် နှင့်မပြီး၊ အရှည်အလျားရှိသလို၊ စိတ်ညစ်စရာလည်း အလွန်ကောင်းသည်။

ယခုအမှုမှာ လက်ရှိတရားခံအဖြစ် စွပ်စွဲခံနေရသူ၊ မသက်သာသူအဖြစ် ခံနေရသူများက ဖန်တီး၍ဖြစ်ရသော အမှုမဟုတ်။ သေဆုံးသူက ဖန်တီး၍ဖြစ်ရသော အမှု၊ တကယ်က သူသည်သာ တရားခံအစစ်၊ ဒါပေမယ့် နောက်ဆက်တွဲ ဖြစ်လာသည့်အတစ်မျိုး။

ဖန်တီးသူ တကယ့် တရားခံက သေဆုံးသွားသည်။

ကျန်ရစ်သူက တရားခံအဖြစ် ဖြေရှင်းနေရသည်။

စစ်ခါတစ်ရံကျတော့ ဥပဒေသဘောသည် ဘာသို့သော အဓိပ္ပာယ် ဆောင်ပါလိမ့်ဟု တွေးတောစရာ၊ စဉ်းစားစရာ ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားရုံး၏ စစ်ဆေးမှုမှာသည်း တိုတိုနှင့်မပြီး။ တရားခံဖြစ်သူက ဖြောင့်ဆိုချက်ပေး၍ ဝန်ခံသည့်တိုင်၊ ထိုက်သင့်ရာ အပြစ်ဒဏ်ကို ပေးလို့ မရပေ။

နှစ်ဘက်သက်သေများကို စစ်ဆေးရမည်။ ရှေ့နေရှေ့ရပ်များက မေးခွန်းတွေ မေးရမည်။ ဥပဒေ အချက်အလက်နှင့် စီရင်ထုံးများကို အခြေခံသည့် လျှောက်လဲချက်ပေးရမည်။ တရားစီရင်ရေးအဖွဲ့က စဉ်းစားပြီးမှ အဆုံးအဖြတ်ပေးရမည်။ ရှည်ဝေးလိုက်ပါဘိ။

အခန်း (၃)

ဒေါ်ခင်အေးမြင့်တို့ လူကြီးပိုင်းအုပ်စုကို အလုပ်နေရာချရာတွင် သက်သက်ညှာညှာ ချပေးသည်။ နေပူထဲတွင် လုပ်ရသည့် အပြင်အလုပ်များကို မလုပ်စေဘဲ၊ အရိပ်ထဲတွင် မပင်မပန်းလုပ်ရသည့် အဆောင် သန့်ရှင်းရေးအလုပ်ကိုသာ လုပ်စေခဲ့သည်။

သူနှင့်အတူနေရသည့်အုပ်စုမှာ အားလုံးမင် ထောင်ဝင်စာ သာနိုင်ကြသူများ ဖြစ်၍ စားသောက်စရာ မုန့်ပဲသွားရေစာများနှင့်ထမင်းနှင့်တွဲစပ်စားရသော သရက်သီးသနပ်၊ ငပိကျော်၊ ငါးခြောက်ကျော် စသည့် ရက်ရှည် အစားအသောက်များ မြည်ပြည့်စုံစုံထားပြီး စားနိုင်ကြသည်။

www.burmeseclassic.com



လူတစ်ယောက်သာ ထောင်ဝင်စာမလာသေးသမို့၊ သူများ ပေးစာတမ်းစာကို စားနေရသည်။ ပါးစပ်မရဲ၊ တစ်ခါနှစ်ခါ တစ်ရက်သော် ကောင်း၏။ ရက်ရှည်မကောင်း၊ အားနာလို့ မြင်းပေမယ့် ပေးသူကျေးသူက အစဉ်းပေး အထင်းကျေး တော့ မြင်းလို့မရ၊ အဲဒီတော့ စားရပေမယ့် မျိုမကျ ဖြစ်ရ သည်။

ရုံးထွက်နေ့မြန်မြန်ရောက်ပါစေလို့ပဲ ဆန္ဒ တောင်းနေရသည်။ ဒီကြားထဲ သမီးထောင်ဝင်စာလာပါစေလို့လည်း ဆုတောင်း နေရသည်။

အတူနေရသည့် အုပ်စု လေးယောက်မှာ အပြင်ဘက်တွင် ကြောထောက်နောက်ခံ တောင့်သူများဖြစ်၏။ သူတို့ကိုယ်တိုင် ကလည်း အလုပ်အကိုင်ကြီးသမားတွေ။ အပြင်မှာတုန်းက စီးပွားရှာကောင်းသလို၊ စီးပွားဖြစ်ထွန်းခဲ့သူတွေ။

ဒေါ်တင့်တင့်က စိန်ပွဲစား၊ အထည်ကြီးများကို ကိုင်ခဲ့သူ၊ အခုထောင်ထဲရောက်လာသည့်အမှုက အလွဲသုံးစားမှု။ ဟုတ် မဟုတ်တော့မသိ၊ သူတို့အပြောအတိုင်းဆိုရပါမူ၊ သူက အလွဲ သုံးစားလုပ်ခြင်းမဟုတ်၊ ယုံကြည်လို့ ပစ္စည်းပေးလိုက်သူ ပွဲ စားက လိမ်လည်၍ထွက်ပြေးသွားခဲ့ရာ လိမ်လည် တိမ်းရှောင် သွားသူကို မမိသောကြောင့် ဒေါ်တင့်တင့်ကို အလွဲသုံးစားမှု ဖြင့်စွဲဆို၍၊ ထောင်ထဲရောက်ခဲ့ရသူ။ ဒေါ်တင့်တင့်မှာ မုဆိုးမ၊ တင့်တောင့်တင့်တယ် သားသမီးတွေရှိသည်။

ရုပ်ချောပေမယ့် အသားဖြူသမို့ ကြည့်ကောင်းသည်။ ဥပဓိရုပ်သန့်ဖြန့်သည်၊ စိတ်ရင်းစေတနာကောင်းသည်။



နောက်အမှုတွဲနှစ်ယောက်က လေးဆယ်ဝန်းကျင်ပဲ ရှိသေး သည်။ ဒေါ်စီစီဝင်းနှင့်ဒေါ်ရွှေဇင်၊ သူတို့က မိုးကုတ်ကျောက် အရောင်းအဝယ်ကြောင့် ထောင်ထဲရောက်ခဲ့ရသည်။

ယောကျ်ားထောင်ဘက်မှာ သူတို့အမှုတွဲတွေ ရှိသေးသည်။ ဒေါ်စီစီဝင်းက အသားလတ်၊ ဒေါ်ရွှေဇင်က အသားညို။ ဒေါ်ရွှေဇင်က အစိုးရဌာနတစ်ခုမှ ပြန်တမ်းဝင်အရာရှိ။ သဘော ကောင်းပေမယ့် အနေအထိုင်တည်လွန်းသည်။

ဒေါ်စီစီဝင်းက ကြက်မျှလို ချေးကျူရာ ပျော်တတ်သည်။ ကြဲကြဲဖနီဖန် ရယ်စရာမောစရာလည်း အလွန် ပြောတတ်ပါ သည်။

ဒေါ်စီစီဝင်းနှင့်ဒေါ်ရွှေဇင်က ငယ်သူငယ်ချင်း၊ ဒေါ်ရွှေ ဇင်မှာ ဒေါ်စီစီဝင်းကြောင့်အမှုရှင်ထဲသို့ တန်ငယ်ငင် တစင်ပါ ရသူ။

နောက်တစ်ယောက်က ဒေါ်မြရွှေ။ သူကအပြင်မှာ နတ်က တော်၊ ပါချီပါချက်နတ်ကတော်မဟုတ်။ နာမည်ကြီး ရှိပ် တန်းစာရင်းဝင် နတ်ကတော်ကြီးပါ။ အသားမဲမဲ၊ ရုပ်ကော ကြည့်ပျော်ရှုပျော်၊ စကားပြောလည်ပတ်သလို လူကဲခတ်လည်း အလွန်တော်သည်။

ဒေါ်မြရွှေ၏ အမှုဖြစ်ကြောင်းက သူ့အိမ်မှာ လေးကောင် ဂျင်ကစားဝိုင်းလက်ခံမှု၊ လောင်းကြေးငွေ ရှစ်သောင်းကျော် နှင့်အတူဖမ်းမိခဲ့သည့်အမှု၊ တိုင်းကဆင်းဖမ်းသည့် စီမံချက်ဝင် အမှုမို့ အာမခံမရ။ ပထမအကြိမ် ထောင်ထဲရောက်သည်မဟုတ်၊ သုံးကြိမ်မြောက်ထောင်ထဲရောက်သူပါ။ သုံးကြိမ်စသုံးလောင်း

www.burmeseclassic.com

www.burmeseclassic.com



ကစားမှုဖြင့် ထောင်ထဲရောက်ခဲ့သူ။ သူကထောင်ထဲမှာ စားသော သည်။

အလုပ်ဖြစ်သည်။ တစ်နေ့တစ်နေ့ သူ့ရှေ့မှောက်သို့ ယိုယို ကျိုးကျိုးရောက်လာသူသုံးလေးဦး အနည်းဆုံးရှိသည်။

ရောက်လာသူများမှာ လက်ချည်း လာလို့မရ။ စားစရာ တစ်မျိုးမျိုးပါလာသည်။ ထောင်ထဲမှာရသည့် နတ်ဟောခမှာ မုန့်မဲ့သွားရေစာမျှသာ။ ဒေါ်ဒါမကြီးဒေါ်စောခင် အလှည့်တွင်မူ ပန်းတိုဘဲဥပြုတ်တို့ပါတတ်သည်။

သူကလည်း တစ်လကိုအနည်းဆုံးလေး ငါးခါတော့ မေးရမှု ကျေနပ်သူ။ ဝါဒါမကြီး ဒေါ်စောခင်အိမ်မှာ လူတွေ များသည်။ လူများသလောက် ပြဿနာပေါင်းစုံ ရှိသည်။ ပြဿနာဖြစ်တိုင်း ဒေါ်မြရွှေဆီရောက်လာစမြဲ။

ရယ်ဝရာတော့အကောင်းဆုံး၊ ဒေါ်မြရွှေအိမ်က ၂၅ပေ ပေ၅၀ကို မြေပြည့်ဆောက်ထားသည့်အိမ်။ အိမ်ရှေ့ ဧည့်ခန်း တစ်ဝက်တျော်ကို နတ်ရုပ်ကြီးတွေက နေရာယူထားသည်။ သူ့ အိမ်မှာရှိသည့်နတ်ရုပ်တွေမှာ သေးသေးကွေးကွေးမဟုတ်၊ ရော နတ်ရုပ်ကြီးတွေ။ နတ်ရုပ်ကြီးတော့ ပို၍ အထင်ကြီး ခံရသည် ထင်ပ။ သူက နတ်ရုပ်သေးသေးကွေးကွေးမထား။ နတ်ရုပ် ကြီးတွေက အကျိုးပေးသင့်သလောက်ပေးသည်။

ဝင်ငွေမဆိုးပါ။ ဒါပေမယ့် သူ့အိမ်က လောင်းကစားဝိုင်း အဖမ်းခံရသည်မှာ သုံးကြိမ်ရှိပြီ။ ရဲတွေရောက်လာပြီး ဖမ်းလိမ့် မည်ဟု နတ်တွေက တစ်ကြိမ်မှကြိုတင်၍မဟော။ အရုပ်အကြီး ကြီးတွေထုပြီး အရက်၊ ဘီလပ်ရည်၊ ကြက်ပေါင်ကြော်၊ သစ်



သီးမျိုးစုံ ပန်းမျိုးစုံဖြင့် ပူဆော်းကွယ်သူကို အကာအကွယ် မပေး။ ဘာဖြစ်မည်ကို ကြိုတင်မဟောနိုင်။ သတိမပေးနိုင်။

ဒါကြောင့်လည်း နတ်ကတော်ကြီး ဒေါ်မြရွှေ ထောင်ထဲ ရောက်သည်မှာ သုံးခါရှာ သုံးခါရှိလေပြီ။

သို့တစေ ဒေါ်မြရွှေကတော့ ထောင်ထဲကနေ သူတို့ကိုပင့်ပြီး ဟောကောင်းတုန်း။ ပြောကောင်းတုန်းပေါ့။

ဘယ်သို့ရှိပါစေ၊ ဒေါ်မြရွှေလည်း စိတ်ရင်းကောင်းသည်။ သဘောကောင်းသည်။ နတ်ဟောရသမျှ တစ်ယောက်ထဲမစား၊ သိမ်းမထား၊ သူတို့လေးယောက်ကို အကုန်လုံးကျွေးသည်။

သူတို့လေးယောက်ထဲက ဒေါ်ရွှေဇင်နှင့် ဒေါ်ခင်အေးမြင့်တို့ နှစ်ယောက်ပဲ နတ်မေးခြင်းနှင့် ကင်းရှင်း၍ ဒေါ်စီစီဝင်းနှင့် ဒေါ်တင့်တင့်တို့က ခဏခဏ မေးကြသည်။

သူတို့နှစ်ယောက် နတ်မေးရသည်မှာ အရင်းမရှုံးပေါ့။

နတ်မေးခကြေးအဖြစ် ပသရသည့် မုန့်ပဲသွားရည်စာများကို သူတို့ပဲ စားရသောကြောင့်။

ထောင်ထဲရောက်ပြီး ဆယ်ရက်မြောက်နေ့တွင် သမီးဖြစ်သူ ထောင်ဝင်စာရောက်လာသည်။ သမီး သည်လောက် လည်လည် ဝယ်ဝယ်ရှိလိမ့်မည်လို့ မထင်။ အခု အားကိုးနိုင်သော သမီး အဖြစ် တွေ့မြင်ရသောကြောင့် ဝမ်းသာအားရသည်။ ကြည်နူးမှု ခံစားရသည်။

တကယ်တော့ ဒေါ်ခင်အေးမြင့်ထင်သလို သမီးဖြစ်သူ ခိုင် အဉ်မြင့်မှာ လည်လည်ဝယ်ဝယ်ရှိသည်မဟုတ်။ အရေးကြုံ သော် သုံးကောင်းရမည်ဆိုသော ပမာစကားရှိသလို၊ ကိုယ့်အရေးကိစ္စ

www.burmeseclassic.com



ကြုံလာတော့ ဟိုမေး သည့်စမ်းနှင့် ထောင်ဝင်စာ ဘယ်လိုတွေ့ရမည်။ ထောင်ဝင်စာမှာ ဘာတွေ ယူခွင့်ပေးခွင့်ရှိသည်။ အထဲရောက်နေသူ သက်သာခွင့်အတွက် ဘယ်သူတွေနှင့်တွေ့ပြီး ဘာလုပ်ရမည်ကိုသိအောင်၊စုံစမ်း၍ထောင်ဝင်စာ လာတွေ့ခြင်းပါ။

စားစရာ သောက်စရာတွေ တစ်ပွေ့တစ်ပိုက် ပါလာသည်။ များလှချည့်လား သမီးရယ်ဟု မြောယူရဆောက်အောင်လည်း များသည်။ စုံလည်း စုံသည်။

ထောင်ထဲရောက်နေသူက အပြင်မှာ ဘယ်လို အဆင့်အတန်းနှင့် နေထိုင်နိုင်ခဲ့သည်။ ကျောထောက်နောက်ခံ ဘယ်လိုရှိသည်ကို အပြောနှင့် ညီမှညီ အကဲဖြတ်ရာတွင် ထောင်ဝင်စာ၌ ပါလာသောပစ္စည်းနှင့် ထောင်ဝင်စာ တစ်လ ဘယ်နှစ်ခေါက်လာနိုင်သည့်အပေါ် အခြေခံ၍ အဆုံးအဖြတ် ပြုကြသည်ပါ။

ထောင်ဝင်စာမလာမီ ဟိတ်လုံး ဟန်ဖုံး ကြွားလုံးထုတ်ထားသူများ ထောင်ဝင်စာလာရင် လေလုံးထွားလုံးတွေ ပေါ်တော့တာပေါ့ပဲ။

ဒေါ်ခင်အေးမြင့်က အပြောနှင့်မဟုတ်၊ အလုပ်နှင့် ပြလိုက်နိုင်ပါလေပြီ။ ခု သူများကို မှီခိုရတော့၊ ကိုယ်က အတို့အလှည့်ပြန်၍ ကျွေးမွေးနိုင်သည့် အနေအထားသို့ ရောက်ပြီ။ ထောင်ဝင်စာမလာမီအထိ ဒေါ်ခင်အေးမြင့်အပေါ် အထင်တကြီးမရှိသူ၊ ဝါဒါမကြီးများပင် ဆက်ဆံပုံပြောင်းလဲလာသည်။ အထင်ကြီးရိပ်ပြလာသည်။



မိန်းမထောင်တွင် နေရထိုင်ရသည်မှာ အဆင်ပြေစ ပြုလာပြီဟု ဆိုရမည်။ ထောင်ထဲမှာ အားလပ်ချိန်တွေများသလောက် အတွေးစဉ်များမှာလည်း ရှည်လျားထွေပြားလှ၏။

အတိတ်ကို ပြန်ဖော်မိသည်။ပစ္စုပ္ပန်နှင့်အနာဂတ်အကြောင်းကိုလည်း အတွေးစဉ်ကြွယ်ရ၏။ ဘဝသံသရာလည်ပတ်ပုံမှာ...

\+ \+ \+

ဒေါ်ခင်အေးမြင့်၏ ချက်မြုပ်မွေးရပ်မြေမှာ ရန်ကုန်။ ကြီးပြင်းရာဒေသမှာ မန္တလေး။ အိမ်ထောင်ကျတော့ မိတ္ထီလာမှာ။

ထိုမှ မွေးရပ်မြေရန်ကုန်သို့ တစ်ကြော့ပြန်ရောက်ပြီး နောက် မမျှော်လင့် မသင်မှတ်ဘဲ ဒုတိယအိမ်ထောင်ဆက်နှင့် တွေ့ဆုံအကြောင်းပါခဲ့သည်။

ပထမအိမ်ထောင်နှင့်အကြောင်းပါပြီး ကလေးသုံးယောက်မွေးခဲ့သော်လည်း အကြီးနှစ်ယောက် အဖတ်မတင်။ အငယ်ဆုံး နောက်ဆုံးကလေးကျမှ အဖတ်တင်သည်။ နောက်ထပ်ကလေးမရတော့။

www.burmeseclassic.com

www.burmeseclassic.com



သမီးခိုင်ယဉ်မြင့်ကိုမွေးပြီး သမီးလေးနှစ်အရွယ်တွင် ပထမ အိမ်ထောင်ဆက်မှာ သူတို့သားအမိကို ရုတ်တရက် မျက်ကွယ်ပြုသွားသည်။

အဲသည်အထိ ဒေါ်ခင်အေးမြင့်၏ဘဝမှာ ရွှေပေါ်မြတင် ဘဝဟု ဆိုနိုင်ရသော အနေအထားဖြင့် အေးအေးသက်သက်၊ ချမ်းချမ်းမြေ့မြေ့ နေခဲ့ရ၏။ အိမ်ထောင်ကျပြီး ချစ်ခင်ပွန်းသည် ဦးသန်းတင် ကွယ်လွန်အနိစ္စရောက်သည်အထိ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေခဲ့ရသည်။

ဦးသန်းတင်တို့က မျိုးရိုးစဉ်လိုက် ချမ်းသာသည်။ မိတ္ထီလာနယ်တစ်ကျောမှာ အများက သူဌေးဟု ခေါ်ဝေါ် အသိအမှတ်ပြုကြသည်။

ကားနှစ်စီးထားသည်။ အကြမ်းစီး၊ အချောစီး။

ဒေါ်ခင်အေးမြင့် အိမ်ထောင်ကျတော့ မိဘ လက်ထက် ကတည်းက နေခဲ့သည့် တိုက်ခံပျဉ်ထောင်အိမ်ကြီးကိုဖျက်ပြီး ခေတ်မီပုံစံဖြင့် နှစ်ထပ်တိုက်ကြီး ဆောက်ခဲ့သည်။ ယခင်အိမ်ကြီးထက် တစ်ဆခွဲမျှ ကျယ်သည်။

ဒေါ်ခင်အေးမြင့်မှာ ရွှေစိန်အတောင့်။

အလှူအတန်းနှင့် မင်းပွဲစိုးပွဲသွားရင် ဝတ်ဆင်ဖို့ စိန်ထည်က သပ်သပ်၊ အိမ်မှာနေရင်းဝတ်ဖို့ စိန်ထည်ကသပ်သပ် ဝတ်ဆင် နေထိုင်ခဲ့ရသည်။ မီးဖိုချောင်ဝင်ဖို့မပြောနှင့် ဈေးကိုသော်မှ ကိုယ်တိုင်မသွားရ။ ခင်ပွန်းသည်ကို ကိုယ်တိုင်ပြုစုရသည်က လွဲ၍ ဘာအလုပ်မှ မရှိ။ ခင်ပွန်းဖြစ်သူက မနက် လက်ဖက်ရည်၊ နေ့လည် လက်ဖက်ရည်ပွဲ၊ ညအချိုပွဲနှင့်။ မနက် ည ထမင်းပွဲ



တွင် ဒေါ်ခင်အေးမြင့်ကိုယ်တိုင် ပြုစုကျွေးမွေးမှုကြိုက်သည်။ ဘယ်သွားသွား ဇနီးချောကိုပွဲထုတ်သလို၊ လိုက်မှလည်း ကြိုက်သည်။ အိမ်မှာ အခိုင်းအစေ လေးယောက်ရှိသည်။

ကဲ....ဘာလိုသေးလဲ။

လိုတာမရှိပါဟု ပြောရမည်မျိုး နေခဲ့ရကြောင်းကို၊ ခုနေ ပြောလို့တော့ ကြားရသူတွေက နှာခေါင်း ရှုံ့ပြီး မဲ့ကြ ရွဲ့ကြလိမ့်မည်ပါ။

ထောင်ထဲမှာ သူ့အကြောင်း ပြန်ပြောရာတွင် ဒေါ်ခင် အေးမြင့်က ဒါတွေကို ထည့်မပြောတော့။ ပြောဖို့ အကြောင်း မထူးသည့်အပြင်၊ သူတပါး ကဲ့ရဲ့တင်းဆိုစကားပြောခြင်းကိုပင် ခံရလိမ့်မည်။ တကယ်တန်းပြောကြည့်ရင် ယုံနိုင်စရာမရှိ၊ အကြွားပိုသည်၊ လေထွားသည်ဟု အတင်းပြောကြမည်မှာ သေချာသည်။

အိမ်ထောင်မကျခင်ကာလည်း ရွှေပေါ်မြတင် နေခဲ့ရသည်။

ဦးဘမြင့်နှင့် ဒေါ်မိမိလေးတို့မှာ ငွေကြေးချောင်လည်၍ အခြေအရံပေါများသော်လည်း အများတကာလို သားသမီး ရတနာ မပေါကြွယ်။ ထွေးပိုက်ယုယစရာ ရှားရှားပါးပါး သမီးလေးတစ်ယောက်သာ မွေးခဲ့သည်။

ဒေါ်ကျော့က ဒေါ်မိမိလေးရဲ့ ညီမဝမ်းကွဲ။ အတူနေ အိမ်ထောင်မရှိသည့်အပျိုကြီး။ ရှားရှားပါးပါး တူမချောလေးတို့ တုန်နေအောင် ချစ်သည်၊ သူ့လက်ပေါ်ကမချ။ အပျိုကြီးများ ကလေးချစ်ပြီဆိုရင် ဇာကဲပါ၍ အကဲပိုသွားသည်ဟု အများတကာ ပြောရလောက်အောင် [illegible]ချော။

www.burmeseclassic.com



ဦးဘမြင့်တို့လင်မယားသည်ပင် ကိုယ့်ကလေး၏ရုပ်ရချိန်နည်းသည်။ ရှိုးကုမ္ပဏီကဝယ်သည့် ဘောနှစ်လုံးတပ် ပုခက်မှာ အလွန်ငြိမ့်သက်သည်။

တစ်ခါလှုပ်ပေးလိုက်လျှင် တော်တော်နှင့် အရှိန်မသေ၊ အဲဒီပုခက်မျိုးကိုသော်မှ အဒေါ်လုပ်သူက လွဲပြီးပြီးရော မျက်နှာမလွှဲနိုင်၊ ကလေးမနိုးမချစ်၊ ချိန်လုံးမြဲသို့ အနားမှာထိုင်ပြီး လှုပ်ပေးနေရမှ ကျေနပ်သည်။

ဒေါ်ကျော့မှာက အခြားအလုပ်မရှိ။ အိမ်ဖော်ကောင်မလေးနှစ်ယောက်ကို ဇယ်ဆက်သလို ခိုင်းဖို့အကွက်ကိုကြည့်ပြီး၊ ခိုညီးသလို တရစဉ်တရစပ် ပါးစပ်ကိုအနားမပေးဘဲ ဆူနေရမှ စားဝင်အိပ်ပျော်သည်။

ခင်အေးမြင့် ငယ်နာမည်က အိမ။

အိမ မွေးလာကတည်းက အိမ်ဖော်ကောင်မလေးတွေ အလုပ်ရော အပြောအဆိုပါ အတော်ကြီး သက်သာသွားကြသည်။ ကလေးကို အချိန်ပြည့်ဂရုစိုက်နေရသူ ဒေါ်ကျော့မှာ အိမ်ဖော်မကလေးများဘက်သို့ မလှည့်နိုင်၊ အိမအတွက် အချိန်ပြည့် အဆိုတော်လုပ်နေရသမို့ သူတို့ကိုမပြောအား မဆိုအားရှိနေသည်။

အိမကိုမွေးတော့ ဦးဘမြင့်က ယစ်မျိုးအုပ်။

ယစ်မျိုးအုပ်အလုပ်မှာ ဘေးပေါက်ဝင်ငွေ အလွန်ကောင်းသည်၊ သူတို့လစဉ်ရသည့်လခကို ထုတ်ဖို့တောင်ပင် ဂရုမစိုက်ကြ၊ ဘေးပေါက်ဝင်ငွေက လခထက် နှစ်ဆသုံးဆမကရသည်၊ လက်ဖျားငွေသီးသည့်အလုပ်၊ အရက်နှင့်ဘိန်းဆောင်းကောင်း



လေ၊ သူတို့အတွက် ဝင်ငွေစီးလေရှိခဲ့ရာ ဦးဘမြင့်အိတ် ပိန်သည်ဟူ၍ ဘယ်သောအခါမျှမရှိ၊ အမြဲတန်း ဖောင်းအိနေသည်။

သူတာဝန်ကျသည့်နယ်မြေတလည်း အရက်နှင့်ဘိန်းနယ်မြေ၊ သသာနှင့် လမ်းမတော်၊ ငွေရှာရ အလွန်လွယ်သည့် နေရာ၊ လူတို့လောကမှာ ငွေတွင်းဟု ပြောစမှတ်ပြုကြသလို သူဌေးဖြစ်ချေးဖြစ် နေရာဟုလည်း ဆိုကြသည်။

ထိုနယ်မြေရောက်ရင် သူဌေးဖြစ်လွယ်သည်၊ အလုပ်မြှောက်သည်း လွယ်သောကြောင့် သူဌေးဖြစ်ချေးဖြစ်နေရာဟု ဆိုကြသည်ပါ။

+ + +

သို့တစေ ဦးဘမြင့်က ချေးမဖြစ် သူဌေးဘဲဖြစ်ခဲ့သည်။ ရှုနှပ်ချွမ်းသာဆိုသော စကားရှိသည်၊ ဦးဘမြင့်က လည်လည်ငယ်ဝယ် ပါးပါးနပ်နပ်ရှိသူ လူနပ်။

အထက်ကိုလည်းပေါင်းတတ်သူ၊ အောက်ကိုလည်း ချေ ချိုးအခွင့် ပေးတတ်သူ၊ တစ်ဘို့ထဲအမြားမဟုတ်၊ ငါ့အသားမယူတတ်၊ ကြည့်စေအေးစေသမား၊ ထိုလူမျိုးနှင့် မြန္တလေးယ်မှာ အလုပ်မ်းဝေးကွာလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိလေးကလည်း ထိမ်းထိမ်းထုပ်ထုပ်လုပ်သည့်နေရာတွင် တော်သည်၊ အထက်လူကြီးတွေအိမ်ကို အဝင်အထွက် မပြတ်သလို အပေးအကမ်း လက်ယဉ်သမို့ ကတော်ကြီးတွေကဆို ဒေါ်မိမိလေးကို အလွန်အရေးပေးကြသည်။

ဒေါ်မိမိလေးက ရတာကို ဖော်တတ်သူမဟုတ်၊ တစ်ချို့က ရတာကို ရွှေထည်စိန်ထည် လုပ်ပြီး ပပကြွားကြွားနေကြသည်။ ရတာကို ပေါ်ပေါ်လွင်လွင် ထုတ်ပြတတ်သည်၊ ဒေါ်မိမိလေးက ရတာကို သိုသိုသိပ်သိပ်ထားသည်၊ မြင်ကွင်းမှ ပေါ်ထင်အောင်မပြ။

ဒါကြောင့်လည်း ဦးဘမြင့်လက်ဖျား ငွေသီးအောင်ရပေမယ့် အန္တရာယ်မဖြစ်၊ လူကြီးတွေ မျက်စိစပါးမွေး အစူးမခံရ။

အိမ် မွေးတုန်းက အိမ်မှာဆို လိုလေသေးမရှိ၊ အားလုံးပြည့်ပြည့်စုံစုံရှိခဲ့သည်၊ မွေးကတည်းက အခြေလှ၍ အနေတင့်သည်ဟု ဆိုရမည်။

ဦးဘမြင့်က ယစ်မျိုးဘက်တွင်လုပ်ပေမယ့် အရက်ကို အလွန်အကျွံ မသောက်၊ နေ့စဉ်လည်းမသောက်၊ မသောက်မဖြစ်သည့် ပွဲမျိုးနှင့်ကြုံမှ အနည်းအကျဉ်း သောက်တတ်သည်။ သူက အရက်ကို မက်မက်မင်မင် မရှိ၊ သူမက်မက်မင်မင်ရှိသည်မှာ ဗိုကာဝိုင်းနှင့်မြင်းပွဲ။

သူက အတွက်အချက် ဝါသနာထုံမွေ့သူ၊ ဇရက်မင်းစည်းစိမ်ရစ်ဖို့ ဝါသနာမပါ၊ ပိုကာကစားခြင်းနှင့် မြင်းပွဲလောင်းကစားခြင်း နှစ်မျိုးလုံးမှာ အတွက်အချက်နှင့် သက်ဆိုင်သည်။



ဘယ်မှမပြောင်းရဘဲ နယ်မြေကောင်းမှာ ငါးနှစ်ကျော်ကျော် လုပ်ကိုင်ပြီး အထက်ဗမာပြည်သို့ ပြောင်းခဲ့သည်၊ ယစ်မျိုးမှူးဖြစ်တော့ မြစ်ကြီးနားမှာ။ အဲဒီမှာလည်း အခြေအနေကောင်းခဲ့သည်။

ဦးဘမြင့်မှာ အလုပ်အကိုင်အဆင်ပြေပြီး ကျန်းမာရေးပါကောင်းခဲ့သော်လည်း ဒေါ်မိမိလေးမှာ မြစ်ကြီးနားရောက်ကတည်းက လေဖြတ်ရောဂါဝေဒနာကို ခံစားနေရသည်၊ အိမ်ထဲမှာနေ ဘယ်မှမထွက်နိုင်တော့။

ထိုမှ မန္တလေးသို့ ပြောင်းခဲ့ရသည်။ မန္တလေးရောက်ပြီး မကြာခင် ယစ်မျိုးဝန်ထောက်အဆင့်သို့ ရာထူးတိုးခဲ့၏။ မြစ်ကြီးနား ရောက်ကတည်းက မြင်းပွဲနှင့် အလှမ်း ဝေးခဲ့သူ ဦးဘမြင့်အတွက် ရေကန်အသင့်ကြာအသင့်ဆိုသလို သူ့ဝါသနာထုံမွေ့ရာ အလုပ်နှစ်ခုစလုံး လုပ်နိုင်ခဲ့ပေမယ့် သောကမြို့တွယ်စရာ ကွေကင်းနောက်ဆုံးအဖြစ်နှင့် ဆုံတွေ့လိုက်ရ၏။

ဒေါ်မိမိလေးမှာ သူတို့မိသားစုကို မျက်ကွယ်ပြုသွားသည်။

အဲဒီတုန်းက ခင်အေးမြင့်မှာ ဆယ့်ငါးနှစ်သမီး။

သူ့ဘဝသက်တမ်းတွင် ပထမဆုံးအကြိမ် အကြီးအကျယ် စိတ်ထိခိုက်မှု ခံစားလိုက်ရသည်၊ ဖခင်ဖြစ်သူကို ချစ်ပေမယ့် မိခင်လောက် မတွယ်တာ။ ဖခင်နှင့်က လက်ပွန်းတတီးမနေရ။ သဘာဝသဘောအရ ကြည့်ရင်လည်း မိန်းကလေးများသည် အဖထက် အမိကို ပို၍ တွယ်တာကြ၏။ သံယောဇဉ် တွယ်ညိပုံချင်းပင်မတူ။ အမိဘက်ကို ပို၍ အလေးသာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး မိခင်ဖြစ်သူက သုံးနှစ်ကျော်ကျော် အိပ်ရာထဲလဲနေခဲ့သည်။ လူချင်းတွေတူ သူချင်းမျှမျှမနေရရှာ။

သနားချစ်နှင့် ပေါင်းစပ်ချစ်ခင်တွယ်တာခဲ့ရသည့် မိခင်ကြီးကွယ်လွန်စဉ်က စိတ်ဆင်းရဲခြင်းဆိုသည်မှာ သည်လိုပါကလားဟု ကိုယ်တွေ့အသိ သိလိုက်ရသည်။

ဆယ့်ငါးနှစ်သမီးအထိ စိတ်ဆင်းရဲခြင်းကို မခံစားခဲ့ရ ခင်အေးမြင့်ဘဝမှာ အစစအရာရာ ပြီးပြည့်စုံခဲ့သည်။ မိခင်ကြီးလေဖြတ်စက၊ စိတ်ထိခိုက်မှု ရှိသော်လည်း တစ်ခဏတာမျှသာ ဆေးကုပြီးရင် ပျောက်သွားလိမ့်မည်ဟု ထင်ခဲ့သည်။

အတိတ်ဖြစ်ရပ်များ မှေးမှိန်သွားပြီး၊ ပစ္စုပ္ပန်ဖြစ်ရပ်ဆီသို့ ရောက်သွားသည်။

နက်ဖြန် ရုံးထွက်ရမည့်နေ့။

ရုံးထွက်ရမှာ ရင်လေးဓန်လေးနေသည်။

ဒေါ်ခင်အေးမြင့်က ရုံးပြင်ကနား အတွေ့အကြုံမရှိ၊ ယခင်က ရဲစခန်းတို့၊ တရားရုံးတို့ကို တစ်ကြိမ်တစ်ခါ မရောက်ဖူးခဲ့။ ရုံးမှာ ပြောမှားဆိုမှား ဖြစ်ခဲ့သော် အမှုလမ်းကြောင်းပြောင်းပြီး သမီးဘက်သို့ မျှားဦးလှည့်သွားမည်ကို အလွန်အမင်းစိုးရိမ်မှု လွန်ကဲနေသည်။ ဒါကတစ်ကြောင်း နောက်တစ်ကြောင်းမှာ ရှေ့နေကြီးက ရဲစခန်းတွင် ထွက်ဆိုချက်ကို ပြောင်းလဲ၍ ဖြောင့်ချက်တို့ ပြန်ထွက်ရန် ပြောခဲ့သည်ကိုလည်း ဒေါ်ခင်အေးမြင့်က သဘောမတူ။ အမှားအယွင်းဖြစ်ပြီး အမှုအနေအထား ပြောင်းလဲသွားမည်ကို ကြောက်သည်။



ဒေါ်ခင်အေးမြင့် ဆန္ဒက လွတ်မြောက်ရေး အတွက်ကို အာသီသမထား။ အပြစ်ကျရင်ကျပါစေ၊ အမှုမြန်မြန်ပြီးဖို့သာ ဆန္ဒစောနေသည်။

\+ + +

ဒါကလည်း သမီးအတွက်ပါ။

ဒေါ်ခင်အေးမြင့်က သမီးကို သိပ်ချစ်သည်။ မိတ္ထီလာကို ခွာ၍ ရန်ကုန်သို့ပြောင်းဖို့ ပြဿနာပေါ်စဉ်က၊ သမီးကို သူနှင့်အတူ မခေါ်ဘဲ ကြီးဒေါ်ဖြစ်သူနှင့် ထားရစ်ခဲ့သည်။ အဲဒီတုန်းက သမီးက ငါးနှစ်သမီး။ မိခင်၏ ရင်ခွင်ထဲမှာ ဗျူးလဲ နေရမည့်အရွယ်။ မိခင်နှင့် ရင်အုပ်မကွာ ရှိရမည့်အရွယ်။ မိဘအပေါ် နွဲ့ဆိုးဆိုးလို့ အကောင်းဆုံးအရွယ်၊ မိဘကလည်း အချစ်ပိုအောရသည့်အရွယ်မှာ ခွဲခဲ့ရသည်။

ရင်ပွင့်လုမတတ်သော ဝမ်းနည်းကြေကွဲမှုကို ပိုက်ထွေးလျက် ရန်ကုန်သို့ ခြေဦးတည်လိုက်ရသည်မှာ သမီးရှေ့ရေးအတွက်၊ သမီးကောင်းစားရေးအတွက်ဟုဆိုရမည်ဖြစ်ရာ၊ [illegible]သရာတွင် ဒုတိယအကြိမ်မြောက် အကြီးမားဆုံးသော စိတ်ထိခိုက်မှုကို ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း၊ သမီးအတွက် ရင်တထိတ်ထိတ် ခံစားနေရသည်။

သနပ်ခါး ရေကြဲကလေး လိမ်းပြီး၊ သင့်တင့်ရုံမျှသော ဝတ်စားဆင်ယင်မှုဖြင့် ရုံးထွက်ခဲ့ရသည်။ အချုပ်ကားပေါ်က တဆင့်မခမျှော်လင့်သူကို လှမ်းတွေ့လိုက်ရသောကြောင့် မျက်ရည်များ အန်ထွက်စီးကျလာသည်။ မြေး၍ ဖက်ထားလိုက်ချင်သော်လည်း မဖက်သာ။

အဒေါ်ဆိုးပမယ့် မိခင်နှင့်မခြား လက်ပွန်းတတီးနေပြီး သိုးနွဲ့ခဲ့ရသူ။ အဒေါ်၏ လက်ပေါ်မှာကြီးပြင်းခဲ့၍ အိမ်ထောင်ကျသည်အထိ အဒေါ်ကတဲ မိခင်ပမာသို့နှယ် အုပ်ထိန်းခဲ့သည်။ ရန်ကုန်ကို ထွက်လာစဉ်ကလည်း အဒေါ်ကို အားကိုးပြီး အဒေါ်နှင့်အတူနေထိုင်စားသောက်မည်ဟူသော အစီအစဉ်ဖြင့် ထွက်လာခြင်းဖြစ်၏။

ရန်ကုန်ရောက်တော့ ဒေါ်လေးကျော့နှင့် အတူနေပြီး၊ ရောင်းဝယ်လုပ်ကိုင်စားရင်း အတန်အသင့် စီးပွားဖြစ်ခဲ့ရာမှ ဒုတိယအိမ်ထောင်နှင့် လက်ဆက်ခဲ့သည်ကို သဘောမတူ၊ ခွင့်မလွှတ်နိုင်သောကြောင့် ဒေါ်လေးကျော့ အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။ ထိုအချိန်မှစပြီး စကားလည်းမပြော၊ အဆက်အဆံလည်း မလုပ်တော့ပေ။

ခု၊ မြို့နယ်ကနဲ တွေ့လိုက်ရတော့ အံ့အားသင့်သွားရသည်။ ဒေါ်လေးကျော့ လာလိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့။



'ဘယ်လိုဖြစ်တာလဲ အိမရယ်'

ဒေါ်လေးကျော့က ခင်အေးမြင့် နာမည်ကို တစ်ခါတစ်ရံသာခေါ်သည်။ ပါးစပ်နှင့်အဆင်ချောနေသည့် 'အိမ' နာမည်ကိုဘဲ အခေါ်လေ့သည်။

'အန်တီလေးဘယ်လိုကြားလို့လည်း ဟင်'

ခင်အေးမြင့်ကလည်း ဒေါ်လေးကျော့ ဆိုသည့် နာမည်ကို အခေါ်မလေ့၊ အန်တီလေးလို့ဘဲ အခေါ်လေ့သည်။

'ဒေါ်လေး ကြားတာ တစ်ပတ်လောက်ရှိပြီ။ ထောင်ကိုလာတက်လို့၊ ဘယ်နေ့ဘယ်အရားရုံးကို ရုံးထွက်မလဲ ဆိုတာ ဝင်မောင်ကို ရဲစခန်းလွှတ်ပြီး စုံစမ်းခိုင်းရတယ်'

ခင်အေးမြင့်က မှုဖြစ်ကြောင်းကို တိုတိုနှင့်လိုရင်း ပြောပြသည်။ သမီးအကြောင်းမပါ။

နဂိုကတည်းက မကျေနပ်သူ ဒေါ်လေးက သူ့ စကားနားမထောင်လို့ သည်လို ဖြစ်ရသည့်အကြောင်း၊ မပြောလည်း ပြော၊ မျက်ရည်လည်း ကျနှင့်စိတ်စာသတ်သတ်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးထွက်နေ့က သမီးမလာ။ သမီးရန်ကုန်မှာမရှိ၊ မိတ္ထီလာကို ခဏပြန်နေသည်။ ကြီးဒေါ်-ဒေါ်အေးတင့် နေမကောင်းသည့် သတင်းရောက်လာလို့ ပြန်သွားရကြောင်း၊ သမီးတစ်ခိုးသည့်အိမ်က သမီးသူငယ်ချင်း မထွေးထွေးနှင့် သူ့ အဒေါ် အတူရောက်လာပြီး အကျိုးအကြောင်း ပြောပြသည်။

ထောခ် အပြန်ယူသွားမို့ စားစရာများကိုလည်း သမီးက ဝယ်ချမ်းပေးသွားသည်။

မထွေးထွေးတို့ တူအရီးကို ကျေးဇူးတင် စကားအထပ်ထပ်ပြော၍ ဝမ်းနည်း အားနာတောင်းပန် စကားဆိုရသည်။ သူတို့ကကြာကြာမနေ၊ ပစ္စည်းပေးပြီး ပြန်သွားကြသည်။

ရွှေ့နေကြီးရောက်လာသည်။

ကိုယ်စားလည် လွှဲစာတင်ပြီးပြီဖြစ်ကြောင်း၊ သည်တစ်ပတ်လည်း ရက်ချိန်းပေးလိမ့်မည် ဖြစ်ကြောင်း၊ အာမခံအတွက် ကုစီအစဉ် လုပ်နေကြောင်း နှစ်သိမ့်စကားပြော၍ ပြန်ထွက်သွားသည်။

ဒေါ်လေးကျော့ကိုပြန်ဖို့ ပြောပေမယ့်မပြန်။

အမှုတစ်ခုဖြစ်လာပြီဆိုရင် ခင်မင်ရာနီးစပ်ရာအသိုင်းအဝိုင်းတွေပါအေးအေး မနေရ။

နေ့လည် နှစ်နာရီကျော်မှ ခေါ်သည်။ ရွှေ့နေကြီးလည်းအသင့်ရှိသည်။ နှစ်ဆယ့်လေးရက်ခွာ၍ရက်ချိန်းပေးလိုက်သည်။ တစ်နာရီနီးပါး စိတ်ညစ်ရော ခရီးဆက်ရမည်။ အချုပ်ကားထဲမှာကြပ်ကြပ်တည်းတည်းနှင့်ကသိကအောင့်လိုက်ရမည့် ခရီး။

ကသိကအောင့် လိုက်သည့် ကြားထဲ ကမာရွတ် ရဲစခန်း



အလွန်နားမှာ ကားက ပျက်နေပြန်သည်။ တစ်နာရီ ကျော်ကြာမှပြင်လို့ ပြီးသွားသည်။ စိတ်ရောကိုယ်ပါ မင်ပန်းခြင်းဒုက္ခကိုထဲထဲဝင်ဝင် ခံစားလိုက်ရ၏။ ထောင်ကို ရောက်တော့ ခြောက်နာရီထိုးလုနေပြီ။

ထောင်တွင်စောင့်နေရသူတွေကလည်း မကြည်လင်။ တင်းမာခက်ထန်သော မျက်နှာထားများနှင့်။ ထိုကား တစ်စီးထဲအတွက် အိမ်ပြန်ရမည့် ဝန်ထမ်းများမှာ အိမ်မပြန်ဘဲ စောင့်နေရသမို့ ကျိမ်ြိးတိုနေကြသည်။

အိပ်ဆောင်ပြန်ရောက်တော့ ဒေါ်တင့်တင့်က သူ့အတွက် ထမင်းဆွဲထားသည်။ မစားဖြစ်ပါ။ မခင်ရီဆိုအော ကောင်လေးကိုခေါ်ပြီး ပေးလိုက်ရသည်။ ငပိကျော်နှင့် သရက်သီးနှပ်ပါထည့်ပေးလိုက်သည်။ ဝမ်းသာအားရယူသွားရှာသည်။ သူတို့ ညလည်စာစားကြလိမ့်မည်။

သူတို့ငါးယောက်အုပ်စု နှင့်အတူနေရမည်။ ရောက်နှင့်နေသောလူသစ် တစ်ယောက်ကိုလည်း တွေ့လိုက်ရသည်။ အသက်လေးဆယ်ကျော် လောက်ဘဲရှိလိမ့်မည်။ ကိုယ်လုံး ကိုယ်ပေါက်တောင့်တောင့်၊ ရုပ်ဖြောင့်ဖြောင့်နှင့် စကားပြောသွက် လက်သွက်ရှိသည်။

ဒေါ်တင့်တင့်ကဘဲ မိတ်ဆက်ပေးသည်။ သူ့နာမည်ကအေးထားသွယ်။ အမှုက ပါမစ်ထဲတွင် ရေးထားသည့် ပစ္စည်းအရေအတွက် ဂဏန်းနောက်မှာ သုညတွေထပ်တိုး၍ ပစ္စည်းအိတ်ထုတ်မှု အပြင် ပါမစ်အတုနှင့်ပါပစ္စည်းများ ထုတ်ယူသော

www.burmeseclassic.com

www.burmeseclassic.com



အမှူး အမှူတွဲ ငါးယောက်မှာ သူ တစ်ယောက်သာအမျိုးသမီး၊ ကျန်လေးယောက်က အမျိုးသားတွေ။

ယခင်က ထောင်ထဲကို ရောက်ဖူးဟန်ရှိသည်။ ထားထား သွယ်နှင့်အတူ အသုံးအဆောင် ပစ္စည်းများနှင့် စားစရာများ အပြည့်အစုံပါလာသည်ကို ကြည့်၍အကဲဖြတ်ရသည်ပါ။ မေး လို့မကောင်း၊ သူကလည်းဘာမှမပြော၊ ရှိပါစေ။

ညအိပ်တော့ အတွေးစဉ်တွေက အတိတ်ဆီသို့ ပြန်ရောက် သွားနေသည်။

○

## အခန်း (၄)

ခင်အေးမြင့်၏ ပညာရေးမှာ ထွန်းထွန်း ပေါက်ပေါက် မရှိ။ ပင်ကိုယ်ဉာဏ်ရည် ဉာဏ်သွေးနိမ့်သည့်အပြင် ဖခင်ကြီး အလုပ် ပြောင်းရွှေ့ရသည့် အတူလိုက်ပါ နေရသောကြောင့် အတန်းတက်နှောင့်နှေးခဲ့ရသည်။

မိဘဆိုးလေး လွတ်လွတ်လပ်လပ်နေပါစေဟု ဖခင်ကြီးက အခွင့်အရေး ပေးထားသလို ဒေါ်လေးကျော့ကလည်း အလွန် အမင်း အလိုလိုက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်အေးမြင့်က ဘာမှမဖြစ်တဲ့ ကျောင်းမသွားချင်ဘူးပြောလျှင် ဒေါ်ကျော့က ဘယ်ဖြစ်မလဲလို့ ဘယ်တော့မှ မပြော။ အလွယ်တကူ ခေါင်းညိတ်ခဲ့ရုံမက၊ ဒေါ်ကျော့ ကိုယ်တိုင်က ကျောင်းမသွားဘဲနေတာကို သဘောကျသည်။ အရွယ်က စိတ်ကစားတတ်သည့်အရွယ်မို့ တူမချောလေးအတွက် စိုးရိမ်စိတ်လွန်ကဲနေသည်။

အပျိုကြီးတို့ ထုံးစံအတိုင်းဗေဒင်တို့ နတ်တို့လည်း ဝါသနာပါ၍ မန္တလေးမှာက ဗေဒင်ဆရာတွေပေါမှပေါ။ ဗေဒင်ဆရာတွေပေါသလို မေးသူတွေကလည်း များမှများ။

အရှေ့ရိုးအရာခံတွေ အိမ်ကို အဆက်အသွယ်ရှိသည့် ဗေဒင်ဟောဆရာတွေ အိမ်တိုင်ယာရောက် အဟောရောက်လေ့ရှိရာ၊ ဒေါ်ကျော့ကလည်း မမေးသေးပါဘူးလို့ ငြင်းပယ်ရိုး မရှိ၊ မေးလိုက်ရမှ ရင်ချောင်သည်။

'ဟောဒီ တူမလေးသာ ကတော်မဖြစ်ဘူးဆိုရင်လေ ဒေါ်ဒေါ်တို့ရောက်တဲ့နေရာကနေ ကျွန်တော့်လက်ကိုလာဖြတ်လှည့်စမ်းပါ။ကျွန်တော်ရဲရဲဝံ့ဝံ့ အာမခံပြီး ဟောပါမယ်။ကတော်မှသာမန်ကတော် မဟုတ်ပါဘူး။ ထိတ်ထိတ်ကြဲ သူများထက်ခေါင်းတစ်လုံး ပိုမြင့်တဲ့ကတော်ဖြစ်မှာ၊ မြေကြီးလက်ခတ် မလွဲပါဘူး၊ အဲ အထိန်းအသိမ်းတော့ လိုတာပေါ့ ဒေါ်ဒေါ်ရယ်'

ဗေဒင်ဆရာက အဲဒီလိုများ ဟောလိုက်ရင် ဒေါ်ကျော့တို့က တပြုံးပြုံးနဲ့ မော်လို့မဆုံးပါ။

ဟောသူကလည်း သေချာပေါက် ဟောပေမပေါ့။



အဖေက ယစ်မျိုး ဝန်ထောက်ကြီး။ သမီးက အလှထိပ်ခေါင်တင်။ အဲဒီတော့ ကတော်ဖြစ်ဖို့ ရာခိုင်နှုန်း ကိုးဆယ်သေချာတာကိုး။

ခင်အေးမြင့်၏အလှကို ရက်ရက်ယိုယို လှသည်ဟု ဆိုရချေသော် ပိုလွန်းသည်ဟု ဆိုရာကျမည်မို့ ညက်ညက်ပြေပြေ လှသည်ဟု ဆိုပါရစေ။ ပြစ်မျိုးမဲ့မထင် အလှဟု မဆိုလိုပါ။ သို့တစေ ခင်အေးမြင့်ကို တွေ့သူတိုင်းက သူမအလှကို ချီးမွမ်းကြသည်သာ။

ဦးဘမြင့်ပင်စင်မယူခင်၊ အစပ်အဟပ်လာသူ လေးငါးဦးမက ရှိသော်လည်း ဦးဘမြင့်က သူ့သမီးကို ငယ်ပါသေးသည်လို့ဘဲ ထင်နေသည်။ တစ်ဦးတည်းသော သမီးလေးအားသူများကို မပေးချင်တာလည်း ပါသည်။ သမီးစိတ်ဆင်းရဲမှာမို့ နောက်အိမ်ထောင်ပင်မပြုဘဲ နေခဲ့သည်ကို သမီးကလည်းသိသည်။ ဒေါ်ကျော့က အရိုးများသလေး၊ ချေးခါးသလေးသမား။

အစပ်အဟပ်လာသူများကို အလိမ္မာစကားဖက်၍ ခေါင်းခါ လိုက်ကြသည်သာ။

မိတ္ထီလာရောက်တော့မှ....

မိတ္ထီလာမှာ ဦးဘမြင့်အမွေရဘားသည့်မြေနှင့် အိမ်ရှိသည်။ မြေနှင့်အိမ်ကို အစောင့်လှင်မယားထား၍ စောင့်ရှောက်ပြုပြင်စေခဲ့ရာ၊ ပင်စင်ယူသည့်အခါ နေထိုင်ရန် အဆင်သင့်အနေအထား ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်စင်ယူရင် နေထိုင်ဖို့ အိမ်ခြေယာခြေ အဆင်သင့် ရှိသလို၊ စုမိဆောင်းမိ ရွှေငွေပစ္စည်းများလည်း အတိုက်အလျောက် ရှိနေသည်။ ရှိသည့် လူဦးရေက အိမ်ဖော်နှစ်ယောက်ပါ ပေါင်းလိုက်မှ ငါးယောက်။ ဟိုတုန်းက ကုန်ဈေးနှုန်းအရ လူငါးယောက် စားသောက်ဖို့ ပင်စင်လစာနှင့် လုံလောက်သည်။ ပြီး မိတ္ထီလာတွင် အခြေချပြီးရင် သင့်တော်ရာလုပ်ငန်း လုပ်ဖို့လည်း အစီအစဉ်ရှိသည်။

ဒီလိုနှင့် ပင်စင်ယူဖို့ အချိန်စေ့ရောက်လာသည်။ မိတ္ထီလာမှာက ဦးဘမြင့်၏ ငယ်ပေါင်း မိတ်ဆွေတွေ ရှိသည်။ ရပ်ဆွေရပ်မျိုးတွေ ရှိသည်။ မိတ္ထီလာနှင့် လုံးဝ အဆက်ပြတ်ခဲ့သည် မဟုတ်။ ခြံကိစ္စ၊ အိမ်ပြင်ဖို့ကိစ္စအတွက် အလည်သင့်သလိုရောက်ခဲ့သည်။ ဒါကြောင့်မို့လည်း မန္တလေးက ပြောင်းလာပြီးနောက် ညှိအဝင်အထွက် မပြတ်ခဲ့။ ငယ်ပေါင်း ဆိုတာက ကြီးပေါင်းတွေလိုမဟုတ်။ ကြီးပေါင်းတွေက ဟန်မပေါင်းပေါင်းကြသည်။ ငယ်ပေါင်းတွေက ရင်လှိုက်သည်းလှိုက် ပေါင်းကြသည်။

မနက်တိုင်း သွားအဖ နှစ်ယောက် မိတ္ထီလာကန်ဘောင် လမ်းလျှောက် ထွက်ကြရာ၊ ခင်အေးမြင့်လေး၏ အလှကြွယ်ပုံ သတင်းစကားမှာ မိတ္ထီလာတွင် ခဏချင်း ပြန့်နှံ့သွားသည်။ ယခင်က ဦးဘမြင့် မိတ္ထီလာရောက်ပေမယ့် သမီးပါခဲ့သည်။ ပါပြန်တော့လည်း ရက်ပိုင်းလောက်သာ နေသည်မို့ အပြင်မထွက်ဖြစ်။ ပြီး ငယ်ငယ်တုန်းကအလှမှာ ပေါ်ပေါ်လွင်လွင်



မရှိ။ ကြီးလာတော့ အလှဟု ပြောစရာ ကိုယ်ကာယ ရွှည်းတွေ စုံလာပြီမို့ အလှရိပ်မှာ ထင်းထင်းပေါ်ရှိသည်။

မန္တလေးတုန်းက အိမ်တွင်း ပုန်းခဲ့သလောက် မိတ္ထီလာရောက်တော့ အိမ်ဝင်ထွက်များလာသည်။ တမာနံ့ တသင်းသင်းနှင့် မိတ္ထီလာ ကန်ဘောင်ရိုးမှာ လမ်းလျှောက် ရသည်ကို ခင်အေးမြင့်က သိပ်သဘောကျသည်။ နောက်တော့ မနက်သာ မဟုတ်၊ ညနေဘက်ပါ လမ်းလျှောက်ထွက်ခဲ့ရာ ညနေဘက်ကျတော့ ဒေါ်လေးကျော့နှင့်အတူ။

နပွားစာရွာလည် ဆိုသော စကားရှိသည်။

မန္တလေးမှာမဆုံစည်းခဲ့သည့်ဖူးစာရှင်ကိုမိတ္ထီလာမှာ ဆုံစည်းခဲ့ရသည်။ ဖူးစာရှင်နှင့် မျက်လုံးချင်း ဆုံခဲ့ရသည် မဟုတ်ပါ။ ဦးဘမြင့်နှင့် ဒေါ်လေးကျော့တို့ သဘောကျ အစီအစဉ်လုပ်သည်ကို ခင်အေးမြင့်က ခေါင်းညိတ်ခဲ့ရသည်ပါ။

သူ့အိမ်ထောင်ရေးကံက ဘယ်လိုလာ၍ ဘယ်လို ဖန်လာသည်မသိ။ ပထမအိမ်ထောင်တုန်းက အသက်ကြီးနှင့် ဆုံရသည်။ ဒုတိယ အိမ်ထောင်ကျတော့ အသက်ငယ်သူနှင့်၊

ပထမအိမ်ထောင်နှင့် အိမ်ထောင်ဖက်ကံ အလွန်ကောင်းသည်ဟု ဆိုနိုင်ရသော်လည်း ဒုတိယအိမ်ထောင်နှင့်က အိမ်ထောင်ဖက် ကံဆိုးခဲ့သည်။

ရုပ်ကြည့်၊ သူ့ကြောင့် ထောင်ထဲရောက်နေရပြီ။

ပထမအိမ်ထောင် ဦးသန်းတင်မှာ ခင်အေးမြင့်ထက် အသက် ခုနှစ်နှစ်ကြီးသည်။ ဒါပေမယ့်....တွဲသွားတွဲလာသည့်အခါ ကြီးရိပ်မပေါ်လွင်။ ဦးသန်းတင်က သူ့ခွေးသား၊ ပင်ပင်ပန်းပန်း

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ခဲ့၊ မနေခဲ့ရ။ ပြီး သူက အားကစားသမားမို့ နုနုတင်တင် ရှိနေသည်။ အသား ဖြူဖြူ၊ သေးသေးသွယ်သွယ်၊ အရပ် ပြတ်ပြတ်မို့ ပို၍နုသည်ဟု ထင်ရသည်။

ဦးသန်းတင်ကလည်း လမ်းလျှောက်သမား။ မနက်တိုင်း လမ်းလျှောက်ထွက်ရာမှ ဦးဘမြင့်တို့သားအဖနှင့် ဆုံခဲ့ရသည်။ ဆုံလို့မှ မကြာခင် လူပျိုကြီး မျက်လုံးများမှာ ခင်အေးမြင့် အပေါ်သို့ စူးရောက်မှု ရှိလာသည်။ ပထမတော့ မသိမသာ။ နောက်တော့ သိသိသာသာ။

လမ်းလျှောက်သမားချင်း ဘယ်သူဘယ်ဝါဟု မသိစေကာမူ လမ်းလျှောက်ရင်း ဆုံမိတိုင်း အပြုံးဖလှယ်၍ နှုတ်ဆက်ကြစမြဲ ရှိရာမှ နောက်တော့ စကားတွေဘာတွေ ရပ်ပြောသည့်အဆင့် သို့ ရောက်လာသည်။ ဘယ်သူဘယ်ဝါဟူ သိကြသည့်အခါ ပို၍ ရင်းနှီးလာသည်။

ဦးသန်းတင်မိဘများနှင့် ဦးဘမြင့်တို့ မရင်းနှီးပေမယ့် သိကြ သည်။ ဦးသန်းတင်မိဘတွေက ကုန်သည်မျိုးရိုး၊ ချမ်းသာသူ တွေ၊ နာမည်တစ်လုံးနှင့် နေထိုင်ခဲ့သူတွေ။

ဦးသန်းတင်ကို ဦးဘမြင့်ကပဲ အိမ်လည်ခေါ်ခဲ့သည်။ ရေငတ် တုန်း ရေတွင်းထဲ ကျခဲ့ရသူ ဦးသန်းတင်မှာ ဖိုးကျိုင်းတုတ်ဖြစ် ပြီး အဝင်အထွက် ရှိလာခဲ့သည်။ နောက်တော့ အဝင်အထွက် များလာသလို ခင်မင်ကျွမ်းဝင်မှုမှာလည်း တိုးမြင့်လာသည်။ ဝင်လို့ထွက်လို့ ကောင်းသည့်အကြောင်းကလည်း ရှိလာနေ သည်။



ဦးသန်းတင်က အရောင်းအဝယ်သမား၊ တစ်ပြိုင်နက်တည်း လုပ်ငန်းသုံးလေးမျိုး လုပ်နေသူ။ ဦးဘမြင့်ကလည်း လုပ်ငန်း လုပ်ချင်နေသူ။ ဦးဘမြင့်တို့အိမ်ရောက်ရင် အကြောင်းမရှိ အကြောင်းရှာပြီး အချိန်ဆွဲနေချင်သူ၊ ဦးသန်းတင်အတွက် တိုင်းယက်သည့်ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့်ဆိုသလို ဖြစ် ရပြန်သည်။ ခုတော့ ဦးသန်းတင်အတွက် စားအိမ်သောက် အိမ်၊ နားနေအိမ်သဖွယ်သို့ ရှိလာပါချေ၏။

ဦးသန်းတင်က လူပျိုကြီးဆိုပေမယ့် ထုံထုံထိုင်းထိုင်း၊ ရိုးရိုးအအ မဟုတ်။ ကုန်သည်ပီပီ ပါးပါးနပ်နပ် ရှိသည်။ ခင် အေးမြင့်နှင့် ပတ်သက်လို့ အရေးကျသူမှာ ဒေါ်ကျော့(ဝါ) ဒေါ်လေးကျော့။ သည်တော့ ဒေါ်လေးကျော့ကို ဖျားလို့ လိပ်ပြီး ခေါင်းပေါ်တင်ထားလိုက်ရာ ခင်အေးမြင့်နှင့် ဦး သန်းတင်တို့ ရင်းနှီးမှုပိုလွန်ရန် ဒေါ်လေးကျော့က နည်းလမ်း အသွယ်သွယ် ပရိယာယ်အဖုံဖုံဖြင့် ဖန်တီးပေးခဲ့သည်။

ဦးသန်းတင်မှာ လင့်ရှိဗာကားရှိသည်။ ကားဖြင့်သွားရသည့် အကြောင်းရှိလာရင် ဦးသန်းတင်က အဆင့်သင့်။ ပြီး....လပြည့် ကျောက်ဆည် ဝေဘူတောင်သို့ သွားရာတွင် လည်းကောင်း၊ မန္တလေးသို့ အလည်အပတ်သွားရာတွင်လည်း ကောင်း၊ လင့်ရှိဗာကားပေါ်မှာ ဒေါ်လေးတို့တူအရီး ပါစမြဲ ရှိကြ၏။

ဦးဘမြင့်ကလည်း ရိပ်မိပါသည်။ ကန့်ကွက်ရာမရှိပါ။ ဦးသန်းတင်က အစိုးရဝန်ထမ်းမဟုတ်။ ကုန်သည်။ ဟန်ပြုငင်း သည်ရှေ့ လုပ်စရာအကြောင်းမရှိ။ သမီးဖြစ်သူနှင့် ခွဲခွာစရာ

www.burmeseclassic.com

www.burmeseclassic.com



မလို၊ သူခေါင်းချမည့်နေရာတွင် ရာသက်ပန် အတူနေရမည်။ သျှောင်နောက် ဆံထုံးပါသည့်တိုင် တစ်မြို့တည်းပါမည်မို့ အကြောင်း မဟုတ်။ ပြီး သမီးရှင်အတွက် ဦးသန်းတင်မှာ ကျေနပ်စရာ အရည်အချင်း အပြည့်အစုံရှိသည် မဟုတ်ပါလား။

ငွေကြေးပြည့်စုံသည်။ လုပ်ငန်းကိုင်ငန်းကျွမ်းကျင်သည်။ အနေအထိုင်တည်ကြည်သည်။ ဘာသာရေးကိုင်းရှိုင်းသည်။ အသောက်အစားလောင်းကစားမရှိ။ မိသားစု အသိုင်းအဝိုင်းနည်းသည်။ ဦးသန်းတင်မှာမိဘမရှိ၊ ညီအစ်ကိုမောင်နှမ အင်အားနည်းသည်။ အမိသဖွယ် သဘောမူရသည့် အတူနေ အစ်မကြီးတစ်ယောက်ပဲရှိသည်။

+ + +

ကဲ...ဒါမျိုးမှ သဘောမကျရင်။

ဦးသန်းတင်၏အစ်မကြီး ဒေါ်အေးတင့်က သဘောမတူချင်သော်လည်း မောင်ဖြစ်သူက ကဲကဲဆတ်ဆတ်ကပါနေသည်မို့ သဘောတူလိုက်ရသည်။ ဒါပေမယ့် ဒေါ်ကျော့နှင့် ခင်အေးမြင့်တို့တူအရီး မသိရသော ကတိအသွယ်သွယ်ကို မောင်ဖြစ်သူထံက ရအောင် တောင်းခဲ့သည်။



ဦးသန်းတင်တို့ မောင်နှမနှစ်ယောက်မှာ ထူးထူးကဲကဲ ချစ်ချစ်ခင်ခင်ရှိကြသည်။ အစ်မကြီးစကားကို ဦးသန်းတင်က နားထောင်သည်။ အမေသဖွယ်သော အစ်မကြီးလို့ သဘောမှူသည်။ ခုကိစ္စတွင် ဦးသန်းတင်က အစ်မကြီးကို အတိုက်အခံမလုပ်ဘဲ လိုက်လျှောမှုရအောင် တောင်းပန်အသနားခံခဲ့သည်။ တစ်သက်လုံး သူ့စကားကို မပယ်လှန်ခဲ့သော မောင်ဖြစ်သူကို လိုက်လျှောလိုက်သည်။

ဒေါ်အေးတင့်က ဦးသန်းတင်ကို သူတို့ဘက်သို့အပါမခံ၊ အိမ်ထောင်ပြုသည့်တိုင် သူ၏ချုပ်ကိုင်မှုအောက်မှာဘဲ ထားဖို့ စီစီအစဉ် ရေးဆွဲခဲ့သည်။ အဓမ္မခွဲသည့်ကိစ္စတို့အတွက် မပေါ်စေရန် ကတိစကားများတောင်း၍ ကြိုတင်ချုပ်ကိုင်ထားလိုက်ခြင်းပါ။

ဒေါ်အေးတင့်ဘက်ကလိုက်လျှောသလို ဦးသန်းတင်ဘက်ကလည်း ခေါင်းညိတ်ခဲ့ရသည်။ သို့တစေ အိမ်ထောင်ကျပြီးမှ သူတို့မောင်နှမနှစ်ယောက် မကြာခဏ အချေင်းများရသည်။ ပြဿနာပေါ်ရသည်။

ခင်အေးမြင့်က ဒေါ်ကျော့သဘော၊ ဒေါ်လေးကျော့သူ့အပေါ် လွှမ်းမိုးခဲ့သည်မှာ မွေးကတည်းက ယခုထိအောင်ပင်။

ခင်အေးမြင့်တစ်ယောက် ခေါင်းညိတ်ခေါင်းခါအလုပ်ကို သူ့ဟာသူ မလုပ်ဘဲ၊ ဒေါ်လေးကျော့ သဘောအတိုင်း ညိတ်ရ၊ ခါရသည်ပါ။

ခုလည်း ခင်အေးမြင့်က စောဒကတက်ကြည့်သေးသည်။

www.burmeseclassic.com

‘အိမ်ရယ်၊ ဒီလိုလူမျိုးကိုမှ ငြင်းမယ်ဆိုရင် အချိန်တွေနှောင်းပြီး တော်ကြာ ကလေးပဲကြီးလှော်စားသလို ဖြစ်နေအုံးမယ်’

‘ဒေါ်လေးကျော့ကတော့ ပြောတော့မယ်၊ ကျွန်မတို့ကိစ္စနဲ့ ပဲကြီးလှော်စားတာ ဘာဆိုင်လို့လဲ’

‘ဆိုင်ပါသကော မိမြေအိမ်ရယ်၊ ကလေးတွေကို ပဲကြီးလှော်တစ်ဆုပ်ပေးလိုက်ရင် ကြမ်းပြင်ပေါ်ကို ကြဲချလိုက်တယ်လေ၊ ပထမခေါင်လုံးတွေကိုချည်း ရွေးစားတယ်။ စုန်းပြူးအကြောတွေကိုမစားဘူး၊ ခေါင်လုံးတွေကုန်တော့မှ စုန်းပြူးတွေကိုကောက်ပြီး စားကြတာ၊ အပျိုကြီးတွေလည်း ခေါင်လုံးတွေစားဖို့သာ အခွင့်အရေးရတုန်း အရိုးမျှားသလေး ချေးခါးသလေးလုပ်ကြလို့ နောက်ဆုံး ခေါင်လုံးနဲ့လွဲပြီး စုန်းပြူးနဲ့တဲ့ နှစ်ပါးသွားရတာ။ အဲဒီလိုဖြစ်မှာစိုးလို့’

‘ဒေါ်လေးကတော့ ကြံကြံဖန်ဖန်’

‘ကဲ.... ကြံကြံဖန်ဖန်လုပ်မနေနဲ့၊ မောင်သန်းတင်က အိမ့်ထက် အသက်ခုနစ်နှစ်ကြီးတာကလွဲလို့ အပြစ်ပြစရာ ဘာမှမရှိဘူး။ အရည်အချင်း အားလုံးပြည့်စုံတယ်။ ပြီးတော့ အစ်ကိုကြီးနဲ့ကလည်း ရင်းနှီးပြီးသား၊ မင်္ဂလာဆောင်ပြီးရင် ဒီအိမ်ဟောင်းကိုဖျက်ပြီး တိုက်ဆောက်မှာ’

ခေါင်းညိတ်လိုက်ရပါပြီ။



ဒေါ်ကျော့အဖို့ မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်သွားရသည်။

စေ့စပ်ကြောင်းလမ်းပွဲပြီးသည့်နောက် မင်္ဂလာရက် သတ်မှတ်လိုက်ရာ စေ့စပ်ပွဲနှင့် လက်ထပ်ပွဲမှာ ကြားလေးလ ကွာသည်။

ဦးသန်းတင်က နှစ်ထပ်တိုက်သစ်ကြီးကို ဆောက်လိုက်သည်။ ပစ္စည်းပစ္စယ ပြည့်စုံပေါများသော အချိန်ကာလတွင် စက်အား လူအား အပြည့်ဖြင့် ဆောက်လိုက်သည့် တိုက်ကြီးမှာ မင်္ဂလာပွဲ မဆင်နွှဲမီ ပြီးစီးသွားခဲ့သည်။

မှန်းချက်နှင့် နှမ်းထွက်မကိုက် စေကာမူ၊ သမီးအတွက် တူမလေးအတွက် ဦးဘမြင့်ဇနီး ဒေါ်ကျော့ပါ ကျေနပ်အား ပြည့်ဝသည်ဆိုရမည်ပါ။

သူတို့မင်္ဂလာဆောင်မှာ ခမ်းနားကြီးကျယ်သလောက် သိုက်မြိုက် စည်ကားသည်။ မြို့ပေါ်မှာ ပြောစမှတ် ပြုရသော မင်္ဂလာဆောင်။

အသစ်ဆောက်ပြီးစ တိုက်ကြီးရှေ့ခြံထဲမှာ ဆောက်ထားသည့် မင်္ဂလာမဏ္ဍပ်ကြီးမှာ ဟိန်းထနေသည်။ တိုက်အသစ်ကြီးနှင့် မင်္ဂလာမဏ္ဍပ်ကြီးမှာ တင့်တယ်လွန်း၊ ပဏာရလွန်းပါဘိဟု ဆိုရမည်သို့ ရှိပါချေ၏။

ရန်ကုန်က ရေခဲမုန့်သမားကိုခေါ်၍ စပယ်ရှယ် ရေခဲမုန့်လုပ်စေပြီး မင်္ဂလာဧည့်ခံပွဲ၌ ကျွေးမွေးသည်။ မုန့်အားလုံးကို ဈေးမိုးမိုးနို့တိုက်တွင် စပယ်ရှယ်အော်ဒါပေးမှာယူခဲ့၏။ မုန့်မျိုးစုံသလောက် ကျွေးမွေးတာကလည်း အလျှံပယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အရွယ်က နာမည်ကြီး စန္ဒယား အောဝမ်း ခင်မော
တီးဝိုင်းနှင့် နာမည်ကျော် အဆိုတော်များဖြင့် မင်္ဂလာဦးည
မင်္ဂလာနေ့ နှစ်ရက် ဆက်ဖျော်ဖြေခဲ့သည်။

မင်္ဂလာညစ်ခံပွဲ ပြီးသည့်ညတွင် မန္တလေးမှ ရွှေမန်း
အငြိမ့်ဖြင့် ထပ်ဆင့်ညစ်ခံခဲ့ရာ သည်မင်္ဂလာဆောင်မျိုးမှ
စမှတ် မတွင်ရင် ဘာမင်္ဂလာဆောင်မျိုး ပြောစမှတ်တွင်မှာ
ဟု ဆိုစရာသို့ ရှိပါချေ၏။

ရလိုက်သည့် လက်ဖွဲ့ပစ္စည်းတွေမှာ မြင်မကောင်း
မကောင်းရှိ၏။ အဖိုးတန်ပစ္စည်းတွေက သုံးပုံနှစ်ပုံပါသည်။

\+ \+ \+

မန္တလေး၊ သာစည်၊ သဲတော၊ ဝမ်းတွင်း၊ ဟံဇာ၊ ပျဉ်းမနား
ရမည်းသင်း၊ ပျော်ဘွယ်စသော မြို့များက ဦးသန့်စင်
လုပ်ငန်းဆက်သွယ်မှုရှိသူ ကုန်သည်အတော်များများ လာ
သည်။

သတို့သမီး၏ အလှကို ချီးမွမ်းတင်စားသံများ သော
ညံသွားသည်။



လူ့ဘဝတွင် သီတာရေစင်လို အေးမြသည့်မျိုးနှင့် ဆုံတွေ့
ရသလို၊ ငရဲမီးလို ပူလောင်သည့်မျိုးနှင့်လည်း ဆုံတွေ့ရတတ်၏။

မင်္ဂလာပွဲဆင်နွှဲစဉ်အချိန်အခါက ခင်အေးမြင့်၏ ဘဝမှာ
သီတာရေစင်လို အေးမြသည့်ဘဝ။

ယခုအမှုဖြစ်ပြီး ထောင်ထဲရောက်နေသည့်အချိန်မှာ ငရဲမီး
လို ပူလောင်သည့်ဘဝ။

\+ \+ \+

ထောင်ထဲမှာ ကိုယ်ချည်းသပ်သပ် နေရသည်မဟုတ်၊
မတာစ်ရာသမီးတွေနှင့် အတူတွဲနေရသည်။ ကိုယ်က စည်းကမ်း
မဖောက်ပေဖယ့် ကိုယ့်သိက္ခာကိုယ်ထိန်းပြီး နေမွေမယ့် စည်း
ကမ်းဖောက်သူ၊ သိက္ခာမထိန်းတဲ့ ဖြစ်ကတတ်ဆန်းနေသူတွေ
ရှိသမို့၊ ပြောပြီဆိုလျှင် ပြောသူက ကွက်ရှို့မပြောပါ။ ဝ ၊ လုံး
ရှည်နှင့်ရမ်းသလို အားလုံးကို သိမ်းကြုံးပြီး ပြောတတ်သိုဘတ်
ရာ မနာတတ်သူတွေအဖို့ မဆောင်းသာသော်လည်း နာတတ်
သူတွေအဖို့ စိတ်ဆင်းရဲရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့် စည်းစမ်းဝက်အူတွေ တင်းကြပ်လာသော အခါ နေရထိုင်ရ ခက်လှ၏။ စိတ်လည်း အလွန်ညစ်ထွေး ရ၏။

ထောင်ထဲမှာဆိုတာက ရာသီဥတုမမှန်၊ အေးအေးမြှိမ်း မြှိမ်း မြိုမ်မြိုမ်သက်သက်ရှိနေရာမှ ရုတ်တရက် လေပြင်းထန် ပြီး မုန်တိုင်းတိုက်ခတ်တတ်သည့်မျိုး ဖြစ်စမြဲရှိ၏။

တစ်ခါတစ်ရံ အကျဉ်းသားဘက်က စည်းကမ်းမဖောက်၊ ပြဿနာမရှိပေမယ့် ဝါဒါတွေက သူတို့ပြဿနာကို အကျဉ်း သားတွေဘက် မျှားဦးလှည့်ပြီး ပြဿနာမဟုတ်တာကို ပြဿနာ လုပ်တတ်သည့်မျိုးလည်းရှိသည်။ သဘောကောင်းပါသည်ဆို သူတွေက အပြောကြမ်းပြီဆိုရင် ပို၍နားမခံသာ ရှိရသည်။

သူတို့ခြောက်ယောက်အုပ်စုထဲမှ နောက်ဆုံးလာသည့် ထားထားသွယ်က စည်းကမ်းဖောက်မှုတစ်ခု ပြုလုပ်ခဲ့သည်။ မသွားရဟု သတ်မှတ်ထားသည့် သီးသန့်ဆောင်တစ်ခုကို လူစ် ထန်ကူးသွားခဲ့ရာ မိန်းမဆောင်ထောင်မှူး ဝင်အလာနှင့် ထိပ် တိုက်ဆုံခဲ့သည်။

ထားထားသွယ်ကိစ္စအတွက် ဝါဒါ ဒေါ်စိန်မြ အဆူခံ လိုက်ရသည်။ ဝါဒါ ဒေါ်စိန်မြမှာ အနေအထိုင် အေးဆေး သူ၊ အပြောအဆိုပြေပြစ်သသူ၊ ပြဿနာမလုပ်တတ်သူအဖြစ် အသိအမှတ်ပြုခံရသူဖြစ်၏။ သူ စကားကြမ်းကြမ်းတမ်းတမ်း ပြောသည်ကို တစ်ခါမှ မကြားရသေး။



အဲဒီနေ့ကတော့ ဒေါ်စိန်မြပြောနေတာမှ ဟုတ်ပါလေစဟု ပြောရလောက်အောင် အမူအယာ အပြောအဆိုပါ ကြမ်းတမ်း ခဲ့သည်။

စည်းကမ်းဖောက်ဖျက်သူ ထားထားသွယ်ကို ပြောရင် အကြောင်းမဟုတ်။ အခုဟာက သူတို့ခြောက်ယောက်စလုံးကို ပုံစံအနေအထား တန်းစီခိုင်း၍ အသားလွတ်ကြီး ဆူပူကြိမ်း မောင်းခဲ့ရုံမက၊ နားသာခံခက် အသုံးအနှုန်းများဖြင့် နှစ်ပြား မတန်အောင် ပြောခဲ့သည်။ ပြန်ပြောရင် ပြဿနာ ပိုတက် ကုန်မည်မို့ အသားတွေက တဆတ်ဆတ်တုန်နေသည့်ကြားက လျှာကို မနည်းကြီး ဘရိတ်အုပ်နေရသည်။

\+ \+ \+

နားကျင်စရာ စကားလုံးများကြောင့် ရင်ထဲမှာ နာကြည်း သွားရသည်။ ဒေါ်စိန်မြမျက်နှာကို မကြည့်ချင်လောက်အောင် မုန်းတီးသွားရသည်။

ထောင်ဆိုသည်မှာ ကိုယ်က ဘယ်လောက်ကောင်းအောင် နေနေ၊ အပြောမလွတ်၊ အဆိုမလွတ်၏ ခံရတတ်သော နေရာ ပါတကားဟု အသိအမှတ် ပြုလိုက်ရ၏။ ပြီးတော့ အပြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးလုပ်သူအပေါ် အပြစ်ဟုမမြင်ဘဲ အပြစ်ကြီးကြီးမြင်ထတ်သည့်နေရာဟု နားလည်လိုက်ရ၏။

ဒါကြောင့်လည်း တစ်ချို့က ထောင်ထဲမှာ ကျွဲပါးစောင်းတီးလုပ်ကြသည်။ ပြောသူက ပြောချင်သလောက်ပြော၊ လုပ်ချင်သလိုလုပ်ပြီး နေချင်သလိုနေကြသည်။ သူတို့ပြောတာကိုသာ အလေးတယူ ဂရုစိုက်နေရရင် ထောင်ထဲမှာ နေစရာဘယ်ရှိပါမလဲဟု ဆိုကြသည်ပါ။

ဝါဒါဒေါ်စိန်မြက သူတို့လူစုကို တင်းမာလွန်းသော မျက်နှာထားပြီး နာသာခံခက် ပြောမည့်သာပြောသည်။ သူတို့လူစုအစားအသောက်နှင့် ဘယ်တော့မှမကင်း၊ မျက်နှာချိုသွေးသည့်နေရာတွင် နှစ်ယောက်မရှိ၊ မုန့်ပဲသွားရေစာကစပြီး ငပိကျော်၊ ခြောက်ကြော်၊ သရက်သီးသနပ်အထိ အမြဲတန်းလို တောင်းစားနေသူပါ။ နေ့ဂျူတီကျကျ၊ ညဂျူတီကျကျ အတောင်းအရမ်း ပါးစပ်ရဲသည်။

ရဲတာလည်းမပြောနှင့်၊ ထမင်းကို ဘယ်တော့မှ အိမ်ကစားမလာ။ ထောင်ထဲရောက်မှ ထောင်ကကျွေးသည့် လုံးတီးထမင်းကိုတောင်းပြီး သူတို့ဆီက ဟင်းကျွေးဟင်းရံနှင့် မြိန်ရေရှက်ရေ စားတတ်သူ ဖြစ်၏။

အိမ်မှာ တစ်ယောက်စာလျော့ နည်းသလား။

ထောင်ထဲ ရောက်လာသူတွေက မတတ်သာလို့ လုံးတီးထမင်းကို စားနေရသည်။ လည်ချောင်းမနုပ်သူမရှိ။ သူတို့ကတော့ လုံးတီးကို ခံတွင်းတွေ့နေသည်။



မနေ့က သူတို့ကိုပြောလိုက်သည်မှာ နှစ်ပြားမှတန်အောင်ဟော နောက်တစ်နေ့ကျတော့ မျက်နှာချိုသွေးပြီး တောင်းရမ်းနေပြီ။ ဘယ်လောက် ခက်လိုက်သလဲလို့။

ပြောလိုက်ချင်သည်မှာ လျှာကိုယားလို့။ ပြောလို့မဖြစ်သမို့ ကြိတ်မှိတ်နေလိုက်ရသည်။ သူတို့က ကိုယ်နှင့် ကင်းလို့ရသည်။ ကိုယ်က သူတို့နှင့်ကင်းလို့မရ။ သူတို့လက်ခုပ်ထဲကရေ၊ သွန်လိုသွန် မှောက်လိုမှောက် လုပ်နိုင်သည်။

သူတို့တစ်ချက်တွန်းလိုက်ရင် ဘီးတပ်စရာမလို၊ အရှိန်ပြင်းပြင်းနှင့် အကျမြန်တတ်၏။

ထောင်ထဲမှာ မသိန်းလှတို့လို လူမျိုးပဲကောင်းသည်။ မသိန်းလှဆိုတာက သူတို့အခန်းထဲက မိန်းမချုပ်ရုံးရှိက်မှုဖြင့် ထောင်ထဲရောက်နေသူ။ ရိုက်တာမှ လက်နှင့် တုတ်နှင့် မဟုတ်။ သံတုတ်နှင့်။ ရိုက်တာက သူများအိမ်ပေါ်မှာ။ ပိုးနှိုက်ကျူးလွန်မှုနှင့် အပြင်းအထန် ဒဏ်ရာရစေမှု။ သူကနိုးအလွန်လေးသည်။ အော်ပြောလို့တောင်မကြား။ သူ့ကို ဘယ်လိုပြောပြော၊ ဘယ်လိုဆိုဆို နားရကောင်းမှန်းမသိ။ သူကလည်း လုပ်ချင်ရာလုပ်သည်။ နောက်တော့ ပြောသူက လက်လျှော့ရသည်။

ထောင်သည် နားလေးသူများနှင့် သင့်တော်သည်ဟု ဆိုရမလို။

ဒေါ်မြစိန့်ကြောင့် နှစ်ရက်သုံးရက် စိတ် ဆသိကအောင့်ဖြစ်ရသည်။ နောက်တော့ ကိုယ့်ကိုယ်ကိုနှစ်သိမ့်ပြီး ဖြေလျှော့ချလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်နေရာကို သူတို့ကခေါ်လို့ ရောက်လာတာမှ မဟုတ်ဘဲ၊ ကိုယ်က ရောက်အောင်လုပ်လို့ ရောက်လာရတာ။ စိတ်မချမ်းသာဖြစ်လည်း ကိုယ်ပဲ ထိခိုက်မည်။ ရှိပါစေတော့။ နေတတ်သလို၊ နေသာသလို နေပါတော့မည်ဟု။

ရန်ကုန်ကို ဟန်းနီးမွန်းခရီး ထွက်ခဲ့သည်။ ကားဝယ်ဖို့ အစီအစဉ်လည်းရှိသောကြောင့် တစ်ခြားသို့ မသွားတော့ဘဲ ရန်ကုန်ကို လာခဲ့ကြသည်။ ဒါကလည်း ဦးသန်းတင်ရဲ့ အစီအစဉ်။

ခင်အေးမြင့်က ဘာလိုချင်ပါသည်၊ ဘာဝယ်ပေးပါလို့ မပြော။ သူက သူ့အစီအစဉ်နှင့်သူလုပ်ခြင်းဖြစ်သည်။ အဲသည်အချိန်က အော်တိုကားအိ(စ်)အေရှတစ်မှာ ကားအသစ်ဝယ်လို့ရသည်။ ကြိုက်သည့်ကားအမျိုးအစား မရှိရင် လိုချင်သော ကားအမျိုးအစားကို မှာခိုင်းလို့ရသည်။

ဦးသန်းတင်က မင်္ဂလာဦးမှာ ပစ္စည်းအားလုံး အသစ်ချည်းတာမျိုးလုပ်နေသည်။ တိုက်အသစ်၊ အိမ်ထောင်ပရိဘောဂအသစ်၊ ပန်းကန်ခွက်ရောက်အသစ်၊ ယော အခု ကားအသစ်



အစ်မကြီးဖြစ်သူ ဒေါ်အေးတင့်ကပင် မကြည်မသာ ဖြစ်လာသည်။

ရန်ကုန်မှာ နှစ်ပတ် နေထိုင်ခဲ့ရာတွင် အသိအိမ်တွေမှာ မတည်းခို။ စထရင်းဟိုတယ်မှာ နေထိုင်ခဲ့သည်။ အပြန်မှာ အိုပယ်ကားအသစ်ကြီးနှင့်။

ဦးသန်းတင်က သူ့ကို မြင့်လေးဟုခေါ်ပြီး သူက အစ်ကိုကြီးလို့ ခေါ်သည်။

ခင်အေးမြင့်က ဒေါ်ကျော့ကို အတူလာနေဖို့ ခေါ်ချင်ပေမယ့် မခေါ်နိုင်။ ဖခင်ကြီးတာဝန်က ရှိသည်။ ကိုသန်းတင်က ဦးဘမြင့်ရော ဒေါ်လေးကျော့ကိုပါ အတူခေါ်ထားဖို့ ပြောသည်။ သူကိုယ်တိုင်လည်း သုံးလေးကြိမ်မက ခေါ်သည်။ ဦးဘမြင့်က သူ့အိမ်မှာပဲ နေပါရစေလို့ဆိုသည်။ ဦးသန်းတင်က ခင်အေးမြင့်ကို တစ်နေ့တစ်ခေါက် သွားစေခဲ့သည်။ ဖခင်ကြီးနှင့် ဒေါ်လေးကျော့တို့ကို တစ်လနှစ်ခါ တောင်ပုလုဆရာတော်ကျောင်းသို့ ပို့ပေးသည်။

ဖခင်ကြီးအတွက် ဟောလစ်၊ ဘီစကစ်နှင့် အခြားမုန့်များ သစ်သီးများ အမြဲတန်း ပို့ပေးခဲ့သည်။ ငွေကြေး ကမ်းတော့ သည်ကိုမူ ဖခင်ကြီးက လက်မခံ။ စားသောက်စရာများ ပေးပို့သည်ကိုပင် မပို့ဖို့တားသည်။ ဦးသန်းတင်၏ လုပ်ငန်းထဲတွင် အစုရှယ်ယာထည့်ထားသည့်ငွေပေါ်မှ အကျိုးအမြတ်နှင့် သူ့ပင်စင်လစာမှာ သူတို့သုံးယောက်အတွက် လုံလောက်သည်။ သုံးယောက်ဆိုတာက အတူနေ အိမ်ဖော်တစ်ယောက် ရှိသေးသောကြောင့် သုံးယောက်ဟု ဆိုရခြင်းပါ။

www.burmeseclassic.com

ခင်အေးမြင့်က အခွင့်အရေးမယူ၊ အထက်စီးက မနေ၊ ဒေါ်အေးတင့်ကိုလည်း နေရာထားပြီး ရှိရှိသေသေ ဆက်ဆံခဲ့သည်မို့ ပြဿနာမပေါ်။ အိမ်ထောင်ကျစမှာ အိမ်ထောင်ရေးသုခကို အပြည့်အဝ ခံစားရ၏။

ကိုသန်းတင်ကလည်း ဇနီးချောလေးကို အလွန်အမင်းအလိုလိုက်ထားသည်။ အိမ်ထောင်သက် နှစ်နှစ်ကာလ။ သားသမီးရတနာအရိပ်အရောင်မမြင်သေး။

\+ \+ \+

မန္တလေးသို့တက်၍ ဆရာဝန်ကြီးများနှင့် ပြသစစ်ဆေးပြီး ညွှန်ကြားသည့်အတိုင်း ဆေးဝါးများ စားသောက်နေရသည်။ ထိုအကြောင်းကြောင့် ဆေးဝါးများ စားသောက်ရသည်မှလွဲလို့ ခင်အေးမြင့်ကျန်းမာရေးမှာ ကောင်းမွန်သော အနေအထားတွင်ရှိနေသလို၊ အိမ်ထောင်ရေး အခြေအနေမှာလည်းချမ်းမြေ့သာယာမှုအပြည့်၊ ဘာလိုနေပါသည်ဟု ပြောဖွယ်ရာ မရှိရအောင် ပြီးပြည့်စုံနေသည် မဟုတ်ပါလား။

သမီးနှင့် တူမဖြစ်သူကိုကြည့်ပြီး ဖခင်ကြီးနှင့် ဒေါ်လေးတို့ကလည်း ဝမ်းပန်းတသာ ရှိနေကြသည်။ ခင်အေးမြင့်



ကလည်း သိတတ်သည်။ တစ်နေ့တစ်ခေါက် မှန်မှန်ရောက်သလိုသာတိုင်းလည်း လက်ချည်းမလာ၊ ဖခင်ကြီးနှင့် ဒေါ်လေးတို့အတွက် စားစရာသောက်စရာ တစ်မျိုးမျိုး ပါစမြဲရှိချေ၏။

ထိုသို့ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းမြေ့မြေ့ရှိနေရာမှ....

လောကကြီးတွင် အကောင်းနှင့်အဆိုး၊ အောင်မြင်ခြင်းနှင့်ဆုံးရှုံးခြင်း၊ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း၊ ကြည်နူးခြင်းနှင့်ကြေကွဲခြင်း စသည်တို့မှာ သဘာဝ သဘော အလျောက်ဒွန်တွဲလျက်ရှိရာ လူတို့၏ ဘဝခရီး တစ်လျောက်တွင် ဒွန်တွဲနေသည့် ထိုသဘာဝသဘောကို လူတိုင်းဆုံတွေ့ ကြုံတွေ့ရမည်မှာ ဧကန်မုချပင်။

ခင်လေးမြင့် အိမ်သို့ရောက်သွားသည့် ညနေစောင်း။ ဖခင်ကြီးကို ခါတိုင်းလိုလန်းလန်းဆန်းဆန်းမတွေ့ရ။

မနေ့ ညကထဲကဖျားသည်။ အစားမစားချင်၊ ဆရာဝန်ခေါ်ဖို့ပြောသည်။

'အာဂန္တုအဖျားပါ သမီးရာ၊ နည်းနည်းအအေးပတ်သွားတာပါ။ အိမ်မှာလည်း ဆေးတွေရှိသားဘဲဟာ၊ ဆရာဝန်ခေါ်ဖို့မလိုပါဘူး'

နောက်တစ်နေ့လည်း အဖျားမကျ။ မနေ့ကမှထူထူထောင်ထောင်ရှိသေးသည်။ ဒီနေ့တော့ အိပ်ရာထဲကမထ။ ဆရာဝန်ခေါ်ရသည်။ အိမ်မှာအိပ်ချင်ပေမယ့် ဖခင်ကြီးက အတင်းပြန်ခိုင်းသဖြင့်ပြန်ခဲ့ရသည်။

နောက်တစ်နေ့ မနက်အစောကြီးအလင်းရောင် မသန်းသေးသည့်အချိန်၊ ဒေါ်လေးကျော့နှင့် အိမ်ဖော်မလေးတို့ ရောက်

www.burmeseclassic.com

လာပြီး သန်းခေါင်ကျော်ကစ၍ ဝမ်းဖောက် လာကြောင်း ပြောရှာလာခေါ်သည်။ ဦးသန်းတင် ကိုယ်တိုင်လိုက်ပို့ခဲ့သည်။

ဖခင်ကြီး၏ မျက်နှာမှာ လူပစ်လိုက်သလို ကျသွားသည်။ အခြေအနေ မကောင်း၊ ဦးသန်းတင်ကိုယ်တိုင် ဆရာဝန်ကို သွားနိုးပြီး ခေါ်လာခဲ့သည်။

\+ \+ \+

ဆေးရုံတင်ရမည်။

ဆေးရုံတင်ဖို့ ပြင်ဆင်နေဆဲ၊ အတားအဆီး မရှိအောင်ဝမ်းတွေသွားပြီး ဆေးရုံသို့ပင် မရောက်လိုက်တော့။

ဆုံးရှုံးခြင်း၊ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်းနှင့် ဆုံတွေ့လိုက်ရ၏။

ဖခင်ကြီးရှိနေစဉ် နေ့စဉ်တွေ့နေရစမြဲက ထူးခြားမှု မရှိလှသော်လည်း ယခုမရှိတော့ပြီ ဆိုသောအခါ ခံစားမှု ဝေဒနာမှာ ထူးထူးခြားခြား ရှိလာသည်။ ခါကိုင်းဆို ငါးနာရီ ထိုးခါနီး ဖခင်ကြီးဆီသွားဖို့ နာရီအကြည့်ကြည့်ရှိရစမြဲ။ ခုတော့ အိမ် အိမ်သွားရမည်ကို အလွန်ဝန်လေးသည်။ ဒေါ်လေးကျော့ကို



တစ်ယောက်တည်း ဖြစ်ထားသလိုဖြစ်မှာ စိုးသောကြောင့်သာ သွားနေရသည်။ စိတ်က လုံးဝမပါ။

ဒေါ်လေးကျော့ကို အတူနေဖို့ ခေါ်ပေမယ့် မရ။

'ညီးတို့အိမ်မှာက ညီးတို့ လင်မယား နှစ်ယောက်ထဲမဟုတ်ဘူးလေ၊ ဒေါ်အေးတင့်ကရှိသေးတယ်မဟုတ်လား။ ညီးလည်း ဒေါ်အေးတင့်အကြောင်း သိသားဘဲဟာ။ ငါကဘယ်နေရဝင်ပြီး ဘယ်လိုနေရမလဲ၊ ငါ့ဟာ ငါလုပ်ကိုင်စားပြီး ဒီမှာဘဲ နေပါရစေတော့ မရယ်'

အတင်းအကြပ်မခေါ်သာ။

ဒေါ်အေးတင့်ကလည်းဇီဇာအကြောင်သား။ နေရာတကာမှာအုပ်စီးချယ်လှယ်ချင်သည်။ သူ့လက်သူ့ခြေလုပ်ရမှကျေနပ်သည်။ ခင်အေးမြင့် တောင် အနေတတ်လို့၊ နို့မဟုတ်ရင် စလှယ်။

အိမ်ထောင်စုတိုင်းမှာ ပြဿနာ လုံးဝ မရှိသော အိမ်ထောင်စုရယ်လို့မရှိ။ ပြဿနာအနည်း အများတော့ရှိကြမြဲသာ။ ပြဿနာကို ပေါက်ကွဲမှု အဆင့်မရောက်အောင်ထိန်းသိမ်းနိုင်လို့သာအတူတကွ နေထိုင်လို့ရကြသည်ပါ။

လူနည်းရင်နည်းသည့် အလျောက်၊ လူများရင်များသည့်အလျောက်ပြဿနာ အနည်းအများရှိကြသည်။ ခင်အေးမြင့်တို့အိမ်မှာလည်း ပြဿနာကင်းပသည်မဟုတ်။ မပြောပလောက်၍သာပြဿနာ ကင်းသယောင်ရှိနေသည်။

သူတို့မင်္ဂလာဆောင် ကိစ္စပြီးရင် မောင်နှမ နှစ်ယောက်ပိုင်သော ရှိသည့်လက်ငုတ်လက်ရင်း ပစ္စည်းများကို ခွဲကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး လုပ်ငန်းများမှ ဝင်ငွေကိုလည်း လစဉ်ရှင်းတမ်း ထုတ်ရှုခဲ့မည်ဟု ဦးသန်းတင်က ပြောထားသော်လည်း အ ထက်ထိ အကောင်အထည်မပေါ်။ မရှင်းမရှင်း လုံးလည်လိုက် နေဆဲ။

ပြောဖို့ဆိုဖို့ အချိန်စောသေးသည်မို့ မျိုသိပ်ထား နေရပေ မယ့် ရင်ထဲမှာ အဖုအထစ်ကလေး ဖြစ်နေသည်။ ဒါတွေကို ဒေါ်လေးကျော့ သိသည်။ ဒါပေမယ့် ဒေါ်လေးကျော့က သူတို့ကိစ္စမှာ ကြားမဝင်၊ မသိသိုက်မသိ ဘာသာဘာနေခဲ့သည်။

သည်လိုနေကြရင်းမှ ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးဆို သလို မတွေ့ဘာကြာပြီဖြစ်သည့် ညီမ ဝမ်းကွဲ တစ်ယောက်နှင့် လည်းတွေ့ရအောင် ဒေါ်ကျော့ ရန်ကုန်ကို ဆင်းလာသည်။ ဦးဘမြင့် ကွယ်လွန်ပြီးကတည်းက အိမ်ခဖော် မထားဘော့ဘဲ ဒေါ်ကျော့တစ်ယောက်တည်း ခြံထဲမှာနေခဲ့သည်။

ညီမဝမ်းကွဲဖြစ်သူနေတာက ဗဟန်းမှာ။ သူတို့ကသိမ်ကြီး ဈေးမှာဆိုင်တွက်သည့် အရောင်းအဝယ်သမားတွေ။ အတန် အသင့် ချောင်ချောင်လည်လည်ရှိကြသည်။ ရန်ကုန်က အပြန် မှာ ဒေါ်ကျော့ မိတ္ထီလာကနေရန်ကုန်ကို ပြောင်းဖို့အကြောင်း လည်းပါလာသည်။ ညီမဝမ်းကွဲဖြစ်သူ ဒေါ်လှတင်ကမိတ္ထီလာ မှာ တစ်ယောက်ထဲနေမည့် အစား ရန်ကုန် ပြောင်းပြီး သူတို့ နှင့်အတူနေ၍ လုပ်ကိုင်စားဖို့ ခေါ်ခဲ့ရာ သူကလည်း စိတ်ပါ ဝင်စားပြီး ပြောင်းလာမည်ဟုကတိ ပေးခဲ့သည်။



ဒေါ်ကျော့က တစ်ကိုယ်ရေတကာရသမားဖြစ်နေပြီ၊ တူမ ကို စောင့်ရှောက်ပြီး အတူနေဖို့ အကြောင်းမရှိသည့်အတူတူ ကိုယ့်ဆွေမျိုးများနှင့်အတူ ပေါင်းနေပြီး လုပ်ကိုင်စားသောက် နေထိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

ခင်အေးမြင့်ကတော့ ဒေါ်လေးကျော့ကို မပြောင်းစေချင် ပါ။ ဒါပေမယ့် သူနှင့် အတူနေဖို့ခေါ်မရမယ့်အတူတူ ခြံထဲမှာ တစ်ယောက်ထဲတော့ မနေစေချင်။

'ဒေါ်လေးကျော့ ပြောင်းဖို့ ဆုံးဖြတ်ပြီးပြီ ဆိုတော့လည်း ကျွန်မ မတားသာပေဘူးလေ။ သည်ခြံနဲ့ သည်အိမ်ဟာ ဒေါ် လေးကျော့လည်း ပိုင်ဆိုင်ခွင့် ရှိတာမို့ ရောင်းချပြီး ရတဲ့ငွေ တစ်ဝက်ကို ဒေါ်လေးကျော့ယူပါ။ ဒေါ်လေးလည်း ရင်းဖို့ နှီးဖို့ရှိတာပေါ့'

'အမယ်လေး၊ မလုပ်လိုက်ပါနဲ့ အိမရယ်၊ မိဘ အမွေအနှစ် ကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် ဝတ္တရားဟာ သားသမီးမှာ ရှိပါတယ်။ ဒေါ်လေးမှာ စုဆောင်းထားတဲ့ ကိုယ်ပိုင် ငွေနဲ့ အစ်ကိုကြီး ပေးသွားတဲ့ပစ္စည်းတချို့ ရှိပါတယ်။ ဒေါ်လေး အတွက် မပူပါနဲ့'

ဘာဘဲဖြစ်ဖြစ် ခင်အေးမြင့်က ဒေါ်လေးကျော့ကို ငွေ ကြေးပေးလိုက်ချင်သည်။ ပေးစရာသူပိုင်ငွေမရှိ။ အပျိုတန်းက ဝတ်သည့် ရွှေထည်လက်ဝတ်လက်စားတစ်ချို့ ရှိသည်။ ဒါတာ သူပိုင်ပစ္စည်း၊ သူ့သဘောနှင့်သူ လုပ်ပိုင်ခွင့်ရှိပေမယ့် လင်သား မသိအောင် လုပ်လို့ မကောင်း။ ဦးသန်းတင်ကို အကျိုး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြောပြရသည်။ ဦးသန်းထင်က ငွေသုံးထောင် ထုတ်ပေးသည်။

ဒါကိုလည်း ဒေါ်လေးကျော့က ခေါင်းခါသည်။ နောက်ဆုံး တင်းတင်းမာမာ ပြောတော့မှ မယူချင့်ယူချင် လက်ခံသွားသည်။

မွေးကတည်းက အိမ်ထောင်ကျသည်အထိ မိခင်သဖွယ် ပြုစုစောင့်ရှောက်ထိန်းသိမ်းခဲ့သူ ဒေါ်လေးအား သူ့မေတ္တာနှင့် စေတနာကို ပြသလိုက်ရသည့်အတွက် ကျေနပ်မိရသည်။

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးပါတကား။

## အခန်း (၅)

သူတို့အုပ်စုခြောက်ယောက်ရှိသည့်အနက်၊ ဒေါ်စီစီဝင်းနှင့် ဒေါ်ရွှေဇင်တို့နှစ်ယောက် အာမခံရသွားသည်။

ထောင်ထဲရောက်သူတိုင်း ပထမမျှော်ကိုးသည်မှာ အာမခံ၊ ဒုတိယမျှော်ကိုးသည်မှာ လွတ်မြောက်ရေး။

မှုဖြစ်တရားခံ တစ်ယောက်အတွက် နောက်မှ ထောင်မတေသို့ [illegible]းဘဲကျကျ၊ အမှုအတွင်း အာမခံဖြင့် အမှုကို ရင်ဆိုင်ဆိုကြသည်။ အာမခံဖြင့် အမှုဆိုင်ရသည်မှာ မဟာလာဘ်ကြီး တစ်ပါးဟု ဆိုရမည်ဖြစ်သောကြောင့်။

www.burmeseclassic.com

www.burmeseclassic.com



အမှုပေ့ါလို့ အာမခံရသည်။ အမှုလေးလို့ အာမခံမရဟူ၍လည်း အစွဲအလမ်းရှိကြသည်။ တကယ်တော့ အမှုပေ့ါခြင်း၊ လေးခြင်းဆိုသည်မှာ အာမခံရခြင်း၊ မရခြင်းနှင့် မှသက်ဆိုင်ပါ။ တရားသေအစွဲအလမ်းပြု၍ မရပါ။ အာမခံပေးရသော ပုဒ်မ၊ အာမခံမပေးရသော ပုဒ်မဟူ၍ သူ့ဟာသူ ရှိပြီးသား။ အာမခံမပေးရသော ပုဒ်မဖြင့်စေကာမူ၊ အမှုစစ်ဆေး၍ အတော်အတန် ပြီးဆုံးသည့်အခါ အမှုခွင် အနေအထားကို ကြည့်၍ အာမခံ ပေးသည့်မျိုးလည်း ရှိသည်။ အမှုသည်က အမှုလိုက်ကောင်း၍ လည်းကောင်း၊ ရှေ့နေကအတော်စွမ်းလှန်း၍လည်းကောင်း မထင်မှတ်ဘဲ အာမခံရသွားသည့်မျိုးလည်း ရှိသည်။

ဒေါ်ရွှေဇင်တို့ရုံးထွက်သွားစဉ်က အာမခံရမည်၊ မရမည်မသိ။ ဘာမှပြောမသွား၊ ညနေပြန်မလာတော့မှ အာမခံ ရသွားပြီဖြစ်ကြောင်းသိလိုက်ကြရသည်။ သူတို့ပစ္စည်းများကို လာမယူ။ ဆောင်ထဲမှာဝတ်သည့် ဝတ်စုံနှစ်စုံနှင့် မျက်နှာသုတ်ပုဝါ၊ သွားတိုက်ဆေးစသည့် အသုံးအဆောင်ပစ္စည်းများနှင့် စားစရာအချို့ ကျန်ခဲ့သည်။

အာမခံရသူနှင့် လွတ်မြောက်သွားသူ အများစုမှာ ထောင်ထဲတွင် ကျန်ခဲ့သည့်ပစ္စည်းများကို လာယူလေ့မရှိကြ။ ထိုပစ္စည်းများအိမ်သို့ ယူသွားရမည်ကိုမသတီကြ။ တစ်ချို့ကလည်း အတူနေသူတွေဝတ်ကြပါစေ၊ စားကြပါစေဟု ထားပစ်ခဲ့ကြသည်ပါ။ သူတို့ပစ္စည်းတွေကို ဒေါ်တင့်တင့်က သိမ်းဆည်းထားသည်။



အတူနေသည့်သူတို့လေးယောက်မှာ ဝမ်းသာဝမ်းနည်း ဖြစ်ကြရသည်။ သူတို့အာမခံရသွားသည့်အတွက် ဝမ်းသာရသည်၊ ကိုယ့်အတွက် ဝမ်းနည်းရသည်။ ခင်မင်နေကြတော့လည်း သံယောဇဉ်အဖြစ်သား။

ထောင်ထဲမှာ ရာသီဥတုသာယာနေသည်။ လေပြင်းမတိုက်၊ မုန်တိုင်းမထန်သည်မှာ ကြာပြီ။ ရာသီဥတု သာယာရစ် နေလို့ ထိုင်လို့ ကောင်းသည်။

\+ \+ \+

တနင်္ဂနွေနေ့။

နေ့ရထိုင်ရသည်မှာ အခြားနေ့များနှင့်မတူ။ ပို၍ လွတ်လပ်မှု ရှိသည်။ လက်ဖက်သုပ်ဝိုင်းလေးများ အစီအရီနှင့်။ လက်ဖက်သုပ်မတတ်နိုင် သူက ပဲလှော်သုပ်နှင့်။ ပဲလှော်သုပ်မှ မတတ်နိုင်က လက်ဖက်ရည်အကြမ်းဝိုင်း သက်သက်နှင့်။

ကိုယ့်အစုလေးများနှင့်ကိုယ်၊ ဝိုင်းဖွဲ့ကြ စကားပြောကြနှင့် ပျင်းရိငြီးငွေ့ခြင်းကို ဖြေဖျောက်နေကြရသည်။

ဒေါ်ခင်အေးမြင့် အနှိပ်ခံနေသည်။ ထောင်ထဲမှာ အနှိပ်သည်ပေါသည်။ တကီတတ်၊ မတကီတတ်၊ ဆေးလိမ်းရလို့ မုန့်ပဲ

www.burmeseclassic.com

www.burmeseclassic.com



သွားရည်စာရလို့ နှိပ်ကြသည်။ ခု ဒေါ်ခင်အေးမြင့်ကို နှိပ်ပေးနေသည့် မန္တလေးကြည်မှာ ထောင်အနှိပ်သည်များထဲတွင် အတော်ကလေးလက်ပေါက်၍ အနှိပ်တတ်သည်ဟု သူတို့အခန်းထဲမှာ နာမည်ရသူ အနှိပ်သည်ဖြစ်၏။

တကယ်တော့ ဒေါ်ခင်အေးမြင့်က ဇိမ်လုပ်ပြီး အနှိပ်ခံနေခြင်းမဟုတ်သလို၊ ညောင်းညာတောင့်တင်း၍ အညောင်းမပြေပါစေတော့လို့ အနှိပ်ခံနေသည်လည်း မဟုတ်ပါ။ မန္တလေးကြည်က နှိပ်ပေးပါရစေဟုပြောပြီး အတင်း နှိပ်ပေးနေသောကြောင့် အနှိပ်ခံနေရခြင်းဖြစ်ပါသည်။

ထောင်ထဲရောက်ကတည်းက ထမင်းကို ဟုတ္တိပတ္တိ စားလို့မရ။ ပုံစံထမင်း တစ်ပုံစံ၏ တစ်ဝက်လောက်ပင် စားလို့မကုန်။ ဒေါ်ခင်အေးမြင့် စားမကုန်သည့် ထမင်းကို ဒိုင်ခံယူစားသူမှာ မန္တလေးကြည်။ ဒေါ်ခင်အေးမြင့်က ထမင်းချည်းပေးသည်မဟုတ်။ ငါးပိကြော်၊ ငါးခြောက်ကြော်နှင့် သရက်သီးသနပ်ကို အလျှဉ်းသင့်သလို အပိုဆောင်းပေးသည်။

ဒေါ်ခင်အေးမြင့်မှာက ညဘက်ဆာလျှင် စားစရာ မုန့်ပဲသွားရည်စာ အပြည့်အစုံရှိသည်။ မန္တလေးကြည်တို့မှာက စားစရာ မုန့်ပဲသွားရည်စာနတ္ထိ။

အိမ်က ထောင်ဝင်စာတောင် မှန်မှန်မလာနိုင်၊ အရွယ်လေးက စားလို့ကောင်းသည့်အရွယ်။ မန္တလေးကြည်အသက်မှာ နှစ်ဆယ့်ရှစ်နှစ်၊ သန်တုန်းမြန်တုန်း၊ ကျွန်းကျွန်းမာမာ၊ စားဝင် အိပ်ပျော်သည့် အရွယ်။



ထောင်ထဲမှာ ညနေစာ ထမင်းကျွေးတာက သုံးနာရီလောက်၊ ညအိပ်ခါနီးကျတော့ စားလို့ကောင်းသည့် အရွယ်ဆိုတော့ ညနေစာ ပုံစံထမင်းကို ချန်လို့မရ၊ ထမင်းမကုန်နိုင်သူတွေဆီက ထမင်းကိုတောင်းပြီး ညလည်စာချန်ထားရသည်။ သူ့ကို ထမင်းကျန်ဒိုင်ခံပေးသူမှာ ဒေါ်ခင်အေးမြင့်။

ဒါကြောင့် မန္တလေးကြည်က ကျေးဇူးတုံ့ပြန်သောအားဖြင့် ဒေါ်ခင်အေးမြင့်က ဘာမှမပြောဘဲ အတင်း နှိပ်ပေးနေခြင်းဖြစ်ပါသည်။

\+ + +

သခမန်အားဖြင့် မန္တလေးကြည် ခိုးမှုဖြင့် ထောင်ထဲရောက်လာသည်ဟု သိထားသည်။ မှုခင်းဖြစ်ကြောင်းအသေးစိပ်ကိုမသိ။ ခုတစ်ပတ်မှ စကားစပ်မိ၍ မေးကြည့်ရသည်။

ဆန်းသည်ဟု ဆိုရမည်လား၊ ထူးသည်ဟု ဆိုရမည်လား။ ဘယ်လို ဆိုရမည်မှန်း မသိ။

မန္တလေးကြည်က အသားညိုညို၊ ရုပ်ရည်က ကြည့်ပျော်ရှုပျော်ရုပ်ရည်ရှိသည်။ ဒါပေမယ့် ကိုယ်လုံးကိုယ်ပေါက်မှာ တောင့်

www.burmeseclassic.com

www.burmeseclassic.com



တောင့်ဖြောင့်ဖြောင့်ရှိ၍ ဖေါ့ကျွဲးတို့ စွဲမက်စရာ အဆ
အပေါက်မျိုး ထင်းထင်းပျပျရှိသည်။

မန္တလေးကြည်က တစ်ခုလပ်မလေး၊ နေတာက အုတ်ကျင်းမှာ
အလုပ်က ဈေးတောင်းခေါင်းရွက်သမား။ ပင်တိုင်ရောင်းတာ
က မုန့်စိမ်းပေါင်း၊ ယောကျ်ားတာ ဆားစပယ်ယာ။ သူ့
သုံးလေးနှစ်ပဲ တညီ ညီတန့်တန့် ပေါင်းလိုက်သည်။ နောက်
တော့ အိမ်ပြန်တစ်ချက်မပြန်တစ်ချက်၊ အိမ်ပြန်အိပ်သည့်
တစ်ဆယ်မျိုး၊ ဆယ့်ငါးကျပ်မျိုး ပေးသည်၊ မလာတဲ့အခါမ

ပုဆိုးတန်းတင် အကြွင်လင်ယောကျ်ားပေမယ့် သူ့ဘဝ
လင်သားလို့ ပေါင်းရအည်မဟုတ်ဘဲ ပြည့်တန်ဆာလို့ အ
အထားဖြင့် ပေါင်းရသည်။ လာအိပ်သည့်အခါ ပိုက်ဆံရသည်
မလာသည့်အခါ ပိုက်ဆံမရ။ မထူးတော့သည့်အတူတူ ကိုယ့်
ကိုယ်ပဲ ဈေးရောင်းစားနေလိုက်သည်။ သူ့ကိုထက် သူ့ကို
လုံးကိုယ်ပေါက်ကို စိတ်ဝင်စားသူ ယောကျ်ားတွေ ချဉ်းကပ်
ပေမယ့် သူကခါထုတ်လိုက်သည်။ တစ်ခါသေဖူး ပျဉ်ဖိုး နှ
လည်နေပြီကိုး။

မန္တလေးကြည်ရောင်းသည့် မုန့်စိမ်းပေါင်းဆာ ကိုယ့်ဟာကို ပေါ
ရသည့် မုန့်စိမ်းပေါင်းမဟုတ်၊ကရိတထမများဘဲ မုန့်စိမ်းပေါ
ဖိုက မုန့်စိမ်းပေါင်းကို အဆင်သင့်ယူပြီးရောင်းရသည်မို့ မုန့်
ရ၊ ဘာလုပ်ရ အလုပ်မရှုပ်။

အုတ်ကျင်း၊ သမိုင်းဘက်မှာ မုန့်စိမ်းပေါင်းဖိုတွေ ရှိသ
မုန့်ပေါင်းဖိုတွေက တစ်နေ့တစ်နေ့ ရာနှင့်ချီပေါင်းကြသည်



နှမ်းထောင်း အုန်းသီး အားလုံးပေးသည်။ မန္တလေးကြည်တို့က
လင်ဗန်းစိုက်ပြီး အဆင်သင့်ရောင်းရုံသာ။

ကိုယ့်ဟာကိုယ်ပေါင်းပြီး ရောင်းတာလောက် မကျန်ပေမယ့်
တွက်သားကိုက်ပါသည်။ မုန့်ပေါင်းဖိုက မုန့်စိမ်းပေါင်းယူပြီး
မီးရထားစီး၍ ကြည့်မြင်တိုင်၊ စမ်းချောင်းဘက်မှာလည်ရောင်း
သည်။ အိမ်က ထမင်း စားပြီး၊သောက်ပြီးမှထွက်၊ ညနေသုံး
နာရီကျော်ကျော်ဆို အိမ်ပြန်ရောက်နေပြီ။

'အဲဒီလို မုန့်စိမ်းပေါင်းနေရင်း တစ်နေ့တော့ ဝင်းခြံနဲ့အိမ်
တစ်အိမ်က မုန့်စိမ်းပေါင်းခေါ်ဝယ်ပါတယ်၊ ဝယ်စားတာက
ကလေးမဟုတ်ပါဘူး၊ လူကြီးပါ၊ အသက် ငါးဆယ်ကျော်
အရွယ်လောက်ရှိပါတယ်၊အဲဒီရပ်ကွက်က ဝင်းနဲ့ခြံနဲ့အိမ်တွေပါ၊
အဲဒီလူကြီးက ခဏခဏ ခေါ်ဝယ်စားပါတယ်၊ ခေါ်ဝယ်စား
တိုင်း ကျွန်မကို စူးစူးဝါးဝါးကြည့်ပြီး မထိတထိစကားတွေ
ပြောပါတယ်၊ ဈေးဆည်ဆိုတော့ သည်းခံရတာပေါ့၊ တစ်ခါ
တစ်လေ အိမ်မှာ လူတွေတွေ့ပါတယ်၊ တစ်ခါတစ်လေလဲ မတွေ့
ပါဘူး၊ ဒီလိုနဲ့ သူက ဆယ်တန်ပေးပြီး ပြန်မအမ်းနဲ့လို့ပြောပြီး
ကျွန်မကို ကျူးသွင်းတာပါပဲ၊ တစ်နေ့တော့ ပါတိတ်ဝမ်းဆက်
ဝယ်ပေးပြီ၊....'

နောက်တော့ အပေးအယူမျှပြီး အဝင်အထွက်ရှိခဲ့ရာက
'တစ်နေ့ သူ့အလိုကျလိုက်လျှောပြီး နောက်ဖေးဘက်အတွင်
မှာ ရေချိုးခန်းထဲမှာ ရွှေလက်စွပ်တစ်ကွင်းသွားတွေ့ပါတယ်၊
ကျွန်မလဲ ဘော်ဒီအိတ်ထဲထည့်ပြီး ယူခဲ့ပါတယ်၊ ကျွန်မ ရောင်း
စားတုန်းက ရိုးရိုးရွှေလက်စွပ်ဈေးပဲရပါတယ်၊ အမှုဖွင့်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလက်စွပ်ဟာ စိန်လက်စွပ်ဖြစ်ကြောင်း၊ တစ်သောင်းကျော်တန်ဖိုးရှိကြောင်း သိရတော့တာပါပဲ'

'ကျွန်မက ရဲစခန်းမှာ သူနဲ့ကျွန်မရဲ့အဖြစ်အပျက်ကို ပြောပြပေမယ့် မယုံကြည်ပါဘူး၊ ကျွန်မကိုသာ မဟုတ်တာလုပ်တယ်လို့ စွပ်စွဲကြပါတယ်၊ ကျွန်မအိမ်ကလဲ ဘယ်သူမှ မလိုက်နိုင်လို့ အာမခံ မရသေးပါဘူး'

လည်ဆည်၍ လုပ်ကြံပြောသည်တော့ မဖြစ်နိုင်ရာ၊ မနွဲ့ကြည်ပြောပုံက ပွင့်လင်းအည်၊ မိန်းမချင်းမို့ ထင်ပါရဲ့၊ မကြားဝံ့မနာသာ အသေးစိပ်ကိစ္စများကိုပါ ဖွင့်ပြောသွားခဲ့သည်။ ဒေါ်ခင်အေးမြင့်က နားရှက်စရာမို့ တားယူခဲ့ရသည်။ သူက လက်စွပ်ယူခဲ့ကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံသည်။

'ကျွန်မက သူ့ ဆီကရတာ လုံလုံလောက်လောက်မှ မဟုတ်ဘဲဟာ၊ စို့စို့ပို့ပို့ ရမယ့်အကွက်တွေတော့လဲ မရှိးသားနိုင်တော့ဘူးလေ၊ အဲ့နောက်ပိုင်းမှာ သူကလဲ တွက်ချက်ပေးတာကိုး'

'ခု အမှုဖြစ်ခတော့ ခြိမ်းခြောက်သေးတယ်လေ၊ ရဲစခန်းမှာ ပြောသလို တရားရုံးမှာပြောရင် အသရေဖျက်မှုနဲ့ တရားထပ်စွဲဦးမယ်တဲ့၊ တစ်မှုက နှစ်မှုဖြစ်မယ်လို့ တမြန်နေ့ ရုံးထွက်တုန်းက ပြောတယ်၊ ဘယ်လောက်များ မတရားလိုက်သလဲလို့'

အသက်တစ်ရာ မခံနရသော်လည်း အမှုတစ်ရာ တွေ့ရမည်ဆိုသော ပမာစကားမှာ ထောင်ထဲတွင် ပို၍ မှန်လိမ့်မည်ဟု ဆိုရမည်ပါ။



ဒေါ်စီစီဝင်းတစ်ယောက် မရှိသည်နှင့် သူတို့အုပ်စုမှာ ချောက်ကပ်ကပ် ဖြစ်သွားသည်။ ဒေါ်စီစီဝင်းက ကြွံကြွံဖန်ဖန်ရယ်စရာ အလွန်ပြောတတ်သူ။

အိပ်ခေါင်းတံခါးကြီး ပိတ်လိုက်ပြီးသည့်နောက် သူတို့မှာ အတွေးကိုယ်စီနှင့်။

သည်တစ်သက် ကလေးမရနိုင်တော့ပါဘူးလို့ အပိုင်ဆုံးဖြတ်ရမည့် အနေအထားရှိပြီးခါမှ၊ မမျှော်လင့်ဘဲ အရိပ်အရောင်ပြလာသည်။ စမ်းသပ်ခန်းမှထွက်လာသည့် ခင်အေးမြင့်၏အပြုံးနှင့် အပြင်မှာစောင့်နေသည့် ဦးသန်းတင်တို့၏အပြုံးမှာ မြူးမြူးရွှင်ရွှင်ရှိဘိ၏။

ဆရာဝန်ယ သေချာပြီဆိုသည့် မီးစိမ်းကိုပြလိုက်ရာ ဦးသန်းတင်မှာ ထိုင်နေရာမှ ထခုန်လုမိခတတ် ဝမ်းသာသွားသည်။ ဝမ်းသာသည်ကို ဟန်မဆောင်နိုင်။ ဝမ်းသာတာချင်းအတူတူ ခင်အေးမြင့်က ရှက်ရွံ့ရသည်။ ဆရာဝန်အခန်းကနေ ကားရပ်ထားသည့်နေရာသို့ လျှောက်သွားသည်။ ဦးသန်းတင်၏လမ်းလျှောက်ဟန်မှာ မြောက်ကြွမြောက်ကြွ ဖြစ်နေသည်။ သူ ဘယ်

www.burmeseclassic.com



လောက် ဝမ်းသာနေသည်ကို ကားပေါ်မှာရော၊ အိမ်ပြန် ရောက်ပြီးသည့်နောက်ရော ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေသည်။

ခင်အေးမြင့်အပေါ် ဂရုစိုက်လိုက်ပုံမှာ တခြားလူတွေ အမြင်ကပ်စရာသို့ ရှိပါချေ၏။ သူ့အစ်မကြီး ဒေါ်အေးတင့် ကပင် စကားနားထိုးရ...သည်အထိ သဲလွန်း ကဲလွန်း ဖြစ်နေ သည်။

တလေးက ဘယ်နေမှန်းမသိ၊ ကလေးအတွက် ဝယ်လိုက် ချမ်းလိုက်သည်မှာ လိုလေသေးမရှိအောင် ပြည့်စုံနေပြီ။

သူများတွေက အမြင်ကပ်စရာဖြစ်ပေမယ့်၊ ခင်အေးမြင့် အဖို့တော့ ကြည်သာစရာဖြစ်နေသည်။ ကိုယ်ဝန်ရှိလာသည့် မိန်းမသားတိုင်း အားအကိုးဆုံးမှာ မိဘမောင်ဘွားကိုမဟုတ် မိဘမောင်ဘွားတို့ထက် ပို၍အားကိုးသည်မှာ ကိုယ့်လင်သားကို ။ ကိုယ့်လင်သားက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လောက် အောင် လွန်လွန်ကဲကဲ ဂရုစိုက်နေသည်ကို ဘယ်မိန်းမသား မကြည်သာဘဲ ဝမ်းမသာဘဲ ရှိပါအံ့နည်း။ ပြီး၊ ခင်အေးမြင့် မှာက မိဘမောင်ဘွားမရှိ၊ အားကိုးစရာ လင်သားပဲ ရှိသည် မဟုတ်ပါလား။

ကိုယ်ဝန်ဆောင်ဘဝတွင် ဝမ်းသာစရာ၊ ကြည်နူးချမ်းမြေ့ စရာတွေချည်း ဖြစ်နေရသမို့ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာ သလို၊ သန္ဓေသား အနေအထားမှာလည်း ကောင်းနေသည် ဆရာဝန်နှင့်သွားပြတိုင်း သတင်းကောင်းကိုသာ ကြားရစ ရှိပါလေ၏။



ခက်ခဲလိမ့်မည်ထင်သော်လည်း မခက်ခဲပါ။ လွယ်လွယ် ကူကူပင် မွေးခဲ့သည်။ ခင်အေးမြင့်ဆန္ဒပြည့်ဝသော်လည်း ဦးသန်းတင်ဆန္ဒမပြည့်ဝ။

သမီးကလေး။

ဦးသန်းတင် လိုချင်သည်မှာ သားကလေး။

မိခင်ဖြစ်သူက သမီးမိန်းကလေး လိုချင်သည်။ ဖခင်ဖြစ်သူ က သားယောကျ်ားလေး လိုချင်ကြသည်။ သို့တစေ မွေးလာ ပြီဆိုတော့လည်း သားဘဲဖြစ်ဖြစ်၊ သမီးဘဲဖြစ်ဖြစ် ချစ်ကြသည် သာ။

သူတို့မိသားစုမှာ ပျော်ရွှင်မှုပို၍ ပြည့်ဝသွားသည်။

ဝဝကစ်ကစ်၊ အိအိပုံ့ပုံ့ကလေးကို ချစ်စနိုးခေါ်ခေါ် သည့်အမည်မှာ အိမ။

ခမ်းခမ်းနားနား၊ နာမည်ပေးကင်ပွန်းတပ်မင်္ဂလာ ပြုလုပ် ပြီး ပေးသည့်နာမည်မှာ ခိုင်ယဉ်မြင့်။

www.burmeseclassic.com

www.burmeseclassic.com



မျော်လင့်ခြင်းတို့ဖြစ်ဖို့ ခက်ခဲသလို၊ မမျော်လင့်ခြင်းတို့ဖြစ်ဖို့ လွယ်ကူ၏ဟူသော သိုးဆောင်းစကားမှုလို၊ ဦးသန်းတင်အဖြစ်မှာ မမျော်လင့်ခြင်းမှ အလွယ်တကူ ဖြစ်ခဲ့သည်။

ဦးသန်းတင်မှာ အိမ်ထောင်ကျပြီး၊ အိမ်မွေးပြီးသည်အထိ တင်းနစ်ထစားမပျက်၊ လမ်းလျှောက်မပျက်ခဲ့ရာ သူ၏ကျန်းမာရေးမှာ ဒေါင်ဒေါင်မည်သို့ ရှိနေသည်။

လိုလေသေးမရှိပြည့်စုံနေသူ၊ ကျန်းမာရေးအနေအထားကောင်းနေသူ၊ စိတ်ချမ်းမြေ့ကိုယ်ချမ်းသာ ရှိနေသူတစ်ယောက်သည်အဖြစ်မျိုးရောက်သွားရသည်ကို ကြားရသူတိုင်းက မယုံကြည်ကြ။ ဖြစ်မှဖြစ်ရလေဟု စုတ်တသတ်သတ်နှင့် စိတ်မကောင်း ဖြစ်ကြရသည်။

ဦးသန်းတင် သေဆုံးသည့်သတင်းမှာ ကြားရသူတိုင်းအတွက် မယုံကြည်စရာသို့ ရှိရပါချေ၏။

နိုးနိုးကပ်ကပ်နေရသူ ဇနီးအတွက် ဘယ်သို့ရှိမှာလဲ။

ညနေဘက် သားအမိသားအဖသုံးယောက် မိတ္တီလာကန်စောင်မှာ လမ်းလျှောက်လို၊ မြိန်ရည်ရှက်ရည် လက်ဆုံထမင်းစားလို့၊ အိပ်ရာဝင်ခါနီး ကြည်ကြည်သာသာစကားတွေပြောလို့၊ ထုံးစံအတိုင်း သမီးနှင့်ဇနီးကို အနမ်းတွေပေးလို့ ဘာဖြစ်သည်၊ ညာဖြစ်သည်လို့ ပြောသံမကြားရ။ အမြင်အားဖြင့်လည်း မတွေ့ရ။ သမီးမအိပ်ခင် သမီးကို ပုံပြောလို့နေခဲ့သူ။ ဦးသန်းတင်မှာ မထင်မှတ်ရာသောနေရာတွင် ဘယ်အချိန်ကမှန်းမသိ လဲကျသေဆုံးနေသည်ကို မိုးလင်းမှ တွေ့ရသည်။



အိမ်သာထဲမှာ ပါးစပ်ထဲက သွေးတွေထွက်လျက်သားသေဆုံးနေသည်။

ရုတ်တရက် ဦးနှောက်သွေးကြောမကြီး ပြတ်သွားခြင်း။ ဆေးရုံမှာ ခွဲစိတ်ကြည့်ပြီးမှ အလောင်းကို မြေချခွင့်ရသည်။

ဒေါ်အေးတင့်နှင့် ခင်အေးမြင့်တို့ အပါအဝင် အိမ်တွင်နေသူအားလုံး အစစ်ခံဆေးခံကြရသည်။

မခင်အေးမြင့် ခံစားမှု ဘယ်သို့ရှိမည်ကို ဖော်ပြခြင်းငှာ ခဲမှုံးသာ။ ချစ်သောဇနီးနှင့် ချစ်သမီးကို မျက်ကွယ်ပြုသွားပုံမှာ မျက်လှည့်ပြလိုက်ဘိသို့ ရှိပါချေ၏။

ဝမ်းသာစရာစည်ကားခြင်းနှင့် ဝမ်းနည်းစရာစည်ကားခြင်း။

အလှူအတန်းနှင့် မင်္ဂလာဆောင်ပွဲ စည်ကားခြင်းမှာ ဝမ်းသာစရာဖြစ်သော်လည်း အသုဘစည်ကားခြင်းမှာမူ ဝမ်းသာစရာမဟုတ်၊ ကာယကံရှင်များ ပို၍ ဝမ်းနည်းရသည်ပါ။

အသုဘ မြေကျပြီးတော့မှ ရှေ့ရေးကို စဉ်းစားရသည်။ ဦးသန်းတင်က ဘာမှစီစဉ်မသွား။ သူ့ကိုယ်သူလည်း ဖြစ်လိမ့်မည်လို့ မထင်ရာမို့ သူ့တို့သားအမိအတွက် ဘာမှမစီစဉ်ခဲ့ပေးဘဲ ကောက်ခါငင်ခါ ဖြစ်သွားရသည်။ ခုတော့ သူတို့သားအမိ နှစ်ယောက်မှာ ဘာကိုပိုင်၍ ဘာကိုဆိုင်ရမှန်း မသိသောအဖြစ်မျိုးနှင့် ရင်ဆိုင်တိုးနေရပြီ။

ဦးသန်းတင်တို့မောင်နှမအမွေခွဲဝေမှုကိစ္စမှာ မပြီးပြတ်သေးဘဲ တိုးလိုးတန်းလန်းရှိနေဆဲ။ လက်ရှိခနထိုင်သည့် တိုက်ကိုရောင်း စီးပွားရေးလုပ်ငန်းများမှာလည်း ဘာမှ ခွဲခွဲခြားခြားမရှိသေး။ လုံးထွေးလုံးထွေးဘဲ ရှိနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခံသေတ္တာသော့ကို ဦးသန်းတင်က တစ်ချောင်း၊ ဒေါ်အေးတင့်က တစ်ချောင်း ကိုင်ထားရာ၊ ဦးသန်းတင်ကိုင်သည့်သော့ကို ဒေါ်အေးတင့် ဘယ်အချိန်က သိမ်းထားလိုက်သည် မသိ၊ ရှာလို့မတွေ့။ ဒေါ်အေးတင့်ကို မေးတော့ ဟိုလိုလို သည်လိုလို၊ မရေမရာ အဖြေကိုသာ ပေးခဲ့သည်။

\+ \+ \+

ပြဿနာ စ၊ ပါလေပြီ။

မီးခံသေတ္တာထဲက သူ့ပစ္စည်းတွေ ယူပါရစေဆိုတော့ ဖွင့်ပေးသည်။ ဒါပေမယ့် သူပိုင် ဗိန်ပစ္စည်းတစ်ချို့ အထဲမှာ မရှိတော့။ သိလိုက်ပါပြီ။ မမေးချင်။ နောက်ဆုံး ဘယ်လို အဖြေမျိုးများ ပေးမလဲလို့ မေးကြည့်တော့ မဖြစ်နိုင်ရာသော အဖြေကို မျက်နှာပြောင်ထားပြီး ဖြေသည်။

'ညီးယောက်ျားများ ယူပြီး တစ်နေရာရာမှာ သိမ်းထားသလား၊ ရှာကြည့်အုံးပေါ့'တဲ့။

ကဲ၊ ဘယ်နဲ့ရှိ၊ ပါစ။

လုံခြုံမှုအရှိဆုံး မီးခံသေတ္တာထဲက ပစ္စည်းကို ဦးသန်းတင်က ဘယ်လို အကြောင်းကြောင့် ထုတ်ယူပြီး တစ်ခြားမှာ



ထားမှာ ပါလိမ့်။ ထားရင်လည်း ဇနီးဖြစ်သူကို မပြောဘဲ နေရာ၊ အိမ်ထောင်ကျကတည်းက တစ်ခါမှ တစ်ခြားနေရာမှာ ခွဲခြားမထားခဲ့၊ မီးခံသေတ္တာထဲမှာသာထားခဲ့သည်။ ခင်အေးမြင့် ပစ္စည်းများကို ဦးသန်းတင်က ကိုင်တွယ်ခြင်း၊ သိမ်းဆည်းခြင်းမရှိ၊ အလှူအတန်းသွားစရာရှိချင် သော့တောင်းပြီး သူ့ဟာသူ ထုတ်ဝတ်သည်၊ ပြီး....သူ့ဟာသူ ပြန်ထားသည်။

\+ \+ \+

ခုတော့....

မီးခံသေတ္တာထဲက ပစ္စည်းတွေ ပျောက်သွားစါသည့်လို့ ရဲစခန်းတိုင်ရမည်မှာလည်း ကျော်မှကောင်းကြားမကောင်းတိစ္စ၊ ဦးသန်းတင်အလောင်းမြေကျစာ တစ်ပတ်ပင်မပြည့်သေး၊ လင်သားရဲ့ဂုဏ်သိက္ခာ ထိခိုက်စရာ ဖြစ်ရတော့မည်။

ခက်တာက ခင်အေးမြင့်မှာ တိုင်ပင်စရာရယ်လို့ မရှိ၊ သည်ကိစ္စမျိုးက ရှုံးပြင်ကန္တားရောက်မှ အဆုံးသတ်မည့်ကိစ္စမျိုး။

ဒီကိစ္စမျိုးကလည်း နောက်ဆုံးအဆင့်မှ လုပ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်ဝတ်ဆင်သည့် စိန်ထည်ရွှေထည်များမှာမူ ကိုယ်ပိုင်ပစ္စည်းအဖြစ်ရှိနေသည်။ အလှူအတန်းနှင့် အပြင်သွားရေး လာရေး၊ သာရေးနာရေးကိစ္စများတွင် ဝတ်ဆင်သည့်ပစ္စည်းများအတွက် ရှင်းရလင်းရမည့်ကိန်း ဆိုက်နေပြီ။

ထားတော့။

အမေ့ကိစ္စပြောရဦးမည်၊ ဒေါ်အေးတင့်သဘောထား ဘယ်လိုရှိသည်ကို သိရဖို့လိုသေးသည်။ ဒါမှ ရှေ့ဆက်လုပ်ရမည်ကို ဆုံးဖြတ်လို့ရမည်၊ ပြင်ဆင်လို့ရမည်။

သို့တစေ သည်ကိစ္စကို ချက်ချင်းလက်ငင်းကြီး မေးလို့မကောင်း၊ အပြင်ကို သတင်းရောက်ပြီး အရပ်ထဲမှာ ကျော်မကောင်း ကြားမကောင်း ဖြစ်သွားမည်။ အတင်းအဖျင်းပြောစရာ ဖြစ်လာမည်။ သို့ဖြစ်လာရင် သူ့အလွန်ဖြစ်လိမ့်မည်၊ အရပ်ထဲမှာ ပြောကြဆိုကြမည်ဆိုလျှင် သူ့အလွန်ပြောမှာ သေချာသည်၊ အချိန်ကို စောင့်ရလိမ့်မည်၊ ဒါမှမဟုတ် ပြောဖို့အကြောင်းပေါ်လာမှ ပြောဖို့လိုကောင်းမည်။

နောက်ဆုံး သမီးနှင့်လှည့်ပြီး ကိုင်တန်ကိုင်ရလိမ့်မည်၊ သမီးက ဒေါ်အေးတင့် အသည်းစွဲ၊ အမေ့ လက်ပေါ်မှာထက် ကြီးဒေါ်လက်ပေါ်မှာ ကြီးခဲ့ရပြီး၊ ကြီးဒေါ်က တရားလွန်အလိုလိုက်သောကြောင့် ကြီးဒေါ်ကို ပိုကပ်သည်။ နွဲ့စရာဆိုးစရာရှိရင် အမေ့ဆီမှာ နွဲ့ဆိုးမဆိုး၊ ကြီးဒေါ်ဆီမှာပဲ နွဲ့ဆိုးဆိုးသည်။ အိပ်တော့လည်း ကြီးဒေါ်နှင့်အတူ၊ ခင်အေးမြင့်ကို မေမေမြင့်လို့ ခေါ် ပြီးဒေါ်အေးတင့်ကို မေမေကြီးလို့ ခေါ်သည်။



အလွန်ကပ်စေးနဲ့ပြီး အသုံးအစွဲ ကျစ်လစ်သူ ဒေါ်အေးတင့်မှာ ကိုယ့်ကိုယ်ကို မသဒ္ဒါပေမယ့် သူမအတွက်ဆို ဘယ်လောက်ကုန်ရကုန်ရ အကုန်အကျခံသည်။ သူမ ပူဆာရင် ခေါင်းခါရိုးမရှိ၊ ဘယ်လောက်ပဲဖြစ်ဖြစ် ဝယ်ခြမ်းပေးသည်။ ခု သူ့မောင်မရှိတော့ ပိုလို့တောင် အသည်းစွဲလိမ့်မည်။

မလုပ်ကောင်းပေမယ့် အခြေအနေအရ သူမနှင့် ကိုင်တန်ကိုင်ရလိမ့်မည်ပါ။

မြန်ပြောင်းတွေးတောစရာ အတိတ်အကြောင်းမှ ပစ္စုပ္ပန်အကြောင်းသို့ ရောက်သွားရပြန်သည်။

\+ + +

ထောင်ထဲသို့ ရောက်နေသည်မှာ တစ်လကျော်မျှ ရှိခဲ့လေပြီ။ ဘယ်နှစ်ကြိမ် ရုံးထွက်ပြီးမှ အမှုပြီးမည်မသိ။ ဒေါ်ခင်အေးမြင့်က အမှုမြန်မြန်ပြီးရေးကိုပဲ ဆန္ဒစောနေသည်။ ခဏခဏ ရုံးမထွက်ချင်။

တရားရုံးမှာက လူစုံသည်။ အမှုပေါင်းစုံ တရားခံများတို့ ရုံးထွက်ရသည့် တရားရုံးများတွင် တရားခံများနှင့် ပတ်သက်

ရာ ပတ်သက်ကြောင်း လာကြသူတွေကလည်း လူစုံ။ မြန်မာလူမျိုးပီပီ စပ်စုကြသည်။ ထင်မြင်ချက်၊ ဝေဖန်ချက်တွေ အမျိုးမျိုးအထွေထွေ ပြောဆိုကြသည်၊ ကိုယ်နှင့်မသိဘဲ မဆိုင်ဘဲလည်း စူးစူးရဲရဲဝိုင်းအုံကြည့်ကြသည်။

ဘာပဲပြောပြော ထောင်ထဲမှာ နေရတာက အေးအေးချမ်းချမ်းရှိသည်။ မလွတ်ချင်ပေမယ့် မနေရ။

တရားရုံးရောက်တော့ သမီးကိုရော၊ ရွှေနေကြီးကိုပါ တွေ့ရသည်။ သမီးအတွက် စိတ်မကောင်း၊ သမီးအရွယ်က သည်နေရာမျိုးကို မလာသင့်သည့်အရွယ်၊ သည်နေရာမျိုးနှင့် မပတ်သက်သင့်၊ သမီးက သူငယ်ငယ်ကလိုပဲ ချောမောလှပသူ။ ဒေါ်ခင်အေးမြင့်တို့ခေတ်က ဆင်ယင်ထုံးဖွဲ့ခြယ်သမှုနှင့် သည်ဘက်ခေတ် ဆင်ယင်ထုံးဖွဲ့ ခြယ်သမှုချင်းမတူ။ သည်ဘက်ခေတ် ဆင်ယင်ထုံးဖွဲ့ပုံက မလှသူကို လှစေသည်၊ လှသူကို ပို၍ လှစေသည်။

သူ့ကြောင့် သမီးဖြစ်သူမှာ မလာသင့်သည့်နေရာ၊ မရောက်သင့်သည့်နေရာကို ရောက်နေရလေပြီ။

ရွှေနေကြီးနှင့် တစ်တွဲတွဲလုပ်နေရသည်ကို သဘောမတွေ့။ ရင်ထဲမှာ မခံသာ၊ တစ်ခုခု ဖြစ်သွားမည်ကို စိုးရိမ်လာသည်။ တစ်ချက်အမှားကြောင့် တစ်သက်သွားရောဟု ပြောစရာသို့ ရှိနေပါလေ၏။

တရားခွင်မှာ...

'ကျွန်တော်သည် အလုံမြို့နယ်၊ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ဒု-လုံခြုံရေးမှူး ဖြစ်ပါသည်။ အချင်းဖြစ်နေ့ (..........) က



ကျွန်တော် တာဝန်မှူးဝတ္တရား ဆောင်ရွက်နေစဉ် အလုံမြို့နယ်၊ ..................လမ်း၊ အိမ်နံပါတ်..................တွင် နေထိုင်သူ ဒေါ်ခင်အေးမြင့်ကိုယ်တိုင် ရုံးခန်းသို့ရောက်ရှိလာပြီး သူ့ယောကျ်ားနှင့် စကားများရန်ဖြစ်ပြီး သတ်ပုတ်ကြရာမှ ယောကျ်ားဖြစ်သူကို ဓားနှင့်ထိုးခဲ့ကြောင်း ပြောဆိုဝန်ခံသတင်းပေးပါသည်။ ကျွန်တော်သည် ဒေါ်ခင်အေးမြင့်ကို ခေါ်၍ ရဲစခန်းမှကားဖြင့် အချင်းဖြစ်နေရာသို့ သွားရောက်ခဲ့ပါသည်။ ကျွန်တော်နှင့်အတူ စခန်းမှ ဒု-တပ်ကြပ် အေးသောင်းလည်း ပါပါသည်။ ကျွန်တော်ရောက်သွားသည့်အချိန်တွင် အချင်းဖြစ်အိမ်တွင် မည်သူ့ကိုမှ မတွေ့ရပါ။ သေဆုံးသူမှာ ဘယ်ဘက်ရင်အုံတွင် ဓားတန်းလန်းနှင့် လဲကျနေသည်ကို တွေ့ရပါသည်။ သွေးများလည်း အိုင်ထွန်းနေပါသည်။ လဲကျနေသည့်နေရာမှာ အိမ်ရှေ့ဧည့်ခန်းတွင် ဖြစ်ပါသည်။ ကျွန်တော်က ဒု-တပ်ကြပ် အေးသောင်းကို ရပ်ကွက်လူကြီးများအား ခေါ်ခိုင်းလိုက်ပါသည်။ ကျွန်တော် ဓားဒဏ်ရာဖြင့် လဲနေသူကို စစ်ဆေးကြည့်ရာ အသက်မသေသေးကြောင်း တွေ့ရပါသည်။ ရပ်ကွက်လူကြီးများ ရောက်လာသောအခါ ဆေးရုံပို့ဖို့ တယ်လီဖုန်းဆက်၍ ရပ်ကွက်လူကြီးများရှေ့တွင် တရားခံအား အနားကပ်၍ မေးမြန်းရာ 'သူ့ကိုမှမနဲ့ သမီးဖြစ်သူ ခိုင်ယဉ်မြင့်' ဆိုသော စကားကိုသာ ပြောနိုင်ပြီး အသက်ထွက်သွားပါသည်။ ထို့နောက် ဆေးရုံပို့ပါသည်။

(သက်သေခံဓားကို ရုံးတော်က သက်သေခံ (က) အဖြစ် သက်ခံသည်)

www.burmeseclassic.com



ထိုနောက် တရားခံ ဒေါ်ခင်အေးမြင့်ထံမှ စစ်ချက်ကို ရယူခဲ့ပါသည်။

ရဲစခန်းတွင် စစ်ဆေးခဲ့သည့် စစ်ဆေးချက်မှတ်တမ်းကို သီးခြား တင်ပြပါသည်။

နောက်တစ်နေ့တွင် တရားခံက ၎င်း၏ဆန္ဒအရ မြို့နယ်တရားစီရင်ရေးအဖွဲ့ရှေ့မှောက်တွင် ဖြောင့်ချက်ပေးခဲ့ပါသည်။

ဒု-လုံခြုံရေးမှူး ဦးကြည်လွင်က အထက်ပါအတိုင်း ထွက်ဆိုထားခဲ့သည်။

\+ \+ \+

ယင်းသို့ထွက်ဆိုနေစဉ် ဒေါ်ခင်အေးမြင့်က ခေါင်းကိုငုံ့လျက် တည်တည်ငြိမ်ငြိမ် နားထောင်နေပါသည်။

ထိုနေ့က အမှုလိုက်အရာရှိနှင့် တာဝန်မှူး ဦးကြည်လွင်တို့အား စစ်ဆေးခဲ့ရာ၊ ရှေ့နေကြီး ဦးခင်မောင်ထွန်းက ဖြောင့်ချက်ပေးသည့် ကိစ္စတွင်၊ ဒေါ်ခင်အေးမြင့်ဆန္ဒအလျောက် ဖြောင့်ချက်ပေးတာလား၊ ဖြားယောင်းသွေးဆောင်မှုကြောင့် နားဝေတိမ်တောင်ဖြစ်ပြီး ဖြောင့်ချက်ပေးရတာလားဆိုသည်ကို မေးခွန်းထုတ်၍ မေးမြန်းခဲ့သည်။



ဦးခင်မောင်ထွန်းကလည်း 'ညှင်းပန်းနှိပ်စက်၍' ဆိုသောစကားကိုမသုံး၊ 'ဖြားယောင်းသွေးဆောင်၍ နားဝေတိမ်တောင်ဖြစ်ပြီး' ဆိုသောစကားကို သုံးစွဲခဲ့သည်။

ညှင်းပန်းနှိပ်စက်သောကြောင့်ဆိုလျှင် မည်သို့ ညှင်းပန်းနှိပ်စက်ကြောင်းနှင့် ဒဏ်ရာဒဏ်ချက်များကို ပြသရပေမည်။

အချို့သမီးတရားခံဆိုတော့ ဖြောင့်ချက်ပေးလျှင် အမှုသက်သာမည်၊ သို့မဟုတ် လွတ်အောင် ဆောင်ရွက်ပေးမည်ဟု ဖြားယောင်းသွေးဆောင်ပြီး ဖြောင့်ချက်ပေးခိုင်းသည့်သဘောပေါ်လွင်အောင် မေးမြန်းခဲ့ခြင်း ဖြစ်၏။

တကယ်တော့ အမှုဂွင်လျှောက်လဲချက်မှာ ထိုအကြောင်းတို့ အားရမည်မဟုတ်ဘဲ လိုအပ်လျှင် အသုံးပြုနိုင်ရန် လမ်းခင်းမေးခွန်းကို မေးမြန်းထားခြင်း ဖြစ်၏။

အမှုစစ်ဆေးပြီးနောက် ထောင်သို့မပြန်မီ သမီးနှင့်စကားပြောဖို့ တစ်နာရီလောက် အချိန်ရသည်။

ဒေါ်အေးတင့်၏ ကျန်းမာရေးအခြေအနေ၊ အမွေဆက်ခံပိုင်ခွင့်ကိစ္စ၊ စီးပွားရေးလုပ်ငန်း အနေအထား၊ စသည်များကို သိလိုက်ရသည်။

'မေမေဒေါ်အေးတင့်ကို ဘယ်လိုမှ သဘောမထားပါဘူး သမီးရယ်၊ ခု ဖြစ်ရတာလည်း ဘဝကံအကြောင်း မကောင်းလို့ဖြစ်ရတာပါ၊ ဒေါ်အေးတင့်ကို သမီးဂရုစိုက်ပါနော်၊ သူဟာ သမီးရဲ့အမေဆိုလည်း ဟုတ်တယ်၊ ကျေးဇူးရှင်ဆိုလည်း ဟုတ်တယ်၊ ကဲ.... သမီးကို မေမေ အထူးမှာချင်တာတစ်ခု ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာများလဲမေမေ'

'နောက်တစ်ပတ် ရုံးချိန်းကစပြီး သမီး ရုံးချိန်းအပတ်တိုင်း မလာနဲ့တော့။ ဒီနေရာဟာ သမီးတို့လာဖို့ သင့်တော်တဲ့နေရာ မဟုတ်ဘူး။ ပြီးတော့ မီတ္တီလာနဲ့ ရန်ကုန်ခရီးကို လှန်းပြေးသွားလာနေရတာလည်း မသင့်တော်ဘူး။ အမှုက ဘယ်လောက်ကြာအုံးမှန်း မသိတာ။ ရှေ့နေလည်း ငှားပြီးသားဘဲဟာ၊ တကူးတက သာလုပ်ဖို့လာနေတော့မှာလည်း၊ မေမေ စားဖို့ သောက်ဖို့ကိစ္စအတွက် ဆောင်ဝင်စာလာဖို့မလိုဘူး၊ မေမေ့ဖာသာ မေမေစီစဉ်လို့ဖြစ်တယ်'

'တစ်လမှ တစ်ခေါက်လာရတာ အပန်းမကြီးပါဘူး မေမေရယ်၊ မေမေကြီးကလည်း ကြည်ကြည်သာသာ လွှတ်ပါတယ်'

'မလာပါနဲ့သမီးရယ်၊ သုံးလတစ်ခေါက်လောက်တော့ လာချင်လာပေါ့၊ အကြောင်းထူးရင် ရှေ့နေကြီးကတစ်ဆင့် ဖုန်းဆက်အကြောင်းကြားနိုင်တာဘဲဟာ'

\+ \+ \+

သမီးက မလာဘူး၊ လာမယ် ကတိမပေးဘဲ အခြေအနေအရပေါ့ မေမေရယ်ဟုပြောပြီး ပြန်သွားသည်။



သမီးတို့ပြန်သွားပြီး တစ်နာရီလောက်ကြာမှ အချုပ်ကားရောက်လာသည်။ ခါတိုင်းထက် နောက်ကျသည်။ ဒီနေ့ထောင်အပြန်အချုပ်ကားပေါ်မှာ စိတ်ညစ်စရာ တွေ့ခဲ့ရသည်။

\+ \+ \+

မြည့်တန်ဆာအမှုနှင့် အဖမ်းခံရသည့် လူငယ်ကောင်မလေးနှစ်ယောက်ပါလာရာ၊ ရှေ့ခန်းက အချုပ်သားတွေနှင့် ပါးစပ်တော်သလင်းဇာတ်ထုပ်ခင်းကြရာ၊ သူတို့ပြောသမျှနားကလောစရာတွေမို့ ကိုယ့်မျက်နှာကိုဘယ်လိုထားရမှန်းမသိ ဖြစ်ရသည်။ တော်ပါသေးသည်။ နားမခံသာသူ၊ ရဲမေက သူတို့နှစ်ယောက်ကို ပါးစပ်ပိတ်ထားဖို့ အမိန့်ပေးလိုက်ပေလို့။ နို့မဟုတ်ရင် တစ်လမ်းလုံး စိတ်ဆင်းရဲမှုဒုက္ခကို ခံရတော့မည်ပါ။ ဒါတောင် တစ်ချီတစ်ချီ ထလိုက်ကြသေးသည်၊

ထောင်ထဲမှာလည်း သူတို့အုပ်စုကြောင့်ဘဲ စိတ်ညစ်ရသည်။ သူတို့က မညီးလုံးတွေပါ။ ပါးစပ်စည်းမဲ့စောင့်သလို အနေအထိုင်ကလည်း ပက်စက်သည်။ ညဘက်ဆိုပို၍ဆိုးသေး။ မိန်းမတွေချည်းနေသည့်နေရာမှာ သူတို့က အရှက်ဆို ဂျိနဲ့သားလို့။

www.burmeseclassic.com

www.burmeseclassic.com



တုဖက်ပြောပြန်တော့ စကားများရသည်။ ကိုယ်က သူတို့လို ပါးစပ်လည်းမကြမ်းရဲ။ ကိုယ်အမူအယာအပြုလည်း မရဲသမို့ မခတ့်ဆိုင်မိအောင် ရှောင်ရသည်။

ထောင်ထဲမှာသူတို့ကိုကို သိမ်းသန့်ထားရင်ကောင်းလေစွ။

မဖြစ်နိုင်မှန်းသိလျက် ဆန္ဒပြုမိရသည်ပါ။

စိတ်မချမ်းမြေ့စရာကြုံရလျှင် ကိုယ်ပါနွမ်းရစမြဲ။

အိပ်ဆောင် ပြန်ရောက်သည်နှင့် ခြေပစ် လက်ပစ် ဖြစ်ရသည်။

နောက်ထပ် ထောင်ထဲမှာ နေရမည့် ကာလအတွက် ရင်လေးရ ပါဘိ။

## အခန်း (၆)

အေးအေး သက်သက်၊ အရိပ်အောက်မှာ ခိုနေရစဉ်က အရိပ်၏ တန်ဖိုး ကြီးမားပုံကို ဂရုမပြုမိ။ အရိပ်ပြယ်သွားမှ အရိပ်၏တန်ဖိုးကြီးမားပုံကို ထဲထဲဝင်ဝင် သိလာရသည်။

စားဝတ်နေရေးအတွက် မပူမပင် မကြောင့်မကျ ရသော်လည်း နေရထိုင်ရသည်မှာ အထီးကျန်နိုင်လွန်းလှ၏။ နဂိုကတည်းက စကားပြောဖော်အဖြစ် ခင်ပွန်းသည်ကို အားပြု နေရသူဖြစ်ရာ၊ ခင်ပွန်းသည်မရှိပြီ ဆိုသောအခါ စကားပြော ဖော်လည်းမရှိတော့ပေ။ သမီးလေးမှာ စကားပြောဖော်ရသည့် အရွယ်မဟုတ်။ သမီးကြီးက အဒေါ်ဖြစ်သူနှင့် အနေများသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး…ဟိုအိမ်ကူးသည်အိမ်ကူးနေလေ့မရှိ။ အိမ်လည်စကားပြောသည့်အကျင့် မရှိသည်မို့ မိုးဆင်းကမိုးချုပ် တကုပ်ကုပ် ထိုင်နေရသည်မှာ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှသည်။

နဂိုကတည်းက သဘောကြောင်းရှိမှ အပြောအဆိုရှိသော ဒေါ်အေးတင့်နှင့်ကသည်း ဦးသန်းတင်မရှိသည့်နောက် အပြောအဆို အဆက်အဆံ ပို၍နည်းခဲ့သည်။ မီးခံသေတ္တာထဲက စစ္စည်းကိစ္စကြောင့်လည်း တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံမှုကြားတွင် မပြေပြစ်သည့်သို့ ရှိနေသည်။

မီးခံသေတ္တာထဲက ပစ္စည်းကိစ္စမှာလည်း ဆောင်သေးသည်ဟု ဆိုရမည်။ အကုန်လုံး မယူလိုက်ပေ၍၊ တစ်ချို့တစ်ဝက် ယူပြီး တစ်ချို့တစ်ဝက်ချန်ထားသည်က ဘယ်သို့သောသဘောဆောင်သည်ကို ခုထိ အဖြေဖော်၍ မရ။ စိတ်ကူးလိုက်သေးသည်။ နောက်တော့ ဘာဆန်းဖြစ်မလဲ ကြည့်ရအောင်၊ သည်အတိုင်း မီးခံသေတ္တာထဲမှာပဲ ထားလိုက်သည်။ သော့တစ်ချောင်းကိစ္စကိုလည်း မမေးတော့။

ခြောက်လအထိ ဒေါ်အေးတင့်ပေးသမျှကို လက်ခံသုံးစွဲပြီး နေခဲ့သည်။ ဒါကလည်း ကိုယ့်မှာ သုံးစွဲစရာမရှိလို့ မဟုတ်၊ ဒေါ်အေးတင့်သဘော ဘယ်သို့ရှိသည်ကို သိလိုသောကြောင့်ပါ။

သို့ နေထိုင်ကြရင်းမှ ပြောစရာရှိသောစကား ပြောဖို့ဆိုဖို့ အခွင့်အရေးပေါ်လာသည်။ ထိုအခွင့်အရေးကို ဖန်တီးပေးသူမှာ ဒေါ်အေးတင့်၊ ဒေါ်အေးတင့်က ကားရောင်းဖို့ကိစ္စစကားကြောင်း စလာသည်။



အိမ်မှာကားနှစ်စီးရှိသည်။ သူတို့အိမ်ထောင်မကျခင်က ရှိခဲ့သည့် လင့်ရှိဗာကားနှင့် အိမ်ထောင်ကျပြီးမှဝယ်သည့် အိုပယ်ကားသစ်ကြီး။

အိုပယ်ကားသစ်ကြီးကိုပြန်ရောင်းဖို့၊ ကားကြီးကို အလကားထားမယ့်အစား ပြန်ရောင်းရအောင်တဲ့။

ကားရောင်းပြီး ရသည့်ငွေထဲက တစ်ဝက်ကို ဦးသန်းတင်အတွက် အလှူလုပ်မည်ဟု ပြောသည်။ ကျန်ရောင်းရငွေ တစ်ဝက်ကိစ္စကိုတော့ ဘာမှ မပြော။ ထက်ယ်ဆို ပြောစရာရှိတာကို ပြတ်ပြတ်သားသား ပြောဖို့ကောင်းသည်။ ခုဟာက မတင်မကျကြီး၊ သည်တော့ ပြောရပြီ။

'လှူမယ့်လှူလဲ တစ်ဝက်မလုပ်ဘဲ အကုန်လှူလိုက်တာပေါ့ ကြီးကြီးကင့်ရှယ်၊ မကောင်းဘူးလား'

'တစ်ချို့တစ်ဝက်တော့ ပြန်ယူရဦးမယ်လေ၊ ညီးတို့ ဒီကားဝယ်တုန်းက၊ ငွေတွေကို ငါက စိုက်ထားရတာ'

သည်ကားကိုဝယ်တာ ဦးသန်းတင်ငွေနှင့် မဟုတ်ကြောင်း ပြောလာပြီ။ ဒါဖြင့် တိုက်ဆောက်ထားတာကောလို့ မေးရင်လည်း သည်လိုပဲ ပြောမှာသေချာသည်။ ကိုယ့်ဘက်က ပိုင်ဆိုင်ခွင့်အထောက်အထားပြဖို့မရှိ။ ပိုင်ပိုင်နိုင်နိုင်ပြောဖို့ သက်သေ သက္ခာယမရှိ။ အတော့်ကို ခက်သည့်ပြဿနာ။ သည်ပြဿနာကို တကယ်ရှင်းနိုင်မည့်သူမှာ ဦးသန်းတင်သာ ဖြစ်၏။ ဒေါ်အေးတင့် ပြောသမျှကို ဟုတ်ကဲ့လို့ ခေါင်းညိတ်ရမည့် အခြေအနေပါ။ သို့မို့ကြောင့် သေးတိုးစမ်းသကားဆိုလိုက်ရသည်။

www.burmeseclassic.com



'ကြီးကြီးတင့်ကို ကျွန်မ ပွင့်ပွင့်လင်းလင်းမေးပါရစေ'

'မေးစရာရှိတာမေးပေါ့၊ ခုရှုပ်မှ နောင်ရှင်းဆိုတဲ့ စကားရှိသားပဲဟာ'

'အစ်ကိုကြီးမရှိတဲ့နောက်၊ ကျွန်မတို့သားအမိရဲ့ ပိုင်ဆိုင်ခွင့်နဲ့ ပတ်သက်ပြီး ဘယ်လိုရှိတယ်ဆိုတာ ကျွန်မ ပွင့်ပွင့်လင်းလင်း သိပါရစေ၊ ကြီးကြီးတင့်ကို ကျွန်မ မကျေနပ်လို့ ပြောတာမဟုတ်ပါဘူး၊ ရှင်းအောင်လို့ပါ'

'အေး....ညည်းမေးမှတော့ ငါက ပြောရတော့မှာပေါ့၊ တို့မိဘတွေ ထားပစ်ခဲ့တဲ့ အမွေအနှစ်ကို၊ ငါကပဲ အစ်မကြီးအမိအရာဆိုသလို ထိန်းသိမ်းခဲ့ရတယ်လေ။ ဘာတစ်ခုမှ ခွဲလားခြမ်းလား မလုပ်ရသေးဘူး၊ တကယ်တော့ လုပ်ဖို့လဲ မလိုဘူးလေ၊ ငါသေရင်သူရမယ်၊ သူသေရင်ငါရမယ်၊ တိုက်ဆောက်တယ်၊ ကားဝယ်တယ်။ ညည်းဖို့ လက်ဝတ်ရတနာပစ္စည်းတွေဝယ်ပေးတယ်၊ ဒါတွေရှိလို့ သီးခြားခွဲပြီး ဝယ်ခဲ့တာ မဟုတ်ဘူး၊ ညည်းတို့အတွက် လစဉ်အသုံးစရိတ်ကိုလဲ ငါကပဲ ထုတ်ပေးတာ။ တို့ပိုင်ဆိုင်သမျှ ပစ္စည်းတွေအားလုံးဟာ တို့ဘမိတွေ ထားခဲ့တာ၊ တိုးပွားအောင်လဲ တို့နှစ်ယောက်ကပဲ လုပ်ခဲ့တာ။ ညည်းတို့သားအမိ ပိုင်ဆိုင်ခွင့်ကတော့ ငါနဲ့အတူနေပြီး လုပ်ကိုင်စားသောက်ရင်း ငါမရှိတဲ့နောက် ညည်းတို့ရမှာပေါ့။ ခုလဲ ညည်းတို့သားအမိအတွက် ငါတာဝန်ယူထားပြီပဲဟာ၊ ဘာလိုသေးသလဲ'

သည်လိုပြောလာတော့လည်း ပြန်ပြောဖို့က အတော်ခက်သည်၊ အစ်ကိုကြီးသာ ရှင်းရှင်းလင်းလင်းလုပ်ခဲ့ရင် သည်ကိစ္စ



ပြဿနာပေါ်စရာမလို။ အစ်ကိုကြီးကလည်း သူ့ကိုယ်သူ သည်လို ဖြစ်လိမ့်မယ်လို့ မထင်လို့ ဘာမှ မလုပ်သေးတာ။ လုပ်ဖို့ အစီအစဉ်ရှိကြောင်း လင်မယား နှစ်ကိုယ်ကြား ပြောခဲ့ဖူးသည်။ နှစ်ကိုယ်ကြား ပြောသည့်စကားက သည်အချိန်မှာ တရားမဝင်။ ဒါကို ဆုပ်ကိုင်ပြီး ပြောလို့တော့ ကိုယ့်ဘက်က ရှုံးဖို့များသည်။

သူပြုသမျှ နေရမည့် အခြေအနေ။ သူပြောသမျှ ဖြစ်ရမည့် အခြေအနေ။ ဒေါ်အေးတင့်နှင့် သက်ဆုံးတိုင် နေနိုင်ရင် သူ ရှိသည့်နောက် သူထားခဲ့သလောက်ရမည်။ မနေနိုင်ရင် မရဘူးဆိုသည့် သဘော။

ဒေါ်အေးတင့် နောက်ထပ်ပြောသည့်အထဲမှာ ဘဝင်ကျစရာတစ်ခုတော့ပါသည်။

သမီးကို စာချုပ်စာတမ်းနှင့် အမွေစားအမွေခံအဖြစ် မွေးစားမည်ဆိုသည့် ပြောစကား။

ဒေါ်အေးတင့်ကဘောထားမှာ အဆိုးနှင့်အကောင်း ဒွန်တွဲနေသည်ဟု ဆိုရမည်။ တရားမျှတမှု မရှိဘူးရယ်လို့လည်း အပြတ်မပြောသာ။ တရားမျှတမှုရှိပါသည်ဟုလည်း မဆိုသာ။

ဒါက ခင်အေးမြင့်ဘက်က အမြင်။

ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး ဖွင့်ဟတိုင်ပင်ရမည့်သူမှာ ရှန်ကုန်ရောက်နေသည့် ဒေါ်လေးကျော့ဘဲရှိသည်။ မိတ္ထီလာကထွက်သွားပြီးကတည်းက အသုအကိစ္စတုန်းက တစ်ခေါက် ရောက်လာသည်။ အရောင်းအဝယ်လုပ်ငန်းကြောင့် ကြာကြာ မနေနိုင်။ ကိစ္စပြီးသည်နှင့် အလောတကြီး ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ပြဿနာလည်း မတက်သေး။ ခု ဒေါ်လေးကျော့ကို ဖြစ်သမျှအကြောင်းပြောပြီး တိုင်ပင်ချင်သည်။ ရန်ကုန်ကို လိုက်ဖို့မလွယ်။ မလွယ်ပေမယ့် သွားတော့ သွားရမည်။ ကိုယ့်ရေးကြုံရင် သက်လုံကောင်းရသည် မဟုတ်ပါလား။

ရန်ကုန် သွားလိုကြောင်း ဒေါ်အေးတင့်ထံမှာ ခွင့်တောင်းရသည်။ ဒေါ်အေးတင့်က မသွားမဖြစ်လို့ သွားချင်သပဆိုသွား၊ သမီးလေးကိုတော့ ခေါ်မသွားနဲ့။ တစ်ယောက်ထဲလည်း မသွားနဲ့၊ လူကြုံရှာပေးမည်။

သည်လိုဆိုတော့လည်း ဒေါ်အေးတင့်မဆိုးဟု ဆိုရမည်။ သမီးလေးကိုတော့ မခေါ်ရဆိုကတည်းက သမီးအပေါ်မှာထားရှိသည့် သူ၏အချစ် အတိမ်အနက်ကို သိနိုင်ရသည်။

တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးအကြိမ် တစ်ယောက်တည်း ခရီးထွက်ဖူးခြင်း။ ခရီးသွားဖော်ပါပေမယ့် အခုမှသိရသူတွေ။ ရင်းရင်းနှီးနှီးမရှိပေမယ့် ခင်ပွန်းသည်အရှိန်အဝါကြောင့် ဂရုစိုက်ကြသည်။ အခန်းပေးကြသည်။ ဒေါ်လေးကျော့အိမ်ကို အိမ်တိုင်ယာရောက် လိုက်ပို့ပေးကြသည်။

ဒေါ်လေးကျော့က ဆိုင်ထွက်မည့်ဆဲဆဲ။ ဝမ်းသာအားရ ဆီးကြိုသလို၊ တအံ့တသြလည်း ဖြစ်သွားသည်။ အရေးကိစ္စကြုံလာမြို့ကို မပြောဘဲနှင့် ခန့်မှန်းသိ သိနေသည်။

'ကဲ- ညနေကျမှ အေးအေး စကားပြောကြရအောင်၊ ခရီးပန်းလာတယ်၊ ဆိုင်ကိုမလိုက်နဲ့တော့၊ အိမ်မှာပဲအနားနေ'

အိမ်တွင်ရှိနေမည့်လူများကို ပြောဆိုမှာထားပြီးမှ ဆိုင်ထွက်သွားသည်။ အိမ်တွင်ရှိနေသူတွေက တစိမ်းတရံစာတွေ



မဟုတ်၊ ဆွေမျိုးတွေ။ ညနေကျမှ တူအရီးနှစ်ယောက် အေးအေးဆေးဆေး စကားပြောဖြစ်ကြသည်။

ဒေါ်လေးကျော့က ဖြစ်ပြီးသားကို ပြည်ဖုံးကားချလိုက်၊ ထိုယ့်ဘက်က မပိုင်ဘဲ ဘာရေးတဘောင်လည်း မလုပ်နဲ့၊ အစကတည်းက မသေမချာမရေမရာ ဖြစ်ခဲ့တာကို၊ ခုမှ အစပြန်ကောက်ရင် တစ်ယောက်နှင့် တစ်ယောက် အမုန်းပွားစရာတွေပဲဖြစ်လာမည်။ ကလေးကို အမွေစား အမွေခံအဖြစ် စာချုပ်စာတမ်းနှင့်မွေးဖို့ကိစ္စကိုသာ ပိုင်အောင်လုပ်ပြီးရင်၊ ခင်အေးမြင့်က သူနှင့်လာနေပြီး၊ ရန်ကုန်မှာဘဲ ရောင်းဝယ် လုပ်ကိုင်စား၊ သမီးလေးကို ဒေါ်အေးတင့်ဆီမှာ ထားခဲ့။

ဒေါ်လေးကျော့က သူ့သဘောထားကို သည်လိုပြောခဲ့သည်။

ခင်အေးမြင့်က သမီးလေးနှင့် ခွဲခွာနေရမည်ကို တွေးပင်မတွေးနိုင်ရှာ။ အမွေရယ်လို့ မရရင် နေပါစေတော့။ ရနိုင်သလောက်တောင်း၊ ပေးသမျှယူ၍ မိတ္ထီလာအိမ်သို့ပါ ရောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရန်ကုန်ကို အပြီးအပိုင်ရွှေ့ခဲ့မည်။ ရန်ကုန်မှာ အိမ်တစ်အိမ်ဝယ်ပြီး၊ ဒေါ်လေးကျော့နှင့်အတူနေ၍ လုပ်ကိုင်စားသောက်မည်။

ဒါက ခင်အေးမြင့် သဘောထား။

ဒေါ်ကျော့က လှော်ကာ့လာဆယ်ကလေးကိုခေါ်ဖို့ သဘောမတူသလို၊ မိတ္ထီလာက မြေနှင့်မြေကို ရောင်းဖို့လည်း သဘောမတူ။ လောလောဆယ် ရန်ကုန်ကို တစ်ခေါက်ထဲလာ၊ ရှိတာကို ထုခွဲပြီး အလုပ်လုပ်။ အခြေတကျ ရှိပြီဆိုတော့မှ သမီးကိစ္စကို ထပ်စဉ်းစားဖို့တိုက်တွန်းသည်။ ဆွေမျိုးတွေကလည်းဝိုင်းပြီး နားချသည်။ လောလောဆယ် သူတို့အိမ်မှာဘဲနေပြီး၊ အရောင်းအဝယ်လောကထဲကို ဝင်ဆန့်ကြည့်။ နောက်မှ နေစရာထိုင်စရာကို စဉ်းစားဖို့ အားပေးစကားပြောကြသည်။

အပြန်ခရီးမှာ ဒေါ်လေးကျော့ ကိုယ်တိုင် ရထားပေါ်အရောက်လိုက်ပို့ပေးပြီး ခရီးသွားဖော်များကိုလည်း အပ်နှံပေးသည်။ တွေးစရာအတွေး တစ်ပုံတစ်မင်နှင့် အပြန်ခရီးမှာ တိကျရေရာသော ဆုံးဖြတ်ချက်မပေါ်။ ဘဝအသစ် တစ်ခုကို မွေးဖွားရမည်။ လျှောက်ရမည့် လမ်းကြောင်းမှာ ပန်းခင်းသောလမ်းဖြစ်မလား၊ ဆူးပြည့်လွှမ်းသောလမ်းဖြစ်မလားဆိုသည်ကိုတတ်ချမတ်ချ မပြောနိုင်။ ရုန်းကန်လှုပ်ရှားရမည်မှာ သေချာသည်။

သို့တစေ ခင်အေးမြင့်က ဘဝသစ်တစ်ခုကို မွေးဖွားပြီးလှုပ်ရှားရုန်းကန်ရမည်ကို မကြောက်၊ ရင်ဆိုင်ရဲသော သတ္တိလည်းရှိသည်။ ဒါပေမယ့် သမီးကို ခွဲခွာဖို့သတ္တိတော့မရှိ။



ခင်ပွန်းဖြစ်သူနှင့် တွေကွင်းခဲ့ပြီးနောက်၊ အသက်ရှင်လျက် သမီးနှင့်ခွဲခွာရမည်ဆို သောအခါ၊ နောက်ထပ် မွေးယူရမည့် အားမာန်သတ္တိကိုထား၊ ရှိရင်းစွဲ အားမာန်နှင့်သတ္တိများပြိုဆင်း ကွဲကျကုန်သည်။

ဒါဖြင့်လည်း ဘဝကိုအဆုံးအရှုံး ဝဲဩဂထဲမှာအမြုပ်ခံ၍ရေစုံမျောလိုက်ရှုံသာပေါ့။

သည်လိုလည်း အဖြစ်မခံနိုင်။

နောက်ဆုံးသမီးနှင့်မခွဲနိုင်သမို့၊ ပေးစာကမ်းစာကို စားပြီးနေဖို့ ဆုံးဖြတ်လိုက်သည်။ သို့သော်၊ ထိုဆုံးဖြတ်ချက်မှာ တစ်လပင်မခံ။

ဒေါ်အေးတင့်အပြောလေ့သည့် ‘အေးအေး ထိုင်စားနေရတာ၊ အေးအေးနေပ့ါတော့လား’ဆိုသော အပြောကို အပြောခံရဖန်များလာသောအခါ နာသာမခံခက်ဖြစ်လာသည်မှ၊ အခွဲတိုက်ချင်လာသည်။ တော်လော်ကန့်လန့် အကောင်အကပ် လုပ်ချင်လာသည်။ သူဖြူလျှင် ကိုယ်ကအမဲ၊ သူမဲလျှင် ကိုယ်ကအဖြူဆိုသည်မျိုးအထိ အစေးမကပ်ရာသော အနေအထားမျိုးရောက်လာသည်။

သမီးလေးက အကုန်အစင် မဟုတ်သည့်တိုင် တစ်ဆစ်တစ်ပိုင်း သိတတ်သည့်အရွယ်။

ခင်အေးမြင့်နှင့် ဒေါ်အေးတင့်တို့ ပြဿနာဖြစ်တိုင်း၊ မျက်နှာငယ်လေးနှင့် ငိုမဲ့ငိုမဲ့ ဖြစ်ရသူမှာ သမီးကလေး ခိုင်ယဉ်မြင့်။

ကြာလေဆိုးလေ ဖြစ်လာမည့် အခြေအနေ ကြားထဲတွင်ကန့်လန့်ကန့်လန့်ပါနေရမည့် သမီးလေးကို ငဲ့ညှာရမည်။ ဘဝ

www.burmeseclassic.com

www.burmeseclassic.com



သစ်ကို မေးမြန်းပြီး ဆေးစစ်နေရာသို့ မပြောင်းဆ မျှ ပြဿနာပြေလည်မည့်အနေအထားမမြင်။ တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်းဆိုင်လို့မရ။ စကားသော်မှ ပြောမှရသည့်အဆင့်မျိုးရောက်လျှင် မကောင်း။

ပထမတော့၊ သမီးလေးကို ဒေါ်အေးတင့် ရင်ခွင်ထဲအဆွဲထုတ်ပြီး ဒေါ်အေးတင့် အသည်းကိုခွဲဖို့၊ သူ့နှလုံးသားကို ကြိမ်မီးအုံးသလို ခံစားရစေဖို့၊ လုပ်နိုင်သည့် နည်းလမ်းကို စဉ်းစား လိုက်သေးသည်။

ဒါပေမယ့်၊ မကောင်းသည့်အတွေးတို့ကို အကောင်အထည် မဖော်၊ စွန့်လွှတ်လိုက်၏။

တကယ်တန်း နှစ်နာမှာက သမီးလေးဘဝ။

သူအနစ်နာခံရင် သမီးကလေး ကောင်းစားမည်၊ သူအနစ်နာမခံရင် သမီးကလေး နစ်မွန်းမည်။

\+ + +

ထောင်ထဲမှာ တွေးရ တောရ စဉ်းစားရသည်။ တရားရုံးမှာ နားထောင်ရသည်၊ ပြောရဆိုရသည်။



ပထမ ဒုတပ်ကြပ်အေးသောင်းကို လိုပြသက်သေအဖြစ် စစ်ဆေးသည်။ ထွက်ဆိုချက် မထူးခြားသဖြင့် ဦးခင်မောင်ထွန်းအလည်း မေးခွန်း မမေးတော့ပါ။

ဒုတိယ ရပ်ကွက်ကောင်စီလူကြီး ဦးမောင်ထူးကို လိုပြသက်သေအဖြစ် စစ်ဆေးခဲ့ရာ ဦးမောင်ထူးက ဒေါ်ခင်အေးမြင့်နေထိုင်သည့် လမ်းနှင့် ရပ်ကွက်အပိုင် ကောင်စီဝင် လူကြီးဖြစ်ကြောင်း၊ ဒေါ်ခင်အေးမြင့်ကို ကောင်းစွာသိရှိ၍ တည်တည်တံ့တံ့ နေထိုင်သူ တစ်ဦးဖြစ်ကြောင်း၊ ဒေါ်ခင်အေးမြင့်၏ ခင်ပွန်းဖြစ်သူ ထွန်းထွန်း (ခေါ်) သိန်းဆွေကိုလည်း ကောင်းကောင်းသိကြောင်း၊ ထွန်းထွန်းမှာ အရက်သေစာကို အမြဲသောက်၍ သေ့ဆိုးသည့် အလေ့စရိုက်ရှိကြောင်း၊ သူတို့ လင်မယားကြားတွင် မကြာခဏ ပြဿနာဖြစ်သောကြောင့် အချင်းဖြစ်နေ့က သူ၏အိမ်တွင် ဈေးရောင်းနေစဉ် ရဲစခန်းမှ ဒုတပ်ကြပ်ကိုအေးသောင်းလာခေါ်ပုံ၊ ဒေါ်ခင်အေးမြင့်တို့နေထိုင်ရာအိမ်ကို လိုက်သွားရာ ဒေါ်ခင်အေးမြင့်၏ ခင်ပွန်းဖြစ်သူ ထွန်းထွန်း (ခေါ်)သိန်းဆွေအား မားစာန်းလန်းနှင့် သွေးအိုင်ထဲ လဲကျနေသည်ကို မတွေ့ရပုံ၊ ဓုလုံခြုံရေးမှူး ဦးကြည်လွင် မေးမြန်း၍ အဖြစ်အပျက်ကို သိရပုံ၊ စာချုပ်စာတမ်းများတွင် လက်မှတ်ထိုးပေးခဲ့ရပုံများနှင့် ဒေါ်ခင်အေးမြင့်တို့အိမ်ကို ယာယီစိတ်၍ စောင့်ရှောက်ထားရပုံများကို ထွက်ဆိုသွားသည်။

ရပ်ကွက်ကောင်စီဝင် ဦးမောင်ထူး အစစ်ခံ ထွက်ဆိုနေစဉ် ဒေါ်ခင်အေးမြင့်မှာ တရားရုံးတွင် သူနေထိုင်လေ့ရှိသည့်အခုံးဘယ်ကိုမှ မကြည့်ဘဲ ခေါင်းကို ငုံ့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီး ဦးခင်မောင်ထွန်း၏ မျက်နှာပေါ်မှာ အပြုံးရိပ် ဝေ့သီလျက်။

ရပ်ကွက်ကောင်စီဝင်လူကြီး ထွက်ဆိုချက်တွင် သူ၏အမှုသည်အတွက် အလေးသာသည့် ထွက်ဆိုချက်များ ပါသောကြောင့်။

ရပ်ကွက်ကောင်စီဝင်လူကြီးမှာ တရားခံမြသက်သေ မဟုတ်၊ တရားလိုမြသက်သေ။ တရားခံပြသက်သေက ထိုသို့ ထွက်ဆိုခဲ့လျှင် တရားခံဖြစ်သူအတွက် အရေးမပါနိုင်သော်လည်း တရားလိုပြသက်သေက သူ့သဘောအလျောက် အရှိကိုအရှိအတိုင်း ထွက်ဆိုသွားသောကြောင့် တရားခံဖြစ်သူအတွက် အလွန်အရေးပါသည်။

ဒေါ်ခင်အေးမြင့်ကမူ ဒါတွေကို စိတ်မဝင်စားပါ။ သူ စိတ်ဝင်စားသည်မှာ အမှုမြန်မြန်ပြီးရေးသာ ဖြစ်ပါသည်။

\+ \+ \+

မေးခွန်းအလှည့်။

ဦးမောင်ထူးလို တရားလိုပြသက်သေမျိုးကို ထိထိမိမိအပိုင် မေးခွန်းများ ချည်ပြီး တုပ်ပြီး မေးထားရမည်။ ဒါမှမျော်လင့်ထဲ ပေါ်လာသည့် အခွင့်အရေးပါ။



ဦးခင်မောင်ထွန်း။ ။ 'ဦးမောင်ထူး ရပ်ကွက်ကောင်စီဝင် လူကြီးဖြစ်လာတာ ဘယ်နှစ်နှစ်ခဲ့သောက် ရှိပါပြီလဲ'

ဦးမောင်ထူး။ ။ 'နှစ်နှစ်ကျော်ကျော်ရှိပါပြီ'

ထွန်း။ ။ 'ဒေါ်ခင်အေးမြင့်တို့ ဒီရပ်ကွက်ထဲ ပြောင်းလာတာ၊ ဦးမောင်ထူး ကောင်စီဝင် မဖြစ်ခင်ကဘည်း ကပေါ့နော်'

ထူး။ ။ 'ဟုတ်ပါတယ်၊ ကျွန်တော် ကောင်စီဝင်မဖြစ်ခင် ရှစ်နှစ်လောက်က ပြောင်းလာတာပါ'

ထွန်း။ 'ဒါဖြင့် အဲဒီကတည်းက သိကြတာပေါ့'

ထူး။ ။ 'ဟုတ်ပါတယ်'

ထွန်း။ ။ 'ဒီတော့ ဒေါ်ခင်အေးမြင့်က ထွန်းထွန်း(ခေါ်) မောင်သိန်းဆွေနဲ့ အိမ်ထောင်ကျနေပြီလား'

ထူး။ ။ 'မကျသေးပါဘူး'

ထွန်း။ ။ 'အဲဒီတုန်းက ဒေါ်ခင်အေးမြင့် ဘယ်သူနဲ့ အတူ နေပါသလဲ'

ထူး။ ။ 'အဲဒီတုန်းကဒေါ်ခင်အေးမြင့်ရဲ့အဒေါ် ဒေါ်ကျေ နဲ့အတူ နေကြပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထွန်း ။ ။ 'အိမ်ထောင်မကျခင်တုန်းကရော၊ ဒေါ်ခင်အေးမြင့်တို့ တူဝရီးဟာ အရပ်ထဲမှာ အနေအထိုင် ဘယ်လိုရှိပါသလဲ'

ထူး ။ ။ 'အေးအေးဆေးဆေး၊ တည်တည်တန့်တန့် နေထိုင်ကြပါတယ်'

ထွန်း ။ ။ 'ရှုပ်ရှုပ်ထွေးထွေး အနေအထိုင်မျိုး ရှိဖူးပါသလား'

ထူး ။ ။ 'မရှိဖူးပါ'

ထွန်း ။ ။ 'ဥပဒေနဲ့မလွတ်ကင်းတဲ့ပြဿနာမျိုးကို ဖြစ်ဖူးတယ်လို့၊ ကြားမိပါသလား'

ထူး ။ ။ 'မကြားမိပါဘူး'

ထွန်း ။ ။ 'ထွန်းထွန်းနဲ့အိမ်ထောင်ကျတာဘယ်နှစ်နှစ်လောက်ရှိပါပြီလဲ၊ ခန့်မှန်းခြေပေါ့'

ထူး ။ ။ 'ငါးနှစ်လောက်ရှိလိမ့်မယ် ထင်ပါတယ်'

ထွန်း ။ ။ 'ထွန်းထွန်းက ဒေါ်ခင်အေးမြင့်ထက် တော်တော်ငယ်တာပေါ့နော်'



ထူး ။ ။ 'အသက် ဘယ်လောက် ကွာတယ်လို့တော့ သေသေချာချာ မသိပါဘူး၊ ငယ်တော့ တော်တော်လေးငယ်ပုံရပါတယ်'

ထွန်း ။ ။ 'ထွန်းထွန်းနဲ့ အိမ်ထောင်ကျပြီးတော့ကော၊ ဒေါ်ခင်အေးမြင့်အဒေါ်လဲ အတူတူနေတာပဲလား'

ထူး ။ ။ 'ဒေါ်ခင်အေးမြင့်အဒေါ်က တူတူမနေဘဲ၊ တစ်ခြားကို ပြောင်းရွှေ့သွားပါတယ်'

ထွန်း ။ ။ 'ဒါနဲ့ပတ်သက်ပြီး အရပ်သတင်း ဘယ်လိုများ ပြောသံဆိုသံ ကြားဖူးပါသလဲ'

ထူး ။ ။ 'သဘောမတူဘူးလို့ ပြောသံ ကြားဖူးပါတယ်'

ထွန်း ။ ။ 'ထွန်းထွန်းက တော်တော်ကလေး အသောက် အစား လွန်ကြူးသလား'

ထူး ။ ။ 'ဗရမ်းဗတာသောက်တတ်တဲ့ လူငယ်တစ်ယောက်ပါ'

ဦးခင်မောင်ထွန်းမျက်နှာမှာ မှိုရသည့်မျက်နှာလို အမြဲ ရိပ် တစ်ဝေဝေ ယှက်သန်းနေသည်။ ကိုယ်က သင်ပေးထားသည့် သက်သေသော်မှ သည်လောက် အတိုင်အဖောက်ညီချင်မှ ညီမည်မထင်။ ခုဟာက တရားလိုပြသက်သေ။ သူ့ထွက်ဆို

www.burmeseclassic.com



အစစ်ခံချက်မှာ အမှုအတွက် အရေးပါသည်။ ဒေါ်ခင်အေးမြင့်အတွက်လည်း အရေးကြီးသည်။

ထွန်း။ ။'အရပ်ထဲမှာရော ရမ်းရမ်းကားကား ဖြစ်ဖူးပါသလား'

ထူး ။ ။'ဖြစ်ဖူးပါတယ်'

ထွန်း။ ။'တစ်ကြိမ်တစ်ခါလောက်ပဲလား'

ထူး ။ ။'မကပါဘူး'

ဦးခင်မောင်ထွန်းကပြုံးပြီး ခေါင်းညိတ်လိုက်ပါသည်။ ဘယ်နှစ်ကြိမ်လောက်လဲလို့ အရေအတွက်ကို ထပ်မမေးတော့ပါ။ လိုချင်သောအဖြေကို ရထားပြီးသောကြောင့်။

ထွန်း။ ။ထွန်းထွန်းက အရပ်ထဲမှာလဲ အကြိမ်ကြိမ်ရမ်းကားဖူးတာကြောင့်၊ ဦးမောင်ထူးရဲ့ ထွက်ဆိုချက်ထဲမှာ သွေးဆိုးတဲ့ အလေ့အရိုက်ရှိဘယ်လို့ ထွက်ဆိုသွားတာပေါ့နော်'

ထူး ။ ။'ဟုတ်ပါတယ်ခင်ဗျား၊ ဟုတ်ပါတယ်'

ဦးမောင်ထူး၏ ဖြေပုံမှာ အားရသည်။ မေးရသူအတွက် အားတက်စရာသို့....



ထွန်း။ ။'သူတို့လင်မယားကြားမှာ၊ မကြာခဏပြဿနာပေါ်လို့ သုံးလေးကြိမ်မက ရှင်းပေးရဘူးပါတယ်လို့ ထွက်ဆိုသွားတာမှာ ဘယ်လိုပြဿနာမျိုးဖြစ်လို့ ရှင်းပေးရတာပါလဲ'

ထူး ။ ။'ဒေါ်ခင်အေးမြင့်ကို ထွန်းထွန်းက ကိုယ်ထိလက်ရောက် ကူးလွန်လို့ပါ'

ထွန်း။ ။'မူးလာပြီး ရိုက်လို့နှက်လို့ ဆိုပါတော့'

ထူး ။ ။'ဟုတ်ပါတယ်'

ထွန်း။ ။'ဒဏ်ရာတွေ ဘာတွေရအောင်မျိုးထိအောင် ရိုက်တာလား'

ထူး ။ ။'ဟုတ်ပါတယ်'

ဘည်အချက်ဟာ ဒေါ်ခင်အေးမြင့်အမှုကို ခုခံကာကွယ်ဖို့ အရေးကြီးသည်မို့၊ ပို၍ပို၍ ပေါ်လွင်အောင် မေးခွန်းကို ဆိုအနားတွင် ရစ်သီ၍ ထပ်ခါတစ်လဲလဲ မေးမြန်းခဲ့သည်။

ထွန်း။ ။'ရိုက်တဲ့အခါတိုင်းရော၊ လာတိုင်တာပဲလား'

ထူး ။ ။'ရိုက်တိုင်းမတိုင်ပါဘူး၊ သိပ်အလွန်အကျွံဖြစ်လာမှ လာတိုင်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



ထွန်း။ ။'ဒါဖြင့် ခဏခဏရိုက်တယ်လို့ ဆိုလိုတာပေါ့'

ထူး ။ ။'ဟုတ်ပါတယ်'

ထွန်း။ ။'ဦးမောင်ထူးက ဘယ်လိုများ သိနေပါသလဲ'

ထူး ။ ။'ကျွန်တော့်ဇနီးက၊ ဒေါ်ခင်အေးမြင့်တို့အိမ်ကို အဝင်အထွက် ရှိနေလို့ပါ'

ကဲ....ဘာလိုသေးသလဲ၊ အမှုအတွက် နည်းနည်းပါးပါး မဟုတ်၊ အများကြီး အထောက်အကူရသွားပြီ။ ဒေါ်ခင်အေး မြင့် ထွက်ဆိုရမည့် ထွက်ချက်အတွက် အထောက်အကူပေးမည့် ကွင်းဆက်၊ ထွက်ဆိုချက်ဟု ဆိုနိုင်ရာသောကြောင့်။

ဒါ့အပြင် အင်မတန် အရေးပါသည့် သက်သေတစ်ယောက် ကိုလည်း ရလိုက်သည်ဟု ဆိုရပါမည်။

ဦးမောင်ထူး၏ဇနီးကို တရားခံပြသက်သေထဲမှာ ထည့်ရမည်။

တတိယသက်သေမှာ ဒေါ်ခင်အေးမြင့်တို့လမ်းထဲက၊ သုံးအိမ် ကျော်တွင် နေထိုင်သူ၊ ပန်းထိမ်ဖိုပိုင်ရှင် ကိုမောင်ဝင်းဆိုသူ ဖြစ်၏။

သူ့ကို ဘာကြောင့် တရားလိုပြသက်သေအဖြစ် ထည့်သွင်း ထားသည်ကို ဦးခင်မောင်ထွန်းမှာ စဉ်းစားမရအောင် ရှိ



သည်။ သူ၏ ထွက်ဆိုချက်မှာ အမှုနှင့်ပတ်သက်၍ ဘယ်လိုမှ အရေးမပါသောကြောင့်ပါ။

+ + +

သူက....

ထွန်းထွန်းတို့လင်မယားနှင့် တစ်ရင်းတစ်နှီးရှိ၍ အိမ်သို့ အမြဲတမ်း အဝင်အထွက်ရှိကြောင်း၊ အချင်းဖြစ်နေ့မနက်က ဆိုင်မထွက်ရသောကြောင့် ထွန်းထွန်း သူ့ဆီရောက်လာပြီး လက်ဖက်ရည်အဲတူ သွားသောက်ကြကြောင်း၊ လက်ဖက်ရည် သောက်ရင်း ထွန်းထွန်းက သူ့အဘွားကြီးနှင့် အဆင်မပြေ ကြောင်း၊ အဘွားကြီးနှင့် ဈေးကောက်ကြီး ဦးစင်သိန်းတို့ မရှင်းမရှင်း ဖြစ်နေသည်ဟု ထင်ကြောင်း၊ တစ်နေ့နေ့ သူ့ကို အန္တရာယ်ပြုလိမ့်မည်ထင်ကြောင်းများ ပြောပြသည်ဟု ထွက်ဆို သွားသည်။

အစိုးရရှေ့နေကြီးက အချင်းဖြစ်မှုခင်းကိစ္စတွင် ထွန်းထွန်း လက်ဖက်ရည်ဆိုင်တွင် ပြောသွားသည့်အကြောင်းကို၊ မှုခင်း ဖြစ်ဖို့ အခြေခံအကြောင်းဟုပေါ်လွင်စေရာသော မေးခွန်းများ မေးသွားခဲ့သည်။

www.burmeseclassic.com



ဦးခင်မောင်ထွန်းကမူ၊ ဈေးစကားနှင့် လက်ဖက်ရည်ဆိုင် စကားသည် ဘောင်စဉ်ရေမရပြောကြသည့် စကားမျိုးဖြ ကြောင်း ပေါ်လွင်စေသော မေးခွန်းအနည်းငယ် မေးခဲ့သည်။

ထို့နောက် အမှုစစ်ဆေးခြင်းကိုရပ်နား၍ နောက်တစ်ပတ် ရက်ချိန်းပေးလိုက်သည်။

အမှုခွင်အနေအထားကောင်းသော်လည်း၊ အမှုလိုက်ရသော ရှေ့နေကြီး ဦးခင်မောင်ထွန်းမှာ အားမလိုအားမရကြီး ဖြ နေသည်။ ကာယကံရှင်တရားခံ ဒေါ်ခင်အေးမြင့်က တက်တ ကြွကြွမရှိ၊ သူက အေးတိအေးစက်။ ခိုင်ယဉ်မြင့်ကြောင့်သာ မဟုတ်ရင် သည်အမှုကို သူကိုယ်တိုင် ဆက်မလိုက်ဘဲ တပည့် ဖြစ်သူနှင့် လွှဲပေးလိုက်မည် ဖြစ်သည်။

လိုပြသက်သေ နှစ်ဦးပဲ ကျန်တော့သည်။ ဆရာစန်နှင့် ထွန်းထွန်း၏အစ်ကို သိန်းဦးတို့ ဖြစ်၏။ သူတို့ နှစ်ယောက် စစ်ပြီးရင် တရားခံ ဒေါ်ခင်အေးမြင့်နှင့် တရားခံပြ သက်သေ များကို စစ်ဆေးမည်။ တရားခံပြသက်သေမှာ သုံးယော တည်း။ တစ်နေ့တည်း ပြီးနိုင်သည်။ နောက်ရုံးချိန်း သုံးချိန် ဆိုလျှင်လျှောက်လဲချက်အဆင့် ရောက်မည်။

အဲဒီနေ့က သမီးဖြစ်သူ မလာ။

ဒေါ်ခင်အေးမြင့်က သမီးဖြစ်သူမလာဘာကို သဘော သည်။ ရှေ့နေကြီးပုံစံကို သူကသိပ်မကြိုက်။ မြာပွေမည့် ပုံ မျိုး။ သည်အသက်အရွယ်ရောက်မှတော့ အိမ်ထောင်ရှင် ဖြ လိမ့်မည်။ နီးနီးစပ်စပ် နေထိုင်သွားလာကြရင်း နီးစပ်မှုအ



ဖြစ်သွားတတ်သည့် သူ့ကိုယ်တွေ့သာဓကကြောင့် သမီးဖြစ်သူ အတွက် စိုးရိမ်စိတ်လွန်ကဲနေသည်။

ထွန်းထွန်းနှင့် သူ့အကြောင်း။

\+ \+ \+

ထွန်းထွန်းနှင့်သူ အိမ်ထောင်သည်ဘဝ ရောက်ခဲ့ရသည်မှာ ချစ်တို့မေတ္တာတို့က အကြောင်းရင်းမဟုတ်၊ အကြောင်းရင်း နီးစပ်မှုနှင့် ထွန်းထွန်း၏ လက်မြန်ခြေမြန် နိုင်မှုကြောင့် ဖြစ်၏။

ယောကျ်ားနှင့် မိန်းမတို့၏ နီးစပ်မှုမှ ပေါင်းသည်းမှုပြုရာ ၌ ဂုဏ်ဒြပ်တို့၊ အသက်အရွယ်တို့၊ အဆင့်အတန်းတို့၊ စီးပွား ရေး အနေအထားတို့ကို ထည့်သွင်း စဉ်းစားခြင်း မပြုရိုးထုံးစံ ရှိပေ။

၁၂-နှစ်တိတိမှဆို မသိကွာကို ပီပီပြင်ပြင်ထိန်းသိမ်းခဲ့သည်။ ယောကျ်ားသေဆုံးပြီးနောက် မုဆိုးမအရွယ် ငယ်ငယ်တွင် အိမ် ထောင်မပြုလိုက ပြုနိုင်ပါလျက်၊ ပြုလျှင်အဆင့်တော်ပါလျက် အိမ် ထောင်မပြုခဲ့ဘဲ ဂုဏ်ရှိရသောသိက္ခာရှင် မုဆိုးမအနေအထား ရောက်ခါမှ မုဆိုးမဘဝကို စွန့်လွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် ပေးဆပ်ရသည့် တန်ဖိုးမှာ မသေးပါ။

ပတ်ဝန်းကျင်မှ အမုန်းပပြောကြသည့်စကားတွေ၊ ပြစ်တင်ရှုံ့ချသည့် စကားတွေ နားလျှံခဲ့သည်။ သိက္ခာရှင် ဣန္ဒြေရှိ ဘဝက သူများထံတွေးခွက်တွင် ပက်လက်မျောခဲ့ရသည်။

သမီးနှင့် အဆက်ပြတ်သွားသည်။

ဒေါ်လေးကျော့နှင့် ကွဲကွာသွားသည်။

ခုနောက်ဆုံး လူသတ်မှုတရားခံအဖြစ်သို့ ရောက်ခဲ့ရသည်။

ဘယ်သို့သောအမှုကိစ္စနှင့်ဖြစ်စေ တရားခံဖြစ်ရသော ဘဝမှာ မျက်နှာကြီးရသောဘဝမဟုတ်၊ အလွန်မျက်နှာငယ်ရသော ဘဝဟု ဆိုရမည်ပါတည်း။

○

အခန်း (၇)

ရန်ကုန်ကနေလာပြီး ကတည်းက ဒေါ်အေးတင့်နှင့် အစေးကပ်၊ တစ်ယောက်နှင့် တစ်ယောက် အနေအထိုင်၊ အပြောအဆို အဆင်မပြေ။ တစ်အိမ်ထဲနေပါလျက် အဆင်မပြေဖြစ်လာတော့ နေရထိုင်ရဒုက္ခရောက်လာသည်။ သည်းခံနိုင်ခြင်း၏ အဆုံးတွင် ပေါက်ကွဲမှုရှိနေသည်။ ပေါက်ကွဲမှုအဆင့်သို့ ရောက်လျှင် ပြန်လည်ပေါင်းစည်းရေးလမ်းစပျောက်သွားမည်။ သမီးအတွက်လည်း အခွင့်အလမ်းအားလုံး ဆုံးရှုံးသွားမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူ့အစီအစဉ်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ရသည်။

အခြေအတင်ပြောကြဆိုကြသည်မှာ ရက်ပိုင်းမဟုတ်၊ လပိုင်းသို့တိုင် ရောက်လာသည်။ ပြဿနာမှာ မပြီးမပြတ်။

ထိုကိစ္စနှင့်ပတ်သက်၍ သမီးရှေ့တွင် ဘယ်တော့မှ မပြောကြ။ ဒါကိုတော့ နှစ်ယောက်စလုံးက နားလည်မှုရှိကြသည်။

နောက်ဆုံးတော့ ဒေါ်အေးတင့်၏ လိုက်လျောချက်ကို လက်ခံနိုင်ဖွယ်ရာ မဟုတ်သော်လည်း သမီးရှေ့ရေးကို ငဲ့ပြီး ခင်အေးမြင့်က လက်ခံဖို့ သဘောတူလိုက်ရသည်။

တကယ်တော့ သူ့ကိုပေးသည့် ငွေကြေးပမာဏမှာ ရသင့်ရထိုက်သည့် ငွေကြေးပမာဏ၏ ဆယ်ပုံတစ်ပုံပင်မရှိ။

လက်ဝတ်လက်စားနှင့် ငွေကြေးနှစ်မျိုး ပေါင်းသော်မှ လေးသောင်း သာသာလောက်ပဲ ရှိလိမ့်မည်။ ငါးသောင်းပင် မပြည့်။

တကယ် ပြောကြစေဖော်ဆိုလျှင် လက်ဝတ်လက်စားတွေက နဂိုကတည်းက သူပိုင်ပစ္စည်းတွေ။ ခု-ထပ်ဆောင်းပေးသည့် ငွေကြေးပမာဏမှာ တစ်သောင်း ငါးထောင်လောက်ပဲ ရှိမည်။

သူတို့ ချမ်းသာသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ အတွင်းပစ္စည်းနှင့် လုပ်ငန်းတွင် လည်ပတ်နေသည့်ငွေကြေးပမာဏမှာ ငါးသိန်းနှင့် ဆယ်သိန်းကြားမှာ ရှိလိမ့်မည်။

ဒေါ်အေးတင့် လိုက်လျောသည့် ပမာဏကို လက်မခံလျှင် တရားဆိုင်ရမည်။ အမှုအတွက် လျော်ကြေးသည့် တံဆိပ်ခေါင်းဖိုးသည်ပင် ကြောက်ခမန်းလိလိရှိဘိ၏။ နောက်ထပ် ကုန်ကျ



စရိတ်များမှာလည်း မရေတွက်ရာဆို ရှိပါချေ၏။ ငွေကုန်မည်၊ လူပန်းမည်၊ သူလည်းမရ၊ ကိုယ်လည်းမစားရ၊ အမွေမှု မွေ့လျှင် ကုန်းကောက်စရာမရှိ ဖြင်တတ်၏။

ဒါကြောင့်လည်း လက်ခံလိုက်ရသည်။

ခင်အေးမြင့် ရန်ကုန်မသွားခင် သမီးကို စာချုပ်စာတမ်းဖြင့် အမွေစားအမွေခံကိစ္စကို ပြီးပြတ်အောင် လုပ်ပေးမည်။ ရန်ကုန် သွား ပြီးနောက် နောရေး သေရေး ကိစ္စမှ တစ်ပါး ခင်အေးမြင့်က သမီးတို့ လာမတွေ့ရ။

ခင်အေးမြင့်က သူ့သဘောနှင့်သူ ဆင်းခဲ့ကြောင်း၊ ရပိုင်ခွင့်ရှိသည်များကို ရရှိပြီးဖြစ်ကြောင်း လက်မှတ် ထိုးပေးရမည်။ ကလေးကို ဖြောယောင်းသွေးဆောင်၍ ခေါ်ယူခဲ့လျှင် အမွေစား အမွေခံကိစ္စကို ပယ်ဖျက်ပြီးဟု သဘောတူကြောင်း သဘောသက်ရောက်သည့် စာချုပ်တွင် လက်မှတ်ရေးထိုးပေးရမည်။

ရင်ပွင့်လုခတတ် ကြေကွဲမှုကို ပိုက်ထွေးလျက် မိတ္ထီလာကို ကျောခိုင်းခဲ့ရသည်။

ဖွေးခင်နှင့်လင်သားသေဆုံးခြင်းထက် ပိုမိုကြီးစွာသော စိတ်ဆင်းရဲမှုကို ထဲထဲဝင်ဝင် ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သမီးက သည့်အခြေအနေတွေကို ဘာမျှ မသိ။ အရွယ်ရောက်လာတော့ မိခင်အပေါ် အထင်လွဲခဲ့သည်။

ပို၍ ရင်နာရသော အဖြစ်။

ခင်အေးမြင့်၏ဘဝ အလှည့်အပြောင်းမှာ မထင်မှတ်ရာ အဖြစ်အပျက်များနှင့်ချည်း ဆုံတွေ့နေရသည်။

မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံအရ ဆုပေးလေ့ရှိသည့် 'သည်းလစ်သည်မယား သည်းသားသမီးများနှင့်ဥမကွဲသိုက်မပျက် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် အိုအောင်မင်းအောင် ပေါင်းရပါစေသား' ဆိုသည့်ဆုနှင့် မဆုံဆည်းရ။

ခုတော့…ဥလည်းကွဲခဲ့ပြီ၊ အသိုက်လည်းပျက်ရပြီ။

ရန်ကုန်ပြောင်းမည့်ကိစ္စနှင့်ပတ်သက်၍ သမီးကို အသိပေးဆုတွင် ဒေါ်အေးတင့်နှင့် ဖြစ်ရသည့် ဖြစ်ရပ်ခကြောင်းတွေကို ဘာမျှမပြော။ ရန်ကုန်မှာခေတ္တခဏ သွားနေရမည့်အကြောင်းပဲ ပြောခဲ့သည်။

သမီးက ခေးတတ်မြန်းတတ်သည့် အရွယ် မဟုတ်၊ သူက ဘွားလေးကိုပို၍ တွယ်တာသည်။ အမေနှင့်အတူ နေရသည်



ဖြစ်စေ၊ ခွဲနေရသည်ဖြစ်စေ သူ့အတွက် အကြောင်း မထူး၊ ခံစားမှု အထူးအထွေ မရှိ။

တကယ်တော့…သူ့အပေါ် သံယောဇဉ် မတွယ်ပိုးသည်မှာ ခပ်ကောင်းကောင်းဟု ဆိုရမည်။ နို့မဟုတ်ရင် ခွဲခွာရေးကိစ္စ မလွယ်ကူသလို ပို၍ ရင်နာရမည်ပါ။

ဒေါ်လေးကျော့နှင့် စီစဉ်ခဲ့သည့်အတိုင်း ဒေါ်ကျော့ကို စာရေးခေါ်ရသည်။ ရွှေထည်စိန်ထည်ပစ္စည်းများနှင့် ငွေများပါသောကြောင့် တစ်ယောက်တည်း ရန်ကုန်ဆင်းဖို့ မဖြစ်။ ဆယ်ရက်လောက်ကြာမှ ဒေါ်ကျော့ ရောက်လာသည်။ ဒေါ်ကျော့က ဒေါ်အေးတင့်တို့တိုက်မှာ မတည်းဘဲ ခြံထဲကအိမ်မှာပဲ တည်းခိုခဲ့သည်။

ထောင်ထဲရောက်နေမှပဲ ပြန်စဉ်းစားရသည်။ ထိုသို့ လုပ်ခဲ့ခြင်းမှာ မှားသလား၊ မှန်သလားဟု။

မှားသည်ဟူသော အဆုံးအဖြတ်ကို လက်ခံမိသော အချိန်သည် ပြန်လည်၍ ပြင်ဆင်မရအောင် အချိန်နှောင်းခဲ့ပါလေပြီ။ လွဲမှားသော မာနသည် ကောင်းကျိုးမထင်၊ ဆိုးကျိုးကိုသာ ထင်စေခဲ့သည်။ ခုပဲကြည့်…မရောက်အပ်ရာသော၊ မနေအပ်ရာသောနေရာသို့ ရောက်နေခဲ့ရပြီ မဟုတ်ပါလား။

ရန်ကုန်ကို ဆင်းခဲ့စဉ်က ကိုယ်လုပ်ခဲ့တာမှန်သည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ခဲ့သည်ပါ။

နှောင်းတဟူသည် နောင်မှတ၍ မရစကောင်းပေ။

ရန်ကုန်ရောက်ပြီးနောက် ဒေါ်လေးကျော့နှင့်အတူ နေခဲ့သည်။ ခြောက်လလောက်အထိ ဘာမျှ မလုပ်နိုင်။ သမီးကို

www.burmeseclassic.com



လွမ်းတခြင်းအပါအဝင် သောကအထွေထွေနှင့် လုံးထွေးနေရသည်။ မျက်ရည်မကျရသောနေ့ဟူ၍ မရှိ၊ ရောက်စက သတိရလေတိုင်း မျက်ရည်ကျရသည်။

မိတ္ထီလာကို ပြန်သွားဖို့ ဆုံးဖြတ်ချက်ချမိသည်မှာ အကြိမ်ကြိမ်၊ ဘယ်လိုဘဝမျိုးနှင့် နေရပါစေတော့၊ သမီးနှင့် အတူနေရရင် တော်ပါပြီဟု ခံ့ပြမိသည်မှာလည်း အကြိမ်ကြိမ်အခါခါ။

တစ်လှဲမှာ့သာ ကြားဝင်မခံရင် မိတ္ထီလာကို ပြန်ဖြစ်ဖို့သေချာသည်။ ထင်လှဲမှာနကြောင့် နောက်ဆုတ်သင့်ပါလျက် နောက်မဆုတ်ခဲ့၊ ရှေ့သို့သာ စိုက်လိုက်မတ်တတ် တိုးခဲ့သည်။

\+ \+ \+

အလုပ်မလုပ်ဘဲ ထိုင်စားနေလို့ မဖြစ်၊ အလုပ်လုပ်ရမည်။ ခင်အေးမြင့်မှာ သိုသိပ်ထားသည့် ရည်ရွယ်ချက်ရှိသည်။ အလုပ်ကို ကြိုးစားလုပ်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုကို ခိုင်ခံ့အောင် လုပ်မည်။ နေရေးထိုင်ရေး အခြေတစ်ကျရှိလျှင် အစစအရာရာ အဆင်ပြေလျှင် သမီးကို ခေါ်မည်။



မိခင်တစ်ယောက်၏ရင်ထဲမှာ တာဝရကိန်းအောင်းစမြဲ ရှိနေမည့်ဆန္ဒဟု ဆိုရမည်ပါ။

ဒေါ်လေးကျော့နှင့်အတူ လိုက်၍ ဆိုင်ထွက်သည်။ ပထမတော့ ကိုယ့်အရင်းအနှီး မပါ။ လေ့လာသည့်သဘောဆောင်၍ ဈေးရောင်းရဲသောသတ္တိကို မွေးယူခြင်း ဖြစ်၏။

\+ \+ \+

ကျောင်းနေစဉ်ကလဲ့လို့ နောက်ပိုင်းတွင် အပြင်ဘဝသို့ အထွက်အပို့ နည်းသည်။ အိမ်ထောင်ကျပြီး နောက်သည်း တစ်ယောက်တည်း ထွက်သည့်အလေ့မရှိ။ ခု မထွက်မဖြစ်လို့ ထွက်ရပြန်တော့ ရိုးရိုးထွက်ရခြင်းမဟုတ်၊ ဈေးရောင်း ထွက်ရခြင်း။

အပြင်သို့ အထွက်အပြို၊ အသွားအလာများသူများသည်ပင် ဈေးရောင်းရမည်ဆိုလျှင် မျက်နှာမရဲကြ။ မျက်နှာမအားတတ်ကြ။ ဈေးရောင်းရဲသည့်သတ္တိကို မွေးယူရသည်။

ဆိုင်ထွက်စက၊ မျက်နှာ ဘယ်လိုထားရမှန်းမသိ။ ခေါင်းမဖော်ရဲ။ တစ်နေ့လုံး ခေါင်းကြီးငုံ့လျက်။ ကျောက်ရုပ်ပမာသို့

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရသည်မှာ ပင်ပန်းလွန်းလှ၏။ နှစ်ပတ်သုံးပတ်လောက်မှာ ထိုပုံစံအတိုင်း။

ဒီကြားထဲ ဆိုင်နီးနားချင်းတွေက ခင်အေးမြင့် အလှကို ချီးမွမ်းခန်းဖွင့်ကြပြန်တော့ သူ့မှာအနေရအထိုင်ရပိုခက်သည်။ တဖြည်းဖြည်းမှ အသားကျလာသည်။ ခေါင်းငုံ့ နေရသည့်အဆင့်ကို ကျော်လွန်လာသည့်တိုင် နှုတ်မရဲသေး။ နှုတ်မရဲ လျှာမသွက်လို့ကတော့ ဈေးသည်မဖြစ်နိုင်။ အရောင်းအဝယ် ဈေးသည်အလုပ်ဆိုတာက နှုတ်လျှာသွက်ဖို့ အဓိက။ ရုပ်လှဖို့ထက် အပြောချိုဖို့ အရေးကြီးသည်။ ရုပ်ရောနှုတ်ပါပြည့်စုံရင် ရုပ်ကလည်းလှမယ်၊ နှုတ်ကလည်း သွက်မယ်ဆိုရင်တော့ အတိုင်းထက် အလွန် အလုပ်ပို ဖြစ်သပေါ့။

ဒေါ်ကျော့အရောင်းအဝယ် လုပ်နေသည့်လုပ်ငန်းမှာ ကုန်စိုမဟုတ်၊ ကုန်ခြောက်။ သန့်သန့်ပြန့်ပြန့် ကိုင်တွယ်ရ၍ ကျော့ကျော့ မော့မော့နေထိုင်ရောင်းဝယ်ရသည့်ကုန်ပစ္စည်း။ ပုပ်ကုန်လျော့ကုန်မဟုတ်သမို့ အရောင်းအဝယ် ပါးသည့်တိုင် အရှုံးမရှိ။

သူတို့ရောင်းသည့် ပစ္စည်းထဲက ထားရင် လျော့သည်မှာ သကြားတစ်မျိုးသာ။ ဒါကလည်း အကြောင်းမဟုတ်။ သိပ်ခြောက်လာရင် ရေတောက်ပေးလိုက်ရုံသာ။

သကြား၊ နို့ဆီ၊ နို့မှုန့်၊ ဆပ်ပြာ၊ ငါးသေတ္တာ၊ သွားတိုက်ဆေးအပါအဝင် လူသုံးကုန်ပစ္စည်းမျိုးစုံ၊ ပြည်တွင်း ဖြစ်ရော၊ နိုင်ငံခြားဖြစ်ပါ။ ကုန်အမျိုးပေါင်း လေးဆယ်နီးပါးရှိသည်။ ငွေရင်းများများနှင့် လှောင်ကုန်ထားပြီးရောင်းနိုင်လျှင် အမြတ်



တ်မြက်ကျန်သည်။ သူတို့ရောင်းသည့် နေရာက သံဈေးမှာ က်လီလက်ကားရောင်းရသောနေရာမို့ ဒီလုပ်ဖြစ်သည်။

ပထမပစ္စည်းအမယ်မယ်၏ ဝယ်ဈေးနှုန်း၊ ရောင်းဈေးနှုန်း၊ တ်လီဈေးနှုန်း၊ လက်ကားဈေးနှုန်းကို သိအောင် လေ့လာသည်။ အမြင်လွယ်ပေမယ့် တကယ်လုပ်ကြည့်တော့ မလွယ်။ ဆိုင်းဈေးနှုန်းသိရုံနှင့်ဖြစ်မလားဆိုတော့မဖြစ်သေး။ လာသွင်းသည့်ပစ္စည်းကို အတုအစစ် ခွဲခြားတတ်ရမည်။ နေ့စဉ်ပေါက်နေသည့် ကောက်ဈေးနှုန်းကိုလည်း သိရမည်။ အရောင်းသွက်စ္စည်းလား၊ အရောင်းမသွက်ပေမယ့် ဆိုင်မှာ ပစ္စည်းစုံအောင်ထားရသည့်ပစ္စည်းမျိုးလားဆိုသည်ကိုလည်း သိဖို့လိုသေးသည်။

\+ \+ \+

၂

လက်လီဝယ်သူက အကြောင်းမဟုတ်၊ လက်ကားပေါက်ဈေးန်းမှန်ပေးဖို့ အလွန်အရေးကြီးသည်။ ဖောက်သည်တစ်ယောက် ခက်သလောက်၊ ဖောက်သည် တစ်ယောက် ပျက်ဖို့လွယ်ည်။ ဖောက်သည်နှင့်ဆက်ဆံရာတွင်အမြတ်ကြီးကြီးရဖို့ လောဘမတိုက်ရ။ အမြတ်နည်းနည်းနှင့် ပစ္စည်းများများ ရောင်း အဓိကထားတတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါက လေ့လာစရာ သဘောလောက်ပဲ ရှိသေးသည်။ လ...
တွေ လုပ်ရင်းကိုင်ရင်း လေ့လာသင်ယူရမှာတွေ တစ်ပုံတပ...
အမြင်လွယ်၊ အပြောလွယ်သလောက် အလုပ်မလွယ်။

ဒေါ်လေးကျော့နှင့်အတူ ဆိုင်ထွက်ရင်း ကျင့်သားရလာ...
သည်။ မြောရဲဆိုရဲရှိလာသည်။ ဈေးသည်တို့၏ အထာသဘော...
ကို ကြေကြေညက်ညက် မဟုတ်သည့်တိုင်၊ တီးမိခေါက်မိ...
လာသည်။

\+ \+ \+

ခြောက်လ ကျော်ခဲ့ပြီ။

ကိုယ့်ဟာကိုယ် ဆိုင်တစ်ဆိုင် ခွဲထွက်နိုင်လောက်သည့် အ...
အထားသို့ မရောက်သေး။ နှစ်ယောက် တွဲလုပ်ရင်း လုပ်င...
တိုးချဲ့ဖို့ စီစဉ်သိုက်ရ၏။ ကံအားလျော်စွာပဲဟု ဆိုရမည်။ န...
ခန်းတွဲဆိုင်ခန်းကို ဝယ်လို့ရလိုက်သည်။ လုပ်ငန်းတိုးချဲ့နိုင်သ...
နှင့်အမျှ အရောင်းအဝယ်ဖြစ်ထွန်းခဲ့ရာ၊ သခြေအနေ အတော်...
ကို ကောင်းခဲ့သည်။

ပြောစမှတ် ဖြစ်ရသည်မှာ ဒေါ်ကျော့တစ်ယောက်ထဲ ဆို...
ထွက်နေစဉ်က ရရစားစား၊ ဝါးဝါး မျှိမျှိဘဲ ရှိသည်။



ခု ခင်အေးမြင့်နှင့် တွဲလိုက်တော့ ဝင်ငွေစာရင်းမှာ မယုံကြည်နိုင်စရာသို့ရှိလာသည်။ အဲဒီတော့ ခင်အေးမြင့်မှာ အရောင်းအဝယ်လုပ်ငန်းနှင့် အပ်စပ်သည်၊ ကံလိုက်သည်ဟု ဆိုစရာဖြစ်ရသည်။

ပြောစမှတ် ဖြစ်မယ်ဆိုလည်း ဖြစ်လောက်စရာ အကြောင်းရှိသည်။ ဒေါ်ကျော့ထိုင်သည့် နာရီပိုင်းနှင့် ခင်အေးမြင့်ထိုင်သည့် နာရီပိုင်း အရောင်းအဝယ်ငွေချင်း မတူသလို၊ ရသည့်ရောင်းဈေးခြင်းလည်းမတူ။ ယှဉ်ချင်သလိုယှဉ်၊ ခင်အေးမြင့်က အမြဲတစ်လေးသာသည်။ ခင်အေးမြင့်ကို အရောင်း မျက်နှာပန်းပွင့်သူဟု သတ်မှတ်ရမည်ပါ။

ရုပ်ကလေးကလှလှ၊ မျက်နှာကချိုချို၊ အပြောက သွက်သွက်မို့ ရောင်းကုန်ကို ဆိုသည့်ဈေးနှုန်းနှင့်တည့်အောင် ရောင်းနိုင်စွမ်းရှိသူ ခင်အေးမြင့်မှာ၊ အမြဲတမ်း ဆိုင်ထိုင်ရသူ ဖြစ်လာ၍ ဒေါ်ကျော့ကအဝယ်တော်၊ ပစ္စည်းရှာသူ ဖြစ်လာသည်။ ဒေါ်ကျော့ဆိုင်တွင်ရှိသည့်အခါလည်း သူကဘေးထိုင်၊ ပစ္စည်းထုပ်ပိုးပေးသူနေရာမှာပဲနေသည်။

ဟိုတုန်းက သည်အကြောင်းတွေကို အမှုမဲ့အမှတ်မဲ့ ရှိခဲ့သော်လည်း၊ ခု ထောင်ထဲရောက်လို့ အတွေးစဉ် ကြွယ်မိတော့မှ မှတ်မှတ်ရရရှိလာသည်။

ထောင်ထဲမှာ စားပြီးအိပ်၊ အိပ်ပြီးစား၊ အချုပ်သမားဘဝမှာ အလုပ်ဟူ၍ မယ်မယ်ရရမရှိ။ သည်တော့ အများဆုံး အတွေးစဉ်ရသည်မှာ အတိတ်အကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



လူတို့သည် အောင်မြင်နေသောအခါ အနာဂတ် ရည်မှန်းချက်များနှင့် လုံးထွေး ရစ်သွယ် နေရသောကြောင့် အတိတ်အကြောင်း၊ အတိတ်ဘဝကို မေ့တတ်၏။ ဆုံးရှုံးမှုနှင့် ရင်ဆိုင်လာရသောအခါ အနာဂတ် ရည်မှန်းချက်မှာ အလိုအလျောက် မှေးမှိန်သွားလေရာ၊ အတိတ်အကြောင်းများသည် တရိပ်ရိပ် စိုးမိုးမင်းမူလာစမြဲရှိနေ၏။

ဒေါ်ခင်အေးမြင့်က ဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရသူ၊ ပစ္စုပ္ပန် အခြေအနေမှာ အကောင်းဘက်သို့ မျက်နှာမမူနိုင်။ အနာဂတ် ရောင်ခြည်မှာ ကွယ်ပျောက်နေသည်။ တရိပ်ရိပ် စိုးမိုးမင်းမူနေသည်မှာ အတိတ်အကြောင်း။

အတိတ်အကြောင်းကို ထားဘိအုံး။ ပစ္စုပ္ပန် အကြောင်းဆက်ရအောင်။

+ − + +

ဒေါ်စီစီဝင်းနှင့် ဒေါ်ရွှေဇင်တို့ အာမခံ ရသွားပြီးနောက် သူတို့အုပ်စုထဲသို့နောက်ထပ်လူသစ်ရောက်မလာ၊ သူတို့ကိုအုတ်နံရံ တက်ကပ်ပြီး သီးသန့်နေရာလေး ပေးထားသည်။ သူတို့နှင့် ကြမ်းတစ်ပြေးတည်းမှာ အခြားသောအချုပ်သမားတွေရှိပေမယ့်



နေရသည်မှာ သူတို့လိုသီးသန့်မကျရုံမက၊ တစ်ယောက်စာနေရာ၊ အနေအထားရပုံမှာလည်း ကျဉ်းသည်။

သူတို့ထက် အနေအထိုင်ရော နေရာအကျယ်အဝန်းပါ ပို၍ သီးသီးသန့်သန့် ကျယ်ကျယ်ဝန်းဝန်း နေရသူမှာ တန်းစီးနှင့် အခန်းလူကြီးတို့ ဖြစ်ကြ၏။ သူတို့တစ်ယောက်စာ နေရာသည် အခြားသော အကျဉ်းသားလေးငါးယောက်နေရ၊ အိပ်ရသော နေရာတမျှရှိချေ၏။

ထောင်ထဲမှာ တန်းစီးသော်လည်းကောင်း၊ အခန်းလူကြီးသော်လည်းကောင်း ဖြစ်ခဲ့ရင် စားသောက်နေထိုင်ရေး အားလုံးအပြင်မှာထက် သာသည်ဟု ဆိုရသော်၊ ဟုတ်နိုင်ပါမလားဟု မေးကောင်း မေးကြပါလိမ့်မည်။

ဟုတ်ပါသည်၊ တကယ့်ကို ဟုတ်ပါသည်ဟု ဖြေရပါမည်။

ထောင်ထဲမှာ ဝါဒါတို့၊ ထောင်မှူးတို့၊ အာဏာတန်ခိုးသွားပုံက တစ်မျိုး၊ တန်းစီးတို့၊ အခန်းလူကြီးတို့ ပါဝါတန်ခိုး အာဏာရှိပုံကတစ်မျိုး၊ သူတို့က ထောင်အမှုထမ်းတွေထက်ပို၍ ပါဝါအာဏာရှိကြသည်။

ထောင်အမှုထမ်းတွေက အဝေးအုပ်ချုပ်သူ၊ သူတို့က အနီးကပ် အုပ်ချုပ်သူ။ နီးရာဓား ကြောက်ရသည်ဟူသော ပမာ စကားလိုသာပ။

ထောင်ဝင်စာတွင် ပါလာသမျှ ပစ္စည်းကို သူတို့အား အရင် ပြသကြရသည်။ ပေးရောကမ်းရောကို လက်မတွန့် ပေးရသည်။ သူတို့လိုသည့်ပစ္စည်းများကို မှာကြားပေးရသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတော်ညှိုးပြီး အလိုမကျမှုကို ရှောင်တိမ်းတတ်ရသည်။ ထောင်ဝန်ထမ်းတွေကို မျက်နှာချိုးမသွေးဘဲ နေလို့ရသည်။ သူတို့ကို မျက်နှာချိုမသွေးဘဲ နေလို့မရ။

ကိုယ်က သူတို့ လက်ခုပ်ထဲက ရေ၊ သူတို့က သန်လိုသန်၊ မှောက်လိုမှောက်။ လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ ရှိသည်။ ပြဿနာဖြစ်လာပြီဆိုလျှင် သူတို့ဘက်က ဘယ်လောက်ပဲ လွန်လွန်၊ သူတို့ဘက်က အလွန်မရှိ၊ ကိုယ့်ဘက်သာ အလွန်။ သူတို့ဘက်က အရှုံးမရှိ၊ ကိုယ့်ဘက်က အရှုံး။ ထောင် အာဏာပိုင်တွေက သူတို့ပြောတာကိုပဲ အရေးထားသည်။ သူတို့က တူ၊ ကိုယ်က ပေ။ သူတို့က အထုသမား၊ ကိုယ်က အခံသမား။

ယောကျ်ားဆောင်ဘက်က တန်းစီးတို့၊ အခန်းလူကြီးတို့ဆိုတာ ဆိုးသေး။ ဟိုဘက်မှာ ဆိုဆဲသံ၊ ကြိမ်းသံ မောင်းသံ၊ အော်သံ ငေါက်သံ၊ ကျောမှာပေါ်မှာ ပြောတင်သံ စည်စည် ဝေ ရှိ၊ ပါတို။

သူ့တို့ မိန်းမဆောင်ဘက်မှာတော့ ယောကျ်ားဆောင်ဘက် လောက်မဆိုး၊ မိန်းမချင်းမို့ ညှာတာလေသလားမသိ။ အော်သံ ငေါက်သံနှင့် အလွန်ဆုံး ဆဲသံဆိုသံလောက်ပဲ ကြားရသည်။ ဒါတောင် နာမည်ဆိုးတွင်ကျန်ရစ်သည့် မိန်းမတန်းစီတွေ၊ မိန်းမထောင်မှူးတွေ ရှိသာ။

ပြောစမှတ် ပြုရသည့် လက်သံပြောင်သူတွေလည်း ရှိကြသည်။



လက်ရှိ တန်းစီး ဒေါ်လှမြင့်နှင့် အခန်းလူကြီး မခင်စိန်တို့မှာ ပြောစမှတ်ပြုရလောက်အောင် မကြမ်းတမ်း၊ အလကား နေရင်း အာဏာပါဝါမပြ။ စည်းကမ်းတကျ ရှိအောင်တော့ တစ်တင်ခွခွ ပြောဆို အုပ်ချုပ်တတ်သည်။ စည်းကမ်းဖောက် ဖျန်သူတွေကို ပြောပြီဆိုလျှင်တော့ ပယ်ပယ်နယ်နယ်၊ ပစ်ပစ် နှစ်နှစ် ပြောတတ်သည်။ ဝါးလုံးရှည်နှင့် သိမ်းမရမ်းတတ်။ ပြောရဆိုရမည့်သူကို နာမည်တတ်၍ ပြောတတ်ဆိုတတ်သည်။ သို့တစေ ကြားရသူများမှာ နားမချမ်းသာ။

ထောင်ထဲမှာ ပြဿနာမပေါ်အောင် နေနိုင်ကာမှ တန်ကာ ကျသည်။ အတင်းအဖျင်း ပြောလေ့ရှိသည့် မိန်းမသားတွေ စုညည်းနေသည့်နေရာတွေမှာ ပြဿနာ ခဏခဏပေါ်တတ်ရာ၊ အနေမတတ်လျှင် စကာကွင်းမလွတ် ဖြစ်တတ်သည်။

တစ်ခါတစ်ရံတော့လည်း အနေတတ်ပါလျက်နှင့် စကားကွင်း မလွတ် ဖြစ်တတ်သည်မျိုးလည်း ရှိသည်။

သူတို့လေးယောက်အုပ်စုတွင် သူတို့သုံးယောက်က အသက် အရွယ်ကြီးသူများဖြစ်သည့်အလျောက် အနေအထိုင် သိပ်သိပ် သည်းသည်းရှိသလို၊ အပြောအဆိုလည်း ဆင်ဆင်ခြင်ခြင် ရှိကြသည်။ တန်းစီးတို့၊ အခန်းလူကြီးတို့နှင့် ဆက်ဆံရာတွင် လည်း မှန်မှန် ဆက်ဆံကြသည်။ ထားထားသွယ်က သူတို့ သုံးယောက်လို မဟုတ်၊ သူက တစ်ဘာသာ။ အသက်လည်း အငယ်ဆုံး၊ အနေအထိုင်လည်း မတတ်၊ အပြောအဆိုကလည်း ပေါက်ဆတ်ဆတ်မို့ ပြဿနာ ခဏခဏ ပေါ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင့်တင့်က ကြားဝင်ထိန်းပေး၍သာ၊ နို့မဟုတ်လျှင် မလွယ်။ ပြဿနာသမားတွေကို စုဝေးထားသည့် အခန်းထဲကို ရောက်နေတာ ကြာပြီ။ အဲသည်အခန်းထဲ ရောက်လို့ကတော့ မစားသာ။ ကြမ်းကြမ်းတမ်းတမ်း အကိုင်အတွယ်ခံရမည်။ ယုံစံကြီး ပြန်ဝင်ရမည်။ အပွင်ပန်းဆုံး အလုပ်မှန်သမျှကို သူတို့ကိုပဲ ချထား လုပ်ကိုင်စေမည်။ အဲသည် အခန်းထဲက ကြည်ကြည်သာသာ ရယ်မောသံ၊ ရွှင်ရွှင်ပျပျ ပြောသံဆိုသံ ထွက်လာမျိုး ထုံးစံမရှိ။ တိုက်ပိတ်ခံရသော ယောကျ်ားအဆောင်သားများနှင့်မခြား ခံရသည်။ ခု ထားထားသွယ် အဲသည်အခန်းထဲကို ပြောင်းရတော့မည်ပေါ့။

သည်တစ်ခါ ပြဿနာမှာ ပေါ်တာက အချုပ်သားအချင်းချင်းနှင့် မဟုတ်၊ အခန်းလူကြီးနှင့်။

အများအမြင်ကတ်လောက်အောင်အခန်းလူကြီး မစိန်ခင်နှင့် ပလူးပလဲနေခဲ့ရာက စကားများကြကာ ဘယ်လိုကဘယ်လို စဖြစ်သည်တော့ မသိ၊ တရားလွန် ဆူဆူညံညံအသံထွက်လာတော့မှ သိကြတာ။ ဖျန်ဖြေဖို့ ဒေါ်တင့်တင့် ရောက်သွားပေမယ့် မမီလိုက်။ မစိန်ခင်လက်ဝါးက ထားထားသွယ်ပါးပေါ် ရောက်သွားသလို၊ ထားထားသွယ် သွားရာတွေက မစိန်ခင် လက်ဖျံမှာ အကွင်းလိုက်၊ သွေးခြင်းခြင်း နီလို့ပါ။

ထားတားသွယ်သတ္တိကိုတော့ ချီးကျူးစရာ။ ဒါပေမယ့် မိုက်ရူးရဲဆန်သည်လို့ ပြောရလေမလား။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်က ခံရမည့် နေရာမျိုးမှာ သတ္တိကို အလွဲသုံးစား မပြုသင့်ပါ။



အချင်းဖြစ်ကိစ္စကို အဆောင်ထောင်မှူးလေးက စစ်ဆေးသည့်အခါ ထားထားသွယ်နှင့် အနီးကပ်ဆုံး နေထိုင်သူ သုံးဦးက သက်သေလိုက်ရသည်။ သက်သေလိုက်ရပြီဆိုတော့ လူကြီးမပီသနိုင်၊ ကိုယ့်လူသက်သာအောင် မမြင်တာ မကြားတာတွေကို မြင်ရ၊ ကြားရသလို ထွက်ဆိုချက်ပေးရသည်။

သည်တော့ မစိန်ခင်က သူတို့ကိုအညှိုးထားပြီး ခနဲ့စကား၊ ကလိစကား၊ ရိစကားတွေကို မကြားတကြားတစ်မျိုး၊ တမင်ကြားအောင် တစ်မျိုးပြောခဲ့ဆိုခဲ့ရာ၊ နားခံသာတာလည်း ပါသည်၊ နားမခံသာသည်လည်း ပါသည်။

ကိုယ်က ပြဿနာမလုပ်ပေမယ့်၊ စက်ကွင်းမလွတ် ခံလိုက်ရခြင်း။

သူပြောတာတွေကို မခံနိုင်လို့ တုံ့ပြန်ခဲ့ရင်၊ ထားထားသွယ် ပြောင်းသွားရသည့် အခန်းကို သူတို့လည်း လိုက်ရလိမ့်မည်။ ဒါကြောင့်၊ ခွေးဟောင်တိုင်း ထမကြည့်နိုင်ဆိုသော စကားအတိုင်း နေလိုက်ရပါသည်။

ကိုယ်ကအနေတတ်ပါလျက်စက်ကွင်းမလွတ်ဖြစ်ရသည့်မျိုး။

ထားထားသွယ်အတွက် စိတ်မကောင်း ဖြစ်ကြရသည်။ ပါးလည်း အရိုက်ခံရသေး၊ အခန်းလည်းပြောင်းသွားရသေးမို့ မီးအေးနှစ်ခါနာဆိုသလို ဖြစ်ရသည်။

သူတို့နှစ်ယောက် ပြဿနာ ဖြစ်ရသည့် အကြောင်းရင်းကို နောက်မှ သိရသည်။ မိတ်ကပ်ဘူးကိစ္စ။ မစိန်ခင်က ထားထားသွယ်ဆီက မိတ်ကပ်ဗူးခဏယူကြည့်ပြီး၊ သူ့ကို ပေးဖို့ တောင်းသည်၊ ထားထားသွယ်က သူ့မှာ ဒါပဲ ရှိတာမို့

www.burmeseclassic.com



နောက်တစ်ခေါက် ရှီးထွက်မှာ ပေးပါမည်ဆိုပြီး တောင်းပန်သည်ကို မစိန်ခင်က လက်မခံဘဲ မီတ်ဇာပ်ဘူးကို အတင်းယူလိုက်ရာ၊ ထားထားသွယ်က မစိန်ခင် နောက်သည်ထင်ပြီး ပြန်လုသွားရာကစ၍ သူတို့နှစ်ယောက် ရန်ပွဲကို စတင်ခဲ့ကြသည်။

ကဲ....ဘယ်သူ လွန်သလဲ။

ထောင်ဆိုသည်မှာ....

# အခန်း (၈)

ရှီးထွက်ရမည့်နေ့ ရောက်လာတိုင်း....

ထွန်းထွန်းအစ်ကို သိန်းဦးနှင့် မှူးဆရာဝန်ကို စစ်ဆေးမည်။ သူတို့နှစ်ယောက်ကို စစ်ဆေးပြီးရင် စွဲချက်တင်သင့်မတင်သင့် လျှောက်လဲချက် ပေးရမည်။

စွဲချက်တင်ကြောင်း ဆုံးဖြတ်လျှင် ဒေါ်ခင်အေးမြင့်တို့အလှည့်၊ စွဲချက်မတင်ကြောင်း ဆုံးဖြတ်လျှင် အမှုပြီးပြီ။

အမှုကနေ ကွင်းလုံးကျွတ် လွတ်လိမ့်မည်လို့ မျှော်လင့်ထားမျှ ကြိုးတို့ကျွန်းတို့မကျနိုင်။ ထောင်ဒဏ်တော့ ကျခံရမည်။ ဘယ်ရွှေဘယ်မျှ ဖြစ်မည်ဆိုသည်ကိုတော့ မခန့်မှန်းနိုင်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ဝတ်စုံသုံးစုံရှိသည်။ ထောင်ထဲမှာနေစဉ်ဝတ်သည့် ဝတ်စုံနှစ်စုံနှင့် ရုံးထွက်ဝတ်ဖို့ထားသည့် ဝတ်စုံတစ်စုံ။ ထောင်ထဲမှာနေစဉ် အလဲအလှယ်နှင့် ဝတ်နေသည့် ဝတ်စုံနှစ်စုံမှာ တစ်ပတ်နွမ်း ဝတ်စုံများဖြစ်၍ အလျှော်အဖွပ် များလွန်းသောကြောင့် အရောင်အသွေးပြယ်စပြုနေပြီ။ ရုံးထွက်ဝတ်စုံပဲ အကောင်းရှိသည်။ ဒါကောင်မှ သိပ်အကောင်းကြီးမဟုတ်။ သင့်တင့်ရုံမျှသာ။

ထောင်ထဲရောက်ကတည်းက မျက်နှာပေါ်ကို မိတ်ကပ်လုံးဝ မတင်။ သနပ်ခါးရည်ကျဲလေးတောင်မှ ရုံးထွက်နေ့ လောက်ပဲ လိမ်းသည်ဆိုရုံ လိမ်းခဲ့သည်။ ထောင်ထဲမှာနေစဉ် လုံးဝ မလိမ်း။

ရုံးထွက်ဝတ်နေကျဝတ်စုံမှာ ချော့ကလက်ဆောင် အင်္ကျီနှင့် အပြာရင့်အောက်ခံ ပါတိတ်လုံချည်။ တရားရုံးအချုပ်ခန်းမှာ ညစ်ညစ်ပတ်ပတ် မဟုတ်စေကာမူ၊ သန့်သန့်ရှင်းရှင်းရှိသည်ဟုလည်း မဆိုနိုင်ရာ။ နံရံတို့ ဘာတို့က ကျောမှီလို့ မကောင်း။ အင်္ကျီပေမှာကြောက်သဖြင့် ဘယ်တော့မှ ကျောမမှီ။ တစ်ခါတလေ တစ်နေကုန် တောင့်တောင့်ကြီး ထိုင်နေရသည်မှာ ပင်ပန်းလွန်းလှ၏။

ဒါကြောင့်လည်း ရုံးထွက်အပြန်နေ့တွင် ဇက်ကြောတွေတက်ပြီး အိပ်မပျော်ဖြစ်ရသည်။

အချုပ်ကားပေါ်က ဆင်းဆင်းချင်း ဒေါ်လေးကျော့ကို လှမ်းတွေ့လိုက်ရသည်။ မျက်ခုံးညိုကြောင် ဝေ့လည်လည်နှင့်။ စကားမပြောရ။ အပြုံးခံ၍ခေါင်းညိတ်နှုတ်ဆက်လိုက်ရသည်။ အချုပ်ခန်းထဲဝင်ပြီး ခဏကြာတော့မှ အစောင့်ရဲနှင့် နားလည်မှုယူပြီး စကားပြောရသည်။ ဒူးယားတစ်ဘူးက အလိပ်နှစ်ဆယ်။ နှာရှိုက် စကားပြောရသမို့ တစ်လိပ်ကို တစ်မိနစ်ခွဲနှုန်း။ သူ့နေရာနှင့်သူတော့ သည်လိုပဲ ရှိရလိမ့်မည်ပါ။

'ဒေါ်လေး နေကောင်းတယ်နော်'

'အေး....ကောင်းပါတယ်၊ ညည်းကော နေကောင်းရဲ့လား'

'ကောင်းပါတယ်၊ ဒေါ်လေး'

'ညည်းတောင် ဝလာသလားလို့'

ထောင်ထဲရောက်စကနှင့် မတူတော့ပါ။ ရောက်စကအတော်လေး ပိန်ချုံးကျသွားသည်။ ဟိုတုန်းက လုံးတီးနဲ့လည်း မတွေ့သေး၊ အအိပ်အနေလည်း မမှန်သေး၊ သောကဗျာပါရကလည်း အလွန်အကျူး ဖိစီး နှိပ်စက်နေသည်။

ခု လုံးတီးနှင့် တည့်လာပြီ၊ အအိပ်အနေမှန်လာပြီ၊ သောကဗျာပါရလည်းငြိမ်သွားပြီ။ လုံးတီးနှင့်တည့်သွားလျှင် အသားတိုးဆေးစားစရာမလို။ သောကငြိမ်သွားလျှင် အိပ်ရေးဝဝ အိပ်လို့ရသည်။

တူဝရီးနှစ်ယောက် ပြောနေသည့် စကားများမှာ အစီအစဉ် မရှိ၊ ရောက်တတ်ရာရာကို သူတစ်လှည့် ကိုယ်တစ်လှည့် ပြောနေကြသည်ပါ။ ဒေါ်လေးကျော့က ထောင်ဝင်စာမလာနိုင်ပါ ဒါကြောင့် ရုံးထွက်ကို လာရသည်။ ဝယ်ချမ်းလာသည့်မုန့်များတွေ များလွန်းလို့ တချို့တစ်ဝက်ကို အတင်းတောင်းတောင်း ပန်ပန်ဖြင့် ပြန်ပေးရသည်။

www.burmeseclassic.com



ရိုးထွက်နှင့် ထောင်ဝင်စာ မတူ။

ထောင်ဝင်စာမှာ ပစ္စည်းများများ ပေးခွင့်ယူခွင့်ရှိသော်လည်း ရိုးထွက်မှာ ထောင်ဝင်စာလို ယူခွင့်မရ။

ဒေါ်လေး ပြန်ထွက်သွားသည်နှင့် ရှေ့နေကြီး ဦးခင်မောင်ထွန်း ရောက်လာသည်။ မိတ္ထီလာကနေ သမီးပေးလိုက်သည့်စာကို လာပေးခြင်းပါ။

ရှေ့နေကြီးတို့ကျတော့ အစောင့်ရဲနှင့် နားလည်မှုလုပ်စရာမလို။ လက်ဖက်ရည်တို့၊ ဒူးယားတို့မလို။ ရှေ့နေက သူ၏တရားခံနှင့် အချိန်မရွေး တွေ့ဆုံပိုင်ခွင့် ရှိသည်။

ရှေ့နေကြီးက ကြာကြာမနေ၊ စာပေးနှုတ်ဆက်ပြီးပြန်ထွက်သွားရာ အမှုအတွက် မပူဖို့ နှစ်သိမ့်စကားလည်း ပြောသွားသည်။

စာထဲမှာ ဒေါ်အေးတင့် ကျန်းမာရေးအခြေအနေမကောင်းလို့ မလာနိုင်သည့်အကြောင်း၊ ဦးခင်မောင်ထွန်းရေးလိုက်သည့်စာထဲမှာ အမှုအခြေအနေ ကောင်းသည့်အကြောင်း ပါလာ၍ စမ်းသာရကြောင်း၊ မှာစရာရှိတာကို ဦးခင်မောင်ထွန်းနှင့်မှာရင် ဖုန်းဆက်ပြောပေးလိမ့်မည့်အကြောင်းနှင့် သာကြောင်းမာကြောင်းများ ရေးထားသည်။

သည်အမှု ဖြစ်ရခြင်းအကြောင်းနှင့်၊ ထောင်ထဲရောက်ရခြင်းအကြောင်း မကောင်းသော်လည်း သမီးဖြစ်သူနှင့် ဆက်ဆံရေးပြည့်ပြည့်ဝဝ ပြေလည်မှု ရှိလာသည်မှာ ကောင်းသောအနေအထားဟု ဆိုရမည်။

တရားရုံးက အမှုခေါ်ပြီ။



တရားခွင်တွင် ထွန်းထွန်း၏အစ်ကို ကိုသိန်းဦးက တရားလိုပြသက်သေအဖြစ် အစစ်ခံ ထွက်ဆိုသွားသည့် ထွက်ဆိုချက်မှာ အမှုပိုခဲလေးရေးကို ဦးတည်ချက်ထား၍ အမှန်အကန် ထွက်ဆိုချက် မထားခဲ့ပေ။

တရားရုံးတွင် သက်သေများအဖြစ် လွတ်လပ်စွာ ထွက်ဆိုပိုင်ခွင့်ရှိသည်။ နှစ်ဘက်သော သက်သေများ၏ ထွက်ဆိုချက် မှန်-မမှန်၊ အမှုအတွက် လက်ခံသင့်-မခံသင့်ဆိုသည်ကို တရားစီရင်ရေးအဖွဲ့ကသာ အဆုံးအဖြတ် ပြုလုပ်မည်ဖြစ်ရာ၊ အမှန်အကန် ထွက်ဆိုချက် မဟုတ်ကြောင်း ပေါ်လွင်အောင် ပြသရမည်မှာ ရှေ့နေများ၏ ပညာစွမ်းပေါ်တွင် တည်ပေသည်။

ဦးသိန်းဦး၏ ထွက်ဆိုချက်မှာ....

အချင်းဖြစ် မှုခင်း၏ တရားခံဖြစ်သူ ဒေါ်ခင်အေးမြင့်နှင့် သူ၏ညီ ထွန်းထွန်း(ခေါ်)သိန်းဆွေတို့ အသက်ထက်ဝက်နီးပါး ကွာခြားပုံ၊ ထွန်းထွန်း၏ စီးပွားရေးအခြေအနေ အလွန်ကောင်း၍ ဝင်ငွေရွှင်နေသောအချိန်တွင် ယောကျ်ားများနှင့် ပေါင်းသင်းဆက်ဆံမှုကျွမ်းသော မုဆိုးမ ဒေါ်ခင်အေးမြင့်က လူပျိုနုနုထွတ်ထွတ်၊ မိန်းမနှင့် အတွေ့အကြုံမရှိသော ထွန်းထွန်းကို မိန်းမမာယာကွန်ယက်ကို ဖြန့်ကြက်၍ ဖျားယောင်းသွေးဆောင်ယူခဲ့ပုံ၊ ထွန်းထွန်းရှာဖွေခဲ့သော ငွေကြေးများဖြင့် အရောင်းအဝယ်လုပ်ငန်းကို ချဲ့ထွင်ပြီး လက်ရှိနေအိမ်ကို ဝယ်ယူခဲ့ပုံ၊ လုပ်ငန်းချဲ့ထွင်မည့် အစီအစဉ်နှင့် အိမ်ဝယ်မည့် အစီအစဉ်များ တိုင်ပင်ခဲ့ပုံ၊ ထို့သို့ ထွန်းထွန်းနှင့် ပေါင်းသင်းနေစဉ် အခြားယောကျ်ားများနှင့် မရှင်းမလင်းသော ပြဿနာများ၊ အရှုပ်အထွေးများ

www.burmeseclassic.com

www.burmeseclassic.com



ရှိသာသောကြောင့် ထိုကိစ္စနှင့်မတ်သက်၍ မကြာခဏ လင်မယားစကားများကြပုံ၊ ထိုသို့ ပြဿနာဖြစ်တိုင်း သူ့အား လာရောက်၍ တိုင်ပင်ရင်ဖွင့်ပုံ၊ လင်မယားကွာရှင်း၍ စီးပွားရေးလုပ်ငန်း၊ အတွင်းပစ္စည်းများနှင့် လက်ရှိနေအိမ်ကို တန်ဖိုးဖြတ်၍ခွဲရန် ပြောဆိုခဲ့ပုံ၊ ညီဖြစ်သူ ထွန်းထွန်းမှာ ထိုကိစ္စများကြောင့် စိတ်ညစ်ပြီး [illegible]တစ်ရုံ အပေါင်းအသင်းများနှင့် အပျော်အပါးသောက်သည့် အပျော်သမားအဖြစ်မှ နေ့စဉ်သောက်သည့် အရက်သမား ဖြစ်ခဲ့ပုံ၊ ထွန်းထွန်းက ကွာရှင်း၊ ပြတ်စဲရေးအတွက် အတင်းအကျပ်ပြောသည့်အခါ ထွန်းထွန်း၏ အသက်အန္တရာယ်ကို ရန်ရှာ၍ လုပ်ခဲ့ပုံ၊ နောက်ဆုံး လူသတ်မှုဖြစ်ပွားသည်အထိ ဖြစ်ရပ်ပုံများကို အကျယ်တဝင့် ထွက်ဆိုသွားခဲ့၏။

သိန်းဦးက ထိုသို့ ထွက်ဆိုအစစ်ခံနေစဉ် ဒေါ်ခင်အေးမြင့်မှာ ထုံးစံအတိုင်း ခေါင်းငုံ့ထားသော်လည်း ခါတိုင်းလို မဟုတ်ဘဲ မျက်ရည်များ တတွေတွေစီးကျပြီး အသားတွေ တဆတ်ဆတ်တုန်နေသည်။ အရှက်လွန်သောကြောင့် လုံးဝ ခေါင်းမဖော်ရဲတော့ပေ။

သိန်းဦး၏ ထွက်ဆို အစစ်ခံချက်မှာ တကယ့်ဖြစ်စဉ် ဖြစ်ရပ်များနှင့် တခြားစီ ပြောင်းပြန်လှန်၍ ထွက်ဆိုသွားခြင်း ဖြစ်သည်။

သည်တစ်ပတ် ရုံးထွက်နေ့ သမီးမလာလို့ တော်သေးသည်။ သမီးလာလျှင် သမီးမျက်နှာ ဘယ်သို့ရှိနေမှာပါလိမ့်။ သူတောင်မှ ဘယ်လို မျက်နှာထားရမှန်းမသိ။ တရားခွင်မှ



အချုပ်ခန်းသို့အပြန်တွင် ခေါင်းငိုက်လျက်သား၊ ခြေလှမ်း အမှားမှား အယွင်းယွင်း လျှောက်ခဲ့ရသည်။

'ဘယ်သူမပြု မိမိမှု' ဆိုသော ပမာစကားမှာ မှန်လွန်းလှ၏။ ကိုယ်ပြုခဲ့သော အမှားကြောင့် ကိုယ်သာ တရားလွန်အရှက်ကို ရခဲ့ပါလေပြီ။

\+ \+ \+

ကိုသိန်းဦး အစစ်ခံ ထွက်ဆိုနေစဉ် ဦးခင်မောင်ထွန်းက ဒေါ်ခင်အေးမြင့်ကို တိုးတိုးလေးမေးလိုက်၊ မှတ်စုထဲမှာ မှတ်လိုက်ဖြင့်မေးခွန်းအတွက် ပြင်ဆင်နေသည်။

တရားရုံးတွင် ထွက်ဆိုနေသည့် အစစ်ခံထွက်ဆိုချက်ကို ဟန့်တားပိုင်ခွင့်မရှိ။ မဟုတ်တာတွေ မမှန်မကန်တာတွေ ထွက်ဆိုနေပါသည်ဟု ပြောပိုင်ခွင့်မရှိ။ မမှန်မကန် ထွက်ဆိုသွားကြောင်း ပေါ်လွင်အောင် တရားစီရင်ရေးအဖွဲ့က လက်ခံနိုင်အောင် သက်သေထွက်ဆိုချက်ကို မေးခွန်းဖြင့် လည်းကောင်း၊ လျှောက်လဲချက်ဖြင့် လည်းကောင်း၊ ချေဖျက် ပစ်ရမည်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်း အလှည့်တွင်....

ဦးခင်မောင်ထွန်း။ ။'ကိုသိန်းဦးက ကုန်သည် လုပ်တယ် ဆိုတာ ဘယ်ဇို ကုန်ပစ္စည်းကို အရောင်း အဝယ်လုပ်ပါသလဲ'

ကိုသိန်းဦး။ ။'ကျွန်တော်က ကုန်တစ်မျိုးထဲ အရောင်း အဝယ်လုပ်တာ မဟုတ်ပါဘူး၊ ကုန်အမျိုးမျိုး အရောင်းအဝယ်လုပ်ပါတယ်'

ထွန်း။ ။'ဆိုင်တွေ ဘာတွေ ဖွင့်ပြီး ရောင်းဝယ်တာလား၊ သွားရင်းလာရင်း ဟိုဝင်သည်ထွက်ရောင်းတာလား'

ဦး။ ။'သွားရင်း လာရင်း၊ ကျဗန်း အရောင်းအဝယ် လုပ်တာပါ'

ထွန်း။ ။'ဒါဖြင့်အတည်တကျ မရှိဘူးပေါ့'

ဦး ။ ။'ဟုတ်ပါတယ်'

'ကုန်သည်ဟု ထွက်ဆိုပေမယ့်၊ တကယ့် ကုန်သည် မဟုတ်ကြောင်း၊ မယ်မယ်ရရ အလုပ်အကိုင် အတည်တကျ မရှိကြောင်း ပေါ်လွင်အောင် မေးမြန်းလိုက်သည်ပါ။

ထွန်း။ ။'ကိုသိန်းဦးရဲ့ ထွက်ဆိုချက်ထဲမှာ ထွန်းထွန်း ရှာဖွေခဲ့တဲ့ ငွေကြေးနဲ့ အရင်းတည်ပြီး၊ ဒေါ်ခင်အေးမြင့်တို့ အရောင်းအဝယ်လုပ်ကြတယ်လို့ ထွက်ဆိုသွားတယ်နော်'

ဦး ။ ။'ဟုတ်ပါတယ်'



ထွန်း။ ။'ဒေါ်ခင်အေးမြင့်က ထွန်းထွန်းနဲ့ အိမ်ထောင်မပြုခင်ကတည်းက၊ သံဈေးထဲမှာ နှစ်ခန်းတွဲ ဆိုင်ကြီး ဖွင့်ပြီး အရောင်းအဝယ်လုပ်ခဲ့ပါတယ်လို့ ပြောရင် ကိုသိန်းဦး ငြင်းမလား'

နည်းနည်း ကြောင်သွားသည်။

ဦး ။ ။'အဲဒါတော့ ကျွန်တော် မသိပါဘူး'

ထွန်း။ ။'ကျွန်တော်မေးတာကို မဟုတ်ဘူးလို့ ငြင်းမလား'

ဦး ။ ။'အဲဒီတုန်းက အကြောင်းကို မသိလို့ မသိဘူးလို့ ပြောတာပါ'

ထွန်း။ ။'ကောင်းပါပြီ၊ ကျွန်တော်ဆက်မေးပါမယ်၊ ဒေါ်ခင်အေးမြင့်က ထွန်းထွန်းကိုဘဲ ဖြားယောင်းသလား၊ ထွန်းထွန်းကပဲ ဒေါ်ခင်အေးမြင့်ကို အထင်းအကြပ်ကိုင်ပြီး ပေါင်းသင်းခဲ့လား ဆိုတာကို ကျွန်တော်သည်လည်းကောင်း၊ ခင်ဗျားသည် လည်းကောင်း မသိနိုင်ပါဘူးဆိုရင် ဘယ်လိုပြောမလဲ'

ဦး ။ ။'ဒါကို ကျွန်တော်မပြောတတ်ပါဘူး'

ထွန်း။ ။'ကျွန်တော်မေးတာက သူတို့နှစ်ဦးချင်းဖြစ်တဲ့ ကိစ္စကို၊ ခင်ဗျားတို့ ကျွန်တော်တို့ ဘေးလူတွေက ဘယ်လိုလုပ်ပြီး အတိအကျ သိနိုင်ပါ့မလဲ၊ ထင်ကြေးသဘောပြောတာပဲ ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား'

ဦး ။ ။'ဟုတ်ပါတယ်'

ရှေ့နေကြီး နှင်းကွက်ထဲသို့ ပါလာပြီ ဆိုသည့် သဘောပါ။

www.burmeseclassic.com

www.burmeseclassic.com



ထွန်း ။ ။ 'ဒေါ်ခင်အေးမြင့်တို့ ဆိုင်ကြီးဟာ ထွန်းထွန်းနဲ့မေ ခင်ကရော ရှိပြီးမှရော ဘာမှ ပိုမထူးပဲ ယခင်က အတိုင်းပဲရှိပါတယ်ဆိုရင် ဘာပြောမလဲ'

ဦး ။ ။ 'ကျွန်တော်က ချဲ့ထွင်တာကို ပြောတာပါ'

ဦး ။ ။ 'ချဲ့တယ်ဆိုတာ မူလဘိုင်နှစ်ဆိုင်ကနေ သုံးဆိုင်လေး ဆိုင်ဖြစ်အောင် ချဲ့တာလား၊ သုံးစွဲလိုနေရာကနေ ဗိုလ်ချုပ်ဈေးလိုနေရာကိုပြောင်းပြီး ဆိုင်ချဲ့ ဖွင့်တာ လား၊ ဘယ်လိုချဲ့တာမျိုးကို ဆိုလိုတာလဲ'

ဦး ။ ။ 'ခါတိုင်းထက်၊ ဆိုင်မှာပစ္စည်းတွေပိုတင်ပြီး၊ ရောင်း ဝယ်တာကို ပြောတာပါ'

ထွန်း ။ ။ 'ဒါဖြင့် ချဲ့တယ်ဟုတ်ဘူးပေါ့'

ဦး ။ ။ 'ကျွန်တော် မပြောတတ်ပါဘူး'

ထွန်း ။ ။ 'ထားပါ၊ အခု လက်ရှိ အလုံကအိမ်ဟာ မောင် ထွန်းထွန်းနဲ့အိမ်ထောင်မပြုခင်ကတည်းက ဒေါ်ခင် အေးမြင့် ဝယ်ထားတဲ့အိမ်လို့ ပြောရင် ကိုသိန်းဦး ဘာပြောမလဲ'

ဦး ။ ။ 'သူတို့အိမ်ထောင်ကျပြီးမှ ဝယ်တာပါ'

ထွန်း ။ ။ 'ကိုသိန်းဦး အတိအကျ ပြောနိုင်တယ်ပေါ့'

ဦး ။ ။ 'ဟုတ်ပါတယ်'

ဦးခင်မောင်ထွန်း၏ မျက်နှာပေါ်မှာ ကျေနပ် အားရသည့် အရိပ်အယောင် ထင်ရှစ်သွားသည်။

ဦးခင်မောင်ထွန်း ။ ။ 'တရားစီရင်ရေး အဖွဲ့ကို ကျွန်တော် ကြားဖြတ် လျှောက်ထားပါရစေ'



အဖွဲ့ဥက္ကဋ္ဌ ။ ။ 'ပြောပါ'

ဦးခင်မောင်ထွန်း ။ ။ 'ဒေါ်ခင်အေးမြင့်ပိုင်တဲ့ ဆိုင်နဲ့ အိမ်ကို ဝယ်တဲ့ စာချုပ်စာတမ်းများကို၊ နောက်တစ်ပတ် ရုံးချိန်းမှာ သက်သေခံအဖြစ် တင်ခွင့်ပြုဖို့ပါ'

အဖွဲ့ဥက္ကဋ္ဌ ။ ။ 'တင်ပြနိုင်ပါတယ်'

ထွန်း ။ ။ 'ဒေါ်ခင်အေးမြင့်ဟာ၊ အခြားသော ယောကျ်ား များနဲ့ မရှင်းမလင်း၊ အရှုပ်အရှင်း ရှိကြောင်းကို ထွန်းထွန်းက ကိုသိန်းဦးကို ဘယ်လိုအထောက် အထားတွေနဲ့ ပြောသွားတာပါလဲ'

ဦး ။ ။ 'ဖောက်ပြားနေတာကို သူသိတယ်လို့ပဲ၊ ပြောပါ တယ်'

ထွန်း ။ ။ 'ဆင်ကြေးပြောတဲ့ သဘောပေါ့၊ ဒီလို ဆိုလိုပါ သလား'

ဦး ။ ။ 'သူကတော့ အတိအကျသိတယ်လို့၊ ပြောပါတယ်'

ထွန်း ။ ။ 'ဘယ်သူ့ဘယ်ဝါနဲ့ ဘယ်လိုဆိုတာကော ပြောဖူး သလား'

ဦး ။ ။ 'ပြောပေမယ့် ကျွန်တော်လဲ အတိအကျ မှတ်မထား ပါဘူး'

ထွန်း ။ ။ 'ကောင်းပါပြီ၊ ထားပါ၊ ကွာရှင်းပြတ်စဲဖို့ကိစ္စကို ရပ်ကွက်ကောင်စီမှာ တိုင်ကြား ဖြေရှင်းတာတို့၊ တရားရုံးကို ဦးတိုက်လျှောက်ထားတာတို့ ရှိခဲ့ဖူး သလား၊ မရှိဘူးလား၊ ကိုသိန်းဦး ဘယ်လိုများ သိပါသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဦး ။ ။'ကောင်စီတို့ ဘာတို့အဆင့် မရောက်သေးပါဘူး သူတို့လင်မယားချင်း ပြောကြတဲ့ အဆင့်ပါပဲ'

ထွန်း။ ။'ထွန်းထွန်း အရက်သောက်တာ ဒေါ်ခင်မအေးမြင်ဖူး မယူခင်ကတည်းက မသောက်နေတာပါဆိုရင် ဘယ်လိုပြောမလဲ'

ဦး ။ ။'အရင်က မသောက်တတ်ပါဘူး'

ဦးခင်မောင်ထွန်းက တရားစီရင်ရေးအဖွဲ့ကို အရှိအသေပြု ထိုင်ချလိုက်သည်။

အစိုးရရှေ့နေကြီးက ကိုသိန်းဦးထွက်ဆိုချက်ကို ပို၍ ခိုင်မာစေသော မေးခွန်းများ မေးမြန်းခဲ့သည်။ တစ်ချို့ လမ်းကြောင်းပြမေးခွန်းများ ပါပေမယ့် ဦးခင်မောင်ထွန်းက မကန့်ကွက်တော့ပေ။ သူ့ဘက်က အခြေအနေကောင်းသည်ဟု ယူဆထားသောကြောင့်ပါ။

ဆရာဝန်၏ ထွက်ဆိုချက်မှာ ထုံးတမ်းစဉ်လာအတိုင်း ထွက်ဆိုသွားသောကြောင့် အထူးတလည် မေးခွန်းများ မမေးမြန်းတော့ပါ။

တရားလိုဘက်ကကိစ္စ ပြီးသွားပါပြီ။

နောက်တစ်ပတ်ရုံးချိန်းတွင် စွဲချက် တင်သင့်-မဆင်သင့် လျှောက်လဲချက်ပေးရမည်။ ရုံးချိန်းမှာ ခါတိုင်းလောက် ရက်မခွာ၊ နှစ်ပတ်ပဲ ခွာချိန်းလိုက်သည်။

အမှုကိစ္စအတွက် ဦးခင်မောင်ထွန်းနှင့် နာရီဝက်လောက် စကားပြောရသည်။ သမီးထံဖုန်းဆက်ဖို့ အကူအညီတောင်းလိုက်၏။ နောက်တစ်ပတ်ရုံးချိန်း မလာရန် မှာလိုက်ခြင်းပါ။



သိန်းဦး၏ ထွက်ဆိုချက်ကြောင့် ကြီးစွာသော စိတ်အနှောက်အယှက် ဖြစ်ရခြင်းနှင့်အတူ ခံပြင်းနာကျည်းစိတ်လည်း လွန်စွာ်မင်းမင်း ဖြစ်ရသည်။ ရင်ထဲမှာ တစ်နှံ့နှံ့ ခံစားနေရသည်။

တကယ်တော့ သိန်းဦးကို အပြစ်မတင်သာ။ ညီဖြစ်သူအတွက် အင်ကိုတစ်ယောက်အနေဖြင့် သည်ထက်ကောင်းသော ထွက်ဆိုချက်မျိုး ပေးသင့်ပါသည်ဟု ဆိုရပါမည်။

အဲသည်နေ့ ထောင်အပြန်ခရီးမှာ၊ အချုပ်ကားကြီးပေါ်တွင် စိတ်မကြည် ကိုယ်မလန်းဘဲ နွမ်းရိစွာ လိုက်ပါခဲ့ရသည်။ ခေါင်းလုံး မူးဝေနောက်ကျိနေသည်။ အဆောင်သို့ ပြန်ရောက်သည့်အခါ ဒေါ်တင့်တင့်ဖျိုကိုသော်မှ စကားကောင်းကောင်း ပြန်မပြောနိုင်။ ကိုယ့်နေရာမှာ ခွေခွေကလေး လှဲလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးထွက် အပြန်သမားများမှာ အများအားဖြင့် ကြည်ကြည်သာသာ ရွှင်ရွှင်ပျပျမရှိကြ။ ပြည်တန်ဆာအမှုနှင့်ရောက်နေသူ မဉ္ဇူးလုံးတစ်ချို့သာ ပြန်လာလျှင် ဟီလာတိုက်မပျက်ရှိကြသည်။

\+ \+ \+

သူတို့က အမြင်မှာလည်း ပျော်ပျော်ပါးပါး၊ ထောင်ထဲရောက်တော့လည်း ပျော်ပျော်ပါးပါး၊ စားလိုက် သောက်လိုက် ရယ်ရယ်မောမော နေနိုင်ကြသည်။ သူတို့က ဘဝကိုအလေးအနက် မထားကြပေ။

ထိုနေ့ညက ပွဲမြို့တော် ပျက်သွားသည်။

ပုတီးစိပ်ခြင်းနှင့် တရားထိုင်ခြင်း။

နေ့စဉ် တစ်နေ့လေးကြိမ် ပုတီးစိပ်၍၊ တစ်နေ့လေးကြိမ် ဝတ်မပျက် တရားထိုင်ခဲ့သည်မှာ နှစ်လနီးပါးမျှ ရှိခဲ့ပြီ။

သာဒမန် ပွဲလုပ်ခြင်းမျိုးမဟုတ်ဘဲ အလေးအနက်ထား၍ ပွဲလုပ်ခဲ့သည်။



မနက်လေးနာရီတွင် တစ်ကြိမ်။

နေ့လည်တစ်နာရီတွင် တစ်ကြိမ်။

ညနေခြောက်နာရီတွင် တစ်ကြိမ်။

ညကိုးနာရီတွင် တစ်ကြိမ်။

အထက်ပါအတိုင်း ပုံမှန်ထိုင်ခဲ့ရာ တစ်ကြိမ်လျှင် တစ်နာရီခန့်မျှ ကြာ၏။

ထောင်ထဲတွင် ပုတီးစိပ်တရားထိုင်ရသည်မှာထက် ပို၍ စိတ်တည်ငြိမ်သည်။ ဆူဆူညံညံ အသံများ ကင်းဝေးသည်ကတစ်ကြောင်း၊ ဗဟိုရကိစ္စ အထွေထွေ နည်းပါးသည်က တစ်ကြောင်း လောကဓမ္မတာ စားဝတ်နေမှုကိစ္စများ မရှုပ်ထွေးသည်က တစ်ကြောင်းကြောင့် ပို၍ ထိရောက်မှု ရှိသည်။

တကယ်ကတော့ ဒေါ်ခင်အေးမြင့်က ထောင်ထဲရောက်မှသိဝေဂရပြီး တရားဓမ္မလုပ်ငန်းများ မွေ့လျော်သည် မဟုတ်ပါ။ အိမ်ထောင်မကျခင် ကတည်းက ထို လုပ်ငန်းများနှင့်ယဉ်ပါးခဲ့၍ အိမ်ထောင်ကျပြီးနောက် ဝေဘူဆရာတော်နှင့်ထောင်ပွဲလုဆရာတော်ဘုရားကြီးများ၏ အဆုံးအမ ဩဝါဒကိုခံယူ၍ တရားထိုင်ခဲ့သည်၊ ပုတီးပတ်ဖြည့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲ ရောက်ပြီးသည့်နောက် သတိရသော်လည်း မလိုင် ဖြစ်ခဲ့။ တရားမမှ လုပ်ငန်းများနှင့် ပြန်လည်မေ့လျော့အောင် တွန်းအားပေးခဲ့သူမှာ—

\+ \+ \+

အမြင့်ရှိ ( ခေါ် ) အရီ

အပြင်မှာလည်း ပျော်ပျော်ပါးပါး၊ ထောင်ထဲရောက်လည်း ပျော်ပျော်ပါးပါး၊ ဘဝကို အလေးအနက်မထားသူထဲမှာ အရီတစ်ယောက်လည်း ပါသည်ဟု ဆိုရမည်။ သို့တစေ၊ သူက ပျော်ပျော်ပါးပါးသမား အများစုနှင့်မတူ ။ အပြောအဆို အနေအထိုင် အလုပ်အကိုင် တစ်မူထူးခြားသည်။

အသားဖြူဖြူ၊ မျက်လုံး မျက်ဖန် နှာတံနှုတ်ခမ်း၊ အကျ အဆင်း အနေအထားမှာ ပြေပြစ်သည်။ ကိုယ်လုံးကိုယ် ထည်က သွယ်လျလျ။ သွားလာလှုပ်ရှားဟန်မှာ ဆတ်ကော့ လတ်ကော့ လှုပ်ရှားဟန်မရှိ၊ ငြိမ်ဆက်သည်။ အထူးခြားဆုံးမှာ ဆံပင်။

ထူခြားသော ပြည့်တန်ဆာလုပ်ငန်းနှင့် အသက်မွေးဝမ်း ကျောင်းပြုသူအများစုမှာ အားလုံးနီးပါး ဆိုပါတော့။ သူက ဆံပင် အရှည်ကြီးနှင့်။



အရီ၏ ဆံပင်မှာ ဒူးကောက်ကွေးလွန်အောင် ရှည်သလို၊ ဆံလုံးမှာလည်း အားပါးတရရှိလှ၏။ စကားပြော ငြင်သာသလို လှုပ်ရှားဟန်မှာလည်း သိမ်မွေ့သည်။

တစ်မူထူးခြားသမို့ ရောက်စကတည်းက သတိပြုမိသည်။ ဒါပေမယ့် အရောအနှောမလုပ်ခဲ့။ သည်ပုတ်ထဲက သည်ပဲဖြစ်လိမ့် မည်လို့ ထင်လိုက်သည်။ ထပ်ဆင့်၍ အံ့ဩရပြန်သည်မှာ အချိန် မှန် ပုတီးစိပ်၍ အချိန်မှန်တရားထိုင်သည်ကို တွေ့ရသောကြောင့်။

\+ \+ \+

စကားစပ်မိတော့မှ မေးမြန်းကြည့်ရသည်။

အရီက သူ့လုပ်ငန်းအကြောင်းကို မငြင်းကွယ်ပါ။ ပြတ်ပြတ် ပင် ဝန်ခံသည်။

'တခြားစီပါ အဒေါ်ရယ်၊ ဟိုဟာက အသက်မွေးဝမ်း ကျောင်းအတွက်ပါ၊ ပုတီးစိပ်တရားထိုင်တာက ကျွန်မရဲ့ ဗီဇနဲ့ ဝါသနာအလေ့အကျင့်ပါ။ ကျွန်မ ဒီလုပ်ငန်းနဲ့ မယှက်သခင် ကတည်းက တရားဓမ္မဘက်မှာ မွေ့လျော်ခဲ့တာပါ'

အရီ သည့်လောကထဲရောက်သည်မှာ မကြာသေး။ ရန်ကုန်သူ လည်း မဟုတ်။ ရန်ကုန်နှင့် မိုင်ခုနစ်ဆယ်လောက် ဝေး

www.burmeseclassic.com

www.burmeseclassic.com



သည့် မြို့ငယ်ကလေး တစ်ရွာမှာ အဒေါ်များနှင့် နေထိုင်ခဲ့ရသည်။ မိဘနှစ်ပါးလုံး မရှိတော့။

'ကျွန်မ အဒေါ် နှစ်ယောက်စလုံးက အပျိုကြီးတွေပါ။ သူတို့က တရားဓမ္မနဲ့ မွေ့လျော်ပြီး ဈေးထဲမှာ အထည်ဆိုင်ကလေး ဖွင့်ထားပါတယ်။ ကျွန်မတို့ မိဘတွေ ဆုံးသွားတော့၊ ဆယ်နှစ်သား ကျွန်မအစ်ကိုနဲ့ ရှစ်နှစ်သမီး ကျွန်မကို အဒေါ်တွေက မွေးစားပြီး ပြုစုစောင့်ရှောက်ခဲ့ ပါတယ်။ အဒေါ်တွေက အသင့်အတင့် ချောင်လည်တာမို့ ကျွန်မတို့ ကောင်းကောင်းပဲ နေခဲ့ရပါတယ်။ ကျွန်မအစ်ကိုရှစ်တန်း၊ ကျွန်မ ခြောက်တန်းရောက်တဲ့ နှစ်မှာ ကျွန်မအစ်ကို စစ်ထဲဝင်သွားပြီး ကျွန်မလည်း အဒေါ်တွေကို ကူညီဖို့ ကျောင်းထွက် လိုက်ပါတယ်။ အဒေါ်တစ်ယောက်က အတော်လေး မကျန်းမမာဖြစ်လို့ ကျောင်းထွက်လိုက်ရတာပါ။ ကျွန်မငယ်ငယ် ကတည်းက အဒေါ်တွေနဲ့အတူ ဥပုသ် စောင့်ရပါတယ်။ တရားထိုင်ရပါတယ်။ ပုတီးစိပ်ရပါတယ်။ ကျွန်မ ဒီဘဝကို ရောက်ရတာဟာ ကိုယ့်ဟာကိုယ် ယောက်မြင်းစီး ထွက်လိုက်လို့ပါ။ ကျွန်မတို့နဲ့ မျက်နှာချင်းဆိုင် ဆိုင်ကို လာလည်တဲ့ ရန်ကုန်သား ကိုမျိုးမြင့် ဆိုသူနဲ့'

မျိုးမြင့်က ရုပ်ဖြောင့်ဖြောင့်၊ ဝတ်စားတာကလည်းသူဌေးသားတစ်ယောက်လို၊ ရွှေကြယ်သီး၊ ရွှေလက်စွပ်၊ ရွှေလက်ပတ်ကြိုးနဲ့။ မြင်ရလျှင် သူ့အသင်က အထင်ကြီးစရာ။ တောသူအရိုးခံမလေးနဲ့၊ မြို့သား ကိုလူပည်ဘို့ မျက်လုံးချင်း ဆုံမိတော့ ရင်ပိုရင်ခုန် သူမှာ တောသူမလေး မမြင့်ရီ။



အဲဒီနောက်ပိုင်း ကိုမျိုးမြင့်က သူတို့မြို့ငယ်လေးကို ခဏခဏ ဆက်လာသည်။ ချစ်ရေးဆိုသည့် စာတစ်စောင် ပေးသည်။ သူကလည်း လိုလိုလားလားလက်ခံပြီး စာပြန်လိုက်သည်။

မျိုးမြင့်အကြောင်း မျက်နှာချင်းဆိုင် ဆိုင်က ဒေါ်တင်မြကို မေးကြည့်တော့၊ မျိုးမြင့်အကြောင်း ပြောလိုက်တာ ရှမ်းရှမ်း ဝေလို့။ ရန်ကုန်က သူဌေးသားလေး၊ မျိုးမြင့်မိဘတွေက သိမ်ကြီးဈေးမှာ အထည်ဆိုင်ကြီး ဟိန်းနေအောင် ဖွင့်ထားသည်။ တစ်ဦးတည်းသောသားမို့ အလွန်အလိုလိုက်သည်။ သားပြောရင် တစ်ခွန်းပဲ။

'အကယ်တော့ ဒေါ်တင်မြက ဝိုင်းလျော်ပြီး ချောက်တွန်းတာပါ။ ကျွန်မတို့နှစ်ဆိုင်က အပြိုင်အဆိုင်ဆိုတော့ ကျွန်မ မရှိနိုင် အဒေါ် အပျိုကြီးတစ်ယောက်ထဲ မနိုင်မနင်း ဖြစ်မယ်၊ တစ်ယောက်မမာနေတော့ တစ်ယောက်ထဲ လူမမာ ပြုစုရတာ တစ်ဖက်၊ ဆိုင်ထွက်ရတာတစ်ဖက်ဆိုရင် လစ်ဟင်းမယ်ပေါ့။ သူတွေဟာ လောဘနဲ့ယှဉ်လာရင် သိပ်ကြောက်စရာ ကောင်းမှာပါ တယ် ဒေါ်ဒေါ်။ တကယ်တော့လဲ ပြောလို့သာ ပြောရတာပါ။ သူများအပြစ် မဟုတ်ပါဘူး၊ ကိုယ့်အပြစ်ပါ။ သူများ ကောင်းလို့ မဟုတ်ဘူး၊ ကိုယ်မကောင်းလို့ ဖြစ်ရတာပါ'

ဒီကိစ္စအကြောင်း အဒေါ်တွေကိုပြောလို့ ဘယ်နည်းနဲ့မှ အဒေါ် အပျိုကြီးတွေက လုံးဝလက်ခံလိမ့်မည်မဟုတ်။ သူတို့က သူတို့လို အပျိုကြီးလုပ်စေချင်သည်။ အိမ်ထောင်သားမွေး ကိစ္စတွေကို ခဏခဏလည်း ပြောဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ပြီဆိုတော့လည်း အချစ်ဦးအပေါ် ပိုပိုကဲကဲ၊ သာသာ ဆိုးဆိုးပေါ့။ ငဲ့ကွက်စရာ၊ ထောက်ထားစရာတွေကို တယ်သိလှချင် ငဲ့ကွက်ထောက်ထားနိုင်တော့မှာပ။ ကျေးဇူးတရားကို သိပါသည်၊ ဒါပေမယ့်....

'ကျွန်မလည်း ကျေးဇူးရှင် ဒေါ်လေးတို့ကို မျက်ကွယ်ပြုလိုက်ပြီး ကိုမျိုးမြင့် နောက်ကို ကောက်ကောက် ပါအောင် လိုက်ခဲ့တော့တာပေါ့။ ယောင်းမမြင်းစီးထွက်ခဲ့ပေမယ့် တကယ်တော့ အထီးလား၊ အမလား မသိဘူး။ ရန်ကုန်ရောက်တော့မှဘဲ သိရတာ။ သူက ပါးစပ်ပြောသူ့ ငွေးသားလေ။ ဇာတိရုပ်ကလည်း မြန့်ကန်မပေါ်သေးဘူးလေ။ ကျွန်မကိုလည်း ချစ်ချစ်ခင်ခင်နဲ့ အလိုလိုက်နေတော့ ကျွန်မလည်း ပေါက်တဲ့နဖူး မထူးတော့တူးဆိုပြီး နေလိုက်တာပဲ။ ဒေါ်လေးတို့ဆီ ပြန်ဖို့ကလည်း မဖြစ်တော့ပဲကိုး။ ခြောက်လလောက် ကြာတော့မှ ဇာတိရုပ်ပေါ်လာတာ။ ကျွန်မကို သူ့ယော်ချင်းအိမ်သွားရအောင် ဆိုပြီး ခေါ်လာတာ။ အဲဒီအိမ်ရောက်တော့ ထမင်းတွေဘာတွေ စားလိုပေါ့။ ထမင်းစားသောက်ပြီး အပြင်ခဏ သွားလိုက်ဦးမယ် ဆိုပြီး ပြောထွက်သွားလိုက်တာ၊ နောက်ပိုင်း ကျွန်မ ဟိုဘဝရောက်တော့မှဘဲ ပြန်တွေ့ရတော့တာပါပဲ။ ကျွန်မ ကံကောင်းတယ်လို့ဘဲ ဆိုရမှာလား မသိဘူး၊ သုံးလပဲရှိသေးတယ်။ အိမ်ကို ဝိုင်းဖမ်းလို့၊ ကျွန်မလည်း ဒီအထဲ ရောက်လာတာပေါ့ပဲ'

'ပြေးဖို့လား။ အကြိမ်ကြိမ် ကြံခဲ့တာပေါ့ ဒေါ်ဒေါ်ရယ်၊ ဒီလိုလူမျိုးတွေလက်ထဲ ရောက်ပြီးမှတော့ ဘယ်လွယ်လိမ့်မလဲ၊ ကျွန်မအသားအနာခံပြီး ပြေးသေး တာပေါ့၊ ဘယ်ရမလဲ၊



ရှ-သည်ကလွတ်ရင်လား တဆွားရုံမှာ ကျွန်မအဖြစ်အပျက်ကို လျှောက်ထားပြီး အဖြစ်ကလွတ်ရင်၊ ဒေါ်လေးတို့ဆီ ပြန်ခွင့်ရအောင် အကူအညီတောင်းမယ်၊ ဒေါ်လေးတို့က လက်မခံရင် စစ်ကိုင်းတောင်ရိုးသွားပြီး သီလရှင်ဘဝနဲ့ အရိုးထုတ်တော့မယ်လို့ ဆုံးဖြတ်ထားပါတယ် ဒေါ်ဒေါ်'

ဒေါ်ခင်အေးမြင့်ကလည်း မေးစရာရှိသမျှ အကုန်မေးသည်။

'ကျွန်မသည် ဆံပင်ကြီးမဖြတ်ရတာလား၊ ကျွန်မကလည်း မဖြတ်ချင်တာနဲ့၊ သူတို့ကလည်း သူတို့အတွက် အကွက်ဝင်လို့ပါ၊ အကွက်ဝင်တာကဒီလိုလေ ဒေါ်ဒေါ်ရဲ့၊ ကျွန်မက သူတို့ ကောင်မလေးတွေပုံစံမျိုး မဟုတ်ဘဲ၊ တစ်ဘာသာ ဖြစ်နေတော့ ဒီအလုပ်လုပ်တာမဟုတ်ဘူး၊ ယောကျာ်းလခန့် မလောက်လို့ တစ်ခါတစ်ရံ ထွက်ရှာတာဆိုတော့ ဈေးပိုရတာပေါ့။ ကျွန်မ ဒိစ်ကလည်း သူတို့ပြောသလို ဖြစ်နေတာကိုး။ ကြာသွားရင်တော့ အဲ့မျိုးဖြစ်မှာပေါ့'

ဟုတ်တာမဟုတ်တာထား။ သူပုတီးစိပ်နေတာရယ်၊ တရားထိုင်နေတာရယ်၊ အနေအထိုင် သိမ်မွေ့တာရယ်ကြောင့် အရီကို ခင်မင်မိခဲ့သလို၊ အရီကြောင့် သူလည်း တရားမွေ့နဲ့ မွေ့လျော်ဒီ သတိတရားပြန်ရလိုက်သည်ဟု ဆိုရမည်ပါ။

ပုတီးမှန်မှန်စိပ်ပြီး၊ တရားမှန်မှန်ထိုင်လာသောအခါ အနာဂတ်နှင့် တမလွန်အတွက်သာမက၊ လက်ငင်းပစ္စုပ္ပန်မှာ ကောင်းသော အကျိုးဆက်များကို လက်တွေ့ခံစားလာရသည်။

အချိန်ကုန်လွန်ခဲ့သော ထောင်ထဲတွင် အချိန်ကုန် လွန်မြင်း၊ ဗရောက်ဗယက်၊ ဗရမ်းဗတာ၊ ထိန်းချုပ်ရန် ခက်သည်

www.burmeseclassic.com

ပြေးလွှားလုပ်ရှားလွန်းသော စိတ်အစဉ်ကို အသင့်အတင့်သော တည်ငြိမ်မှုရှိအောင် ထိန်းသိမ်းလာနိုင်ခြင်း၊ ပူလောင်ခြင်း သောကဗျာပါဒအစား၊ အေးမြချမ်းမြေ့ခြင်းတရားကိုယ် လွှမ်း ထင်လာခြင်း၊ သည်းခံရောင့်ရဲနိုင်စွမ်းရှိလာခြင်း၊ လောကဓံကို ရင်ဆိုင်နိုင်စွမ်းသည့် ဆတ္တိအားမာန် ပြည့်ဝလာခြင်း၊ အကျိုး တရားများကို လက်ငင်းခံစားနေရ၏။

အမှောင်ရိပ်ထဲမှ တိုးထွက်လာသည့် လင်းရောင်ခြည်တန်း ကလေးမှာ အနာဂတ်အတွက် ရှေ့ဆောင်လမ်းညွှန်၊ သဖွယ်သို့

အခန်း (၉)

ဆိုင်အရောင်းအဝယ်လုပ်ငန်းမှာ မျှော်လင့်ထားသည့်ထက် ပိုမိုအောင်မြင်ခဲ့သည်။ အရောင်း အဝယ် ဖွင့်ပြီး လာသည့် အလျောက် ကုန်ပစ္စည်းပို၍ တင်နိုင်ရန် ရင်းနှီးငွေအား ထပ်ဖြည့် ခဲ့ရ၏။ လုပ်ငန်းအောင်မြင်သည်နှင့်အတူ လောဘဇောလည်း ပို၍တက်လာသည်။ မောရပန်းရမှန်းမသိ။

သည်အတိုင်းသာ အခြေအနေပေးလာရင် သူ့ရည်မှန်းချက် အတိုင်း သမီးကိုခေါ်ပြီး တင့်တောင့်တင့်တယ် ထားနိုင်မည့် အနေအထားသို့ရောက်ရှိဖို့ ကာလမှာ မဝေးတော့ပြီ။ အကယ်

www.burmeseclassic.com



ရှိမျှား သမီးကို ခေါ်နိုင်သည့် အခြေအနေ ရှိလာရင် နေဖို့အတွက် အိမ်လိုမည်။ အိမ်ပိုင်တစ်လုံးတော့ ဝယ်အုံးမှ။

ဒေါ်လေးကျော့နှင့် တိုင်ပင်၍ မဝတ်ဘဲ သိမ်းထားရသည့် စိန်ထည်များကို ထုခွဲ၍ အိမ်ဝယ်ဖို့ ရှာစေခဲ့ရာ၊ တော်တော်နှင့်စိတ်တိုင်းကျ မတွေ့။ အမျိုးတွေနှင့် နီးနီးနားနား ဗဟန်းဘက်မှာ ရှာဖွေခြင်း၊ မတွေ့နိုင်သည့်အဆုံး အလုံနှင့်ကြည့်မြင်တိုင်ဘက်သို့ အရှာထွက်ခဲ့ရာ စိတ်ကြိုက် အိမ်လေးတစ်လုံးကို အလုံဘက်မှာ သွားတွေ့ခဲ့သည်။

ပေအစိတ်၊ ပေငါးဆယ် မြေကွက်ထဲတွင် အိမ်မကိုအခန်းမခွဲဘဲ ပေနှစ်ဆယ်၊ ပေလေးဆယ်ဆောက်ထားသည့် သွပ်မိုးပျဉ်ကာ၊ လုံးချင်းအိမ်ကလေးမှာ သပ်သပ်ယပ်ယပ် ရှိသည့်အပြင် လောလောဆယ် ပြုပြင်စရာမလို၊ အသင့် တက်နေနိုင်သည်။ စစ်အတွင်း လမ်းခင်းရာတွင် အသုံးပြုသည့် သံပြားပေါက်များကို ရှေ့မျက်နှာစာတွင် လည်းကောင်း၊ ဘေးနှင့်နောက်ဘက်တွင် နှစ်ထစ်သက်မတန်းများ စိပ်စိပ်ရိုက်၍လည်းကောင်း၊ ကာရံထားသောကြောင့် လုံခြုံမှုရှိသလို ကိုယ့်ဝင်းကိုယ့်ခြံကလေးနှင့် သီးသန့်ရှိနေသည်။

ဘတ်စ်ကားလိုင်းပြေး၊ ကားလမ်းမကြီး နှစ်ခုကြားတွင်ရှိသောကြောင့် သွားရေးလာရေးလွယ်ကူအဆင်ပြေသည်။ အထက်ကြည့်မြင်တိုင်လမ်းမကြီးနှင့် ဆူးလေပြင် လမ်းမကြီးအလယ် ဗဟိုတွင်ရှိနေသောကြောင့် ကားလမ်းနှစ်လမ်းစလုံးသို့ လက်လှမ်းမီသည်။ ရပ်ကွက်သန့်သည်၊ လူနေသန့်သည်။



မိန်းမသားတူအရိုးနှစ်ယောက်ထဲနေရမည့် နေရာမှာ ရပ်ကွက်သန့်ဖို့နှင့် လူနေသန့်ဖို့အရေးကြီးသည်။

အိမ်တစ်လုံးဝယ်ဖြစ်သွားပြီ။

ဗဟန်းအိမ်မှာ နေရတာက အိမ်လည်းကျယ်ပါသည်။ အတူနေ ဆွေမျိုးတွေကလည်း ကောင်းကြပါသည်။ လွတ်လပ်မှုလည်းရှိပါသည်။ သို့တစေ အနေအထိုင်အနည်းငယ် ကျဉ်းပါသည်။ ကိုယ့်အိုးကိုယ့်အိမ်နှင့် နေရသလိုတော့ လွတ်လပ်မှုမရှိပါ။ သူများအိမ်ဆိုတာက အိပ်ရာဝင်အိပ်ရာထ အချိန်ကအစ ရေချိုးအပေါ့အလေးသွားရသည်အဆုံး၊ ကိုယ်ထင်သလို နေလို့မရ။ အစစအရာရာထိန်းချုပ်ဆင်ခြင်နေရသည်။

ခု-ကိုယ့်အိုးကိုယ့်အိမ်နှင့် ဖြစ်လာတော့ ဘာမဆိုလွတ်လွတ်လပ်လပ်။ ဘယ်သူ့မျက်နှာကိုမှ မကြည့်ရ။ ဘယ်သူ့အလိုကိုမှ မလိုက်ရ။ စိတ်ချမ်းသာမှုအပြည့်၊ ကိုယ်ချမ်းသာမှုအပြည့် ရှိရသည်ပါ။

အိမ်ကလေးတစ်အိမ်ပိုင်ဆိုင်မှုရအောင်၊ နှမြောသည့်ကြားထဲမှပင် ကိုယ့်ပစ္စည်းတွေထုခွဲပြီး ဝယ်ယူခဲ့ရသည်။

ခု-မှုခင်းဖြစ်ပြီး တရားရုံးရောက်တော့ သိန်းဦးက သူ့ညီပိုင်ဆိုင်သော ငွေများဖြင့် သည်အိမ်ကိုဝယ်ခဲ့ပါသည်ဟု မျက်နှာပြောင်တိုက်၍ ထွက်ဆိုသွားခဲ့သည်၊ ရင်နာစရာ ကောင်းလိုက်ပါဘိ။

အာရောင်းအဝယ် လုပ်ငန်းလည်း ခိုင်ခိုင်မတ်မတ်ရှိလာပြီ၊ ကိုယ်ပိုင်အိမ်ကလေးတစ်လုံးလည်း ရှိလာပြီ။ အသင့်အတော်အသုံး ဆောင်ပစ္စည်းများလည်း လက်ဝယ်ရှိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နေဖို့ထိုင်ဖို့လည်းမပူပင်ရ၊ စားဖို့သောက်ဖို့လည်း မကြောင့်ကြရ၊ လှူဖို့တန်းဖို့လည်း မခွဲခြားရသော ဘဝမျိုးကို လူတိုင်း မရရှိကြ။ လှူဖို့တန်းဖို့ထားလို့ နေဖို့စားဖို့ကိုပင် အနိုင်နိုင်ကြိုးစားနေရသူတွေ၊ လောကကြီးမှာ တစ်ပုံတစ်ပင်။ ရုန်းကန်လှုပ်ရှားနေရသူတွေ ဒုနဲ့ဒေး။

သူဌေးအဆင့်မဟုတ်ပေမယ့်၊ အလွန်အမင်း မချမ်းသာပေမယ့် ပြည့်ပြည့်စုံစုံ ရှိသည့် အလယ်အလတ်အဆင့်ကို ပိုင်ဆိုင်ခွင့်ရနေသူ မိန်းမသား တစ်ဦးအဖို့၊ ဘယ်သို့လျှင် ထောင်ထဲသို့ ရောက်ဖို့အကြောင်းရှိပါမည်နည်း။

ခု- ရောက်နေပါလေပြီ။

ဘဝ၏အကောင်းနှင့်အဆိုးကို ဖန်တီးပြုလုပ်သူမှာ မိမိမှတစ်ပါးအခြားသူဟူ၍မရှိ။ မိမိ၏ ပြုလုပ်မှုအခြေခံအကြောင်းပေါ်တည်၍ အကောင်းအဆိုးအကျိုးတရား ဖြစ်ပေါ်လာရပေသည်။

ထောင်ထဲသို့ရောက်သင့်၍ ရောက်ရသူများအတွက် ဘဝနာသည်ဟု မဆိုသာသော်လည်း မရောက်သင့်ဘဲ ရောက်ရသူများအတွက်မူ ဘဝနာသည်ဟု ဆိုရပေမည်သာ။

ဒေါ်ခင်အေးမြင့်မှာ အဘက်ဘက်က ပြည့်စုံမှု ရှိလာသောအခါ၊ သမီးဖြစ်သူကို ခေါ်ဖို့ အစီအစဉ်ကို စတင် လိုက်သည်။ မိတ္တီလာကို သူကိုယ်တိုင်သွားလို့ မဖြစ်။ ဒေါ်အေးတင့်နှင့် ပြဿနာ ပေါ်မည်။ ဒေါ်လေးကျော့ကို လွှတ်လိုက်ရသည်။ ဒေါ်ခင်အေးမြင့် ရေးလိုက်သည့်စာကို သမီးလက်ထဲ အရောက်ထည့်ဖို့ အစီအစဉ်လုပ်ပေးလိုက်သည်။ သူပေးလိုက်သည့်စာမှာ



သမီးလက်ထဲကို ရောက်သွားပါသည်။ ဒါပေမယ့် အဲဒီစာကို သမီးဖြစ်သူက သူဖတ်ပြီးသည် နှင့် ဒေါ်အေးတင့် လက်ထဲသို့ အပ်လိုက်သည်။

ဒေါ်လေးကျော့ ရန်ကုန်ပြန်ရောက်ပြီး သုံးရက်အကြာ၊ လူကြုံနှင့် ပေးလိုက်သည့် စာနှစ်စောင်မှာ ဒေါ်ခင်အေးမြင့်လက်ထဲသို့ရောက်လာသည်။

တစ်စောင်က ဒေါ်အေးတင့် ရေးလိုက်သည့်စာ။

တစ်စောင်က သမီးဖြစ်သူက ရေးလိုက်သည့်စာ။

ဒေါ်အေးတင့်ကခင်အေးမြင့်ကို ကတိဖျက်သူအဖြစ်ရှုပ်ချပြီး ရင့်သီးသောစကားလုံးဖြင့် မှိုချိုးမျှစ်ချိုးရေးသားပြီး၊ နောက်နောင် ဤသို့မနှောက်ယှက်ဖို့နှင့် ထပ်မံ နှောက်ယှက်လာပါက၊ တရားဥပဒေကြောင်းအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးရေးသားပြီး၊ တိတ်တဆိတ်ရောက်လာပြီး ခိုးကြောင်ခိုးဝှက်လုပ်သွားသူ ဒေါ်ကျော့ကိုလည်း လူကြီးမပီသသူအဖြစ် စွပ်စွဲပြီး ပြစ်တင်စကား ရေးသားလိုက်သည်။

အကြောင်းမဟုတ်သလို၊ စိတ်ထိခိုက်စရာလည်း မဟုတ်ပါ။ ထားခဲ့သည့်တတိကို သူက ချိုးဖောက်ခဲ့ပြီကိုး။ ဆိုချင်သလိုဆိုပါစေ၊ ပြောချင်သလိုပြောပါစေ၊ တုန့်ပြန်စရာမလိုပါ။

စိတ်ထိခိုက်စရာက သမီးကိုယ်တိုင်ရေးလိုက်သည့်စာ။

မိခင်စိတ်မပြည့်ဝသောအမေအဖြစ်စွပ်စွဲလိုက်ပြီး၊ ကိုယ်လွန်သူဖခင်ကြီးမျက်နှာကို မထောက်ထားဘဲ ဖခင်ကြီးအမှာစကားကို အလေးမထားဘဲ ရင်ခွင်ပိုက်သမီးငယ်ကိုပြစ်ပြီး ကိုယ်ထင်ရာကိုယ်ဆိုင်းသွားသော မိခင်နှင့်မတူသော အမေ၊ စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စုပ်စွဲချက်တာသီကြီးဖြင့် စိတ်နာစကားတွေ အားပါးတရပေါ်ပြီး၊ ဘယ်လိုနည်းနှင့်မှ ဒေါ်ခင်အေးမြင့်နှင့် အတူ မနေနိုင်ကြောင်း၊ နောက်ထပ်၍ မနှောက်ယှက်ရန် ပြတ်ပြတ်တောက်တောက် ရေးသားခဲ့၏။ ယင်းသို့ရေးသားရာတွင် ရင့်သီးသောစကားလုံးများကို မသုံးခဲ့ပေ။

သမီးလက်ရာလား၊ ဒေါ်အေးတင့်လက်ရာလား၊ သဘောထားလားဟု အတိအကျ မဝေခွဲနိုင်ရာ သော်လည်း သမီးဖြစ်သူမှာ တစ်ဘက်စကားနားဝင်ပြီး၊ မိခင်အပေါ် အထင်လွဲနေကြောင်းမှာ ထင်ရှားသည်။ ထို့ပြင်ခရုလိုက်သည့်စာထဲတွင် ဖခင်ကြီးမျက်နှာကိုမထောက်၊ အမှာစကားကို မလေးစားဘဲဆိုသည်မှာ သမီးဖြစ်သူပို၍အထင်လွဲအောင် စကားသွင်းထားခြင်း ဖြစ်ပေမည်။

မည်သို့ပင်ရှိစေ၊ သမီးကိုပြန်ခေါ်ပြီး အတူနေဖို့စိတ်ကူးယဉ်ခဲ့သည် များကို စွန့်လွှတ်ရန် ဆုံးဖြတ် လိုက်၏။ သို့တစေ၊ ဖခင်ကြီးပြောစကားနှင့် ဒေါ်အေးတင့် လက်တွေ့လုပ် ပုံများ၊ ဖခင်ကြီးမရှိသည့် နောက် ဒေါ်အေးတင့်နှင့် ဘယ် သို့ဘယ်ပုံနေထိုင်ခဲ့ရပုံများ၊ မိတ္တီလာကို ခွာဖို့ဘာ့ကြောင့်ဆုံးဖြတ်လိုက်ရပုံများ၊ သမီးကောင်းစားရေး အတွက် ဘယ်သို့သဘောထားခဲ့ပုံများ၊ မိခင်တစ်ယောက်အနေဖြင့် ဘယ်လောက်ကြေကွဲပြီး ဘယ်သို့ခံစားခဲ့ရပုံများကို အသေးစိတ် ရေးသား၍ စာတိုက်မှတ်ပုံတင်ဖြင့်စာတစ်စောင်ထည့်လိုက်၏။



သည်စာကို ဒေါ်အေးတင့်လည်း ဖတ်ပါစေဆိုပြီး၊ သမီးနာမည်နှင့်လိပ်စာမူ၍ ထည့်ပေးလိုက်သည်။ ထိုပေးစာကို တစ်စောင်သပ်သပ်ကူးယူ၍ သိမ်းဆည်းထားခဲ့သည်။

သမီးနှင့်ဆွေကွဲမကွဲပေမယ့်၊ ရှင်ကွဲကွဲခဲ့ပေပြီဟု ဆိုရမည်ပါ။ ဒေါ်အေးတင့်ကိုမဲ့ အပြစ်တင်ရမလား၊ ကိုယ့်ကိုယ်ကိုပဲအပြစ်ချရမလဲ၊ ရှိပါစေတော့။

\+ \+ \+

ထောင်ဝင်စာဒုက္ခကြောင့် သမီးကို ထောင်ဝင်စာ လာတွေ့ဖို့ တစ်တန်တစ်ရ မှာထားခဲ့သည်။ သမီးက လည်း နောက်ထပ် ထောင်ဝင်စာလာမတွေ့တော့။ တွေ့စရာရှိလျှင် ရုံးထွက်နေ့တွင်သာ ရုံးမှာလာတွေ့သည်။ ရုံးမှာလာတွေ့ရသည့် ဒုက္ခနှင့် ထောင်ဝင်စာ လာတွေ့ရသည့်ဒုက္ခ မတူပါ။

ထောင်ဝင်စာဒုက္ခကို ကိုယ်တွေ့မကြုံခဲ့၊ ကိုယ်တိုင် မခံစားခဲ့ပါ။ ထောင်ထဲရောက်သောအခါကျမှ သူများတွေ ပြောကြသည်ကိုကြားရပြီး၊ ထောင်ဝင်စာဒုက္ခကို သိခဲ့ရသည်။ ပြန်ပြောသူတွေက ကိုယ်တွေ့ကြုံခဲ့ရသူတွေ။

www.burmeseclassic.com



မြည့်တန်ဆာ အမှုဖြင့် ထောင်ထဲရောက်သူ အများစုမှာ အပြင်တွင် တစ်ယောက်ထဲ နေသည်ထက် ကိုယ့်ခင်မင်ရာတွဲဖော်များနှင့် အတူနေပြီး၊ အတူလုပ်ကိုင်စားသောက်ကြသည်။

ညအတူမအိပ်သည့်တိုင် နေ့အတူမနေသည့်တိုင်၊ နေ့သမားက နေ့သမားချင်း၊ ညသမားက ညသမားချင်း တွဲကြသည်။ သူတို့လောကမှာ နေ့သမားနှင့် ညသမားဟူ၍ နှစ်မျိုးရှိသည်။ အထူးသဖြင့် နေ့သမားများက ညလုပ်ငန်းခွင်ကို မဝင်ရဲကြ။ ခင်မြည့်ကျော်မြည့်၊ ရာနှုန်းမြည့်၊ မြည့်တန်ဆာမဘဝ မရောက်သေးသူများက ညလုပ်ငန်းခွင်ကို လုံးဝရှောင်ကြသည်။ ညမှာက အန္တရာယ်အမျိုးမျိုး အထွေထွေ များသမို့၊ တော်ရုံ သတ္တိနှင့် ညခွင်ကို မဝင်ရဲ။

မီအမောင်ဘွား၊ ကာမပိုင် လင်သားနှင့် နေရသူများမှာ ညခွင်ကို ရှောင်ကြသည်။ တစ်ချို့က အပြင်မှာ ဘာလုပ်လုပ်၊ ကိုယ့်ရပ်ကိုယ့်ရွာထဲမှာတော့ ကူခြေသံပတ္တိနှင့်နေထိုင်ကြသည်။

သူတို့အချင်းချင်းစောင့်ထိန်းကြသည့် လူမှုရေးစည်းရှိသည်။ အတွဲတွဲဖော်ထဲက လုံးဝအလုပ်မဖြစ်သူကို အလုပ်ဖြစ်အောင် ဝိုင်းလုပ်ပေးကြသည်။ ဒုက္ခရောက်နေလျှင် တစ်ယောက်ကို တစ်ယောက် ကူညီကြသည်။ အသုံးအစား ကြပ်နေလျှင် တစ်ယောက်ကိုတစ်ယောက်ပေးကမ်းထောက်ပံ့ကြသည်။ ထောင်ထဲရောက်ပြီဆိုလျှင် မရောက်သူက ထောင်ဝင်စာ လာတွေ့စမြဲရှိကြသည်။

ထောင်ဝင်စာဒုက္ခဘယ်လောက် ကြီးမားသည်ကို သူတို့ထံက တစ်ဆင့်ကြားသိမှတ်သားခဲ့ရသည်။



ဒါကြောင့် သမီးဖြစ်သူကို ထောင်ဝင်စာ မလာဖို့ တတန်ခါရ မှာကြားရခြင်းဖြစ်၏။

တစ်မြန်နေ့ ရုံးထွက်ပြီး ပြန်လာသည့်မှာ သုံးရက်ပဲ ရှိသေးသည်။ ဒီဘာနေ့မနက် ထောင်ဝင်ဘာလာခေါ်သည့် နာမည်ထဲမှာ ဒေါ်ခင်အေးမြင့် နာမည်ပါလာသည်။ ပို၍ အံ့သြရပြန်သည်။ တွေ့လိုသူက သမီးဖြစ်သူခိုင်ယဉ်မြင့်။

တမြန်နေ့ကပဲ နောက်တစ်ပတ်ရုံးထွက်မလာဖို့ ဦးခင်မောင်ဝန်းကို ဖုန်းဆက် ခိုင်းထားသေးသည်။ သုံးရက်ပဲ ရှိသေးသည်။ ခု ထောင်ဝင်စာ ဘာလို့ လာပါလိမ့်။ အကြောင်းထူး ဘာယ်သို့ ရှိပါလိမ့်။ တစ်ရိပ်ရိပ် တရေး ရေးတွေးရပြီ။

\+ + +

ကြားလိုက်ရသည်ကြောင့် နားမချမ်းသာဖြစ်ပြီး ဘုရားတနိုက်ရသည်။ ဒေါ်အေးတင့်တစ်ယောက် ဆုံးသွားရှာပြီ။ ရက်ညည်းသည်မှာ ငါးရက်ပဲရှိသေးသည်။ သမီးရန်ကုန်ကို ဆင်းလာသည်မှာ ဒီ သတင်းပြောဖို့ သက်သက်မဟုတ်။ ပေးစရာ၊

www.burmeseclassic.com

www.burmeseclassic.com



ရရာငွေကြေးကိုစုရှင်းလင်းရန် ရန်ကုန်သို့အလောတကြီးဆင်းလာခြင်းဖြစ်၏။

ရင်ဘတ်ကို လက်ဝါးနှင့် ဖိပြီး စုတ်တစ်သပ်သပ်ဖြင့် နားထောင်လိုက်ရသည်။ အဖြစ်အပျက်ကို အသေးစိတ် မေးမြန်းချိန်မရ။ နာတာရှည်ရောဂါကို ကုသနေရင်း လာရာလမ်းသို့ ပြန်သွားခဲ့သည်။ မ[illegible] သူ့အပေါ် ခွင့်လွှတ်ဖို့တောင်းပန်သွားကြောင်း သတင်းစကားကို သမီးက ယူဆောင်လာသည်။

'မေမေက အစောကြီး ကတည်းက ခွင့်လွှတ်ပြီးသားပါ သမီးရယ်၊ မေမေ့အပေါ် ခွင့်လွှတ်ဖို့ကိုလည်း ထောင်ထဲမရောက်ခင်ကတည်းက တောင်းပန်ခဲ့တာပါ'

အာဃာတကို သင်ပုန်းချေခဲ့သည်မှာကြာပြီ။ အတိတ် ဖြစ်ရပ်တွေကို ခဝါချပြီး မေ့ဖျက်ခဲ့သည်မှာလည်းကြာပြီ။ သည်အမှုမဖြစ်ခင် ကတည်းက ဖြစ်ခဲ့သမျှကို နိဂုံးချုပ်ပြီး နိဒါန်းသစ်ဖြင့် အစပျိုး၍ ဖြစ်ရပ်ဟောင်းတွေ အမုန်းပွားစရာတွေကို အဆုံးသတ် စေခဲ့ပြီပါ။

သူများအတွက် မေတ္တာပွားများရခြင်းမှာ ကိုယ့်အတွက် ချမ်းမြေ့ခြင်းကိုလည်း ဖြစ်စေ၏။

သမီးက အထူးပြုမှာသွားသည်။ အမှုအတွက် ရှေ့နေကြီး ဦးခင်မောင်ထွန်းပြောသည့်အတိုင်း လုပ်ပါဟု။

+ + +



မုဆိုးမဘဝကို သိက္ခာရှိရှိထိန်းသိမ်းခဲ့သည်မှာ နှစ်အားဖြင့် တစ်ဆယ့်နှစ်နှစ်တာမျှ ရှိခဲ့လေပြီ။

သမီးအတွက်ကလွဲ၍ ဘာမှ ကြောင့်ကျတောင့်တစရာ မရှိသော အနေအထားဖြင့် ချမ်းချမ်းမြေ့မြေ့နေရသည်က တစ်ကြောင်း၊ ဈေးသည်မိပီ၊ ကိုယ့်ကိုယ်ကို လုလုပပ သသ တင်တင်နေရသည်ကတကြောင်း၊ အလုပ်နှံအစွမ်းကုန်ပွင့်သည့်အရွယ်တွင် အအိုပါဟု ပြောရင်ယုံနိုင်စရာမရှိအောင် နုပျိုလန်းဆန်းနေသည်ကတစ်ကြောင်းကြောင့် ဒေါ်ခင်အေးမြင့်၏ အလှမှာ ရွှမ်းရွှမ်းဝေဝေစိုစိုပြည်ပြည် ရှိနေသည်။

+ + +

လူပျိုကြီးနှင့်မုဆိုးဖို အသိုင်းအဝိုင်း၏စိတ်ဝင်စားခြင်းကိုခံရသည့်အလျောက် တင့်တောင့်တင့်တယ်၊ အခြေအနေ ရှိသူများက အစပ်အဟပ်ရှိလာသည်ကို လုံးဝစိတ်မဝင်စားဘဲ ခေါင်းခါခဲ့သည်၊ ခေါင်းမာခဲ့သည်။

အစပ်အဟပ်ရှိလာသူများ အထဲမှ လူပျိုကြီး၊ သက်ရှူရှယ်တူ ရုံးအုပ်ကြီး တစ်ယောက်နှင့်၊ ဆန်စက်ပိုင် မုဆိုးဖိုတစ်ယောက်တို့ကို ဒေါ်လေးကျော့က အလွန်သဘောကျခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ဆွေမျိုးအသိုင်းအဝိုင်း နည်းပါး၍ ခန့် ငွေကြေးပြည့်စုံကြသည့်ပြင်၊ ရှိုးဂုဏ်လည်း ကျော်ဇောသတင်းရှိကြသည်။

တစ်ပင်လဲ၍ တစ်ပင်ထူသည့် လောကဓမ္မတာကို မလွန်ဆန်ဖို့၊ မဖြစ်သင့်တာ မဖြစ်ရအောင် ဖြစ်သင့်သူနှင့် ခေါင်းညိတ်ဖို့ အတန်တန်နားသွင်း နားချခဲ့သည် မရ။

အဲဖြစ်ချင်တော့ မှောင်ခိုပစ္စည်းအရောင်းဝယ်လုပ်သူ၊ ကိုယ့်ထက်အသက်ဆယ့်ငါးနှစ်ခန့်ငယ်သူ ထွန်းထွန်းခေါ် သိန်းဆွေဆိုသူနှင့် ဖြစ်ခဲ့ကြသည်။

ဒေါ်လေးကျော့ဆိုတာ ရင်ဘတ်စည်တီးပြောလို့ မဆုံးရှိခဲ့သည်၊ ရင်နာမဆုံးရှိခဲ့သည်။ တူအရီးချင်း လမ်းခွဲရသည့် အခြေအနေသို့အထိ ရောက်ခဲ့သည်။

ပတ်ဝန်းကျင်မှ အတောမသတ် ပြောလာကြသည်။ ကဲ့ရဲ့တင်းဆိုစကားများကို အလူးအလှိမ့်ခံခဲ့ရသည်။ သူများတံတွေးခွက်မှာ ပက်လက်မျောခံရတာဆိုသည့်မျိုးအထိ၊ အမနာပအမဲ့အရွဲ့အစုံအလင်နှင့် ချိုးချိုးဖဲ့ဖဲ့ အပြောအဆိုများကို ခါးခါးသီးသီးခံခဲ့ရသည်။ မသတီစရာကိုတွေ့ရသည်သို့နှယ်။ နှာခေါင်းရှုံ့ခံခဲ့ရသည်။ သိက္ခာဟူသမျှ နှစ်ပြားသားမှ မကျန်တော့အောင်အထိပါးခံခဲ့ရသည်။

တကယ်တော့ ပြောသူတွေက မလွန်ပါ။ အပြောတောင်နည်းသေးသည်ဟု ဆိုရမည်ပါ။

ထွန်းထွန်းက မောင်လောက်အရွယ်ဆိုတော်သေး။ ခုဟာက သားလောက်အရွယ်။ ကဲ–အရွယ်ကိုထားတော့။ မျိုးရိုးဂုဏ်၊



ပညာဂုဏ်၊ မာနဂုဏ်ဘက်ကို ကြည့်ပြန်တော့လည်း. ပြောပလောက်စရာ အခြေအနေဟူ၍ မယ်မယ်ရရမရှိ။ မြင့်မြင့်တည်တည်ကိုမဆိုလို၊ မှန်တန်းအနေအထားသော်မှမရှိ။

သူတို့နေတာကသာ တောတာမှာ၊ အိမ်က အိမ်ဟု ဆိုလောက်ရုံအိမ်။ မိသားစုခုနှစ်ယောက်၊ အဖေကအရက်ဆိုင်မှာ အရောင်းစျေးသည်။ အရက်ဆိုင်ဆိုတော့ ကြားဝင်ငွေ ဖြိုးသေသည်။ ဒါပေမယ့် စားလူတွေက တစ်ပုံတစ်ပင်မို့ ဝတ်ရရုံ၊ စားရရုံဘဲရှိသည်၊ အခြေအနေတင့်တောင့်တင့်တယ်မရှိ၊ ထွန်းထွန်းအပေါ် အဝင်လုပ်နိုင်ကိုင်နိုင်သူ၊ သုံးယောက်ရှိသည်။ သုံးယောက်စလုံး အိမ်ကထမင်းကိုစားပြီးကိုယ်ရတာ ကိုယ်သုံးနေသူတွေ။ အိမ်ကို အထောက်အပံ့မပေးကြ။

\+ + +

ဒါ့ကြောင့်လည်း ထွန်းထွန်းတို့ ဝတ်စားဆင်ယင်မှုကို ကြည့်လိုက်လျှင် အထင်ကြီးစရာ သို့နှယ်ရှိပါချေ၏။ ငွေကြေးပြည့်စုံသူ သားသမီးများနှင့် နင်လား ငါလား၊ အပံ့စားဝတ်ပြီး အပေါ်စားနေသူတွေ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပညာအရည်အချင်း ကြည့်ဦးမလား၊ ဆယ်တန်းဝေးလို့ ကိုးတန်းသော်မှ မရောက်။ ရှစ်တန်းမအောင်ဘဲ စာသင်ခန်းကို ကျောခိုင်းခဲ့သူ။

သူ၏အလုပ်အကိုင်မှာ အလုပ်လက်မဲ့ဟု မပြောသာရုံတဲ့ ရှိသည်။ လက်ရှိလုပ်ငန်းမှာ အတည်တကျရှိသည်ဟု မဆိုသာသော မှောင်ခိုကုန်အရောင်းအဝယ်လုပ်ငန်း။ ကိုယ်ပိုင်ငွေကြေးနှင့် အရောင်းအဝယ်လုပ်တာဆို တော်သေးသည်။ ရဟာက သည်လိုမဟုတ်၊ မှောင်ခိုဘော်ဇာတွေဆီက ပစ္စည်းကို ခေါက်ပြန်ပေးယူပြီး စပ်ဟပ်ရောင်းချသည့် လုပ်ငန်း၊ ရောင်းနိုင်သလောက် ကော်မရှင်ရသည်။

ထွန်းထွန်းက လူရည်တော့လည်သည်။ နို့ဆီ၊ သကြား၊ နို့မှုန့်၊ ဆပ်ပြာ၊ စီးကရက်များကို အတွဲလိုက်များများ စားစား ရသူတွေဆီက၊ ပစ္စည်းကောက်ပြီး ဒေါ်ခင်အေးမြင့်တို့လို ဆိုင်တွေကို သွင်းနေသူ။ သည်ပစ္စည်း တွေကို အတွဲလိုက်မှန်မှန်ရသူတွေရှိရာ၊ သူတို့နှင့် အမြဲတန်း အဆက်အသွယ်ရှိသူကို လက်သိပ်ထိုး ရောင်းကြသည်။ အရောင်းအဝယ် လုပ်သည်ကို လူသိမခံလိုသူများနှင့် ထွန်းထွန်းတို့လို လူတွေ ထာဝရလက်တွဲ လျက်ရှိနေကြသည်။

ပြောစရာ သူ့အရည်အချင်းမှာ ထိုသို့သော လုပ်ငန်းဘက်မှာ လည်လည်ပတ်ပတ် နှံ့နှံ့စပ်စပ် ရှိခြင်းပင်။

ရုပ်ရည်ကတော့ ကြည့်ပျော်ရှုပျော်မဟုတ်၊ ကြည့်ကောင်း ရှုကောင်းရှိသည်။ လူချောကြီးလို့ မဆိုသာပေမယ့် လူချောလေးလို့ ပြောနိုင်ရသည်။ ခေတ်လူငယ်ကို ဝတ်စားဆင်ယင်မှု



နှင့် ပေါင်းစပ်လိုက်သောအခါ အမြင်နှင့်ကျစရာ ရုပ်သွင်မျိုး ထင်းပေပေါ်လွင်နေသည်။

တစ်ခြားအရည်အချင်း ချို့ငဲ့ပေမယ့် ရုပ်ဆင်းအင်္ဂါမချို့ငဲ့၊ ဒါလေးတစ်ခုပဲ ပြောစရာရှိသည်။

ဒေါ်ခင်အေးမြင့်က ထွန်းထွန်းလိုကောင်လေးနှင့် ဖြစ်လိုက်တော့ အများလက်ညှိုးထိုးစရာ ဖြစ်လာရသလို၊ အကျနာ လွန်းသည်ဟု ပြောစရာဖြစ်လာသည်။

ကျဘာမှ ဒလိမ့်ခေါက်ကွေး အကျ၊ နာသလား မမေးနဲ့ နာထောင်ထဲ ရောက်နေမှာကိုဘဲကြည့်။

+ + +

အတွေးစဉ်ထဲသို့ သည်အကြောင်းမဝင်အောင် အမြဲရှောင်ခဲ့သည်။ သည်အကြောင်း ဝင်လာတိုင်း ရင်နာရလွန်းသော ကြောင့်။

မေတ္တာကို အရင်းမခံဘဲ တဏှာပေမကို အရင်းခံသော အချစ်သည် အရှက်တရား၊ အကြောက်တရားအားလုံးကို မျက်နှာလွှဲနိုင်၏။ ဆင်ခြင်မှုကို ဥပေက္ခာပြုနိုင်၏။ ဝေဖန် ပိုင်းခြားမှု ဉာဏ်အရည်အသွေးကို လျော့ပါးစေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ထွန်းထွန်းနှင့် လူသိသူသိ ဖြစ်လာစကား ဘယ်သူတွေဘာ ပြောပြော၊ အယ်သို့ဆိုဆို လုံးဝဂရုမစိုက်ဘဲ မျက်နှာပြောင်တိုက်ပြီး ထောင်ထောင်လွှားလွှားနေခဲ့သည်။

ဒေါ်လေးကျော့ကဆို ခြေထောက်မဖက်ရုံတမယ် တောင်းတောင်း ပန်ပန်တစ်မျိုး၊ မျက်ရည်ခံထိုး၍တစ်ဖုံ၊ ရစ်ရင့်သီးသီး ပြော၍တစ်သွယ်၊ ရပ်စာနှ်ကရပ်ဖို့ နည်းအမျိုးမျိုးဖြင့် တြိုးပန်းခဲ့ပါသော်လည်း ဒေါ်ခင်အေးမြင့်က လုံးဝဥပေက္ခာ ပြု၍ ထင်ရာစိုင်းခဲ့သည်။ အဲဒီအချိန်က ထွန်းထွန်းမှ ထွန်းထွန်း ဖြစ်နေသည့်အချိန် ဆိုပါတော့။

ထွန်းထွန်းနှင့် အရောင်းအဝယ်လုပ်ငန်းအတွက် လုပ်ငန်း သဘော ဆက်ဆံခဲ့ရာမှ စတင်သိကျွမ်းခဲ့ရသည်။

ထွန်းထွန်းက နိုင်ငံခြားဖြစ် မှောင်ခိုရောင်းကုန် များကို လာရောက်စပ်ဟပ်ခဲ့သည်။ သူတို့ဆိုင်မှာကလည်း နိုင်ငံခြားဖြစ် ပစ္စည်းများကို အများအပြား တင်ရောင်းသည်။ မန္တလေးနှင့် တောင်ကြီးက အဆက်အသွယ်တွေ ဆင်းလာပြီဆိုရင် သေဝင်နှင့်ချီ ရောင်းရတာ။ တစ်ဦးတစ်ဦးလျှင် သောင်းဖိုးထက်မနည်း ဝယ်ယူကြသည်။ မြစ်ဝကျွန်းပေါ်နှင့် ပြည်၊ မကွေးဘက် ကလည်း လက်ကားဝယ်သူ ဖောက်သည်တွေရှိသည်။ ဒါကြောင့် သူတို့က ရောင်းကုန်ကို ရှာရသည်၊ လှောင်ရသည်။

ပစ္စည်းရှာရတာ လွယ်သည့်အခါ ရှိသလို ခက်သည့်အခါ လည်းရှိသည်။ လိုချင်သလောက်ရသည့်အခါ ရှိသလို လိုချင် *သလောက် မရသည့်အခါ လည်း ရှိသည်။ အရောင်း အဝယ်* ကောင်း လာသလောက်အလျှင်မမီအောင် ပစ္စည်းရှာရသည်မှာ



မလွယ်။ ဒေါ်လေးကျော့ဆိုလျှင်ဆိုင်မှာပင် မထိုင်အားအောင် နေ့စဉ်ပစ္စည်းအရှာထွက်နေရသည်။

အထူးသဖြင့် နိုင်ငံခြား စီးကရက်နှင့် အရက်မျိုးစုံမှာ အလွန်အရောင်းသွက်သည်။ ဒေါ်လေးကျော့လို မိန်းမသား တစ်ယောက်အနေနဲ့ ရှာရသည်မှာမလွယ်၊ အများလှောင်ပြီး ရောင်းသည့်နေရာ၊ နှစ်နေရာသုံးနေရာကို သိထားပေလို့သာ။

ခု- ထွန်းထွန်းက အဲဒီပစ္စည်းတွေကို ဆိုင်အရောက်လာပို့ မှာ။ ဈေးနှုန်းကလည်း လက်ရှိဝယ်နေကျ ဈေးနှုန်း အတိုင်း ရသည်။ သူ့ဆီမှာကနည်းနည်းတောင် သက်သာသေးသည်။

နောက်ပိုင်းကျတော့ ဒေါ်လေးကျော့လည်း ပစ္စည်းအရှာ ထွက်ရသက်သာသွားသည်။ ဖောက်သည်များကိုလည်း တံဆိပ်စုံ ပစ္စည်းစုံ လိုသလောက်ပေးနိုင်သည်။ ထွန်းထွန်း ဖောက်သည် တွေကသူတို့ဈေးမှာတင် သုံးလေးဦး ရှိသည်။ အမျိုးမှန် ဈေး မှန်ရသမို့ ဖောက်သည်တွေကလည်း ကျေနပ်ကြသည်။

ထွန်းထွန်းက အပြောချိုသည်၊ သွက်သွက်လက်လက် ရှိ သည်။လျှာစ အာစရှိသည်။ ဆိုင်ကိုလာခိုက် ကူညီစရာရှိသည် များကြုံလျှင် မပြောရ။ ဝင်လုပ်ပေးသွားတတ်သလို၊ စားစရာ ရှိလျှင်လည်း လက်မနှေး၊ ဟန်မဆောင်တတ်၊ သူက ကျွေး စရာရှိလျှင်လည်း စေတနာဗလဝနှင့်။

ဒါကြောင့်လည်း ရင်းနှီးမှု အတိုင်းအတာမှာ လွန်လွန် ကဲကဲ ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ် ဝန်ခံကြရတမ်းဆိုရင် ထွန်းထွန်းဘက်ကို ချည်းအပြစ်ပုံချလို့ မရစကောင်းပေ။ သူ့ဘက်ကလည်း ခပ်ပါပါဆိုသလိုရှိခဲ့သည်ပါ။

သူတို့၏ဆက်ဆံရေးမှာ ပထမတော့ ခပ်တန်းတန်း ခပ်မှန်မှန်၊ ပြောပုံဆိုပုံက တည်တည်တန့်တန့် အရောင်းအဝယ် ကိစ္စကလွဲပြီး အပိုဝါစာကမာစကားတွေမပါ။

ပစ္စည်းပို့ပြီးရင် ထွန်းထွန်းကဆိုင်မှာ ကြာကြာမနေ၊ ရှင်းလင်းစရာရှိတာကို ရှင်းလင်းပြီးရင် ပြန်လေ့ရှိသည်။

နောက်တော့ 'ထွန်းထွန်းရေ' 'ဟုတ်ကဲ့ မမမြင့်' ဘာလေးဝယ်ပေးစမ်းပါအုံး၊ ဘယ်ကိုသွားပေးစမ်းပါအုံး ဆိုသည့်ကိစ္စ လေးတွေပါလာသည်။ ပစ္စည်းပို့ပြီးရင် အရင်ကလို ချက်ချင်းမပြန်။ မမမြင့်က ကျွေးစရာရှိတာကို စားပြီးမှပြန်စေသလို၊ ထွန်းထွန်းကလည်း မမမြင့် ကြိုက်တက်တာတွေ ဝယ်လာပြီးအတူ စားသောက်ပြီးမှ ပြန်လေ့ရှိလာသည်။ ပြောပုံဆိုပုံ ဆက်ဆံပုံက တရင်းတနှီးရှိလာသည်။ ကြည့်ပုံရှုပုံတွေက တစ်မျိုး ဖြစ်လာသည်။

ထို့မှ တဆင့်ဆင့် တက်လာသည်က အပြင်သို့ အတူသွားကြလာကြခြင်း။ ပထမသွားလာကြသည်မှာ အလုပ်ကိစ္စနှင့်။

ပစ္စည်းတွေ တိုက်ရိုက် ဝယ်လို့ရသည့် စားကျက်တွေကို ထွန်းထွန်းက ပြပေးသည်။ ဒေါ်ခင်အေးမြင့်က ငွေရင်းစိုက်ပြီးဝယ်ကြသည်။ အရင်ကထက် အမြတ်ကျန်ငွေ သိသိသာသာ ပိုထွက်လာသည်။



ယင်းသို့ အလုပ်ကိစ္စနှင့်အတူ သွားလာကြရင်းမှ တစ်ခါတစ်ရံ ရုပ်ရှင်အတူကြည့်တာမျိုး၊ နောက်တော့ ခဏခဏရုပ်ရှင်ရုံထဲမှာ။

အတွေ့အထိကို မလွန်ဆန်နိုင်၊ လိုက်လျောမှုတွေ လွန်ကဲလာသည်။ နေ့လယ်ခင်းဆို အိမ်မှာ ဘယ်သူမှမရှိ။ အိမ်ကိုသော့ခတ်ခဲ့ရတာ၊ အဲဒီတော့-

ပတ်ဝန်းကျင်က ထိုထိုအီအီပြောလာပြီ။ ဒေါ်လေးကျော့နားထဲပေါက်လာသည်။ မသင့်တော်ကြောင်း၊ လူကြီးစကားဆိုလာသည့်အချိန်မှာ မလွန်သာမဆုတ်သာ လက်လွန်ခြေလွန်အဆင့်မျိုးရောက်နေပြီ။

ချဉ်သီးနှင့်အားအတူထား၊ ဆိုသော ပမာစကားသို့ နှုယ်ဖြစ်ခဲ့ရလေပြီ။

ဒေါ်လေးကျော့ အိမ်ခွဲ ဆင်းသွားသည်။ မျက်နှာချင်းဆိုင်၍ မရှုတော့သည့်အတိုင်း စီးပွားရေးလုပ်ငန်းကိုလည်း ခွဲလိုက်ကြသည်။

တကယ်တော့ ဒေါ်လေးကျော့ မျက်နှာကို မထောက်ပေမယ့် သမီးမျက်နှာကို ထောက်သင့်သည်။ ၅နှစ်သမီးက ခွဲခွာသွားခဲ့ရသည့် သမီးကို ၁၆ နှစ် သမီးကျမှ ပြန်တွေ့ခဲ့ရသည်။ အဆက်အသွယ် ပြတ်တောက်နေသည့် သမီးက သူငယ်ချင်းများနှင့်ရန်ကုန်ကို အလည်လာရင်း အမေ့ကိုလာတွေ့ခဲ့သည်။

သွေးက စကားပြောသည်လား မသိ၊ မထင်မှတ်ဘဲ သားအမိနှစ်ယောက်တွေ့ကြသည်အခါ တစ်ယောက်နှင့်တစ်ယောက် တင်းတင်းကျပ်ကျပ်ဖက်ထားသည့် လက်များကို ပြေလျော့၍

www.burmeseclassic.com

www.burmeseclassic.com



မှရအောင်ရှိရသည်။ မျက်ရည်များ အိုင်ထွန်းခဲ့ရသည်။ မျှ
နိုင်မခွာရက်ဖြစ်ခဲ့ရသည်။ တွေ့ဆုံခြင်းခဏမှာ တစ်သက်တာ
မမေ့နိုင်စရာ သို့ရှိခဲ့ပါချေ၏။ အဲဒီတုန်းက ထွန်းထွန်းနှင့်
ဇာတ်လမ်း မစသေး။ ဒါကြောင့် ဘယ်သူ့ မျက်နှာ
မထောက်၊ ထောက်ထောက်၊ သမီးမျက်နှာကို ထောက်ရမှာ
ပါ။ ဒါပေမယ့်ဥပေက္ခာပြုလိုက်သည်။

သမီးဖြစ်သူက မိခင်နှင့်ထွန်းထွန်းတို့ ဇာတ်လမ်းကို မသ
လိုက်။ ဒုတိယအခေါက် ရန်ကုန်အရောက် မိခင် ဖြစ်သူအာ
သွားရောက်တွေ့ဆုံရာမှ-

○

အခန်း (၁၀)

ရုံးထွက်နေ့

သည်က နေ့ရုံးထွက်တွင် လုပ်ရှီးလုပ်ထုံးနည်းအရ စွဲချက်
တင်သင့် မတင်သင့်လျှောက်လဲချက် ပေးကြမည်ဖြစ်သည်။

စွဲချက်တင်လျှင် အမှုဆက်စစ်မည်၊ စွဲချက်မတင်လျှင် အမှုက
လွတ်မည်၊ အမှုလွတ်မည်ဆိုသော အဆင့်ထိအောင် မမျှော်
မှန်းရဲ။

အချုပ်ကားပေါ်က အဆင်းတွင် ဘယ်သူ့ကိုမှမတွေ့။
ခေါင်းမော့၍ မျက်နှာပြောင်တိုက်ပြီး နှုတ်ဆက်ရသည့် အဖြစ်မှ

www.burmeseclassic.com



လွတ်ကင်းသွားသည်။ ရုံးထွက်သည့်အခါ ခေါင်းမမော့ချင်။ ကိုယ်ကတရားခံကို အထင်တကြီးကြည့်ရှုသည့် မျက်လုံးဟူ၍မရှိ။ အချုပ်ကားပေါ်မှဆင်းလာသည့် တရားခံများအပေါ် အကြည့် အရှုရဲ့သလောက် အထင်သေးမှုကို ပြသစရာမရှိကြသည်။ အချို့က အမှုအရာနှင့်သာမဟုတ်၊ မကြားတကြား စကားအရာဖြင့် အနှောင့်အယှက် ပေးကြသည်။

မည်းလုံးကောင်မလေးတွေက အကြောင်းမဟုတ်၊ ဒေါ်ခင် အေးမြင့်တို့လို ကိုယ့်သိက္ခာနှင့်ကိုယ် နေသူတွေ အတွက်က အကြောင်း။ ဒါကြောင့် ကားပေါ်ကဆင်း၍ အချုပ်ခန်းသို့ အသွားတွင် အကြောင်းမရှိဘဲ ဟိုကြည့်သည်ကြည့် ခေါင်းမော့ ခြင်းကို တတ်နိုင်သမျှ ရှောင်ခဲ့သည်။ အဲဒီနေ့က တရားရုံးအချုပ် ခန်းသို့အသွားတွင် ဘေးဘီကို လုံးဝမကြည့်ဘဲ ခေါင်းငုံ့လျက် လျှောက်ခဲ့သည်။

အချုပ်ခန်းထဲရောက်တော့ သူ့ကိုလာတွေ့မည့်လူ မရှိသမို့ ထောင့်တစ်ထောင့်တွင် နေရာယူပြီး ကိုယ့်အမှတ်ကိစ္စလေးနှင့် ကိုယ် ငြိမ်သက်စွာ ထိုင်နေသည်။

မျက်လုံးကိုပိတ်မထားပါ။ မျက်လုံးဖွင့်ပြီး ခေါင်းငုံ့ထား သည်။ ထိုစဉ် ကလေးငယ်များ၏ ရူးရူးဝါဝါး အော်ငိုသံ ကြောင့် အမှတ်ကိစ္စလေးကိုရပ်ပြီး ခေါင်းမော့ကြည့် လိုက်ရ သည်။ ပထမတော့ ဘာပါလိမ့်လို့၊ အမှတ်တစ်မဲ့ မော့ကြည့် လိုက်ခြင်းပါ။ ဒါပေမယ့် စိတ်ထိခိုက်စရာမြင်ကွင်းကို တွေ့လိုက် ရသမို့ ခေါင်းပြန်မငုံ့မိတော့ဘဲ မြင်ကွင်းဆီသို့ အာရုံရောက် သွားရသည်။



အချုပ်ခန်းထဲမှ အမျိုးသမီး၏ ဆီဝေးနေသည့် ခေါင်းမှ ပင်မှာဖွရာကြနေသည်။ ထောင်ထဲရောက်သည့် အချိန်က ဝတ်အစား အပိုပါလာဟန်မတူ။ ဝတ်ထားသည့် အင်္ကျီ ထဘီတို့မှာ ပြောင်ယောင်မရှိ၊ ညစ်ထပ်နွမ်းကြေနေသည်။ အဆောင်အောက်ထပ်က ဖြစ်လိမ့်မည်၊ ထောင်ထဲတုန်းက တော့မထားမိ။ အသက်အရွယ်မှာ နှစ်ဆယ့်ငါးနှစ်လောက် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။

သူ့အား လာရောက်တွေ့ဆုံသူ အမျိုးသားမှာ သပ်သပ် ရပ်ရပ် ဝတ်ဆင်ထားသည်။ နို့စို့အရွယ် ကလေးငယ်တစ် ယောက်ကို ချီပိုးလျက်၊ အသက်သုံးနှစ်နှင့် ငါးနှစ်ခန့်ကလေး နှစ်ယောက်ကို လက်ဆွဲလျက်၊ မျက်နှာမှာ ညိုးနွမ်းရိပ်ထင်နေ သည်။ အငယ်ဆုံးကလေးမှာ နို့ပြတ်သေးဟန်မတူ။ ကလေး သုံးယောက်စလုံးမှာ မေမေကိုတွေ့တော့ ကြွက်ကြွက်ညံအောင် ငိုကြသည်။ အငယ်ဆုံးကလေးက အမေ့နို့နံ့ရသည်ထင်ပါ။ အမေ့ဆီကို အတင်းလက်ကမ်းပြီး သံကုန်ဟစ်ငိုနေသည်။ ကလေးက အမေ့ဆီကို အတင်းလက်ကမ်းပြီး အတင်းထိုး နေသည်။ အချုပ်ခန်းထဲ ရောက်နေသည့်အမေက ကလေး ဘယ်လိုမှချီလို့မရ။

မြင်ကွင်းကို ကြည့်နေရသည်မှာ စိတ်ထိခိုက်စရာ။ ထောင်မလေး အမှုအကြောင်းကို မေးကြည့်ရသည်။ ထူးခြားခြား အမှုမဟုတ်ဘဲ။ အမှုလည်းမကြီး။ ရုပ်ရှင်လက်မှတ် ခိုမှု။ သည်အမှုမျိုးက ခါတိုင်းဆို ရဲခန်းနှင့်ရုံးချုပ်မှာ တွေ့ဆုံခွင့်မနေရ။ ဆာမခံရသည့်အမှု။ ခုဟာက စိမ့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကဆင်းဖမ်းသည့်အမှု၊ အာမခံမရ၊ ရမာန်ကြီးတစ်ယော
အချုပ်ခံပြီး ရုံးထွက်လာရသည်။

အကယ်၍သည့်နေ့ အာမခံမရခဲ့ရင် တစ်နေ့တည်းအပြီးစစ်ပြီး ထောင်ချလိမ့်မည်။ တကယ်တော့လည်း မှောင်ခိုလုပ်ချင်လို့ မည်မဟုတ်။ ယောကျ်ားက အလုပ်အကိုင် အဆင်မပြေလို့လား၊ ဒါမှမဟုတ် အလုပ်အကိုင်ဝင်ငွေနှင့် မလောက်လို့လား။ အိ ဝင်ငွေလေးရအောင် ထွက်လုပ်တာလား။ တစ်ခုခုတော့ တစ်ခုခုပေါ့။

ဘယ်သို့ရှိစေ၊ ဆိုစေ၊ နို့စို့ကလေးကို အဖေလုပ်သူက ဘယ်လိုလုပ်ပြီး နို့တိုက်မှာပါလိမ့်။ နို့မှုန့်ဗူးဝယ်နိုင်ဟန်မတူ ခုတော့ အမေလုပ်သူက နို့စို့အရွယ်သားငယ်နှင့်၊ လူမမယ် ကလေး နှစ်ယောက်ကိုခွဲပြီး ထောင်ထဲရောက်နေရသည်။

ထောင်ထဲကို နို့စို့ကလေး ခေါ်ခွင့်ရှိပေမယ့်၊ အဖမ်းခံရတဲ့ အချိန်က ကလေးအိမ်မှာ ကျန်ရစ်လို့ ဖြစ်လိမ့်မည်။

အဖေလုပ်သူမှာလည်း ကလေးသုံးယောက်နှင့် ဒုက္ခ။

လောကကြီးမှာ အစစအရာရာ အဆင်ပြေသူများရှိသလို မပြေသူများလည်း ဒုနှယ်ဒေး ရှိကြပါလေ၏။

သူများအကြောင်းကနေ ကိုယ့်အကြောင်း ရောက်လာသည်။ တရားရုံးက အမှုခေါ်မည့်အချိန်ကို စောင့်ရသည်မှာ ငြီးငွေ့စရာ ကောင်းလှ၏။ ဘယ်အချိန်ခေါ်မည်ကို အကြမ်းဖျင်း သတ်မှတ်ချက်ရှိသော်လည်း သူတို့ကမသိ။ မနက်ပိုင်း ခေါ်မလား၊ ညနေပိုင်းခေါ်မလား ဆိုသည်ကို ရှေ့နေကြီးများသာ သိကြသည်။ ရှေ့နေကြီးတွေက ဟိုရုံးကူး၊ ဒီရုံး



ကူး သွားနေရသူများဖြစ်သမို့ သူတို့က ထိုင်စောင့်မနေနိုင်။ တရားရုံးစာရေးများထံ မေးမြန်းပြီးတို့ပြေးလွှားသည်ပြေးလွှား လုပ်ကြရသည်။

ခုလည်း ဦးခင်မောင်ထွန်းက နေ့လယ်ကျမှ ခေါ်မည့်အကြောင်း လာပြောပြီး၊ သူ့စာရေးလေးက စားသောက်စရာများနှင့် မှာထားသည့်ပစ္စည်းများ ဝယ်လာပေးသည်။

ဒါက သမီးဖြစ်သူ စီစဉ်ခဲ့သည့် အစီအစဉ်။

ဒေါ်ခင်အေးမြင့်က ဇီဇာခကြောင်။ ရှောင့်ရဲလွယ်သည့်ကလေး အကျင့်ရှိနေပြီ။ မရှောင့်ရဲလွယ်လို့လည်းမဖြစ်၊ နောက်ထပ် ထောင်ထဲမှာ ဘယ်လောက် ကြာအောင် နေရအုံးမည်မသိ။

သည်တနေ့ နှစ်ဘက် လျှောက်လဲချက်ပြီးရင် တရားစီရင်ရေးအဖွဲ့က အပြစ် ရှိ၊မရှိ မေးလိမ့်မည်။ ယင်းသို့မေးလာသည့်အခါ အပြစ်မရှိပါဟု ဖြေရန် ဦးခင်မောင်ထွန်းက မှာထားသည်။

လျှောက်လဲချက် ပြီး၍ အပြစ်ရှိပါသည်ဟု ပြောလျှင် အဆက်ထဲ စီရင်ချက်ချလိမ့်မည်။

ဒေါ်ခင်အေးမြင့်သဘောက အမှုမြန်မြန် ပြီးအောင် အပြစ်ရှိပါသည်ဟု ဝန်ခံလိုက်ချင်သည်။ ဒါပေမယ့် ရှေ့နေကြီးက ဝန်မခံဖို့ပြောထားသည်။ သမီးက ရှေ့နေကြီးစကားကို နားထောင်ပါလို့ တတန်တရ မှာထားသောကြောင့်သာ ဆန္ဒအတိုင်းဝန်ခံလို့မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရုံးမှာ တရားခံအားလုံးနီးပါးက အပြစ်ရှိပါသည်ဟု ဝန်ခံလေ့မရှိကြ။ အပြစ်မရှိပါဟု ငြင်းဆိုမြဲ ဖြစ်ကြသည်။

နေ့လည်တစ်နာရီကျော်ပြီးမှ အမှုခေါ်သည်။

စွဲချက်တင်သင့်မတင်သင့် လျှောက်လဲချက် တင်သွင်းရာတွင် အစိုးရရှေ့နေကြီးက အောက်ပါအတိုင်း လျှောက်လဲချက် တင်သွင်းသွားသည်။

လေးစားအပ်ပါသော တရားစီရင်ရေးနာယကနှင့် အဖွဲ့ဝင်များခင်ဗျား။

ယခု စစ်ဆေးနေတဲ့ မှုခင်းရဲ့ဖြစ်ရပ် အခြေခံ အကြောင်းကို ကြည့်တဲ့အခါ၊ လင်မယားချင်း ခိုက်ရန်ဖြစ်ပွားရာက လက်ရောက်ကျူးလွန်မှုပါလာပြီး၊ လူသတ်မှုအထိသော မှုခင်းကြီး ဖြစ်သွားခဲ့တာကို တွေ့ရပါလိမ့်မယ်။ လင်နှင့်မယား လျှာနဲ့သွား ဆိုဘိသကဲ့သို့ အခိုက်အလဲ့မသင့်တဲ့အခါ လင်မယားချင်း ရန်ဖြစ်ကြတာဟာ ထူးခြားဆန်းကျယ်တဲ့ ဖြစ်ရပ်မဟုတ်ပါဘူး။ တစ်ချို့တစ်ချို့သော အိမ်ထောင်စုများမှာ လက်ရောက် ကျူးလွန်မှုပါတဲ့ ရန်ပွဲဖြစ်လေ့ဖြစ်ထရှိပါတယ်။ လင်မယား ရန်ဖြစ်တိုင်းသာ တရားရုံးကိုရောက်စေတဲ့ အမှုကြီးတွေ ဖြစ်ကြမယ်ဆိုရင် တရားရုံးတော်မှာ အမှုတွေ တန်းစီပြီး စစ်လို့မနိုင်လောက်အောင်ရှိပါလိမ့်မယ်။ အခု အမှုမှာ လင်မယားချင်း ရန်ဖြစ်ပြီး မယားဖြစ်သူက မိမိရဲ့လင်ယောကျ်ားကို ဓားနဲ့ထိုးလိုက်လို့ ယောကျ်ားဖြစ်သူ သေဆုံးခဲ့ပါတယ်၊ ဒါကို လင်မယားချင်းရန်ဖြစ်ရာက လက်လွန်ခြေလွန်ဖြစ်ခဲ့ပါတယ်။ သေစေလိုတဲ့ဆန္ဒမပါဝင်ဘဲ၊ မတော်တဆသေနိုင်လောက်တဲ့ နေရာကို



ဓားချက်ထိသွားရတာပါလို့ အကြောင်းပြလာမယ်ဆိုရင်၊ အဲဒီအကြောင်းပြချက်ဟာ လက်ခံနိုင်ဖွယ်ရာ အကြောင်းပြချက် မဖြစ်နိုင်ပါဘူး။ တစ်ခါသေဆုံးသူက တရားလွန် ညှဉ်းပန်းနှိပ်စက်လို့ မခံမရပ်နိုင်အောင် ရိုက်နှက်လို့ ဖြစ်ရတာပါလို့ အကြောင်းပြခဲ့ရင်လည်း ထိုအကြောင်းပြချက်ဟာ လက်ခံနိုင်ဖွယ်ရာ မဟုတ်တဲ့အကြောင်းပြချက်ဘဲဖြစ်ပါမယ်။ သေဆုံးသူက မခံမရပ်နိုင်လောက်အောင် ပြင်းပြင်းထန်ထန်ရိုက်နှက်ခဲ့၍ ဘယ်လို ဒဏ်ရာဒဏ်ချက်တွေ ရရှိခဲ့ကြောင်းကို ရဲစခန်းမှာသော်လည်းကောင်း၊ ဖြောင့်ချက်ပေးစဉ် တရားရုံးမှာသော်လည်းကောင်း အထင်အရှား မပြသနိုင်ခဲ့ပါဘူး။ ဘယ်လို အနေအထားမှာဘဲဖြစ်ဖြစ်၊ ပြစ်မှုကိုကျူးလွန်သလား၊ မကျူးလွန်ဘူးလားဆိုတာကို အဓိကထားပြီး ကြည့်ရမှာ ဖြစ်ပါတယ်။ ယခုအမှုမှာ တရားခံကိုယ်တိုင်က ပြစ်မှုကျူးလွန်ခဲ့ကြောင်း ရဲစခန်းတွင် ထွက်ဆိုခဲ့ရုံမက၊ တရားရုံးမှာလည်း ဖြောင့်ချက် ပေးထားပါတယ်။ တရားခံဟာ ယင်းပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားပေါ်လွင်နေတာကြောင့် ပုဒ်မ-၃၀၂(၂) အရ စွဲချက်တင်ရန်မှတစ်ပါး အခြားမရှိကြောင်း လေးမြတ်စွာ လျှောက်ထား တင်ပြအပ်ပါတယ်ခင်ဗျာ။

ယင်းသို့ လျှောက်လဲချက်ပေးရာတွင် ဥပဒေဆိုင်ရာ ကိုးကားချက်များကို ထည့်သွင်းဖော်ပြခဲ့၏။

တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ရသည့် ဥပဒေပညာရှင်များမှာ တရားခံများအပေါ် အာဃာတထားရှိသူ မရှိကြဘူးလို့၊ ပြစ်ဒဏ်ခံရစေမည်ဆိုသော စေတနာလည်း မပါဘဲ

www.burmeseclassic.com

www.burmeseclassic.com



တရားဥပဒေ တည့်မတ်ရေးကို ဦးတည်ချက်ထားပြီး တာဝန်နှင့် ဝတ္တရားကို ကျေပွန်အောင် ဆောင်ရွက်ကြရသည်။

တရားခံများဘက်ကမူ ထိုသို့မမြင်ကြ။ အပြစ်ဒဏ်မကျကျအောင် လုပ်ဆောင်နေသူများလို့ မြင်ကြသည်။ သဘောထားကြသည်။ မြန်မာလူမျိုးတို့၏ ထုံးစံအတိုင်း မေတ္တာပို့သည်လို့ နှုတ်ကပြောပြီး၊ စိတ်ရင်း[illegible]စေတနာကမူ ဘယ်သို့ ဖြစ်ပါစေ၊ ညာသို့ ဖြစ်ပါစေဟု မကောင်းသော သဘောကို ဆောင်ကြသည်။

\+ + +

ဒေါ်ခင်အေးမြင့် ကတော့ မကောင်းသော အမြင်ကို မဆောင်၊ တရားသဘောနှင့် ဆင်ခြင်ပြီး ဥပေက္ခာပြုလိုက်သည်။

သူ၏ ရှေ့နေကြီး ဦးခင်မောင်ထွန်းကမူ....

'လေးစားအပ်သော တရားစီရင်ရေး အဖွဲ့ နာယကနှင့် အဖွဲ့ဝင်များခင်ဗျား....

'မှုခင်းတစ်ခုဖြစ်ပွားတိုင်း အဲဒီမှုခင်းနဲ့တွဲစပ်နေတဲ့ ပြစ်မှုကျူးလွန်သူတရားခံရယ်လို့ ရှိပါတယ်။ ဒါပေမယ့် တရားခံအမျိုးအစားချင်း မတူညီကြပါဘူး။ ဥပဒေကို မျက်ကွယ်ပြုပြီး



ပြစ်မှုကို ကျူးလွန်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အစီအစဉ်ချပြီးမှ ပြစ်မှုကို ကျူးလွန်တဲ့ တရားခံက တစ်မျိုးပါ။ တရားဥပဒေကို လေးစားလိုက်နာပြီး မှုခင်းနှင့် မပတ်သက်အောင် နေထိုင်ပါလျက်၊ အကြောင်းတစ်ခုခုကို အခြေခံပြီး ရည်ရွယ်ချက်မပါဘဲ မတော်တဆ ပြစ်မှုကျူးလွန်သူအဖြစ်ကို ရောက်ရတဲ့ တရားခံက တစ်မျိုးပါ။ ခုရုံးတော်ရှေ့မှောက်သို့ ရောက်နေသည့် ကျွန်ုပ်တော်၏ အမှုသည် ဒေါ်ခင်အေးမြင့်ကို ဒုတိယအမျိုးအစား တရားခံလို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒီအမှုမှာ ပြစ်မှုကျူးလွန်အောင် ဖန်တီးတဲ့တရားခံကို ရှာဖွေရမှာ ဖြစ်ပါတယ်။ ဖန်တီးသူက ဒေါ်ခင်အေးမြင့်က ပြစ်မှုမကျူးလွန် ကျူးလွန်မိအောင် တွန်းအားပေးသူဟာ ထွန်းထွန်းပဲ ဖြစ်ပါတယ်။ သေဆုံးသူ ထွန်းထွန်းကို ဖန်တီးသူအဖြစ် ဘာကြောင့် စွပ်စွဲရသလဲဆိုတဲ့ အခြေခံအကြောင်းတရားကို ဖော်ပြရမှာ ဖြစ်ပါတယ်'

ရှေ့နေကြီး ဦးခင်မောင်ထွန်းက သူ၏တင်ပြချက်အပေါ် တရားစီရင်ရေးအဖွဲ့ဝင်များ အာရုံစူးရောက်မှု ရှိ-မရှိ၊ တင်ပြချက်ကို ခဏရပ်နား၍ လေ့လာအကဲခတ်လိုက်ပါသည်။

ပြီးမှ....

'မိမိထက်အသက်အရွယ် ငယ်လွန်းပြီး ခြေခြေမြစ်မြစ် မရှိသည့် လူငယ်တစ်ယောက်ကို ဒုတိယအိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခဲ့တဲ့ အမှားကို ဒေါ်ခင်အေးမြင့် ပြုလုပ်ခဲ့ပါတယ်။ သည်အမှား၏ ဒဏ်ကို ဒေါ်ခင်အေးမြင့်ဟာ ခါးစည်းပြီးခံခဲ့ရ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းဟာ ဒေါ်ခင်အေးမြင့် ရှာဖွေခဲ့တဲ့ ရှာဖွေနေတဲ့ ငွေကြေးများကို ထင်သလိုသုံးစွဲပြီး နေ့စဉ်နှင့်အမျှ အရက်သေစာကို အလွန်အကျွံ သောက်ခဲ့ရုံမက၊ အရက်မူးလာတိုင်း ဒေါ်ခင်အေးမြင့်ကို နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခဲ့ပါတယ်။ မကြားဝင့်မနာသာ ဆဲဆိုပြီး ကိုယ်ထိလက်ရောက်လည်း စော်ကားခဲ့ပါတယ်။ အဲဒီလို ပြုလုပ်ခဲ့ကြောင်းကို ပြုလုပ်တိုင်း မဟုတ်ပေမယ့် အကြိမ် တော်တော်များများ ရပ်ကွက်လူကြီးများကို တိုင်ကြားခဲ့ပါတယ်။ ဒေါ်ခင်အေးမြင့် ဟာ ဆုပ်လည်းစူး၊ စားလဲရူးဆိုသ လို ဘာမျှလုပ်နိုင်ဘဲ အလူးအလှိမ့်ခံနေခဲ့ရာက၊ အချင်းမှုင်း ဖြစ်တဲ့နေ့မှာ ထွန်းထွန်းက အရက်တွေအလွန်အကျွံ မူးပြီး လက်သီးနဲ့ထိုး၊ ခြေထောက်နဲ့ကန်ရုံအားမရသေးဘဲ၊ လည်ပင်းကိုညှစ်ဖို့လုပ်လာပါတယ်။ ထွန်းထွန်းရဲ့ လက်နှစ်ဘက်က လည်ပင်းကို မိမိရရ မကိုင်မိခင် အတင်းရုန်းထွက်ပြီး ထွန်းထွန်းအိမ်ရှေ့ ကြွက်လျှောက်ပေါ်မှာ ထားလေ့ရှိတဲ့ ဓားမြှောင်ကိုယူ၍ နောက်ထပ် ထွန်းထွန်း အနားမကပ်ရဲအောင် ဓားပြပြီး ခြောက်လှန့်ခဲ့ပါတယ်။ ထွန်းထွန်းက နောက်မဆုတ်ဘဲ ရှေ့ကို အတင်းတိုးဝင်အလာ၊ ဒေါ်ခင်အေးမြင့်က ကြောက်ကြောက် လန့်လန့်နဲ့ မျက်စိမှိတ်ပြီး အထိုးလိုက်မှာ ဓားချက်စူးဝင်သွားခဲ့ခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကိုယ့်ကိုယ်ကို ကာကွယ်လိုက်တာ ဖြစ်ပါတယ်။ ယင်းသို့ ဖြစ်ပျက်ပြီးနောက် ကျွန်တော်ရဲ့ အမှုသည်ဟာ နည်းအမျိုးမျိုးနဲ့ အမှုခွင်အနေအထားပြောင်းလဲအောင် လုပ်နိုင်ပေမယ့် မလုပ်ခဲ့ပါဘူး'



'ရှိုးသားစွာနဲ့ ရဲစခန်းကိုသွား၍ သတင်းပို့ပြီး အဖမ်းခံခဲ့ပါတယ်။ အဖြစ်အပျက်ကို အမှန်အတိုင်း အစစ်ခံခဲ့ပါတယ်။ ကျွန်တော်ရဲ့ အမှုသည်ဟာ သေသူရဲ့ ရိုက်နှက်ထိုးကြိတ် ကန်ကြောက်ခြင်းကိုခံရတဲ့အပြင်၊ လည်ပင်းညှစ်၍ အသက်အန္တရာယ်ကို ပြုဖို့အထိ ကိုယ်ထိလက်ရောက် ကျူးလွန်လာတဲ့ အတွက် ကိုယ့်ကိုယ်ကိုခုခံကာကွယ်ရင်း၊ ရုတ်တရက် မထိမ်းနိုင်တဲ့ဒေါသကြောင့်ဖြစ်ပွားရတဲ့အမှုကို၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂) အရစွဲချက်မတင်သင့်ကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၅ အရသာစွဲချက်တင်ပြီး သက်ညှာစွာစဉ်းစားဖို့ လျှောက်ထားအပ်ပါသည်ခင်ဗျား'

ဦးခင်မောင်ထွန်းက ဥပဒေဆိုင်ရာ အကိုးအကားအချက်အလက်များကိုဖော်ပြသင့်သလောက်သာ ဖော်ပြခဲ့၏။ အပြီးသတ်လျှောက်လဲချက်ကျမှသာ အကိုးအကားအချက်အလက်ပြည့်ပြည့်စုံစုံတင်ပြရမည်ဖြစ်ပေမည်။ စွဲချက်တင်သင့်မတင်သင့် လျှောက်လဲချက်မှာ လုပ်ရိုးလုပ်စဉ်သာဖြစ်၍ ဤကဲ့သို့သော အမှုကြီးမျိုးကို မှုချစွဲချက်တင်လိမ့်မည်ပါ။

နောက်တစ်ပတ်ရုံးချိန်းတွင် စွဲချက်တင်သင့် — မတင်သင့် အဆုံးအဖြတ်ပေးမည်ဖြစ်သောကြောင့်ရုံးချိန်းရက်ကို တစ်ပတ်ပဲ ခွာချိန်းလိုက်သည်။

အကယ်၍သာ ယခုထက်ပို၍ အချိန်ရခဲ့လျှင် ရှေ့နေကြီး ဦးခင်မောင်ထွန်းမှာ ယခုထက်ပို၍ပိုင်ပိုင်နိုင်နိုင်ကြီး လျှောက်လဲချက်ပေးနိုင်လိမ့်မည်ဖြစ်သလို၊ ထွန်းထွန်း၏ မင်းသားခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းထားသော ဘီလူးရုပ်ကိုလည်းယခုထက်ပို၍ထင်ထင်ရှားရှား ဖွင့်ပြနိုင်လိမ့်မည်မှာ သေချာပါသည်။

သို့ရာတွင် ဒေါ်ခင်အေးမြင့်ကသမီးဖြစ်သူ၏ အမည်ကိုအမွေစာရင်းထဲမှာလုံးဝမပါစေချင်။ သည်အမွေနှင့်သမီးကိုလုံးဝမပတ်သက်စေချင်။ လူ့လောကခရီးကို ဆက်ရအုံးမည့် သမီးကို အမွေ့အပျောက်လုံးဝမထင်စေချင်။ ဒါကြောင့်လည်းအမွေတွင် အနေအထားကြီး ပြောင်းလဲသွားရသည်။

မည်သို့ပင်ရှိစေ၊ အမွေပြီးဖို့နီးကပ်လာပြီမို့ ဒေါ်ခင်အေးမြင့်က ဝမ်းသာနေသည်။ ထောင်ဒဏ်ကျခံဖို့ကို မျှော်မှန်းထားပြီးသား။ အမွေမြန်မြန်ပြီးလျှင် သည်အမွေနှင့်သမီးဖြစ်သူ ဘယ်လိုမှ မပတ်သက်နိုင်တော့၊ အမွေမပြီးသေးရင်တနည်းနည်းဖြင့်ပတ်သက်ကောင်းပတ်သက်လာမည်ကို တကြောင့်ကြောင့်အကြကြစိုးရိမ်စိတ်လွန်ကဲနေသည်။ ပတ်သက်စရာမရှိတော့ပြီကို သိသည့်အခိုင်ကြောင့်ကျစိုးရိမ်စိတ်ကိုဖျောက်လို့မရ။

ညအိပ်ရာဝင်တိုင်း ထိုအကြောင်း အတွေးစခွဲထဲဝင်လာရင် ရင်တထိပ်ထိပ်နှင့်အိပ်လို့မရ။

မဟုတ်ရာဒဿနဖြင့် မိန်းမယောက်ကျား မြင်ဖန်များသော် သနားချစ်ခင်စိတ်ကျွမ်းဝင်၍ ကျွန်ပင်တမင့်၊ ဖြစ်လင့်မယွင်း၊ ထပ်မက်လျှင်း။

တဏှာရာဂဟူသည် မျက်စိလည်တတ်သော သဘောရှိရာ၊ သူနှင့်ထွန်းထွန်းအဖြစ်မှာလည်း။

## အခန်း (၁၁)

ထွန်းထွန်းအိမ်ပေါ်တက်လာတော့ အဝတ်အစားဆိုလို့ရေးစုံနှင့်နာရီတစ်လုံးမှတစ်ပါး၊ ဘာမျှပါမလာ။ သောက်တတ်စားတတ်သည့်အလေ့ စရိုက်ရှိကြောင်းကို သိလည်းမသိ။ သောက်သောက်စားစား ရှိလိမ့်မည်လို့လည်းမထင်ခဲ့။ သူနှင့်မညီစွန်းခင် အလုပ်ကိစ္စအတွက် သွားသွားလာလာ ရှိစဉ်ကတည်းကပင် အရက်သေစာ သောက်စားခြင်းကို တစ်ခါမျှမတွေ့ဖူးခဲ့။ အနံ့အသက်ငွေ့ငွေ့သော်မျှ မရစဖူးခဲ့။ မှောင်ခိုလုပ်ငန်း အဆောင်းအဝှယ်လုပ်နေသည့် လူငယ်တစ်ယောက်အနေဖြင့် တင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



မှာက်မည်လို့ အထင်ရှိခသဖြင့် စကားတောက်ကြည့်ခဲ့ဖူးသည်။ သူကမလိမ့်တစ်ပတ်အဖြေစကားကိုဤသို့ဆိုခဲ့သည်။

'ကျွန်တော်အရက်ကိုသုံးလေးခါသောက်ဖူးပါတယ်မမ၊ကျွန်တော့်သွေးသားနဲ့အရက်နဲ့က မဘည့်ဘူး၊ အရက်သောက်တိုင်း ကျွန်တော် တစ်ကိုယ်လုံး မခံမရပ်နိုင်အောင်ယားပြီး အဖုတွေထွက်ထွက်လာလို့ အဲဒီကတည်းက အရက်ကိုလုံးဝမသောက်တော့ဘူးမမ'

'အထွန်း မမနဲ့နေရင်အရက်တို့၊ လောင်းကစားတို့၊ မိန်းမအပေါ့အရှုပ်ကင်းရမယ်နော်'

'ကျွန်တော်က ဘဝနာခဲ့သူပါ မမရယ်၊ ဒါတွေကို ဝါသနာလည်း မပါဘူး၊ စိတ်လည်းမဝင်စားဘူး၊ ကျွန်တော် စိတ်ဝင်စားတာက စီးပွားရေးပဲ။ ကျွန်တော်က လုပ်တာ ကိုင်တတ်တယ်၊ မမမှာက ငွေအရင်းအနှီးရှိတယ်။ ကျွန်တော်တို့ နှစ်ယောက် ပေါင်းစပ်လိုက်ရင် ကားစီးမလား၊ တိုက်ဆောက်ရမလားပေါ့ မခရဲ့၊ ဒါ့အပြင်ဘာရှိဦးမှာလည်း။

သဘောတွေ့စရာ၊ မဒနာမေ့စရာဆို ရှိပါလေ၏။

ဒေါ်ခင်အေးမြင့်က ထွန်းထွန်းကို လှန့်လှန့်မင်းမင်း ချစ်ခဲ့သည်။ ဒါကြောင့်လည်း စွန့်လွှတ်စရာတွေကို စွန့်လွှတ်နိုင်စွမ်းရှိသည်။ ဒါပေမယ့် ထွန်းထွန်း၏ တုံ့ပြန်မှုများ သူမျှော်လင့်ထားသလို လုံးဝမဖြစ်လာ။ အထင်နှင့်အမြင် ပါစင်အောင်လွဲခဲ့သည်။



တစ်လနှစ်လလောက်တော့ အဟုတ်သား၊ နေတာထိုင်တာအအစ သူ့အလိုအတိုင်း နေခဲ့သည်။ လုပ်တာ ကိုင်တာလည်း သဘောမတွေ့စရာမရှိ။ အလုပ်ကိုလည်း ကြိုးကြိုးစားစား လုပ်ခဲ့သည်။

ကွမ်း အစားများသည်ကို သတိမပြုမိ။ ညနေဘက်တွင် သွားခဏခဏတိုက်သည်။ ညနေစောင်းရင် အာမွှေးကွမ်းယာမှီစားသည်။

'အထွန်း-အချင်က ကွမ်းယာ သိပ်မစားပါဘူး၊ ခုတလော ကွမ်းယာ သိပ်စားတာပဲနော်'

'ဟုတ်တယ်မမ ကျွန်တော်က စီးကရက် ဖြတ်မလို့၊ ဒါကြောင့် ကွမ်းယာဆာစားများတာပါ'

ပထမတော့ အနည်းအပါးလောက်မို့လား မသိ၊ မရိပ်မိ။ နောက်ပိုင်းတော့ အနံ့အသက် ရလာသည်။ ကွမ်းယာမွှေး အနံ့ကတခြား၊ အရက်နံ့က တခြား'

'အထွန်းအရက်သောက်လာတယ်မဟုတ်လား'

'မသောက်ပါဘူး မမရယ်၊ အလုပ်ကိစ္စအတွက် စကားပြောတဲ့ဝိုင်းမှာ အရက် ပါတယ်လေ၊ သူတို့ ကျေနပ်အောင်ခါးစပ်ထဲငုံပြီး ထွေးထုတ်ပစ်လိုက်လို့ အနံ့နည်းနည်းကျန်တာပါ။ လုပ်ငန်းကိုင်ငန်းနဲ့ ပတ်သက်နေတဲ့ အပေါင်းအသင်းတွေဆိုတော့လဲ'

'ကျွန်တော်မသောက်ချင်ပေမယ့်၊ သောက်နေရပါတယ်လို့ ပြောမလို့ မဟုတ်လား၊ အရက်သောက်တာ မမ မကြိုက်ဘူးဒါပဲ'

www.burmeseclassic.com



အနက်နှံ့ရတိုင်း စကားများရသည်။ ကျွဲပါးစောင်းတီး ဆိုသလို ဘယ်လောက်ပဲ ပြောပြော၊ ဘယ်လောက်ပဲ ဆိုဆို တဟဲဟဲနှင့် ပွတ်သီးပွတ်သတ်လုပ်ပြီးခေါင်းခွေ့တောင်းပန်ပြီ တော့ သည်လိုနှင့် ပြီးရသည်။

ယူထားတာက သက်တူရွယ်တူမဟုတ်တော့ အချွဲပိုလာရင် အကဲမပိုနိုင်။ တစ်ရစ်လျှော့ရင်း တစ်ရစ်လျှော့ရင်း အရစ်တွေ ဆုံးခါနီးတာပဲ အဖတ်တင်လိုက်သည်။ ထွန်းထွန်းကတော့ နွေးမြီးကောက် ကျည်တောက်စွပ် ဆိုသလိုပါပဲ။

နောက်တော့ ဆိုင်မှာသာတင်မဟုတ်ဘဲ အိမ်မှာပါသစ္စတ်စွတ် လုပ်လာသည်။ အပေါင်းအသင်းတွေ တရုန်းရုန်းနဲ့၊ အလုပ် ကိုလည်း ဟုတ္တိပတ္တိမလုပ်တော့။ စကားမများသည့် နေ့ရယ်လို့ မရှိ ဖြစ်လာသည်။

\+ \+ \+

စကားများပြန်တော့လည်း ပတ်ဝန်းကျင် ကြားလောက် အောင် ကျယ်ကျယ်လောင်လောင်မပြောရဲ၊ မဆိုရဲ။ သူ့ အရှက်ပေမယ့် ကိုယ်ကရှက်သမို့ တိုးတိုးကြိတ်ကြိတ်နဲ့ပဲ ပြီးရ သည်။



ထွန်းထွန်းကလည်း ဒါကိုအခွင့်ကောင်းယူသည်။

ရဲစခန်းမှာ အစစ်ခံစဉ် တရားရုံးမှာ ထွက်ဆိုစဉ်ကလို အရှက် အနက်ပါသည်။ ဘာသည်၊ ညာသည်ဆိုသည်မှာတော့ မဟုတ် ပါ။

ထွန်းထွန်းကပြောရင် ခေါင်းငုံ့ခံသည်၊ ပြီးတော့မှ လုပ်ချင် ရာ လုပ်သည်။ တစ်ခုတော့ရှိသည်။ သူအရက်မူးလာရင်သွေးဆိုး ချင်သည်။ မူးလာတုန်းပြောလို့တော့ အောင်ကြီးဟစ်ကျယ် ဖြစ်ပြီသာမှတ်။

နောက်ပိုင်းကျတော့ ရောင်းရေး ဝယ်တာလုပ်ငန်းအတွက် ငွေတွေဘာတွေ၊ သူ့လက်ထဲမထည့်ရဲအောင် အခြေအနေ ဆိုးလာသည်။ မပေးတော့လည်း ရန်လုပ်သည်။ အောင်ကြီးဟစ် ကျယ်လုပ်သည်။ ပေးပြန်တော့ စိတ်မချမ်းသာစရာ ဖြစ်ရသည်။

အရောင်းအဝယ် လုပ်ငန်းကိုလည်း ကိုယ်တစ်ယောက်တည်း လုပ်နေရပြီ။ သူ့အကူအညီဘာမျှမရ။ သူ့အတွက် ကိုယ်ကပဲ အစစတာဝန်ယူနေရသည်။ စားဖို့တင်မဟုတ် သောက်ဖို့ပါ ပေးနေရသည်။ မပေးဘဲထားရင် ဆူဆူပူပူလုပ်သည်။ လူကြား သူကြား ဖြစ်ရသည်။ ပြဿနာပြေငြိမ်းပါစေတော့လို့ လိုက် လျောနေရသည်။

ကွာဖို့ပြောလို့လည်းမရ၊ အိမ်ပေါ်က ဆင်းပါဆိုလို့လည်း မဆင်း၊ ပြင်းပြင်းထန်ထန်ပြောရင် သူကပြန်ပြီး ခြိမ်းခြောက် သည်။

www.burmeseclassic.com

www.burmeseclassic.com



'မမနော်ကျွန်ဟော်စိတ်ညစ်အောင်မလုပ်နဲ့၊ ညအိပ်နေတုန်း ခေါင်းအုံးနှင့် ဖိသတ်ပစ်မှာ၊ လက်သည်မပေါ်ဘဲ သေသွားလိမ့်မယ်'

လုပ်တာမလုပ်တာထား၊ ဒီလိုအပြောကြောင့် ညဘက်မှာ စိတ်ချလက်ချ မအိပ်ရဲအောင် ဖြစ်ရမြန်သည်။ ရှာလို့ဖွေလို့ ရသည့် ဝင်ငွေနှင့်ထွက်ငွေမှာမကာမိ။ စားစရိတ်ထက်သောက်စရိတ်က ပိုများနေသည်။ တဖြည်းဖြည်း လုံးပါးပါးမည့် အခြေအနေ။

ဖွတ်ထွက်မှ တောင်ပို့မှန်း သိပေမယ့် ဘာမှ မတတ်နိုင်တော့။ ဖြစ်သမျှအကြောင်းအကောင်း၊ ဝဋ်ကြွေးရှိသလောက် ခံပေအုံးတော့လို့ ကိုယ့်ကိုယ်ကို ဖြေသိမ့်ရုံမှ တစ်ပါး အခြားမရှိပြီ။

✦ + +

သုံးယောက်ထဲရှိနေသည့် သူတို့အုပ်စုနေထိုင်ရာသို့ အမျိုးသမီးနှစ်ယောက် ထပ်ရောက်လာသည်။ အမျိုးသမီးထောင်မှူးကိုယ်တိုင်လာပို့ပြီး ရင်းရင်းနှီးနှီးဆက်ဆံနေထိုင်ဖို့ ပြောသွားသည်။ ဒါဆိုတော်ရုံတန်ရုံတရားခံမျိုး မဟုတ်၊ အရေးပါသူ



တွေဖြစ်ဖို့ သေချာသည်။ အမျိုးသမီး နှစ်ယောက်စလုံးမှာ အသက်လေးဆယ်ကျော်အရွယ်၊ လူရေသန့်တွေ။ တစ်ယောက်ဖြူသည်၊ တစ်ယောက်ညိုသည်။ အသားဖြူ အမျိုးသမီးက နာမည်က မသဇင်နွယ်ဦး၊ အသားညို အမျိုးသမီး နာမည်က ခင်သက်မော်။ သဇင်နွယ်ဦးက ပိုလှသည်၊ သဇင်နွယ်ဦး၏ အလှမှာ မိန်းမချောင်းကပင် အတော်ကို လှတာပဲဟု ပြောရလောက်သော အလှမျိုးထင်သည်။ ခင်သက်မော်၏ အလှမှာမူ သဇင်နွယ်ဦးလိုထူးထူးထင်ထင် ပြောရလောက်သော အလှရှိပုံမထင်။

လှသည်ဟု ဆိုရမည်ထက်၊ ခန့်သည်ဟု ပြောရမည့်ရုပ်သွင်မျိုးထင်သည်။

နှစ်ယောက် စလုံးမှာ တန်းမြင့်သည်၊ အလဲအဖယ်လုပ်ဖို့ ယူဆောင်လာသည့် အကျီ၊ လုံချည်များမှာလည်း တန်ဖိုးကြီးသည်တွေ။

သူတို့က ထောင်ထဲမရောက်ဖူးတော့ ထောင်ထဲမှာ ဘယ်လို အဝတ်အစားနှင့် သင့်တော်သည်ကို သိကြဟန်မတူ။ ထောင်ထဲမှာတန်ဖိုးကြီး အဝတ်အထည်များနှင့် မသင့်တော်။ ဝါဒါတို့ တန်းစီးတို့ မျက်စောင်း မလွတ်သလို သိမ်းဆည်းရသည်မှာလည်း မလွယ်။ သနပ်ခါးခဲ တလေးတောင် စိတ်မချရသည့် ထောင်ထဲမှာတန်ဖိုးကြီး အဝတ်အထည်တွေဆို ကိုယ်နှင့်မကွာ ထိုက်ထားနိုင်မှ တန်ကာကျမည်ဟု ဆိုရမည်ပါ။

သူတို့နှစ်ယောက်စလုံး ထောင်ထဲဝင်ရလိမ့်မည်ကို ကြိုတင်သိသည်ထင်ပ။ အဝတ်အထည်အပိုများအပြင် သွားတိုက်ဆေး

www.burmeseclassic.com



သွားပွတံတိုး၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါအညာ၊ ဘာညာ တွေ အစုံပါလာသည်။

နှစ်ယောက်စလုံး အပြောအဆိုသွက်လက်ပြီး၊ ပြောဟန်ဆိုဟန် နူညက်သည်။ အပြင်မှာတော့ မာနရှိကောင်းရှိလိမ့်မည်။ ထောင်ထဲ ရောက်တော့ လိုက်သိုက်လျောလျောပင် ပြောဆိုဆက်ဆံကြသည်။ ခေါင်းသက်မော်ကပို၍ လိုက်လျောမှုရှိသည်။ ရောက်ရောက်ချင်း ဒေါ်တင့်တင့်ကလည်း သူ့ထုံးစံအတိုင်း၊ ထောင်ထဲမှာ ဘယ်လိုဘယ်ပုံ နေထိုင်ရမည်ကို ပြောပြီးသား။

\+ + +

ထောင်ထဲရောက်ပြီဆိုတော့လည်း ကိုယ့်အကြောင်း မပြောလို့မရ၊ ဘယ်သူဘယ်ဝါတာအမှုနှင့် ရောက်လာသည်ကိုတော့ မပြောမနေပြောရမည်။ နို့မဟုတ်ရင် တိုအမှုလို့ အထင်ခံရလိမ့်မည်။

နှစ်ရက်လောက်ဆိုရင်တော့ အပြည့်အစုံသိကြရပြီ။

အပြည့်အစုံသိရတော့ ဖြစ်မှဖြစ်ရလေဟုဆိုစရာ။ သူတို့အမှုက အမှုဆန်း။ အလွဲသုံးစားပုဒ်မအရ ဆိုခဲ့ပါမူ အမှုဆန်းဟုမဆိုနိုင်၊ ဖြစ်ရပ်ကြောင်းအရ ပြောရပါမူ အမှုဆန်းဟုပြောရလိမ့်မည်ပါ။



လေးယောက်ထဲက တစ်ယောက် ပဲ့ထွက် သွား ပြန်သည်။ သူတို့ထောင်ထဲရောက်ပြီး သုံးရက်မြောက်နေ့တွင် သဇင်နွယ်ဦးမှာ သီးသန့် ဆောင်သို့ ပြောင်းရွှေ့ သွားရ သည်။ သီးသန့်ဆောင်က တစ်ထပ်ဆောင်ဖြစ်စေကာမူ လူနည်းပြီး လူသန့်သောကြောင့် ကျယ်ကျယ်ဝန်းဝန်းသန့်သန့်ပြန့်ပြန့် နေရသည်။ သီးသန့်ဆောင်ကို ရောက်ဖို့လိုသည်။ အထူးအမှုလည်း ဖြစ်မှ၊ အပြင်က လိုက်နိုင်အား ကောင်းလွန်းသည်မှ အထူးဆောင်ကို ရောက်သည်။

သဇင်နွယ်ဦး ပြောသည့်အတိုင်း ဆိုတော့လည်း သီးသန့်ဆောင်ကို ပြောင်းရသည်မှာ ဆန်းသည်ဟု မဆိုသာပြန်။

'ကျွန်မအမျိုးသားကလည်း တစ်ထောင့်ငါးရာရတယ်လေ၊ ဒါပေမယ့် အိမ်ကိုပါလာတာကတော့ ထောင့်သုံးရာငါးဆယ်လောက်ပါဘဲ။ တစ်ရာ့ငါးဆယ်လောက်က ဟိုနုတ်ဒီဖြတ်နဲ့ဆိုတော့ အိမ်ကိုအပြည့်မပါတော့ဘူးပေါ့။ ကလေးသုံးယောက်အျုရှင်လခက တစ်လရှစ်ရာဆိုတော့ ကျွန်တဲ့လခငါးရာကျော်နဲ့ ကျွန်မတို့မိသားစုရဲ့ စားဝတ်နေရေးကို ဘယ်လို ဖြေရှင်းလို့ရမလဲ။ ပြီးတော့ကျွန်မအမျိုးသားကဇာတိလိုဒီလို ငွေးဝင်ငွေရှာတတ်ဘူးလေ၊ ဒီတော့ ကျွန်မအလုပ်လုပ်ရတာပေါ့။

ဒေါ်သဇင်နွယ်ဦးက ထိုသို့ပြောခဲ့သည်ကိုဒေါ်ခင်သက်မော်က ခြွင်းချက်မရှိ ထောက်ခံခဲ့သည်။ တကယ်တော့ — ဒေါ်သဇင်နွယ်ဦး စိန်ပွဲစား၊ အိမ်မြေပွဲစားလုပ်ငန်းထဲရောက်လာအောင်၊ လက်တွဲခေါ်ခဲ့သူမှာ ဒေါ်ခင်သက်မော်ပါ။

\+ \+ \+

ဒေါ်ခင်သက်မော်က အပျိုကြီး။ ဆွေမျိုး အသိုက်အဝန်းအားလုံးလိုလိုမှာကုန်သည်မျိုးရိုးတွေ၊ အိမ်မြေနှင့် စိန်ပွဲစားသက်နှစ်ယောက်ပေါင်း နှစ်ဆယ်အတွင်း၊ တစ်ခါမျှပြဿနာမပေါ်ခဲ့၊ နာမည်ပျက်မရှိခဲ့။ လုပ်ငန်းပိုင်းတွင် အဆင်ပြေအောင်မြင်သည်။ တစ်လဝင်ငွေသုံးထောင် အသာလေးရသည်။

ဒေါ်သဇင်နွယ်ဦးတို့ အမွေဆိုင်တိုက် အရောင်းအဝယ်ကို ဆောင်ရွက်ပေးရင်း၊ ရင်းနှီးခဲ့ကြရာမှ ဒေါ်ခင်သက်မော်က သူ့လုပ်ငန်းထဲကိုတွဲခေါ်ခဲ့ခြင်း။ တွဲခေါ်သည်မှာလည်းအကြောင်းရှိသည်။ ဒေါ်သဇင်နွယ်ဦး ခင်ပွန်းက ရုံးကားနှင့်စီးသုံးပိုင်ခွင့်ရထားသည်။ ကားနှင့် သွားရလာရတော့ အချိန်အဝါလည်းရှိသည်၊ အလုပ်လည်း ဖြစ်သည်။



နှစ်ဦးနှစ်ဘက် အလုပ်ဖြစ်နေခဲ့ရာမှ အခုဆောင်ထဲ ရောက်သည့် မှုခင်းပြဿနာ ပေါ်လာရသည်။

သုံးသိန်းကျော်တန် စိန်ထည်ပစ္စည်းများ အလွဲသုံးစားမှု။

အလွဲသုံးစားမှုများကို၊ အမှုဆန်းလို့ ပြောရမလား ဟု အဆိုမဝေပါနှင့်၊ သည်လိုပါ။

\+ \+ \+

သူတို့နှစ်ယောက်အား ယုံကြည်လို့ ရောင်းချပေးရန် အပ်နှံထားသည့် ပစ္စည်းများကို သူတို့နှစ်ယောက်က လုံးဝ အလွဲသုံးစား မပြုလုပ်ပါ။ မှန်မှန်ကန်ကန် ရောင်းအဝယ် ဖြစ်လိုရန်အတွက် အခြားသော စိန်ပွဲစားတစ်ဦးသို့ ပစ္စည်းများ ပေးလိုက်သည်။ ခါတိုင်းလည်း ပေးနေကြပါ။ သည်သို့ ပေးသည်မှာ တစ်ခါနှစ်ခါမဟုတ်၊ လေးငါးခါလည်းမက၊ အခါပေါင်း သုံးဆယ်ကျော် လေးဆယ် ရှိခဲ့ပြီ။ တစ်ခါမှ ပြဿနာမပေါ်ခဲ့။

စိန်ပွဲစားကြီး ဒေါ်ခင်အုန်းကြည်မှာ စိန်ပွဲစား လောကတွင် မသိသူမရှိသလောက် နာမည်ကြီးသလို လုပ်ငန်းပိုင်း ဆက်ဆံမှုတွင် အလွန်မှန်ကန် စိတ်ချရသည်ဟု သတင်းကြီးခဲ့ လူမသိစေဘဲ အနည်းဆုံး လေးငါးသိန်းဖိုး ပစ္စည်း ဝယ်လိုသူ

www.burmeseclassic.com



များမှာ ဒေါ်ခင်အုန်းကြည်နှင့်သာ ဆက်ဆံကြသည်။ လူသိမခံဘဲ ပစ္စည်းဝယ်လို ရောင်းလိုသူများအာ ပွဲစားတိုင်းနှင့် မဆက်ဆံဝံ့။

ဒေါ်ခင်အုန်းကြည်က နှုတ်အလွန်လုံ၍ ဝယ်လိုလျှင်လည်း စျေးမှန်သူ၊ ရောင်းလိုလျှင်လည်း စျေးမှန်သူအဖြစ် သတင်းကျော်စေသည်။

\+ \+ \+

ဒေါ်ခင်သက်မော်နှင့် ဒေါ်ခင်အုန်းကြည်တို့က အဆက်အဆံ ရှိကြသည်။ အထုပ်ကြီးအထည်ကြီး၊ တန်ဖိုးကြီးစိန်ထည်များ အဝယ်ကိစ္စရှိလာလျှင် ဒေါ်ခင်အုန်းကြည်က ဒေါ်ခင်သက်မော်တို့ကို အကြောင်းကြားသည်။ ပစ္စည်းရှိလျှင် ယူပြီးပြပေးသည်။ အရောင်းအဝယ်ဖြစ်ရင် အကျိုးအမြတ်မျှဝေသုံးဆောင်ခဲ့ယူရသည်။ ထိုနည်းလည်းကောင်း ဒေါ်ခင်သက်မော်တို့ဘက်က အဝယ်ရှိလျှင်လည်း ဒေါ်ခင်အုန်းကြည်ထံမှ ပစ္စည်းကို ယူကြသည်။ သူတို့က တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု အပြည့်အဝရှိကြသည်။ ဆက်ဆံလာသည်မှာလည်း နှစ်နှင့်ချီ၍ကြာပြီ။ ပြဿနာမပေါ်ဖူးခဲ့။



ဒေါ်ခင်သက်မော်က စိန်ပွဲစားလောကမှာ ဒေါ်ခင်အုန်းကြည် လောက် အဆက်အသွယ်မကြီးပေမယ့်၊ နည်းပါးလောက်တော့ လိုက်သည်။ နေတာက နှစ်ထပ်တိုက်ကြီးနှင့်။ အမြဲဝတ်သည့် လက်ဝတ်ရတနာအချို့မှာ တန်းမြင့်စိန်ထည်တွေ။

အရောင်းအဝယ်လောကမှာ လေးငါးသိန်းမက ကိုင်ဖူးသည်။ သူတို့ကိုင်တာက တန်းမြင့်စိန်ထည်တွေ။ ငွေတန်ဖိုးကြီးပေမယ့် ပစ္စည်းက နည်းနည်းလေး။ လက်ကောက်တစ်စုံထဲ သုံးသိန်းကျော် တန်ဖိုးရှိသည်။

တိုးတိုးတိတ်တိတ် ဝယ်လိုသူတစ်ဦးထံမှ ဒေါ်ခင်အုန်းကြည်ထံသို့ ဆက်သွယ်လာသည်။ သူက အနည်းဆုံး ငါးသိန်းကျော်ဖိုး ဝယ်မည်။ ပစ္စည်းအကြီးဘဲ လိုချင်သည်။ သုံးရက်အတွင်း ပစ္စည်းကြည့်ချင်သည်။

ဒေါ်ခင်အုန်းကြည်လက်ထဲမှာ ပြစရာပစ္စည်း နည်းနည်းနေသဖြင့် ဒေါ်ခင်သက်မော်တို့ထံ ဆက်သွယ်လာသည်။ အဲဒီအချိန်က ဒေါ်ခင်သက်မော်တို့ထံမှာ ပစ္စည်းကြီးတွေ အဆင်သင့် ရှိနေသည်။ ဒေါ်ခင်အုန်းကြည်ထံသို့ ပစ္စည်းများ သွားပို့ရာတွင် သူတို့နှစ်ယောက်စလုံး အတူတကွ သွားကြသည်။ ပစ္စည်းသွားပို့သည့်အချိန်မှာ ဆယ့်တစ်နာရီခွဲ။

ပစ္စည်းအတွက် စောင့်နေရန်မလို၊ သူတို့မှာ စည်းရှိသည်။ သူ့အရောင်းအဝယ်ကိစ္စမှာ ကိုယ်မပါရသလို၊ ကိုယ့်အရောင်းအဝယ် ကိစ္စမှာလည်း သူမပါရ။ ကိုယ့်ပစ္စည်းကို သူယူသွားရင် ချိန်းဆိုသည့်အချိန် ပြန်ပို့ရမည်။ ဒါမှမဟုတ် ကိုယ်ထံသွားယူ။

ကိုယ်ကယူသည့်အခါတွင်လည်း ထိုနည်းလည်းကောင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်အုန်းကြည်က နှစ်နာရီခွဲကို ပြန်ချိန်းလိုက်သည်။ ဒေါ်ခင်သက်မော်တို့က ကိုယ်တိုင်လာယူမည်ဟု ပြောခဲ့သည်။

နှစ်နာရီခွဲ။

ချိန်းသည့်အချိန်ထက် ဆယ်မိနစ် စောပြီး ရောက်သွားသည်။

ဒေါ်ခင်အုန်းကြည် အိမ်မှာမရှိ။ ကြားလိုက်ရသည့် သတင်းကြောင့် သူတို့နှစ်ယောက်စလုံး ရင်တွေတုန်၊ ခေါင်းတွေကြီးပြီး မှင်သက်မိသွားသည်။ ပစ္စည်းကိစ္စအတွက် ပြောရမှာလည်း အခက်။ မေးချင်ပေမယ့် မမေးသာ။

+ + +

ဖြစ်တာက တစ်နာရီမထိုးခင် ဆယ်မိနစ်လောက်မှာ။ ဧည့်ခန်းမှာ ထိုင်ပြီး ... ထို့နောက် ... ရောက်တော့ တစ်နာရီခွဲ။ လမ်းမှာစင် အသက်ပျောက်ခဲ့သည်။ ဦးနှောက်သွေးကြောမကြီး ပြတ်တောက်သွားခြင်း။

'ရေချိုးခန်းထဲမှာ လဲကျသွားတာပဲ'

အိမ်ကလူတွေကသာ ဒါပဲပြောနိုင်သည်။



ပစ္စည်းကိစ္စ၊ အကျိုးအကြောင်း ပြောပြတော့၊ သူတို့လည်း ဘာမှမသိပါ။ ပစ္စည်းတွေ အယ်မှာထားသည်ကိုလည်း မသိပါ။ ရှာကြည့်ပါရစေဦး။ ညနေတစ်ခေါက်လာခဲ့ပါတဲ့။

ဒေါ်ခင်သက်မော်တို့ နှစ်ယောက်မှာ ဘာ ဆက်လုပ်ရမှန်း မသိ။ ဈေးချွေးတွေပြန်ပြီး၊ ခေါင်းညိတ်လျက် ပြန်ခဲ့ရသည်။

ထမ်းဘက်မှာ ဖြစ်နေတာက နာရေး။

ချက်ခြင်းလုပ်ပါ။ ချက်ခြင်းရှာပါလို့ မပြောသာ။

သူတို့နှစ်ယောက်မှာ နေမထိထိုင်မသာ ဖင်တကြွကြွ။ သေသူမျက်နှာကို ထောက်ကြပါစေလို့ပဲ ဆုတောင်းနေရသည်။

လေးနာရီခွဲလောက် ရောက်သွားကြသည်။ နှစ်ယောက် သွားပေလို့သာ။ တစ်ယောက်ထဲသာဆိုရင် လဲကျသွားမှာ သေချာသည်။

ခု၊ တစ်ယောက်ကိုတစ်ယောက် မှေးပြီးတွဲထားရသည်။

အဖြေမှာ တိုတိုတုတ်တုတ်။

ပစ္စည်းတွေရှာမတွေ့ပါတဲ့။

သွားပြီ၊ လမ်းဆုံးပြီ။ ဘာဆက်လုပ်ရမှာပါ။

အရောင်းအဝယ်ဖြစ်လို့ ငွေတွေဘာတွေ ချေသွားပြီ ထင်ပါရဲ့၊ ကြည့်ပါအုံး ဆိုတော့လည်း ခေါင်းခါသည်။ မီးခံသေတ္တာဖွင့်ပြပါမည်၊ ကိုယ်တိုင်ပဲကြည့်ကြပါတဲ့။

လမ်းဆုံးသို့ ရောက်ပါချေပြီ။

မီးခံသေတ္တာကို ကြည့်လို့ကော ဘာထူးတော့မှာလည်း။ ဒေါ်ခင်အုန်းကြည်မိသားစုတွေနဲ့ မသိတာမှမဟုတ်ဘဲဟာ။

www.burmeseclassic.com



ဒေါ်ခင်အုန်းကြည်တို့အိမ်ကပြန်လာပြီး၊ဥပဒေအကြောင်း၊ အခြားလုပ်ပိုင်ခွင့်အကြောင်း၊ နားလည်သူတွေနဲ့ ပြောရဆိုရ တိုင်ပင်ရသည်။ ပြေးလိုက်လွှားလိုက်လုပ်ရသည်မှာ ဖတ်ဖတ်ကို မောလို့။

ဘာမှ လုပ်လို့မရသည့်ကိစ္စ။

ဒေါ်ခင်အုန်းကြည်ကို စိန်ထည်တွေ၊ ပေးပါသည်လို့ ပြစရာသက်သေမရှိ။ ပေးတုန်းကဘယ်သူမှမမြင်၊ ဒါမျိုးဆိုတာ ကအမြင်ပေးလို့ ရသည်မဟုတ်၊ တိုးတိုးတိတ်တိတ် ပေးရတာ လူမြင်သူမြင်ခံလို့ ဖြစ်တာမျိုးမှမဟုတ်တာ။

ရဲစခန်းတိုင်ဖို့က ဘယ်သူ့ကိုတရားခံလုပ်ပြီးတိုင်ရမှာလည်း။ သေသူ ဒေါ်ခင်အုန်းကြည်တို့ တရားခံလုပ်ပြီး တိုင်ဖို့ကလည်း မဖြစ်၊ ဒေါ်ခင်အုန်းကြည်တို့ အိမ်သူအိမ်သားတွေကို တိုင်ဖို့ ကလည်း ဘောင်မဝင်။

ဒါကြောင့် သူတို့နှစ်ယောက်၏ မှုခင်းဖြစ်ရပ်ကို ဆန်းသည် လို့ ဆိုရခြင်းပါ။

ပစ္စည်းရှင်တွေက ဒေါ်ခင်အုန်းကြည်နှင့် သူတို့နှစ်ယောက် ရဲ့အပေးအယူ အရောင်းအဝယ် ကိစ္စကို သိကြသည်မဟုတ်။ သည်လို သည်ပုံ ဖြစ်ပါသည်လို့ ပြန်ပြောတော့ ဘယ်ယုံပါ့ မလည်း၊ ဘယ်လက်ခံပါ့မလည်း။

သူတို့ကို တစ်ပတ်အချိန်ပေးသည်။

ဆိုင်သူပိုင်သူနဲ့ ဒေါ်ခင်အုန်းကြည်မိသားစုထဲ အောက်ကြို့ ပြီး ဝင်ရသည်၊ အသနားခံရသည်။ ဒါပေမယ့် ဟိုအ,မသနား တွင်တွင်ကြီးဘူးခံကြသည်။



နောက်ဆုံး သူတို့နှစ်ယောက် ထောင်ထဲရောက်ကြသည်။

ဒါက သူတို့အပြော။

ဟုတ်ရင်တော့ သူတို့အမှုကို ဖြစ်ရပ်ဆန်းဟုဆိုရမည်။ ဘုရားကိုလက်ညှိုးထိုးပြီး သူတို့က မရိုးမသား လုပ်ရင်တော့ မပြောတတ်။

မည်သို့ပင်ရှိပါစေ၊ ဒေါ်ခင်သက်မော်နှင့် ဒေါ်သဇင်ဦး တို့အဖြစ်ထက်စာရင်၊ ကိုယ့်အဖြစ်က တော်သေးသည်လို့ ဆိုရ မည်။ သူတို့ထောင်ထဲရောက်ရတာထက် ကိုယ်ထောင်ထဲရောက် ရတာတော်လိမ့်အုံးမည်ဟု ဖြေသိမ့်ရမည်ပါ။

သူတို့အကြောင်းမှ ကိုယ့်အကြောင်းသို့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

တရားရုံးမှ စွဲချက်တင်လိုက်သည်။

အဖဦးဘမြင့်၏သမီးဒေါ်ခင်အေးမြင့်၅၂နှစ်ကို ထွန်းထွန်းအား ဓားမြှင်ထိုးသတ်မှု၌ ထွန်းထွန်းသေဆုံးရမှုအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)အရ စွဲချက်တင်လိုက်သည်။

အပြစ်ရှိ-မရှိမေးမြန်းရာ သူကအပြစ်မရှိကြောင်း ငြင်းဆိုသည်။

ပြန်ခေါ်ဆက်သေစာရင်း တင်သွင်း၍ နောက်တစ်ပတ်ရုံးချိန်းတွင် ဒေါ်ခင်အေးမြင့်အား စစ်ဆေးမည်ဖြစ်သည်။



ထိုနေ့က တရားခွင်သို့ သမီးဖြစ်သူရောက်လာသည်။ သမီးမျက်နှာမကောင်းသမို့၊ စိတ်ထိခိုက်သွားရသည်။ စိတ်သက်သာခွင့်ရစေရန် သမီးကိုပြန်၍ နှစ်သိမ့်လိုက်ရသည်။

တကယ်တော့ သူကိုယ်တိုင်ကလည်း စိတ်မကောင်းပါ။ လက်ရှိမှုခင်းအခြေအနေမှာ လုံးဝလွတ်မြောက်ရေးကို ဘယ်လိုမှ မျှော်မှန်းလို့မရ။ အနည်းဆုံး ငါးနှစ်လောက်တော့ မြွေးလွတ်။ ထောင်ဒဏ်ကျခံပြီးရင်၊ ခုလို ထောင်ထဲမှာသက်သက်သာသာနေလို့မရ။

ရဲဘက်စခန်းကိုသွားရမည်။ အမျိုးသမီး အကျဉ်းသူများအတွက် ကျောက်ထုလုပ်ငန်းရှိသည်။ မရောက်ဖူးပေမယ့်ကြားဖူးနှင့် ရင်အုန်စရာ။ ထောင်ထဲမှာရှိသည့် စာအုပ်ချုပ်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်းတွေမှာ အလုပ်လုပ်ရပုံနှင့် ရဲဘက်စခန်းမှာ အလုပ်လုပ်ရပုံခြင်းမတူ။ အလုပ်လုပ်ရတာခြင်းမတူသလို၊ သက်သာပင်ပန်းပုံခြင်းလည်းမတူ။ နေရထိုင်ရပုံလည်းမတူ။

ထောင်ထဲမှာ ပုံစံနေ ပုံစံထိုင်၊ ပုံစံစားနေရပေမယ့်၊ ရဲဘက်စခန်းနှင့်စာရင်၊ သက်တောင့်သက်သာရှိသည်။ ရေမိုးမှန်ချိုးရသည်။ ရာသီဥတုဒဏ်ခံရမှုသက်သာသည်။ ထောင်ထဲမှာ အနည်းဆုံး သွပ်မိုးပျဉ်ကာ၊ အဆောက်အအုံနှင့်နေရသည်။ ရဲဘက်စခန်းမှာတော့ ထရံကာ၊ ဓနိမိုး။ တစ်ချို့နေရာမှာ သွပ်မိုး ဆိုပေမယ့် ပူသောရာသီမှာ အပူဒဏ်ကို လည်းကောင်း၊ အေးသောရာသီမှာ အအေးဒဏ်ကို လည်းကောင်း၊ လူအလူမှီခံရသလို၊ မိုးရာသီ၏ စွတ်စို ထိုင်းမှိုင်းမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင်မကောင်းသလို၊ သန့်ပြန့်မှုလည်းမရှိပေ။ အောင် ခံမြေမှာ ရွှံ့မြေဖြစ်လေ ပိုဆိုးလေ။

ရဲဘက်စခန်းအဆောက်အအုံများမှာ သစ်ပင် ဝါးပင် ကင်း ရှင်းသည့် ကွင်းပြင်များထဲတွင် ဆောက်ထားသောကြောင့် လေဒဏ်မိုးဒဏ်ကို ပို၍ခံရသည်။

အစားအသောက်မှာ ထောင်ပုံစံနှင့်ရဲဘက်စခန်းပုံစံမထူး ခြားပါ။ အတူတူသာပင်။

ထောင်မှာ အုတ်ရိုး မြင့်မြင့်ကြီး ကာထားသောကြောင့် ပြင်ပရှုခင်းကို မမြင်နိုင်၊ ရဲဘက်စခန်းမှာ ပြင်ပရှုခင်းကို မြင် သည်။ သို့တစေ မြို့ရွာများ၊ ကားလမ်းများ၊ ရထားလမ်း များနှင့်မနီးသောကြောင့် ပြင်ပရှုခင်းမြင်ရပေမယ့်မထူးခြား သစ်ပင်များ၊ ကွင်းပြင်များ၊ တောင်ရိုးတောင်တန်းများကိုသာ မြင်ရသည်။

နေရသည့်အဆောက်အအုံများနှင့်ကျောက်ထု အလုပ်ခွင်မှာ အတန်ငယ်လှမ်းသောကြောင့် မိုးတွင်းဆိုလျှင် အသွားရ အလာ ရ မလွယ်ကူ။

ထောင်ကျပြီဆိုလျှင် ရဲဘက်စခန်းသွားရမည်မို့ ဒေါသ အားမြင့်လည်း ရင်တုန်ရသည်ပါ။

ထောင်ထဲမှာ နေရသည့်ဒဏ်၊ ရဲဘက်စခန်းမှာ နေရသည့် ဒဏ်များကို ခံနိုင်ရည်ရှိဖို့၊ အသားကျအောင် အလေ့အကျင့် လုပ်နေရသည်။ ကိုယ်ကာယခံနိုင်ရည်ရှိအောင် ကျန်းမာရေး ဂရုစိုက်ရသည်။ စိတ်ဓာတ် ခံနိုင်ရည်ရှိဖို့လည်း၊ ခုကတည်းက ပြင်ဆင်နေရသည်။



စိတ်ဓာတ်မကျအောင်၊ စိတ်တည်ငြိမ်အောင်၊ စိတ်ခိုင်ခံ့ အောင်၊ စိတ်ခံနိုင်ရည် ရှိအောင်၊ ပိုင်ပိုင်နိုင်နိုင် လုပ်ရသည့် အလေ့အကျင့်ကို ခိုင်ခိုင်မြဲမြဲလုပ်နိုင်နေပါပြီ။

ပုတီးစိပ်ခြင်းနှင့် တရားထိုင်ခြင်း။

'နမော၊ ဗုဒ္ဓါယ၊ သိဒ္ဓံ'

'ဗုဒ္ဓါယ'သုံးလုံးထွင်ထား၊ရှင်တော်မြတ်ဘုရားအား'နမော' ရှစ်ခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏။ 'သိဒ္ဓံ' အလုံးစုံပြီးမြောက်ပါစေသတည်း။

ဘာဖြစ်ရပါစေသတည်း၊ ဘာဖြစ်ရပါလို၏၊ ဘာအောင် မြင်ပါစေ၊ ညာအောင်မြင်ပါစေ ဆိုသည့် တောင့်တချက် မပါ။

တနေ့ကို ပုတီးပတ်၊ ၅၇ ပတ် စိပ်ရသည်။

အသက်အတွက်၊ ၅၂ ပတ်နှင့် အနန္တော၊ အနန္တငါးပါး ၅ ပတ်၊ ပေါင်း ၅၇ ပတ်။

အမိဋ္ဌာန်နှင့်စိပ်သော ပုတီးပတ်များ ဖြစ်ပါသည်။

ပုတီးစိပ်ခြင်းနှင့် တရားထိုင်ခြင်း။

ဂုဏ်တော်ကွန်ခြာ ကိုးပတ်။

အမိဋ္ဌာန်မဟုတ်ဘဲ အချိန်ပိုရသရွေ့စိပ်သည့် ပုတီးပတ်မှာ အဇ္ဈသတ္တေ၊ ပါဏုပေတံ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။

ယနေ့မှစ၍ အသက်ထက်ဆုံး သုံးလုံးထွင်ထား၊ ရှင်တော် မြတ်ဘုရားအား ရှစ်ခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ ပါ၏။

အဇ္ဈသတ္တေ၊ ပါဏုပေတံ၊ ဓမ္မံသရဏံ၊ ဂစ္ဆာမိ။

www.burmeseclassic.com

www.burmeseclassic.com



ယခုနေ့မှစ၍ အသက်ထက်ဆုံး၊ ဓမ္မသစ္စာလေးပါး တရားတော်မြတ်ကို ရှစ်ခိုးကန်တော့ပါ၏။

အဋ္ဌသင်္ကေ၊ ပါကြုပေတံ၊ သံဃံ၊ သရဏံ ဂစ္ဆာမိ။

ယခုနေ့မှစ၍ အသက်ထက်ဆုံး၊ သံဃံအရိယာဝိဋ္ဌာ သံဃာတော် အရှင်သူမြတ် အပေါင်းတို့အား ရှစ်ခိုးကန်တော့ပါ၏။

ဤကဲ့သို့ပုတီးစိပ်၍ အာနာပါန ကမ္မဋ္ဌာန်း နည်းအတိုင်း တစ်နေ့ကို သုံးကြိမ်၊ တစ်ကြိမ်လျှင် တစ်နာရီမှ တစ်နာရီခွဲ အထိ တရားထိုင်ခဲ့သည်။

ပုတီးပတ်လုပ်ငန်းနှင့် တရားထိုင်ခြင်း လုပ်ငန်းကို အသေးစိပ် ဖော်ပြရသည်မှာ ဒေါ်ခင်အေးမြင့်၏ လုပ်ငန်းပိုင်းအချိန်အတိုင်းအတာကို ခန့်မှန်းနိုင်ရန်နှင့် သူ၏ သမာဓိ အားကို သိရှိစေရန် ဖြစ်ပါသည်။

ထောင်ထဲမှာ ပြောလိုက်ဆိုလိုက်၊ အိပ်လိုက်၊ စားလိုက်ဖြင့် ပေါ့ပေါ့တန်တန်မနေဘဲ၊ တရားဓမ္မအလုပ်နှင့်မွေ့လျော်နေသည်တိုင် ပုထုဇဉ်လူသားပီပီ ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ ရင်နာစရာ၊ တုန်လှုပ်ချောက်ခြားဖွယ်ရာများနှင့် ရင်ဆိုင်လာရသောအခါ တရားသိပါလျက်၊ စိတ်ကို ထိန်းသိမ်းခြင်းငှာ မစွမ်းသာ ဖြစ်ရပါလေ၏။

မည်သို့ပင်ရှိစေ၊ တရားဓမ္မနှင့် မွေ့လျော်ရခြင်း အကျိုးကို လက်ငင်းခံစားနေရသည်ကိုတော့ မငြင်းသာ။

အချိန်ကုန်လွယ်၍ စိတ်တည်ငြိမ်မှုရရှိခြင်းနှင့် လောကဓံ၏ အကောင်းအဆိုးဖြစ်ရပ်များကို ခံနိုင်ရည်စွမ်းအား ရရှိလာခြင်းပင် ဖြစ်၏။



ခု၊ တရားရုံးက စွဲချက်တင်လိုက်ပေမယ့် စိတ်မှာတော့ အားကောင်းနေသမို့ ထူးထူးခြားခြား ခံစားမှု မရှိပဲ၊ လုပ်နေကြလုပ်ငန်းများကို အမှန်မပျက် လုပ်လျက်သာ။

ရုံးမထွက်မီ တစ်ရက်။

အလုပ်လုပ်ရသည်မှာ ခါတိုင်း နေ့များလို အဆင်မချော။ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အကြောင်းကြောင့် အလုပ်မတွင်ဘဲ စိတ်အစဉ်မှာ မတည်မငြိမ် လှုပ်ရှားလွန်းနေသည်။

ခါတိုင်းရုံးထွက်မှာ ကိုယ်က နားထောင်ရသူ၊ ယခုတစ်ပတ် ရုံးထွက်မှာ ကိုယ်က ပြောရမည့်သူ။

\+ + +

လူတိုင်း စကားပြောတတ်သည့်အရွယ်မှစ၍ စကားပြောဖူးကြသည်။ မိမိ မိသားစုနှင့် စကားပြောသည့်အခါဘာမှ ထူးခြားမှုမရှိ၊ ဘယ်လိုမှ စိုးရိမ်မှုမရှိ၊ ပြောချင်း ပြောစဉ်အတိုင်း ရှောရှောရှူရှူပင် ပြောဆိုဖြစ်ကြသည်။ မိမိ၏မိတ်ဆွေအပေါင်းအသင်းများနှင့် ပြောသည့်အခါတွင်လည်း၊ ထိုနည်း လည်းကောင်းပင်။ သို့သော် တစ်စိမ်းဆန်ရုံအရှေ့တွင်မူ နှုတ်တွန့်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခါတိုင်းပြောနေကျ စကားလုံးများကို ဖြောင့်ဖြောင့်တန်းတန်း ပြောလို့မရ။

လူအများရှေ့တွင်မူ ဆိုဖွယ်ရာမရှိ၊ မိန်းမသား များကိုထားဘိဦး။ ယောကျ်ားသားများသည်ပင် လူအများ ရှေ့တွင် စကားပြောရမည်ကို စိုးရွံ့ကြသည်။ မပြောရဲ၊ မဆိုရဲ ဖြစ်ကြသည်။

ခု၊ မိန်းမသားတစ်ယောက်က တရားရုံး လူစိမ်းများ ရှေ့မှောက်မှာ စကားပြောရမည်၊ ပြောရမည့်စကားမှာ ပြောရိုးပြောစဉ်စကားမဟုတ်၊ မှုခင်းဖြစ်ရပ်ကြောင်းကို စီကာပတ်ကုံးပြောရသည်။ အပိုအလိုမရှိစေရ။ အမှားအလွင်းရှိရင်၊ ဘွာခတ်လို့မရ။ မှားရင် ကိုယ်ပဲ ခံရမည်။

ရုံးထွက်ဖို့ တစ်ပတ်လောက်အလိုကတည်းက၊ ကိုယ့်ဟာကိုယ် အလေ့အကျင့်လုပ်ပြီး ပြောကြည့်နေရသည်။ ဒါလည်း အဆင်မချော၊ ကဘောက်တီးကဘောက်ချာ ဖြစ်နေသည်။ ထောင်ထဲမှာ တစ်ယောက်ထဲပြောတာတောင် ကဘောက်တီး ကဘောက်ချာ ဖြစ်နေရင် ရုံးရှေ့မှာဆို ပိုဆိုးတော့မပေါ့။

မနက်အိပ်ရာထကတည်းက ရင်တုန်ရင်ခုန်နေသည်။

ဒီကနေ့ ရုံးထွက်ရမည့်နေ့။

သနပ်ခါးပွါးပါးပဲလိမ်းပြီး၊ ရုံးထွက်နေကျဝတ်စုံဖြင့် ရုံးထွက်ခဲ့သည်။တစ်လမ်းလုံး ရင်တုန်မပျောက်၊ တရားရုံးအချုပ်ရောက် ပိုတောင်ဆိုးသေး၊ မြန်မြန်ခေါ်ပါစေလို့ဘဲ ဆုတောင်းနေရသည်။ မနက်ပိုင်းတွင်မခေါ်၊ တရားစီရင်ရေး အဖွဲ့ဝင်များနေ့လည်လက်ဖက်ရည်သောက်၊ နားပြီး ပြန်ထွက် လာတော့မှ အမှုခေါ်သည်။



နေ့လည်ပိုင်းမှ ခေါ်တာလည်း ခပ်ကောင်းကောင်းပါ။ တရားရုံးများတွင် မနက်ပိုင်း လူအလွန်ရှုပ်သည်၊ နေ့လည်ပိုင်းကျတော့ မနက်ပိုင်းလောက် လူမရှုပ်။

ခါတိုင်းတရားခွင်ရောက်ရင် ခေါင်းငုံ့ထားမြဲ၊ သည်ကနေ့တော့ ခေါင်းငုံ့လို့မရ။

'ကျွန်မသည် အမှန်ကို အစစ်ဝံပါမည်'

ရှေ့နေကြီးက ရှေ့မှကြောင်းပေးသည်။ ကျမ်းသစ္စာကိုဆိုက်ဆိုနေသည့် ဒေါ်ခင်အေးမြင့်၏ အသံမှာ တုန်ရင်ပြီးတုန်းလှုန်းနေသည်။

ထွက်ဆိုချက်အစီအစဉ်ကျပြီး ချောမွေ့စေရန်၊ ရှေ့နေကြီးက လမ်းကြောင်းပေးသည်။ နို့မဟုတ်ရင်တော့ မလွယ်၊ ဒါတောင် အသံကျယ်ကျယ်ပြောဖို့ ခဏခဏ သတိပေးနေရသည်။ ပြောရင်းပြောရင်း အသံကျယ်မလာဘဲ၊ တိုးတိုးသွားသည်။

'ကျွန်မရဲ့ ဖခင်က ယစ်မျိုးဝန်ထောက်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရင်း ပင်စင်ယူခဲ့ပါတယ်။ ပင်စင်ယူပြီး၊ ကျွန်မတို့ပိုင်တဲ့ ခြံမြေနဲ့ အိမ်ရှိရာ မိတ္ထီလာမှာ ပြောင်းရွှေ့နေထိုင်ရင်း အိမ်ထောင်ကျခဲ့ပါတယ်။ ကျွန်မရဲ့ ပထမ အိမ်ထောင်က မိတ္ထီလာ နယ်တဝိုက်မှာ လူသိများတဲ့ ကုန်သည်ကြီးတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မခင်ပွန်းကို သူဌေးဦးသန်းအောင်လို့ ခေါ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ရွှေနေကြီးက ဤထွက်ဆိုချက်ကို ကြောင်းဆေး နေသည်မှာ ဒေါ်ခင်အေးမြင့်၏ အဆင့်အတန်းကို သိရှိစေရန်အတွက် နိဒါန်းသွယ်လိုက်ခြင်း ဖြစ်ပါသည်။

'ကျွန်မရဲ့ခင်ပွန်းသည်ဟာ မမျှော်လင့်ဘဲ နှလုံးရောဂါနဲ့ ရုတ်တရက် ကွယ်လွန်သွားခဲ့ပါတယ်။ ကျွန်မ ခင်ပွန်းသည်ရဲ့ အစ်မဖြစ်သူနဲ့ ဆက်နေဖို့ နေရေးထိုင်ရေး အဆင် မပြေတာကြောင့် ရန်ကုန်မှာရှိတဲ့ အဒေါ်ဖြစ်သူထံသို့ ပြောင်းရွှေ့ခဲ့ပြီး အဒေါ်နဲ့အတူတွဲ၍ အရောင်းအဝယ် လုပ်ခဲ့ပါတယ်။ အဲဒီနောက်၊ ယခုလက်ရှိ သံချေးကဆိုင်ကို အရောင်းအဝယ်လုပ်ငန်း ထူထောင်လုပ်ကိုင်ခဲ့ပါတယ်။ သံချေးကဆိုင်နဲ့ လက်ရှိ နေထိုင်ရာ အိမ်ကို ရုံးအောင်မှာ တင်ပြထားတဲ့ အရောင်းအဝယ်စာချုပ်များ အရဝယ်ယူခဲ့တာ ဖြစ်ပါတယ်'

သိန်းဦးက သူ့ညီထွန်းထွန်းနဲ့ အိမ်ထောင်ပြုပြီးမှ ဆိုင်ရော အိမ်ပါ ထွန်းထွန်းငွေနှင့်ဝယ်သလိုလို ထွက်ဆိုချက်ကို ချေဖျက်လိုက်ခြင်းပါ။

'ထွန်းထွန်းနဲ့ မောင်သိန်းဆွေနဲ့ သိကျွမ်း ခဲ့တာက ကျွန်မရဲ့ ဆိုင်မှာ ပစ္စည်းလာသွင်းရင်း သိကြတာပါ၊ နောက်ပိုင်း ကျွန်မရဲ့ ငွေရင်းငွေနှီးနဲ့ ထွန်းထွန်းက လူစိုက်ပြီး စပ်တူသဘော အရောင်းအဝယ် လုပ်ခဲ့ကြပါတယ်။ ပစ္စည်းတွေ များများ စားစား ဝယ်ဖို့ရှိတဲ့အခါ ကျွန်မကိုယ်တိုင် ငွေကိုင်ပြီး လိုက်ပါတယ်၊ အဲဒီလို သွားအတူလာအတူ ရှိခဲ့ရာက ငြိစွန်းခဲ့ကြတာပါ'



ထိုနေရာသို့ အရောက်တွင် ဒေါ်ခင်အေးမြင့် အသံမှာ သိသိသာသာတုန်နေသည်။ မျက်လုံးစူးစိုက်ထားရာ စားပွဲဆီမှ မျက်လုံးကို မရွှေ့ဘဲ၊ ခေါင်းကိုမော့သည်ဆိုရုံမော့ထားသည်။

\+ \+ \+

'ထွန်းထွန်း၊ ကျွန်မအိမ်ပေါ်ကို ရောက်တော့အဝတ်အစား၊ သုံးလေးစုံနဲ့ နာရီတစ်လုံးပဲပါပါတယ်။ ကျွန်မနဲ့ ညားခါစ တစ်လလောက်တော့ ထွန်းထွန်းဟာ သိမ်သိမ်မွေ့မွေ့ဘဲ နေထိုင်ခဲ့ပါတယ်။ နောက်ပိုင်းသူ့ဇာတိရုပ်ကို ပြလာပါတယ်'

'အလုပ်ကောင်းကောင်း မလုပ်ပဲ အပေါင်းအသင်းတွေနဲ့ အရက်ဘဲသောက်နေပါတယ်၊ အိမ်မှာအမြဲတန်း ဆူဆူပူပူလုပ်ပြီး၊ ရန်ရှာခဲ့ပါတယ်။ ရန်ရှာတာက သူတောင်းတဲ့ငွေမရတဲ့အခါတိုင်းမှာပါ။ ကိုယ်ထိလက်ရောက်လည်း မကြာခဏ စော်ကားခဲ့ပါတယ်'

'အိမ်ပေါ်တက်ဆင်းသွားဖို့နဲ့၊ ကွာရှင်းပြတ်စဲဖို့ အကြိမ်ကြိမ် ပြောပေမယ့်၊ မရပါဘူး။ အဲဒီလို ကွာရှင်းပြတ်စဲပေးဖို့ ကိုခင်ကို ကျွန်မတို့နဲ့ နှစ်အိမ်ကျော်မှာ နေတဲ့ ကုန်သွယ်ရေးအရာရှိကြီး ဦးရှိန်မောင်တို့ ဇနီးမောင်နှံကို အကူအညီတောင်းခဲ့ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



တရားခံမြို သက်သေအဖြစ် ပြသမည့် အိမ်နီးနားချင်းများထံ အကူအညီတောင်းခဲ့ပုံကို ထည့်သွင်း ထွက်ဆိုသွားသည်မှာ သူ၏ထွက်ဆိုချက်ကို ထောက်ခံထွက်ဆိုမည့် သက်သေထွက်ချက် အထောက်အကူရစေရန် ဖြစ်ပေသည်။

တရားလိုထွက်ချက်ဖြစ်စေ၊ တရားခံ၏ ထွက်ချက်ဖြစ်စေ၊ သက်သေထွက်ချက်နှင့် ကွဲလွဲနေပါက မိမိ၏ထွက်ဆိုချက်ကို ရှုံးတော့မှ စဉ်းစားရာတွင် အားနည်းချက်ရှိလိမ့်မည်မှာ သေချာသည်။

\+ + +

မိမိထွက်ဆိုချက်နှင့် သက်သေ၏ထောက်ခံထွက်ဆိုချက် အံဝင်ခွင်ကျဖြစ်လျှင် မိမိဘက်မှ အခွင့်အရေး အသာစီးရနိုင်ပေမည်ဖြစ်ပါသည်။

'ရပ်ကွက်လူကြီးများထံမှလည်း အကူအညီ တောင်းဖူးပါတယ်၊ ကျွန်မဟာ ထွန်းထွန်းနှင့် ပေါင်းသင်းနေစဉ်ကာလအတွင်း စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှုကို အမြဲတမ်းခံစားခဲ့ရပါတယ်၊ ယခုမှုခင်းဖြစ်တဲ့နေ့က ဈေးပိတ်တဲ့နေ့ပါ၊ မနက်ကတည်းက ကျွန်မဆီမှာ ငွေတစ်ရာပေးဖို့ တောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စကားများကြပါတယ်'

'ခါတိုင်းလိုဘဲ ကျွန်မကို ရိုက်မောင်းပုတ်မောင်းလုပ်ဖို့ ဟန်ပြင်ခဲ့တာကြောင့်၊ ကျွန်မအပြင်ကို ခဏထွက်သွားခဲ့ပါတယ်။ ကျွန်မအိမ်ပြန်လာတော့ သူ အတော်လေးမူးနေပါပြီ၊ ကျွန်မကို



ခနဲ့စကား အမျိုးမျိုးပြောပြီး လက်သီးနဲ့ထိုးရုံတင်မကပါ၊ ခြေထောက်နဲ့ကန်ပါတယ်၊ ကျွန်မက ဒီလိုလုပ်တဲ့အတွက် တစ်နေ့သူလဲ ကျွန်မလိုခံရလိမ့်မယ့်အကြောင်း ပြောရင်း၊ စကားထပ်ထပ်များပြီး၊ ကျွန်မလည်ပင်းကို ညှစ်ဖို့လုပ်ခဲ့ပါတယ်။ ကျွန်မက အတင်းရုန်းထွက်ပြီး ကြက်လျှောက်ပေါ် မှာယူထားလေ့ရှိတဲ့ ဓားမြှောင်ကိုယူပြီး နောက်ထပ်ဘာမှ မလုပ်ဖို့ဓားပြပြီး တားမြစ်ခဲ့ပါတယ်'

'သူရှေ့တိုးလာတဲ့အခါ အထွန်း၊ရှေ့ကိုမတိုးနဲ့နော်၊ဒီ တစ်ခါတော့ ငါသည်းမခံတော့ဘူးလို့ ပြောပါတယ်၊ မရပါဘူး၊ သူကရှေ့ကို အတင်းတိုးလာပါတယ်၊ ကျွန်မလည်း မျက်စိမှိတ်ပြီး၊ ဓားနဲ့ထိုးလိုက်ပါတယ်'

'အမလေးဗျ'လို့ အော်သံကြားပြီး၊ လဲကျသွားပါတယ်။ သွေးတွေကို မြင်လို့မူးသွားတာနဲ့ ကုလားထိုင်မှာ အကြာကြီး ထိုင်နေပါတယ်။ အမူးပြေတော့မှ ရဲစခန်းကို သွားပြီး အကြောင်းကြားခဲ့ပါတယ်'

ထွက်ဆိုအစစ်ခံချက်မှာ ဤမျှသာ။

တရားလိုဥပဒေပညာရှင်၏ မေးခွန်းအလှည့်။

'ဒေါ်ခင်အေးမြင့်က ထွန်းထွန်းကိုယူခဲ့ရတာဟာ ထွန်းထွန်းကို ကြိုက်နှစ်သက်ပြီး မေတ္တာရှိလို့ ယူခဲ့တာ မဟုတ်လား'

'ယူတုန်းကတော့ ဟုတ်ပါတယ်'

'ထွန်းထွန်းက အရောင်းအဝယ်လုပ်ရင်းမှ လည်လည် ပတ်ပတ်ရှိလို့ အားကိုးသမှုပြုပြီး ယူခဲ့တာ မဟုတ်လား'

'မဟုတ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကိုယ့်ထက်လည်း အသက်ငယ်တယ်၊ ငွေကြေးလည်းမရှိတဲ့လူတစ်ယောက်ကို ဘယ်ဆိုစိတ်ကူး၊ ဘယ်လိုရည်ရွယ်ချက်နဲ့ယူခဲ့တာလဲ'

'နီးစပ်မှုကြောင့် ဖြစ်သွားတာပါ'

ရှေ့နေကြီးဦးခင်မောင်ထွန်း၏ စိုးရိမ်စိတ်ပြေလျော့သွားရသည်။ စာဘက်ရှေ့နေကြီး၏ မေးခွန်းအလှည့်တွင် အဖြေ အိုးနင်းခွက်နင်းဖြစ်ခဲ့လျှင်ဆိုသည့် စိုးရိမ်စိတ် ရင်မှာ လှုပ်ခတ်နေသည်။ ခုဖြေပုံက သိပ်မဆိုးဟု ဆိုရမည်ဖြစ်သောကြောင့်ပါ။

'ထွန်းထွန်းသောက်စားတတ်တာကို အရင်ကတည်းက သိခဲ့တာပေါ့နော်'

'မသိပါဘူး၊ အိမ်ထောင်ကျပြီးမှ သိပါတယ်'

'ကိုယ်နဲ့အိမ်ထောင်ပြုမယ့်လူရဲ့ အကျင့်စရိုက်ကို ကြိုတင်မစုံစမ်းသင့်ဘူးလား'

'စုံစမ်းသင့်ပါတယ်'

'စုံစမ်းလေ့လာခဲ့ပါသလား'

'မစုံစမ်းခဲ့ပါဘူး'

'ဒါဖြင့် ဆင်ကန်းတောတိုး အိမ်ထောင်ပြုခဲ့တဲ့ သဘောပေါ့'



'ရိုးရိုးသားသားမြင်တွေ့လို့ မစုံစမ်းခဲ့တာပါ'

'ထွန်းထွန်းက စီးပွားရေးလုပ်ငန်းလည်းလုပ်တယ်၊ ညနေခင်းတိုင်းဘာတွေမှာ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများနဲ့ လူငယ်ဘာဝ အပျော်အပါး သောက်စားတတ်တဲ့အလေ့ ရှိတယ်လို့ ဆိုချင် ဘာပြောမလဲ'

'ပထမပိုင်း၊ ဟုတ်ပါတယ်၊ နောက်ပိုင်း မဟုတ်ပါဘူး'

'ဒါဖြင့်၊ ထွန်းထွန်းဟာ အလုပ်မလုပ်ဘဲ၊ တစ်နေကုန် အရက်ပဲ သောက်နေတယ်လို့ ဆိုလိုတာပေါ့'

'တစ်နေကုန်တော့ မသောက်ပါဘူး၊ အလွန်အကျွံ သောက်တာကို ပြောတာပါ'

'ထွန်းထွန်းက ကိုယ်ထိလက်ရောက်နှိပ်စက်တဲ့အခါ အိမ်နီးနားချင်းတွေကို အော်ဟစ်ပြီး အကူအညီတောင်းဖူးပါသလား'

'မတောင်းဖူးပါဘူး'

'ဘာဖြစ်လို့ အကူအညီ မတောင်းတာလဲ'

'ရှက်လို့ပါ'

'ထွန်းထွန်း အရက်သောက်တာကို အိမ်နီးနားချင်းတွေ သိသလား'

'သိကြပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'သိရင် ဘာရှက်စရာရှိလဲ၊ အကူအညီ တောင်းသင့်တာပေါ့။ ဘာလို့ အကူအညီမတောင်းတာလဲ'

'ဘာမှ မဖြစ်ပါဘူး'

'တောင်းသင့်တယ်ဆိုတာကို မငြင်းဘူးနော်'

'ဟုတ်ကဲ့၊ မငြင်းပါဘူး'

'ရပ်ကွက်လူကြီးတွေဆီမှာ အကူအညီ တောင်းဖူးတယ်လို့ ထွက်ဆိုသွားတာမှာ ဘယ်လိုအကူအညီမျိုး တောင်းတာပါလဲ'

'ဆုံးမပေးဖို့ ပြောတာပါ'

'ဇောင်စီရုံးမှာ တရားဝင် တိုင်ကြားတာတို့၊ ဘာတို့ကော လုပ်ဖူးပါသလား'

'မလုပ်ဖူးပါဘူး'

'ထွန်းထွန်းဟာ၊ ဒေါ်ခင်အေးမြင့် ပြောသလောက် ဆိုးသွမ်းရမ်းကားနေတယ်ဆိုရင်၊ ရပ်ကွက်ကောင်စီရုံးရဲ့အကူအညီကို ရယူသင့်တာပေါ့နော်'

'ဟုတ်ကဲ့'

'မယူခဲ့ဖူး ဆိုပါတော့'

'မယူခဲ့ပါဘူး'

'လင်မယား ကွာရှင်းလိုကြောင်း ရပ်ကွက် ကောင်စီရုံးမှာ တရားဝင် အကူအညီ တောင်းဖူးပါသလား'

'မတောင်းဖူးပါဘူး'



'ဘာဖြစ်လို့ မတောင်းတာပါလဲ'

'ရှက်လို့ပါ'

'အမှုဖြစ်တဲ့နေ့က၊ အမှုဖြစ်တဲ့အချိန်မှာ ထွန်းထွန်းဟာ အလွန်အကျွံ မူးနေပါသလား'

'ဟုတ်ကဲ့၊ မူးနေပါတယ်'

'အလွန်အကျွံလား၊ နည်းနည်းပါးပါး သောက်ထားတာလား'

'အလွန်အကျွံ မူးနေတာပါ'

'လူမှန်းမသိအောင် မူးနေတယ်ပေါ့'

'ဟုတ်ပါတယ်'

'ဒီအချိန်မျိုးမှာ လူမှန်းမသိအောင် မူးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ အရက်သမား ပဂေးကြီးတွေတောင် သည်လိုအချိန်မျိုးမှာ အလွန်အကျွံ လူမှန်းမသိအောင် မမူးတတ်သေးပါဘူး၊ တစ်ခွက်တစ်လေလောက် သောက်တာပဲ ဖြစ်မယ်ဆိုရင် ဘာပြောမလဲ'

'မဟုတ်ပါဘူး၊ အတော်ကို မူးနေပါတယ်'

'အလွန်အကျွံ မူးနေတယ်လို့ ဆိုလိုတာလား'

'ဟုတ်ပါတယ်'

'အလွန်အကျွံ မူးတဲ့ လူတစ်ယောက်က ဒေါ်ခင်အေးမြင့်ကို လည်ပင်းညှစ်ရလောက်အောင်အထိ ကိုယ့်ကိုယ်ကို ထိန်းနိုင်ပါ့မလား'

'ထိန်းနိုင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ခင်အေးမြင့်က သူ့ကိုတွန်းပစ်လိုက်ရုံနှင့် လဲသွားမယ့် အခြေအနေ မရှိဘူးလား'

'ရှိပါတယ်'

'ဒါဖြင့်ရင် ပထမအကြိမ် လည်ပင်းညှစ်ဖို့လုပ်တုန်း၊ ဒေါ်ခင်အေးမြင့်က ရုန်းထွက်ပြီး သူ့ကို တွန်းမပစ်လိုက်ရင်ကော'

'ကျွန်မ မတွန်းပါဘူး'

'တွန်းရင် လဲသွားရမှာပေါ့နော်'

'ဟုတ်ကဲ့၊ လဲသွားနိုင်ပါတယ်'

တရားလိုဘက်မှ ဥပဒေပညာရှင်က တဖြည်းဖြည်း တရားခံဖြစ်သူကိုဖိပိစေမည့် မေးခွန်းများဖြင့် ချည်နှောင်လျက်ရှိသလို ဖြေကြားနေရသူမှာလည်း ချွေးပြန်နေသည်။

'ပထမအကြိမ် လည်ပင်းညှစ်ဖို့လုပ်တုန်းက ဒေါ်ခင်အေးမြင့်က ညောင်ခန်းဘယ်နေရာလောက်မှာ ရှိနေပါသလဲ'

'ကျွန်မက ပြူတင်းပေါက်နားက မတ်တတ်စားပွဲဘေးမှာ ရပ်နေပါတယ်'

'ထွန်းထွန်းက ဖက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေပါတယ်'

'ထွန်းထွန်းနှင့် ဒေါ်ခင်အေးမြင့်ကြားမှာ အတားအဆီးဖြစ်ဖွယ်ရှိတဲ့ ပစ္စည်းတွေရှိသလား'

'ဆက်တီစားပွဲခုံကကုလားထိုင်တစ်ချို့ ရှိပါတယ်'

'သူထလာတော့ ဒယိမ်းဒယိုင်ဘဲလား၊ တည့်တည့်မတ်မတ်ဘဲလား'



'တည့်တည့်မတ်မတ်ပါဘဲ'

ရှေ့နေကြီး ဦးခင်မောင်ထွန်း မသိမသာ မျက်နှာ ပျက်သွားသည်။

'ကြားမှာရှိနေတဲ့ ကုလားထိုင်တွေဘာတွေကို မတိုက်မိဖူးပေါ့'

'ဟုတ်ကဲ့မတိုက်မိပါဘူး'

'ထွန်းထွန်းထလာတော့ ဒေါသနဲ့ ဂမူးရှူးထိုးထလာမယ်၊ အလွန်အကျွံမူးနေတဲ့အတွက် ဟန်ချက်မမှန်ဘဲ ယိုင်နေမယ်၊ ဒါဆိုရင် ကုလားထိုင်တွေ ဘာတွေကို တိုက်မိမှာပေါ့'

'ဒါတော့ ကျွန်မသတိမထားမိပါဘူး'

သည်ဖြေပုံလေးကိုတော့ ဦးခင်မောင်ထွန်း သဘောကျသွားသည်။

'ထွန်းထွန်းက ပထမတစ်ကြိမ်၊ ဒေါ်ခင်အေးမြင့်ကို ရန်ရှာဖို့ကြိုးစားခဲ့တာဟာ၊ အသက်အန္တရာယ်ပြုဖို့အထိ လုပ်ခဲ့တယ်လို့ဆိုလိုတာပေါ့နော်'

'ဟုတ်ပါတယ်ရှင့်'

'ပထမအကြိမ်လုပ်ကတည်းက ဒေါ်ခင်အေးမြင့် အနေနဲ့ အိမ်နီးနားချင်းကို အော်ဟစ်အကူအညီတောင်းဖို့ အချိန်ရတာပေါ့နော်'

'ဟုတ်ကဲ့၊ ရပါတယ်ရှင့်'

'ဒါဖြင့် ဘာဖြစ်လို့များ အကူအညီမတောင်းခဲ့ပါသလဲ'

ရှေ့နေကြီး ဦးခင်မောင်ထွန်းက ဒေါ်ခင်အေးမြင့်

www.burmeseclassic.com

www.burmeseclassic.com



နွတ်ထွက်စကားကား ဘယ်သို့ရှိလိမ့်မည်ကို သိလိုဇောဖြင့် နားစွင့်နေသည်။ အရေးကြီးသောမေးခွန်း ဖြစ်နေရုံမက ပထမမေးခွန်း၏အဖြေမှာ တရားလိုရှေ့နေကြီး၏ ခွင်ထဲကို ဝင်သွားခဲ့ပြီ။ ယခုမေးခွန်းအဖြေပါ ခွင်ထဲဝင်သွားလျှင်-

'ကျွန်မလဲ ထိတ်လန့်တုန်လှုပ်ပြီး၊ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတာကြောင့်အကူအညီမတောင်းမိပါဘူး'

ဦးခင်မောင်ထွန်း သက်ပြင်းချလိုက်သည်။

လာပြန်ချေပြီ နောက်မေးခွန်း။

'ပထမတစ်ကြိမ် အသက်ကိုရန်ရှာဖို့လုပ်ခဲ့တယ်၊ အိမ်မှာလဲ ဘယ်သူမှမရှိ၊ ဒုတိယအကြိမ် ရန်ရှာဖို့လုပ်တဲ့အခါ အိမ်ပေါ်အဆင်းပြေးဖို့ အချိန်ရလျက်နဲ့ ဘာကြောင့် ဆင်းမပြေးတာလဲ'

'ကျွန်မကထူပူနေလို့ပါ'

တော်ပါသေး၏။

'အိမ်ပေါ်မှာ မိန်းမနဲ့ယောကျ်ား နှစ်ယောက်ထဲ၊ တစ်ယောက်တမူးပြီး ရမ်းနေတယ်ဆိုပါတော့၊အဲဒီလူနဲ့ရင်ဆိုင်နေတဲ့ မိန်းမဟာ တုပြိုင်လို့မရဘူးဆိုတာ သိလျက်နဲ့ ခုခံဖို့ပြင်ဆင်မလား၊ အိမ်ပေါ်ကဆင်းပြေးဖို့ ကြိုးစားမလား'



ဒေါ်ခင်အေးမြင့် တွေဝေသွားသည်။

'ကျွန်မက ဆင်းပြေးဖို့ သတိမရလို့ပါ'

'ကျွန်တော်မေးတာက ခုခံလို့မနိုင်မှန်းသိပါလျက် ဆင်းပြေးမလား၊ ခုခံမလားလို့ မေးတာပါ'

'ဆင်းပြေးသင့်ပါတယ်'

'ဒေါ်ခင်အေးမြင့်ကတော့ မပြေးဘူးပေါ့'

'ဟုတ်ကဲ့မပြေးပါဘူး'

'ထွန်းထွန်းကိုထိုးတဲ့ဓားဟာ ဒေါ်ခင်အေးမြင့်ရဲ့ လက်တကမ်းအလို ဘာကြောင့် ရောက်နေပါသလဲ'

'အလွယ်တကူရအောင် ဗီဒိုနေရာမှာဘဲ အမြဲထားပါတယ်'

'ဒေါ်ခင်အေးမြင့်က ဓားကိုချက်ခြင်း သွားမြင်လိုက်တာပေါ့နော်'

'ဟုတ်ပါတယ်ရှင့်'

'ကောင်းပါပြီ ဒီလောက်ပါပဲ'

တရားခံရှေ့နေကြီး ဦးခင်မောင်ထွန်းက တစ်ဘက်ရှေ့နေကြီး၏ မေးခွန်းတစ်ချို့ကို ချေဖျက်ဖို့ မေးခွန်း အနည်းငယ်ကို မေးမြန်းခဲ့သည်။ တစ်ချို့မေးခွန်းများမှာ ချေဖျက်ဖို့ အားနည်းသောကြောင့် ထပ်၍မဖော်ပဲ၊ ချိုထားလိုက်ရသည်။

တကယ်တော့ ထွန်းထွန်းသေရသည်မှာ ဓားဒဏ်ရာကြောင့် ထက်သွေးလွန်၍ သေရခြင်း ဖြစ်သည်။ ဆရာဝန်ထွက်ချက်တွင်လည်း သွေးလွန်ကြောင်းပါသည်။

သည်အကြောင်းကို လုံးဝမစဉ်းစားချင်။

www.burmeseclassic.com



စောင်သို့အပြန်မှာ တစ်ခေါင်းလုံး မှုံးမှေ့နောက်ကျိစေသည့် ဝန်ထုတ်ဝန်ပိုးကြီးတစ်ခု ကျသွားသည့်အတွက် ရင်ထဲမှာပေါ့ပါးသွားရသည်။ ဦးခင်မောင်ထွန်းကလည်း မေးခွန်းတွေဖြေစရာမဆိုးပါဘူးလို့ ပြောသွားသည်။

\+ \+ \+

ဘယ်သို့ပင်ရှိစေ၊ သည်အမှုခင်ထဲကို သမီးလေးပါမလာဖို့ သေချာသွားပြီဖြစ်သမို့ ဝမ်းသာရသည်။ သူတို့နှစ်ယောက်ထဲကိစ္စကို၊ ရှေ့နေကြီး ဦးခင်မောင်ထွန်းက တစ်စွန်းတစ်ပိုင်းသိသည်။ ဒါကလည်းအကြောင်းမဟုတ်။ သူက သည်အကြောင်းကို ဘယ်လိုမှဖော်လို့မရ။ ဖော်ခဲ့သော်၊ သူပါဒုက္ခရောက်လိမ့်မည်။ သူ့မှာပို၍တာဝန်ရှိသည်။

ထောင်ထဲရောက်နေသည်မှာ ခုနှစ်လကျော်ခဲ့ပြီ။ ထောင်ဒဏ်ချမှတ်လျှင် သည်လပိုင်းတွေကို ပြစ်ဒဏ်ခံပြီး ရက်လအဖြစ်သတ်မှတ်လိမ့်မည်။ ခုနှစ်လကျော်အတွင်းထောင်ထဲမှာ လူအမျိုးမျိုး



အထွေထွေနှင့် တွေ့ဆုံဆက်ဆံရသလို အမှုပေါင်းစုံကိုလည်းသိမှတ်ကျွမ်းဝင်လိုက်ရသည်။

ထိုအထဲမှ နတ်ကတော်ကြီး ဒေါ်မြရွှေအကြောင်းပြန်လည်ပြောပြစရာရှိသည်။

လူနပ်ချွမ်းသာနှင့်လူနတ်ချွမ်းသာ။

○

www.burmeseclassic.com

## အခန်း (၁၃)

လူနှပ်ချမ်းသာဆိုသော ပမာစကားရှိသည်၊ လည်လည်ပတ်ပတ် ပါးပါးနပ်နပ်ရှိသူများကိုတင်စား၍၊ ပါးနပ်သူများချမ်းသာခြင်းရှိသည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

ခေတ်ပေါ်ပမာစကား၊ လူနှတ်ချမ်းသာမှာ နတ်ကိုအရင်းတည် ခုတုံးလုပ်၍ လူစင်စစ်က နတ်အသွင်ပြောင်းလဲကြသည့်လူနတ် (ဓါ)နတ်ကတော်များကို တင်စား၍ သူတို့စားသာနေကြသည်ကို ပမာပြုခြင်း ဖြစ်ပါသည်။



လူသည်လူနေရာတွင်နေ၍ နတ်ကိုနတ်နေရာတွင်ထားရမည့်အစား နတ်ကိုလူတို့၏ အစေအပါးအဖြစ်သို့ ရောက်အောင်အမျိုးမျိုးအဖုံဖုံ ဖလှော်ဖလှယ်လုပ်နေသူများမှာ နတ်ကတော်များဖြစ်ကြ၏။ နတ်ကိုနတ်နေရာမှာထားရမည့်အစား လာစေ၊ သွားစေ၊ ဝင်စေ၊ ထွက်စေ၊ ကပ်စေ၊ ပူးစေဟု အမိန့်ပေးလျက် လှည့်စားမှုအသွယ်သွယ်ကို ဖန်တီးလုပ်ဆောင်နေကြသူများမှာလည်း နတ်ကတော်များပင်ဖြစ်၏၊

နတ်ကလူတွေကို မနိုင်သလို၊ အန္တရာယ်လည်း ပေးနိုင်သည်ဟု လူတို့၏စိတ်ထဲတွင် အစွဲအလမ်းထင်မြဲစေအောင်၊ လူနပ်တို့က ရှေးအစဉ်အလာကပင် လုပ်ဆောင်ခဲ့သည်ဖြစ်ရာ၊ သိပ္ပံခေတ် တိုးတက်လာသည့်တိုင် ခိုင်မြဲနေသည့် အစွဲအလမ်းမှာအားလျော့မသွားဘဲ၊ တည်တန့်လျက် အားကောင်းမြဲကောင်းနေအောင်လည်း၊ လူနပ်တို့ကပင် ခေတ်နှင့်အညီ လုပ်ဆောင်လျက်ရှိကြပေသည်။

မစနိုင်သည် မကာအကွယ် ပေးနိုင်သည်၊ အကူအညီပေးနိုင်သည့် အစွမ်းအစ ရှိသည်ဟူသောမက်လုံးနှင့် ရိုးရာအစဉ်အလာကို မလုပ်ရင်၊ ပသကိုးကွယ်မှုကိုဆက်မလုပ်ရင်၊ ဆိုင်ရာပိုင်ရာတို့မကြိုက်နှစ်သက်တာကို လုပ်ရင် အန္တရာယ် ပေးနိုင်သည်ဟူသော ခြောက်လုံးလှန့်လုံးဖြင့်လည်း ခြောက်လှန့်ထားပေသည်။

မစနိုင်သည်ဆိုသော မက်လုံးကို ဆန်းစစ်ကြည့်ကြပါဦး၊ အလုပ်လုပ်ချင်း လုပ်ငန်းကိုင်ငန်းအဆင်ပြေလို့ စီးပွားဖြစ်သူတွေရှိသော်လည်း၊ ချမ်းသာသူတွေရှိသော်လည်း၊ ဘာမျှမလုပ်ဘဲ

www.burmeseclassic.com



ထိုင်နေရင်း နတ်မလို့၊ အလုပ်ဖြစ်သူ၊ ချမ်းသာသွားသူဟူ၍ သက်သေသက္ကာ၁ယဖြင့် လက်ညှိုးထိုးပြစရာမရှိပေ။ ထားဘိ အုံး။

တစ်ခါတစ်ရံ အကြောင်းကြောင်းသော ကိစ္စကြောင့်ပူဇော် ပသသူတွေကို မဆိုထားဘိ၊ နတ်ကိုးကွယ်ပသမှုကို နေ့စဉ်နှင့် အမျှ ထိတွေ့လုပ်ကိုင်နေသူ နတ်ကတော်ထဲက စီးပွားဖြစ်ထွန်း ပြီး ချမ်းသာသွားသူ ရှိပါသလား။ လက်တွေ့လက်ညှိုးထိုးပြ နိုင်ပါသလားဟု မေးစမ်းကြည့်စမ်းပါ။ လုံးဝမရှိပါဘူးဟူ သော အဖြေမှတစ်ပါး အခြားအဖြေပေးစရာ ရှိလိမ့်မည်မဟုတ် ပါ။ တခြားမကြည့်ပါနှင့်၊ မိမိလက်လှမ်းမီရာ ပတ်ဝန်းကျင်မှ နတ်ကတော်ဆိုသူများကိုပင် ကြည့်ပါ။ စစ်မှန်သော အဖြေကို ရရှိပါလိမ့်မည်။

ဇာတ်သဘင်သည် မြေဝိုင်းအကဖြင့် စတင်ခဲ့သော်လည်း ယနေ့ခန့်ခန့်ထည်ထည် စင်ပေါ်သို့ရောက်နေပြီ။ ရုံသွင်းပြသည့် အဆင့်သို့ရောက်နေပြီ၊ ဗလာပွဲကသည့်တိုင်၊ စင်ပေါ်အကဖြင့် ဝင့်ထည်လျက်သာ။

ဇာတ်သဘင်နှင့် တစ်ချိန်တည်းပေါ်ခဲ့သည့် နတ်သဘင်မှာမူ ယနေ့အထိ၊ မြေပေါ်မှာပဲကနေရသည်။ ဟုတ္တိပတ္တိရုံမသွင်းနိုင်၊ စင်ပေါ်မတက်နိုင်သေးပေ။ လေးတိုင်စင် ကျူပျာမိုးအဆင့်က မတက်နိုင်သေးပေ။ နတ်ကတော်အပါအဝင်နတ်ဝင်သည်တွေက မြေကြီးပေါ်မှာ ကျူပျာခင်းပြီး ဖြစ်သလိုအိပ်နေရသည့် အဆင့် မတက်သေး။ စားသည့်နေရာလည်း ကြည့်ပါအုံး။ ဈေး

ခပေါ်ဆုံး ပင်လယ်ငါး ပါလေဟာန်နှင့်ချက်သည့် ချဉ်ပေါင် ဟင်းနှင့် ငါးပိရည်ဖျော်ကျဲတောက်တောက်ဆမ်းပြီးစားရသည်။

နတ်ကနားပေးသူနှင့် နတ်ကသူနှစ်ဦးအနက် လက်ရင်း ဆပည့်မှာနတ်ကတော်နတ်ဝင်သည်များသာဖြစ်၏။ ကဲ မစ,စရာ ရှိရင် လက်ရင်းတပည့်ကို အရင်မစမှာပေါ့၊ ခုတော့လက်ရင်း တပည့်သည်ပင်လျှင် မြေကြီးပေါ်အိပ်ပြီး မြေကြီးပေါ်မှာ ဆောင့်ဆောင့်လှေးထွေးထိုင်ပြီး စာရသည့်အဆင့်။

\+ \+ \+

လူ့သဘာဝက အတ္တနှင့်ယှဉ်တည်။ ကိုယ့်အတွက် အရင်လုပ် မလား၊ သူများအတွက် အရင်လုပ်မလား။ ကိုယ့်အတွက်မ,စ ဖို့ အရင်လုပ်မှာပေါ့၊ ရှင်းမနေဘူးလား။ နတ်က မ,မစနိုင်ဘူး ဆိုတာ။ မစ,နိုင်တာမှန်လျှင် နတ်ကတော်တွေ၊ နတ်ဝင်သည် တွေ ခွေးလေးပျာတောတိုး ဘယ်နေရပါမလဲ။

နတ်ကတော် နှစ်မျိုးနှစ်စား ရှိသည်။

ထိုင်နှဟောနတ်ကတော်နှင့် က,ဟောနတ်ကတော်။

ဒေါ်မြရွှေက ထိုင်ဟောနတ်ကတော်။

www.burmeseclassic.com



သူ့အိမ်မှာဆို မင်းနှစ်ပါး၊ ဦးမင်းကျော်နှင့်မယ်တော် ရှ
ဘိန်းချုပ်တုအပြင် အိမ်ရှေ့မှာ သီးသန့်နတ်စင်ဖြင့် ထားသည်
နန်းကရိုင်းမယ်တော်စင်လည်း ရှိသည်။

သူက မထမအန်းစား စာရင်းဝင် နတ်ကတော်။

သူ့အိမ်က ပေနှစ်ဆယ်၊ ပေခြောက်ဆယ် မြေကွက်ထဲမှာ
မီးဖိုမပါ ဆယ့်ခြောက်ပေ၊ ပေလေးဆယ်၊ ခနီမိုး ပျဉ်ခင်း
ထရံကာ ဆောက်ထားသည့်အိမ်၊ အိမ်ကြီးအိမ်ကောင်းဟု မဆို
သာခပမယ့် နေပျော်သည်ဟု ဆိုရမည့်အိမ်မျိုးပါ။

သူက ထာဝစဉ် အချက်၊ ကြက်၊ စီးကရက်၊ ဘိလပ်ရည်
ဘဲဥ ဆက်သ၍ ကိုးကွယ်ခဲ့သည်။ မင်းနှစ်ပါး၊ ဦးမင်းကျော်နှင့်
မယ်တော်တို့မှာ ဘာမှ မတတ်နိုင်လေရော့သလားမသိ၊ သူတို့
လက်ရှင်းတပည့် နတ်ကတော်ကြီး ဒေါ်မြရွှေမှာ နတ်ရုပ်တုကြီး
တွေ အကျအနစေ ၍ ကိုးကွယ်ထားသည့် အိမ်တွင် မနေရ
အုတ်ရိုးကာ ထောင်ထဲသို့ ရောက်နေခဲ့ပါလေပြီ။

သူကိုယ်တိုင်ထောင်အာမခံမရဘဲ အမှုအခြေအနေ ဘာ
မှန်းမသိဘဲ ထောင်ကျမလား၊ လွတ်မလားမသိဘဲ ငေးငို
တွေးမှိုင်နေရသည့်အချိန်မှာ အာမခံ ဘယ်တော့ရမလဲ၊ အမှု
အခြေအနေဘယ်လိုရှိမလဲ၊ ဘယ်တော့လွတ်မလဲဟု မေးသူ
ကို ဟောရ ပြောရသည့်ကြောင့် စားသာနေသည်။ နတ်ဆိုတာ
အလကားမေးလို့မရ၊ မေးလျှင် လာဘ်တင်ရမည်(ဝါ)ပင့်
ပေးရမည်။

အပြင်မှာတော့ ဒေါ်မြရွှေ၏ကြေးမှာ အနည်းဆုံးတန်
တစ်ဆယ်ငါးမူးကနေ အမြင့်ဆုံးတန်း ငါးဆယ်ငါးမူးအထိ



အထိ ကြေးရှိခဲ့သည်။ ထောင်ထဲမှာတော့ ဘည့်ကြေးမျိုး
ဘယ်ရမလဲ၊ ဘယ်၍ဘယ်မျှဆိုသည့် အတိအကျကြေးလည်း
ထားလို့ မဖြစ်၊ ဆေးလိပ်နှင့် မုန့်ပဲသွားရည်စာ ရသလောက်ဖြင့်
ဟောနေ ပြောနေရသည်။

နတ်တွေကလည်း သနားစရာ။

ထောင်ထဲကို ဝင်လိုက်ထွက်လိုက် လုပ်နေကြရသည်။ သူ
ပင့်ရင်လာ၊ သူပြီးရင် ပြန်။ အပြင်မှာဆို အရက်၊ ကြက်၊
စီးကရက်၊ ဘိလပ်ရည် ဖြိုးဖြိုးဝေဝေရှိခဲ့ပေမယ့် ထောင်ထဲမှာ
တော့ အလကား ပဲတင်း။ ဆေးပေါ့လိပ်ကလေး၊ ဓားလှီး
မုန့်ကလေးနှင့်ပြီးရသည်မှာ သနားစရာပါ။

တစ်နေ့....

ဒေါ်ခင်မေသက် ရုံးထွက်ရသည့်နေ့။ သူတို့သုံးယောက်ပဲ
ရှိနေစဉ် နတ်အကြောင်း စကားစပ်မိရာမှ စပ်စပ်စုစု ဒေါ်
တင့်တင့်က အမေးပုစ္ဆာထုတ်ခဲ့သည်။

အောက်ထပ်မှာနေသည့် ပြည့်တန်ဆာခေါင်း အမျိုးသမီး
တစ်ယောက် ဒေါ်မြရွှေထံ နတ်မေးဖို့ ရောက်လာရင်း သူ
ကပါ နတ်ဝင်ပူးသွားသည့်ဖြစ်ရပ်ကို အကြောင်းပြု၍ ဒေါ်
တင့်တင့်က စိတ်တော့မဆိုးနဲ့နော်ဟု စကားစလွှင်ခံ၍ စပ်စု
လိုက်သည်။

'ဟို....အမျိုးသမီးက နတ်လာမေးရင်း နတ်စင်တာ ဘယ်လို
ဖြစ်လို့လဲ ဒေါ်မြရွှေ'

'ပူးပေါ့ ဒေါ်တင့်တင့်ရယ်၊ ပူးထတာ'

'ဘယ်လို ပူးထတာလဲ ဒေါ်မြရွှေရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဇာတ်ပိုး၊ နတ်ပိုး၊ ရုပ်ရှင်ပိုး၊ ဆိုင်းပိုး ရှိတဲ့လူတွေဟာ ဗီလိုမဲ ဖြစ်ကြတာပဲ၊ က,သံ ဆိုသံ၊ တီးသံ မှုတ်သံကြားရင် အဆို၊ အက ဝါသနာရှိတဲ့လူတွေ မနေနိုင်ကြသလို၊ နတ်ပိုးရှိတဲ့လူကလဲ နတ်ဗိုးသံကြားရင်၊ ပူးနေ က,နေတာတွေ့ရင် မနေနိုင်ကြဘူးလေ၊ ကျွန်မက ပူးတော့ သူ့ကိုဆက်သွားတာပေါ့'

'နတ်လူတိုင်း နတ်ဝင်တာပဲလား'

'ဘယ်ဝင်ပါ့မလဲ ဒေါ်တင့်တင့်ရယ်၊ ပူးတဲ့လူရဲ့စိတ်က နတ်ဝင်တယ်လို့ ယုံကြည်နေတော့ နတ်ဝင်တယ်လို့ပဲ ပြောကြတာပေါ့'

ထပ်ဆင့်မေးလို့ မကောင်း၍ ငြိမ်နေလိုက်ရသည်။ ပါးစပ်ကတော့ တယားယား။

'ဒါဖြင့် ရှင်တို့ ဟောပြောနေတာတွေကကော'လို့ မေးရင် ဘယ်လိုအဖြေမျိုး ပေးလိမ့်မှာပါ။

စဉ်းစားစရာ ရှိပါသည်။

တိရစ္ဆာန်များတွင် တိရစ္ဆာန်အမျိုးအစားအလိုက် ပြောသောစကားရှိသည်။ လူများတွင် လူမျိုးအလိုက် ပြောသော ဘာသာစကားရှိသည်။ ရဟန်းသံဃာများ ပြောသော စကား၊ နန်းတွင်းဘုရင်မျိုးနွယ်များပြောသောစကားဟူ၍ ရှိသလို၊ နတ်များတွင်လည်း နတ်များပြောသောစကားရှိလိမ့်မည်။

နတ်ဝင်လျှင် နတ်က လူတို့စကားမျိုးပြောလိမ့်မည် မဟုတ်တန်ရာ၊ နတ်စကားပဲ ပြောရမည်ပါ။ သို့ဆိုလျှင် နတ်ဝင်သည်များပြောသည့်စကားမှာ ဘယ်သို့လျှင် နတ်စကားဖြစ်နိုင်ပါမည်နည်း။



တိတ်ခွေတစ်ခွေ နားထောင်ဖူးသည်။ ထိုတိတ်ခွေကို လူတော်တော်များများလည်း နားထောင်ဖူးကြသည်။

ထင်ရှား ကျော်ကြားသော ပရိယတ္တိ၊ပဋိပတ္တိ ဆရာတော်ကြီးတစ်ပါးအား တရားနှင့်ပတ်သက်၍ နတ်က လျှောက်ထား မေးမြန်းသည့် တိတ်ခွေတွင် လျှောက်ထားသူ နတ်က လူစကားမျိုး မပြောပါ။ လူတို့နားမလည်သော ဘာသာစကားဖြင့် မေးမြန်း လျှောက်ထားသွားပါသည်။

ဆိုလိုသည်မှာ လူသည် လူဖြစ်၍ နတ်သည် နတ်ဖြစ်သောကြောင့် မရောထွေးအောင် သူ့နေရာနှင့်သူ နေရ ထားရပေမည်။

ခုတော့ ဗီလိုမဟုတ်။

တောင်ထဲရောက်နေသည့် နတ်ကတော်ကြီးကိုအောင်သူ့နတ်တွေက မကာယ်နိုင်၊ မ,မစနိုင်ဘဲ ရှိနေပါချက် နတ်မေးသူတွေကလည်း မေးကြတုန်း၊ နတ်ပူးသူကလည်း ပူးတုန်း ဝင်ဖွန်း ရှိကြသည်ကို ထူးထွေသည် အံ့ရာသော်ဟု ဆိုရန်မှ တစ်ပါး အခြားဆိုဖွယ်ရာပမာ စကားမရှိရာတည်း။

လူနတ်တွေ အပြင်မှာစားသာနေသလို တောင်ထဲမှာလည်း စားသာနေသည်ပါ။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြရွှေနှင့်တွဲစရာ အဖော်တစ်ယောက် ရောက်လာသည်။

နာမည်လည်း ဆန်းသည်၊ အမှုလည်း ဆန်းသည်၊ လူလည်း ဆန်းသည်။

သူတို့အုပ်စုထဲသို့ နောက်ထပ် လူထစ်တစ်ယောက် တိုးလာသည်။ သူကလည်း နတ်ကတော်ဆောကတွင် နာမည်တစ်လုံးနှင့် လူသိများ၍ ကျော်ကြား ထင်ရှားသူ ဖြစ်၏။ သို့တစေ သူ၏ တကယ့်လုပ်ငန်းမှာ နတ်ကတော် မဟုတ်ပါ။ ခါးခေါင်းဆောင် (ဝါ) ခါးပိုက်နှိုက်ခေါင်းဆောင်။ ဒါကြောင့် အမှုဆန်းသည်လို့ ဆိုရပါသည်။

ခါးပိုက်နှိုက်အလုပ်မှာ ယောကျ်ားတွေ လုပ်လေ့လုပ်ထ ရှိသည့်အလုပ်။ မိန်းမအလစ်ဆွဲ၊ အလစ်သုတ်သမား ရှိသည်။ ခါးပိုက်နှိုက်ရှားသည်။ သူက မိန်းမ၊ သို့စေကာမူ အလုပ်က ခါးပိုက်နှိုက်ခေါင်းဆောင်၊ သာမန်ခေါင်းဆောင် မဟုတ်၊ နာမည်ကြီး မှတ်တမ်းဝင် ခါးပိုက်နှိုက်ခေါင်းဆောင် ဖြစ်ပါသည်။

ယခုအမှုမှာ ကျော်ဇောမှုဖြင့် ထိန်းသိမ်းလိုက်သည့် အခု။

သူ့နာမည်က မမင်းအောင်ခေါ် ခေါ် မင်းအောင် မိန်းမနာမည် မှဆန်း၊ ယောကျ်ားနာမည် ဆန်းသည်၊ အလုံးအထည် အဆစ်အပေါက်တလည်း ယောကျ်ားဘက်သို့ နွယ်သည်။ ဝတ်တဲ့အကျီက ရှပ်အကျီ၊ လုံချည်ဝတ်တော့လည်း မိန်းမပုံစံမဝင်၊ ယောကျ်ားဝတ်ပုံမျိုး၊ ဆံပင်ပုံစံကိုတော့ မိန်းမ



အသွင် ထုံးဖွဲ့ထားသည်။ စကားပြောတော့ ကျွန်တော်နှင့် င်ဗျားနှင့်။ လုပ်ရှားမှု မာနီပန်အသွင် အားလုံးမှာ ယောကျ်ား ကဲ့သို့။

ယောကျ်ားလျာဟု ဆိုရမည့်ဟန် အပြည့်ထင်သည်။

ထောင်ထဲကို မိန်းမလျာတွေရောက်လာရင် သီးခြား ထားတည်။ သူတို့ကို ယောကျ်ားထောင်ဘက်မှာ ထားလို့ ရသလို မိန်းမထောင်ဘက်ကိုလည်း ပို့လို့မဖြစ်။

ယောကျ်ားလျာကျတော့ မိန်းမထောင်ဘက်မှာပဲ ထားသည်။ မိန်းမထောင်ဘက်မှာ ထားလို့ဖြစ်သည်။ ယောကျ်ား ထောင်ဘက် ပို့လို့မဖြစ်၊ မိန်းမလျာတွေလို သီးခြားထား လောက်အောင်လည်း ပြဿနာ မပေါ်သမို့ မိန်းမထောင်မှာပဲ ထားရဟန် ရှိသည်။

နာမည်ဆန်းသလို လူကလည်း ဆန်းသည်၊ အမှု လည်း ဆန်းသည်။

ခါးပိုက်နှိုက် ကျော်ဇောမှု။

ဒေါ်မြရွှေနဲ့ အပြင်မှာကတည်းက သိကြသည်။ သူ တို့က နတ်ကတော် အကျော်တွေ၊ ထောင်ပြုံးချိန်ကြရင် တောင်ပြုံးမှာ နေရာသီးသန့်ရသည်။ နှစ်စဉ် ဆုံကြစမြဲမို့ သိကျွမ်း ခင်မင် ရင်းနှီးမှု ရှိကြသည်။

အများအားဖြင့် ဒုစရိုက်မှုနှင့် မကင်းကြသူများမှာ တ်နှင့် ဆက်နွယ်မှုရှိသလို တောင်ပြုံးကိုလည်း ရောက်စမြဲ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်လုပ်ငန်းနှင့် သက်မွေးဝမ်းကြောင်းပြု၍ ဆက်နွယ် ပတ်သက်နေသူ အများစုမှာ မင်းကလေး၊ မင်းကြီး ကိုကြီးကျော်နှင့် မထင်းကြ။ မင်းကလေး၊ မင်းကြီးနှင့် ကိုကြီးကျော်တို့မှာ ရာဇဝင်အကျော် နတ်လူဆိုးကြီးတွေ။ နတ် မဖြစ်ခင် လူ့ဘဝကတည်းက လူဆိုးအကျော်တွေ၊ နတ်ဖြစ် တော့လည်း လူဆိုး သူခိုးတို့၏ ကိုးကွယ်အားထားရာ ပုဂ္ဂိုလ် ကြီးတွေ ဖြစ်လာသည်။ ဒုစရိုက်သမားတွေက သူတို့ဆရာကြီး တွေကို အလွန်အားကိုးကြသည်။ ကာကွယ်စောင့်ရှောက်မှု ပေးနိုင်သည်ဟု အလွန်အမင်း ယုံကြည်ကြသည်။

\+ + +

အမှန်တော့ ယုံကြည်မယ့်တာ ယုံကြည်ကြတာ တကယ် တန်းကျတော့ ဘာအကာအကွယ်မှ မပေးနိုင်သလို၊ ဘယ်လိုမှ လည်း မှ မစနိုင်ပေ၊ တစ်ခြား မကြည့်ပါနှင့်၊ တောင်ပြုံး ရတနာ့ဂူ၊ ပခန်း စသည့် အခါပတီ နတ်နန်းကြီးတွေကို အစဉ်အမြဲ စောင့်ရှောက်ပြီး ပသပူဇော်နေကြသည့် ထိတ်ထိတ်ကြဲ နတ်ကတော်ကြီးတွေကိုပဲ ကြည့်ပါ။ သူတို့ တိုက် ဆောက်ပြီး၊ ကားမစီးနိုင်ကြ။ သူတို့အထဲက ပြောစမှတ်ပြု



စရာ ထူးထူးခြားခြား ချမ်းသာသွားသူဟူ၍ လက်ညှိုးထိုး ပြစရာသော်မှ မရှိ။ သေသည်အထိ နတ်နန်းအနီးမှာပဲ အကြံ အဖန်လုပ်၍ နေထိုင်သွားကြရသည်။ တစ်နှစ် တစ်ခါတော့ ဖြိုးဖြိုးဝေဝေ ရှိသပေါ့။

တကယ်တန်း မစနိုင်လို့ မစရင် သူတို့ ထိပ်ဆုံးက ပါရမည် မဟုတ်ပါလား။ တကယ့် လက်ရင်း အနီးကပ် တပည့် တပန်းတွေသော်မှ ဒုံရင်း၊ ဒုံရင်း ဆိုလျှင် အဖျားသားတွေ ဆို ဘယ်သို့ရှိလိမ့်မှာပ။

ခုတဲကြည့်၊ ပေအစိတ်ပေငါးဆယ် မြေကွက်ပေါ်၌၊ မြေ ပြည့် ဆောက်ထားသော အိမ်၏ဧည့်ခန်းမှာ ဆယ့်ရှစ်ပေ ပတ် လည်ခန့် ရှိသည်။ ဧည့်ခန်းပြည့်နီးပါး နေရာယူ ထားသည့် ရွှေဘိန်းချ နတ်ရုပ်ကြီးများမှာ တစ်ဖျပ်ဖျပ် တစ်လက်လက်၊ တောက်ပနေသည်။ ဂျပန်ရွှေပြားမှာ ပို၍ အရောင်ထွက်သည်။ တကယ့်ရွှေစင်အလားပမာသို့ ရှိပါ၏။ ရဲရဲတောက် အနီခံ ပိတ်စများနှင့် အိရွှေစင်နတ်ရုပ်ကြီးများမှာ တင့်လှပေအံ့ သို့ နည်း။

လမ်းသွားလမ်းလာတိုင်း၊ ထိုအိမ်ရှေ့သို့ရောက်လျှင် ခြေ လှမ်း တုန့်သွားရစမြဲ၊ သမင်လည်ပြန်ကြည့်စမြဲ ရှိကြသည်။ အိမ်မျက်နှာစာမှာ လမ်းနှင့်ကပ်နေသောကြောင့် နတ်ရုပ်ကြီး များမှာ လမ်းပေါ်မှ ပရိသတ်ကို ဆွဲဆောင်အား ရှိသည်။ တကယ်တော့ မမင်းအောင်ခေါ် ဝေးမင်းအောင်၏ အဓိက လုပ်ငန်းမှာ နတ်ကတော်လုပ်ငန်းမဟုတ်ပေ။

www.burmeseclassic.com



နတ်ကတော်ဟု အမည်ခံထားသည်မှာ ဝါသနာနှင့် သူ၏ လုပ်ငန်းကို အကာအကွယ်ပြုရန်အတွက် ဖြစ်ပေသည်။

လေးလက်မ ဓားမြှောင်နှင့် ဘရိတ်ဓားကို အသုံးပြု၍ အခွဲအဖြတ် တော်လွန်းလှသောကြောင့် ဓားလောကသားများက ဓားမင်းအောင်ဟု အမည်ပေးထားကြသည်။

ဓားလောကသားတို့ တတ်အပ်သည့် နှိုက်၊ ဆွဲ- ခွဲ- ဖြတ်၊ ပညာရပ်ကို နာမည်ကြီး ဓားဘသော်ထံမှ လက်ထပ်သင်ယူပြီး လက်တွေ့ကွင်းဆင်းခဲ့ရာတွင် အောင်မြင်မှုရရှိ ဆောင်းနိုင်ခဲ့သည်။ သွက်လက်ဖျပ်လတ်၍ ပိပိရိရိလုပ်နိုင်စွမ်း သောကြောင့် ဆရာ့ထက် လက်ဇောင်းထက်သော တပည့်အဖြစ် ထင်ပေါ်ခဲ့သည်။

နှိုက်–ဆွဲ- ခွဲ- ဖြတ်ကို ပို၍အားသန်သလို ထူးလည်း ထူးချွန်သည်။ သတ္တိလည်းကောင်းသည်၊ ယောကျ်ားသားတွေထက် မိန်းမခါးက ပို၍ အလုပ်ဖြစ်သည်။ လူတွေက ခါးပိုက်နှိုက်ဆိုရင် ယောကျ်ား ခါးပိုက်နှိုက်ကိုဘဲ သတိထားကြသည်။ မိန်းမခါးပိုက်နှိုက်ကို သိပ်ဂရုမစိုက်၊ ရှိသည်ဟူ၍ပင် အမှတ်သညာ မထားမိ။ ယောကျ်ားခါးက မိန်းမအနားကိုကပ်လို့ မကောင်း၊ မိန်းမခါးက မိန်းမချင်းလည်း ကပ်လို့ကောင်းသည်။ ယောကျ်ားနားကပ်တော့ ကပ်လို့ ပိုကောင်းသည်။ ယောကျ်ားခါးတွေထက် ပိုအလုပ်ဖြစ်သည်။

ပြီး ဓားမင်းအောင်က ဖြတ်-ခွဲသမား၊ ရွှေဆွဲကြိုး၊ ရွှေကြယ်သီးကို ဖြတ်လို့ ကောင်းသလောက်၊ လက်ကိုင်အိတ်ထဲ



ပိုက်ဆံထည့်ပြီး၊ ဘေးလွယ်အိတ်ထဲ ပိုက်ဆံထည့်ပြီး ဈေးဝယ်ထွက်သူ အမျိုးသမီးများကို ခွဲရအလွန်လွယ်သည်။

သူက မြေပေါ်သမား၊ အထူးသဖြင့် ဗိုလ်ချုပ်ဈေး၊ သိမ်ကြီးဈေး၊ စိန့်ဂျွန်ဈေးစသည်တို့မှာ ကျက်စားသည်။ အဖွဲ့မရှိ တစ်ကိုယ်တော်သမား။ ဒါကြောင့်ထင်ပ၊ တစ်ကိုယ်တော် ဘဝမှာ အဖမ်းအဆီးမခံခဲ့ရ၊ ခေါင်းဆောင်လုပ်တော့မှဘဲ၊ အချုပ်နှင့် ထောင်ထဲကို ရောက်ရသည်။

\+ \+ \+

ယောကျ်ားခါးတွေက ရပေမယ့် အဖတ်မတင်။ အသောက်အစား လောင်းကစားနှင့် ရှုပ်ထွေးပြီး ရမလောက်အောင် သုံးဖြုန်းပစ်ကြသည်။ ခါးတွေက ငွေကိုငွေလို့မထင်၊ ရှိရင် သုံးဖြစ်သည်၊ မရှိရင် ထွက်ရှာသည်။ သူတို့က ရှာလို့လည်း လွယ်သည်ကိုး။

မမင်းအောင်ကျတော့ အသောက်အစား လောင်းကစား မရှိ။ ကျွေးရမွေးရမည့် အဖွဲ့သားမရှိ။ ဆရာရင်းဦးဘသော်ကိုသာ ပေးကမ်းထောက်ပံ့ရသည်။ ဒီတော့ ရသမျှ အဖတ်တင်သည်။ မိန်းမတို့ဝါသနာထုံးစံအရ စုမိဆောင်မိရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ဗိုလ်ချုပ်ဈေးထဲမှာ အထည်ဝယ်နေသည့် မိန်းမလေးယောက် ကြားထဲမှာ၊ ဒုတိယအမျိုးသမီး၏ အိတ်ကို ခွဲလိုက်ရာ ကတ္တီပါအိတ်ရှုံ့လေးတစ်အိပ် ရလာသည်။ ဈေးအိမ်သာထဲရောက်လို့ ဖွင့်ကြည့်တော့မှ တအံ့တဩဖြင့် ကိုယ့်မျက်လုံးကိုယ် မယုံဖြစ်သွားရသည်။

ဈေးအိမ်သာက ခပ်မှောင်မှောင်။ စိန်ထည်တွေက ဝင်းဝင်းလက်လက် ဖြိုးဖြိုးဖျပ်ဖျပ်။ တစ်ချီထဲ အချီကြီး ပလိုက်သည်။ မမင်းအောင်ကလျှင်သည်။ ပစ္စည်းတွေကို ချက်ချင်းမထုခွဲ၊ တစ်နှစ်ကျော်ကျော် သိမ်းထားပြီးမှ တဖြည်းဖြည်းချင်း အလီလီထုခွဲပြီး၊ မူလနေသည့် တာမွေအိုးစုကနေ၊ ကြည့်မြင်တိုင် ထီးတန်းဘက်ကို ပြောင်းရွှေ့ပြီး လက်ရှိနေထိုင်သည့် အိမ်ကို ဝယ်လိုက်သည်။

မမင်းအောင်မှာ နဂိုကတည်းက နတ်နှင့် အဆက်အနွယ်ရှိပြီးသား။ လုပ်ငန်းလုပ်ဖို့ အိမ်ကမထွက်ခင် မယ်တော်ကို အမှူးထား၍ မင်းကလေး၊ မင်းကြီး၊ ကိုကြီးကျော်၊ အပါအဝင်၊ မန္တလေးပါမကျန် ပင့်ဖိတ်၍ ဘိလပ်ရည်၊ ဘဲဥ၊ စီးကရက်၊ ပန်းများဆက်ပြီး၊ လုပ်ငန်း အောင်မြင်အောင်မ စေဖို့ အကာအကွယ်ပေးဖို့၊ အလုပ်ဖြစ်ရင် ဘာဆက်မည်၊ ညာဆက်မည်ဆိုသည့်ကတိ ကဝတ်တွေပေးပြီးမှ အလုပ်ခွင်သို့ ထွက်စမြဲရှိသည်။ ဒါတွေမလုပ်ဘဲ၊ အလုပ်ခွင်ကို ထွက်လေ့မရှိ။ အဲဒီတုန်းက ရုပ်ထုတွေဘာတွေမရှိ ဘုရားဈေးက ဝယ်သည့် မယ်တော်ဓာတ်ပုံပဲ ရှိသည်။



အလုပ်ဖြစ်လာရင်တော့ အရက်ပုလင်းတို့ ကြက်ကျော်တို့ မွှေးမွှေးဆိုင်ဆိုင် ဆက်သဘည်။

နတ်ကို ကိုးကွယ်သည်ဟု ဆိုရမည်ထက် အပေးအယူ လုပ်သည့်သဘော သက်ရောက်သည်။

တကယ်တော့ နတ်ကလည်း ဘာမှလုပ်ပေးသည်မဟုတ်ပါ။ ခါးတွေက သူတို့ကျွမ်းကျင်ရာ အတတ်ပညာဖြင့်လုပ်ကြသည်။ စားရှုံသောက်ရှုံလောက် အလုပ်ဖြစ်သည်။ ပိုပိုလျှံလျှံရှိအောင် အလုပ်ဖြစ်သည်။ အထင်ကြီးရအောင်လည်း အလုပ်ဖြစ်သည်။ မမိသည့်အခါရှိသလို မိသည့်အခါကျတော့လည်း ဒဏ်ရာဒဏ်ချက်များနှင့်အတူ ထောင်ထဲကိုဝင်ရသည်။ နတ်ကသာ တကယ် အကာအကွယ်ပေးပြီ၊ မစနေရင် သူတို့ ထောင်ထဲဘယ်ဝင်ရလိမ့်မှာပါ။ သူများ မျက်ရည်ပေါက်ကြီးငယ်ကျအောင် လုပ်နေသည့် ဒုစရိုက်သမားများကိုသာ တကယ် အကာအကွယ်ပေးမှ တကယ်မစသည် ဆိုဗြားအံ့။

ထိုသို့သောနတ်တို့သည် ကောင်းသောအမှုကို မပြုကြသော နတ်များဟု ဆိုရပေမည်သာ။

အချိကြီး၊ အလိကြီးရလိုက်သည့် မမင်းအောင်မှာ ကြည့်မြင်တိုင်တွင် အိမ်ဝယ်ပြီးသည့်နောက်၊ အိမ်ရှေ့ဧည့်ခန်းမှာ နတ်ရုပ်ကြီးတွေ အစီအရီနှင့် နတ်ကတော်အဖြစ် လုပ်ငန်းပြောင်းလဲလိုက်လေသည်။

အဲဒီအချိန်ကစ၍ လက်ဦးဆရာ ခါးဘသော်၏အကြံဉာဏ်ဖြင့် ဆရာတပည့်များကို လက်ပြောင်းယူပြီး ခါးဂေါက်မှာ ခေါင်းဆောင်နေရာကို ရယူခဲ့သည်။ တောင်ပြုံးရေတနာဂူနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပခန်းပွဲတော်ချိန်ရောက်လျှင် တပည့်များနှင့်အတူ ဘုရားလည်းဖူး လိပ်ဥလည်းတူးဆိုသလို နတ်ကတော်လုပ်ငန်းမြဖြင့် နတ်ပွဲများမှာ အချိန်ပိုင်းလုပ်ငန်းဖွင့်ကြသည်။ ဖြိုးဖြိုးဝေဝေရကြသည်။

နတ်ကမတယ်၊ နတ်ရဲ့အမအာစကို ခံရတယ်ဆိုတာ သူတို့ကို မချဲသူတို့သာအမအာစခံရသည်ဆိုလျှင်မှားသည်ဟုမဆိုနိုင်ရာပေ။

နောက်တော့ ခါးလုပ်ငန်းအပြင်၊ လောင်းကစားလုပ်ငန်းကိုပါ တိုးချဲ့လာသည်။ အိမ်ရှေ့ခန်းမှာနတ်သဘင်၊ နောက်ဖေးခန်းမှာဂျင်ဝိုင်း။

ထောင်ထဲသို့ရောက်သည်မှာ ယခုတစ်ကြိမ်ပါဆို သုံးကြိမ်၊ ပထမတစ်ကြိမ်က ခါးပိုက်နှိုက်၍ရသော ရွှေထည်ပစ္စည်းများကို လက်ခံ၍ထုခွဲပေးမှု၊ ဒုတိယအကြိမ်မှာ ဂျင်ဝိုင်းဖမ်းမိသောကြောင့်၊ ယခု တတိယအကြိမ်ရောက်ရှိသည်မှာ ကျော်ဇောမှု။

ကျော်ဇောမှုဆိုသည်မှာ မကောင်းမှု ဒုစရိုက်လုပ်ငန်းများနှင့် ဆက်နွယ်ပတ်သက်နေသည်၊ လုပ်ကိုင်နေသည်ဟု အခိုင်အမာ သဘင်းရရှိသော်လည်း လက်ပူးလက်ကြပ်မမိ၊ သို့သော်လည်းမှ ပြည်သူလူထုအေးချမ်းစွာ နေထိုင်မှုကို အနှောက်အယှက်ပေးနိုင်သောကြောင့် ငြိမ်ဝပ်ပိပြားရေးဥပဒေအရ ဖမ်းဆီး၍ ထိန်းသိမ်းထားပိုင်ခွင့်အရ ထိန်းသိမ်းထားခြင်း ဖြစ်ပေသည်။

ခုတော့ ထောင်ထဲမှာ နတ်ကတော်နှစ်ယောက် အပြိုင်ပူး၍ အပြိုင်ဟောနေကြရာ ပင့်တိုင်းကြရသော နတ်များလည်း မအားလပ်အောင် အလုပ်များနေကြပါလေပြီ။

တစ်ည။



တန်းစီးရော၊ အခန်းလူကြီးပါအပါအဝင် အခန်းထဲတွင်ရှိနေသူထဲကသုံးယောက်၊ ဒေါ်မြရွှေ၊ မမင်းအောင်တို့နှင့်တွဲ၍ ထောင်တွင်းကနားပွဲ ကျင်းပခဲ့ကြသည်။

ကနားပွဲဆိုတာက ကခုန်မြူးတူး ပျော်ပါးခြင်း။

ကန်တော့ပွဲမတင်၊ ဆိုင်းမဆင့်ဘဲကကြရာ ထောင်မှူးလေးလျှို့ဝှက်အစစ်ဆေးအဝင်နှင့် ဒက်ထိသွားတိုးသဖြင့် နောက်တနေ့မနက်တွင် ရုံးတင်ခံကြရသည်။

တန်းစီနှင့် အခန်းလူကြီးတို့ အရာကျသွားပြီး ဒေါ်မြရွှေ ဖါငါးယောက်တို့မှာ ဆဆောင်သန့်ရှင်းရေး အလုပ်ဒဏ်အပြင် အခန်းအပြောင်းအရွှေ့ အပြစ်ဒဏ်ထိသွားသည်။

နတ်ခတယ်ဆို ဘယ်နဲ့ရှိပါစတု ပြောမည်သို့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ရုံးထွက်ရပြန်ပြီ။

အမှုပြီးဆုံးရေးမှာလည်း နီးသထက်နီးလာပြီ။ ကိုယ်ကဘယ်လိုဘဲ မြန်မြန်ပြီးစေချင်ပေမယ့်တရားရုံးမှာစစ်ဆေးနေတာကိုယ့်အမှုတစ်ခုထဲမဟုတ်။ အမှုပေါင်းများစွာကို စစ်ဆေးနေသည့်တရားစီရင်ရေးအဖွဲ့များကလည်း မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးအတွက် ကြိုးစားလုပ်ဆောင်လျက် ရှိနေသည်။ သို့စေကာမူ အမှုများလျော့ပါးမသွားဘဲ၊ တိုးသည်ထက် တိုးနေသောကြောင့် စစ်ဆေးရေးမှာ ကြန့်ကြာနေသည်။



ဒါတောင် အမှုကြီးသမားတွေနှင့် အာမခံမရသောအမှုများကို ဦးစားပေးစစ်ဆေးနေသဖို့ တော်သေးသည်ဟုဆိုရမည်။

ဒီကနေ့ တရားရုံးအချုပ်မှာ တရားခံအဟောင်းရော၊ အသစ်များပါ စုပြုံရောက်ရှိနေကြသည်။ ခါတိုင်းလို၊ ချောင်ချောင်ချိချိမရှိ။ နေရာသီးသန့်ခွဲပေးထားသည်။ အမျိုးသမီး တရားခံများအဆက်မှာလည်း ခါတိုင်းလောက် ကျယ်ကျယ်ပြန့်ပြန့်မရှိ။

ဒေါ်လေးကျော့က ဟင်းမယ်သုံးလေးမျိုးကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်လာသည်၊ ဈေးကြီးသည့် ပုဇွန်ထုပ်ကြီးနှင့် ငဖယ်သုတ်များပါလာရာ စားလို့မြိန်ပေမယ့် ဒေါ်လေးကျော့ကို မြန်ချိအားနာနေရသည်။ အသက်ကြီးကာမှ အေးအေးဆေးဆေး မနေရဘဲ၊ ရုံးလာရ ထောင်လာရနှင့် အလုပ်ရှုပ်ဗျာများနေရှာသည်။ မလာပါနဲ့ပြောလို့လည်းမရ။ ဒေါ်လေးကျော့က အဒေါ်ဆိုပေမယ့် ငယ်ငယ်ကလေးကတည်းက မိခင်သဖွယ်အုပ်ထိန်းခံရသူ။

သူ့ကို တစ်ခါမှ မပြောဖူး၊ မဆိုဖူးရှိခဲ့၍ တမ ပြောသမျှ ခေါင်းညိတ်ခဲ့သော်လည်း၊ ထွန်းထွန်းနှင့် ကိစ္စတုန်းကတော့ ပြစ်ပြစ်ခါခါ ပြောခဲ့ရုံမက သူ့ကို ‘ငါသေလဲ ညည်းမလာနဲ့၊ ညည်းသေလဲငါမလာဘူး’လို့ သေခန်းပြတ်စကားပြောပြီး အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။ နောက်ကြောင်း ပြန်လှည့်မကြည့်ခဲ့။

ပါးစပ်က သေခန်းပြတ်စကားပြောပြီး၊ တကယ့်ကို ပြတ်ပြတ်စဲစဲ နေခဲ့ပေမယ့် အရေးဟယ်အကြောင်းဟယ် ပေါ်လာပြန်တော့လည်း မနေသာပြန်။ ခုတော့ အိမ်ရော၊ ဆိုင်ကိုပါ ဒေါ်လေးကပဲ စောင့်ရှောက်ထိန်းသိမ်းနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်းအမှုမခေါ်၊ ညနေပိုင်းကြမှ အမှုခေါ်သည်။

ပြန်ခေါ်သက်သေ ဦးမောင်ထူးနှင့် ထွန်းထွန်းအစ်ကို၊ ကိုသိန်းဦးတို့အား မေးခွန်းများ ထပ်မံမေးမြန်းခဲ့ရာ၊ ဦးမောင်ထူး၏ အစစ်ခံချက်မှာ မူလအစစ်ခံချက်နှင့် မကွဲလွဲပဲ ကိုသိန်းဦး၏ အစစ်ခံချက်မှာ မူလ အစစ်ခံထားချက်များနှင့် ကွဲလွဲမှုရှိ၍ အမှုအတွက် အထောက်အကူ ဖြစ်စေခဲ့သည်။

ထို့နောက် ဒေါ်သန်းလှက တရားခံပြသက်သေအဖြစ် အစစ်ခံခဲ့သည်။ ဒေါ်သန်းလှမှာ သံဈေးတွင် ဒေါ်ခင်အေးမြင့်ဆိုင်နှင့် မျက်နှာချင်းဆိုင်၌ မျိုးတူပစ္စည်းရောင်းသူ ဆိုင်နီးနားချင်း ဖြစ်၏။

'ကျွန်မဆိုင်နဲ့ ဒေါ်ခင်အေးမြင့်ဆိုင်ဟာ မျက်နှာချင်းဆိုင် ဖြစ်ပါတယ်၊ ဆိုင်နီးနားချင်းများ ဖြစ်တဲ့အတိုင်း ခင်ခင်မင်မင် ရှိကြပါတယ်၊ ရောင်းဝယ်တဲ့ ပစ္စည်းမျိုးတူပေမယ့် သူ့ဖောက်သည်နဲ့သူ၊ကိုယ့်ဖောက်သည်နဲ့ကိုယ်ရောင်းဝယ်ကြတာမို့ ပြဿနာမရှိပါဘူး၊ ဒေါ်ခင်အေးမြင့်တို့တူဝရီးဆိုင်က ရောင်းပန်းဝယ်ပန်း အတော်လေး ကောင်းပါတယ်၊ စီးပွားလဲ သိသိသာသာ တိုးတက်ဖြစ်ထွန်းခဲ့ပါတယ်၊ သူတို့ဆိုင်နဲ့ကပ်လျက်ဆိုင်ကို တန်ကြေးထက်ပိုပေးပြီး ဝယ်ယူပြီး ဆိုင်ကိုတိုးချဲ့ခဲ့ပါတယ်၊ အဲဒီအချိန်က မောင်ထွန်းထွန်းဟာ သူတို့ဆိုင်နဲ့ ကျွန်မတို့ ဆိုင်မှာ အသွားအလာ အဝင်အထွက် မရှိသေးပါဘူး၊ ဒေါ်ခင်အေးမြင့် အလုံကအိမ်ဝယ်ပြီး၊ အိမ်တက်မင်္ဂလာဆွမ်းကျွေးတော့ ကျွန်မ



တို့ ရောက်ပါတယ်၊ အဲဒီနောက်ပိုင်းကျမှ ထွန်းထွန်းဟာ ကျွန်မတို့ဆိုင်တွေကို ပစ္စည်းလာသွင်းရင်း အသွားအလာအဝင်အထွက် ရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို လာသွင်းတဲ့ပစ္စည်းတွေဟာ သူပိုင်ပစ္စည်းတွေလို့ ထင်ခဲ့ပေမယ့် နောက်ပိုင်းကျမှ သူက လူငှားဖြစ်ကြောင်း သိရပါတယ်။ ကျွန်မတို့ နှစ်ဆိုင်သုံးဆိုင်တတင် တစ်ခါတစ်ခါကို ရှစ်ထောင်၊ တစ်သောင်းဖိုးအထိ ယူကြပါတယ်၊ ငွေကိုတော့ နောက်မှရှင်းကြတာပါ၊ ငွေရှင်းတဲ့အခါ ထွန်းထွန်းနဲ့အတူ ပစ္စည်းပိုင်ရှင်လဲ တစ်ခါတစ်လေ ပါလာပါတယ်။ ထွန်းထွန်းနဲ့ ဒေါ်ခင်အေးမြင့်တို့ ရင်းနှီးမှုရှိပြီးတဲ့နောက် ပစ္စည်းဝယ်လို့ရတဲ့နေရာတွေကို ထွန်းထွန်းကသိတော့ ဒေါ်ခင်အေးမြင့်နဲ့တွဲလုပ်ကြပါတယ်၊ စစ်တူလုပ်တာမဟုတ်ပါဘူး၊ အကျိုးအမြတ်ပေါ်ကြည့်ပြီး ခွဲပေးတဲ့ပုံစံနဲ့လုပ်ကြတာ ဖြစ်ပါတယ်၊ အဲဒီလို အရောင်းအဝယ်အတွက် သွားကြလာကြရင်းကနေမြို့စွန်းပြီး၊ လင်မယားအဖြစ်ကို ရောက်ခဲ့ရတာဖြစ်ပါတယ်၊ ကျွန်မတို့ ခင်မင်သူများလဲ ရင်ထုမနာဖြစ်ရပါတယ်၊ ဒေါ်ခင်အေးမြင့်တို့အဒေါ် ဒေါ်လေးကျော့ဆိုရင် ဘယ်လိုမှ သဘောမတူလို့ လမ်းခွဲထွက်သွားခဲ့ပါတယ်၊ ဒေါ်ခင်အေးမြင့်နဲ့ မောင်ထွန်းထွန်းတို့ အိမ်ထောင်ကျစက နှစ်ယောက်အတူတွဲပြီး ရောင်းဝယ်ကြပေမယ့် ခြောက်လလောက်ကြာတော့ ဒေါ်ခင်အေးမြင့်တစ်ယောက်ပဲ ဆိုင်ထွက်ပါတော့တယ်၊ အရင်က သွက်သွက်လက်လက် ရွှင်ရွှင်ပျပျရှိခဲ့တဲ့ ဒေါ်ခင်အေးမြင့်ဟာ အိမ်ထောင်ကျပြီးနောက်ပိုင်းမှာ ငေးငေးငိုင်ငိုင် ရှိုင်တွေနေတာတွေရလို့ မေးတဲ့အခါ မောင်ထွန်းထွန်းအကြောင်း၊ ဒို

www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါတယ်၊ အရက်အလွန်အကျွံ သောက်တဲ့အကြောင်း၊ ဆိုင်ကယ် ပိုက်ဆံတွေ နှိုက်လွန်းလို့ အိမ်မှာပဲ ခိုင်းနေရတဲ့အကြောင်း၊ မောင်ထွန်းထွန်းကြောင့် စိတ်ညစ်စရာအမျိုးမျိုးတွေ့ကြုံနေရကြောင်းများကို ဒေါ်ခင်အေးမြင့် ပြောပြချက်အရ သိရှိရပါကြောင်း ထွက်ဆိုသွားခဲ့၏။

တရားလိုဘက်မှ ဥပဒေပညာရှင်နှင့် တရားခံဘက်မှ ဥပဒေပညာရှင်တို့က မေးခွန်းများထုတ်ပြီးနောက် ကျန်ရှိသော တရားခံပြ သက်သေနှစ်ဦးကို စစ်ဆေးရန်အချိန်မရတော့သဖြင့် နောက်တစ်မတ်တွင် အပြီးသတ်စစ်ဆေးရန် ချိန်းဆိုလိုက်သည်။

နောက်ထပ် ရုံးထွက်နှစ်ကြိမ်ပြီးလျှင် စီရင်ချက် ချတော့မည်ဖြစ်၏။

ယနေ့ ထောင်သို့အပြန်တွင် စိတ်လှုပ်ရှားစရာအကြောင်း ပါမလာသောကြောင့် စိတ်ဓာတ်တည်ငြိမ်မှုရှိသလို လူလည်း တည်ငြိမ်နေသည်။ အချုပ်တွင် ညနေစာ စားခဲ့ပြီးဖြစ်ရာ ညနေစာထောင်ထမင်းကို စားသောက်ရန်မလိုတော့ပေ။

ညဘက် အိပ်ချိန်ရောက်သောအခါ သူ၏ ဘဝဖြစ်စဉ် အပြောင်းအလဲများအကြောင်းကို အိပ်ရာချင်း ကပ်လျက်ရှိသူ ဒေါ်ထင့်တင့်နှင့် စပ်မိစပ်ရာ ပြောဖြစ်ခဲ့သည်။ အကြောင်းအရာ၏အဆုံးတွင် သည်းခံနိုင်စွမ်းအား ကောင်းသူများသည် ဘဝ၏ အောင်မြင်မှုပန်းတိုင်ကို အလွယ်တကူ လှမ်းဆွတ်ယူနိုင်ရာသော်လည်း သည်းခံနိုင်မှု အားနည်းသူများသည် ဘဝ၏ဆုံးရှုံးပျက်ပြားမှုကိုသာ ရင်ဆိုင်ရကြောင်း သင်ခန်းစာကို အပြေထုတ် ရရှိခဲ့၏။



သူသာ သည်းခံနိုင်စွမ်းအား ကောင်းခဲ့လျှင် လက်ရှိ ထောင်ထဲသို့ရောက်နေရသည့်မှုခင်း ဖြစ်စရာအကြောင်း မရှိသလို မတည်ငြိမ်သော ဘဝကို ရင်မဆိုင်ရဘဲ၊ သမီးဖြစ်သူနှင့်အတူ အေးချမ်းစွာ နေရမည်မှာ သေချာသည်။ ယခုသော် သည်းခံနိုင်စွမ်းအား နည်းသောကြောင့် ကပြောင်းကပြန် ဘဝဖြစ်စဉ်များနှင့် ရင်ဆိုင်နေရပါလေပြီ။

ယခု သူတို့အုပ်စုတွင် သုံးယောက်သာ ကျန်တော့သည်။ ဒေါ်မြရွှေနှင့် မမွှင်းအောင်တို့ အောက်ထပ်သို့ ပြောင်းသွားရသောကြောင့် ငါးယောက်အုပ်စုမှာ နှစ်ယောက် လျော့သွား၏။ မျက်စိနောက် သက်သာ၍ နားလည်းအေးသွားသည်။ ဒေါ်မြရွှေရှိစဉ်က ပူးလိုက်ယောလိုက်နှင့် မျက်စိနောက်၍ နားမချမ်းသာစရာရှိခဲ့ရာမှ၊ နှစ်ယောက်ပေါင်းမိတော့ ပိုဆိုးကုန်သည်။ ပို၍ ရှုပ်ထွေးသွားသည်။

ခု သူတို့နှစ်ယောက် အောက်ထပ်ပြောင်းသွားပြီးနောက် အတူတူမနေရ၊ တစ်ယောက်တစ်ခန်းစီ နေရသည်။ မပူးရ မယောရတော့။ ဒါတောင် ညဘက် တိတ်တိတ်လုပ်သေးသည်ဟု ကြားရသည်။

သူတို့မရှိတော့ ပတ်ဝန်းကျင်ကောင်းကောင်း စိပ်ရပြီ။ တရားကောင်းကောင်း ထိုင်ရပြီ။ အသစ်ခန့်လိုက်သည့် အခန်းလူကြီးက အကိုင်အတွယ် အထိန်းအသိမ်း ကောင်းသောကြောင့် တစ်ခန်းထဲ နေသူများထံမှ ဆူဆူညံညံအသံများ မထွက်တော့ စည်းကမ်းလည်း ပိုရှိလာသည်။ သန့်ရှင်းရေးဘက်မှာလည်း ပိုကောင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးထွက်ရက်ကို ယခင်ကလို လပိုင်း အထိမကွာတော့။ ရက်ချိန်း နီးလာသည်။ ခုတစ်ပတ်ဆို ဆယ်ရက်ပဲ ကွာချိန်းလိုက်သည်။

\+ + +

တစ်နေ့တာ၏ နောက်ဆုံးအကြိမ် စာရေးထိုင်ပြီးနောက် ကျောတစ်နေရာစာ နေရာကလေးတွင် လဲလျောင်း၍ အမှတ်တရား ဆက်မှတ်နေရာမှ အိပ်ပျော်သွားခဲ့သည်။ အိပ်မက်လိုလို ဘာလိုလိုနှင့် ယောကျ်ားတွေ စကားပြောသံကြောင့် ဖျပ်ကနဲ လန့်နိုးရသည်။ အသိစိတ်မှာ ဇဝေဇဝါ။

ကြားနေရသည့် အသံများမှာ ကြားနေကျ မိန်းမ အသံများမဟုတ်။ ယောကျ်ားသံများ ကြားလိုက်ရသော ကြောင့် ဇဝေဇဝါ ဖြစ်သွားရသည်။

သူ့ အရင်နိုးနေသည့် ဒေါ်တင့်တင့်က ထောင်မှူး ကြီးနှင့် ထောင်ဆရာဝန်တို့ ရောက်နေသည့်အကြောင်း ပြော လာသဖြင့် ဖြစ်ကြောင်းကိစ္စကို မြန်မေးလိုက်ရသည်။

'မတင်မြကြီး သွေးတွေအန်လို့လေ'

'ဘယ်တုန်းကလဲ'



'တစ်နာရီလောက်တော့ ရှိပြီထင်တယ်'

ဒေါ်ခင်အေးမြင့် အိပ်မောကျသွားသဖြင့် အခန်းထဲမှာ လှုပ်လှုပ်ရှားရှား၊ ယောက်ယက်ခတ်ဖြစ်နေသည်ကို မသိလိုက်။

သွေးအန်တာက နည်းနည်းနောနောမဟုတ်၊ ဂန်ဖလား ခေါ် အခင်းကြီးသွားသည့်အင်တုံတစ်လုံးနီးပါးရှိသည်။ ဝါဒါ က သက်ဆိုင်ရာတာဝန်ကျ ထောင်မှူးကလေးကို သွားရောက် သတင်းပို့ရမှ ထောင်မှူးကြီးနှင့် ထောင်ဆရာဝန်တို့ပါ ရောက်လာကြခြင်းဖြစ်၏။

\+ + +

ထောင်ထဲမှာ မမာရေး ကျန်းရေးနှင့် ပတ်သက်လို့ အသက်အန္တရာယ် ပေးလောက်သည့်ကိစ္စများ ဖြစ်လာခဲ့ရင် ညကြီးသန်းခေါင် ဖြစ်ပါစေ၊ တာဝန်ရှိသူတွေ အပြေးအလွှား ရောက်လာကြစမြဲ ရှိ၏။ အကျဉ်းသားတွေပဲ ဖြစ်လိုရာဖြစ်ဟူ၍ ပြစ်မထား၊ ညဘက်၊ အိပ်ဆောင်တံခါးဖွင့်ရသည်မှာ မလွယ် ကူ၊ ထောင်ပိုင်ကြီးအထိ အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက် ယူရ သည်၊ မိန်းမဆောင်ဖွင့်ဖို့ကိစ္စမှာ ပို၍ခက်ခဲသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဆရာဝန်ကြီးက အရေးပေါ်ဆေး ထိုးပေး၍ မနက်ကျမှ အပြင်ဆေးရုံပို့ရန် စီစဉ်ရမည်ဖြစ်ကြောင်း ထောင်မှူးကြီးကို ပြောပြသည်။

ဖြစ်သည့်ရောဂါက သူ့ရွေးနာ။ အဆုတ်ရောဂါ။

နှစ်နှပ်စာသော ထောင်းကို နှပ်မှန်အောင် မစားနိုင်ရှာ၊ စားရေးသောက်ရေး ချို့တဲ့လွန်းလို့ မလုပ်သင့် မလုပ်အပ်ကြောင်း သိပါလျက်၊ ငါးမ်းပူဆာ သားသမီး ဝမ်းပူစာ မနေသာသောကြောင့် ခိုးမှုကို ကျူးလွန်ပြီး ထောင်ထဲရောက်ခဲ့ရသည်။

မတင်မြ၏အဆုတ်ရောဂါ၊ ထောင်ထဲရောက်မှဖြစ်သည့်ရောဂါ မဟုတ် အပြင်မှာကတည်းကဖြစ်နေသည့် ရောဂါ၊ သို့တစေ တီဘီ (ခေါ်) အဆုတ်နာဟူ၍တော့မသိ။ ပါရဂူနှင့် စမ်းသပ်လျှင် စမ်းသပ်ခငါးဆယ်၊ သုံးဆယ့်နှစ်ကျပ်၊ အဆုတ်ရောဂါကုရိုးရိုးဆရာဝန်နှင့် စမ်းသပ်လျှင် ဆယ့်ခြောက်ကျပ်။ နှုန်းထားကို ပေးနိုင်စွမ်းမရှိ။ စမ်းသပ်ခထားလို့ ပြည်သူ့ဆိုင်က ငစိန်ဆန်ကို သော်မှ ငါးပြည်၊ ဆယ်ပြည် ထုတ်မစားနိုင်၊ ပြည်သူ့ဆိုင်က ဆန်ပေးပြီဆိုလျှင် အမြတ်ပေး ထုတ်သူကိုရောင်း၊ အိမ်မှာ ချက်ဖို့ကျတော့ ထိုထက်မက ဈေးပိုပေးဝယ်ပြီး ချက်ရသည်။

ပြည်သူ့ဆိုင်က ပေးသည့်ဆန်ကိုထုတ်ဖို့ ငွေ တစ်ဆယ်၊ ဆယ့်ငါးကျပ် လက်ထဲမှာမရှိ။ အဲဒီတော့ မနက်သုံးလုံး ညသုံးလုံးကို ချက်ခါနီးမှ ပြေးဝယ်ပြီး ချက်စားရသည်။



ယောကျ်ားကလည်း ဟုတ်တိပတ်တိ အလုပ်မရှိ။ သူကလည်း မယ်မယ်ရရ အလုပ်မရှိ။ ကျဘမ်းရရာအလုပ်ကို ရသလိုလုပ်ကိုင်ပြီး ဖြစ်သလို ချက်ပြုတ်စားသောက်နေထိုင်ရသည်။ ကလေးက နှစ်ယောက်။ သူတို့ကိုလည်း ကျောင်းမထားနိုင်၊ ကလေးတွေကလည်း သူတို့အတွက် မုန့်ပဲသွားရေစာဖိုးကို သော်မှ သူတို့နည်း သူတို့ဟန်ဖြင့် ရှာကြံစားရသည်။ ဖြစ်သလိုနေကြသည်။

ဒီတော့လည်း ခံစားနေရသည့် ရောဂါကို ဘာရောဂါရယ်လို့ မသိ။ ချောင်းသိပ်ဆိုးလာရင် လျက်ဆားလျက်၊ ဟိုကပေး၊ သည်ကပေးသည့် ဆေးမြီးတိုစားပြီး ဝေဒနာကို အံတုနေရသည်။

မတုလို့လည်းမရ၊

ရောဂါကိုသိသည့်တိုင် ကုသဖို့မှာမလွယ်ကူ။ တီဘီဆေးဈေးက ခေါင်ခိုက်နေသည်။

ယနေ့ခေတ်တွင် အဆုတ်ရောဂါသည် ကြောက်စရာ ရောဂါ မဟုတ်၊ အဆုတ်ရောဂါကိုနိုင်သည့်ဆေးဝါးတွေ ပေါ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တစ်လတစ်ထောင်၊ ထောင့်ငါးရာမကုန်ဘဲ၊ ခေတ်ပေါ် ဆေးဝါးများကို မစားသုံး မဓိဝဲနိုင်။

ထမင်းနှစ်နပ်အတွက် ကုန်းရုန်းလှုပ်ရှား ရှာဖွေနေရသူ မတင်မြတို့လို လူမျိုးတွေက တစ်လတစ်ထောင်၊ ထောင့်ငါးရာကုန်သည့် ခေတ်ပေါ်ဆေးဝါးများကို မှီဝဲနိုင်ဖို့ဝေးစွ၊ ဘယ်လို ဆေးမျိုးဆိုသည်ကိုပင် မမြင်ဖူးနိုင်ရှာပေ။

ပြင်ပဆေးများကို ဝယ်ယူစားသုံး၍ မကုသနိုင်သူများအတွက် နိုင်ငံတော်က အခမဲ့ကုသပေးသည့် အဆုပ်ရောဂါအထူးကုဆေးရုံကြီးရှိသည်။ အောင်ဆန်းမြို့ အဆုပ်ရောဂါအထူးကုဆေးရုံကြီးတွင် အယုတ်အလတ်အမြတ်မရွေး အဆုပ်ရောဂါ ဝေဒနာရှင်များကို အခမဲ့ကုသပေးသည်။ ထမင်းလည်း ကျွေးသည်၊ ဆေးလည်းကုပေးသည်။

အနည်းဆုံး နှစ်လသုံးလနေရမည်။

မတင်မြက သူ့ကိုယ်သူ အဆုပ်ရောဂါဝေဒနာ စွဲကပ်နေပြီကိုမသိ။ သိသည့်တိုင် ရက်ရှည် ဆေးရုံတက်ဖို့အခက်အခဲအမျိုးမျိုးရှိသည်။ ထမင်းအလကားကျွေးပေမယ့် မုန့်ပဲသွားဖည်စာဖိုးနှင့် အခြားအထွေထွေသုံးရန် ငွေကြေးလိုဦးမည်။ ယောကျ်ားဖြစ်သူက စားဖို့ကိုသော်မှ ပြည့်ပြည့်ဝဝ ရှာဖွေနိုင်သူမဟုတ်။

နိုင်ငံတော်က ကုသပေးသည့်တိုင် ဆေးရုံတက်ဖို့ အခြေအနေမပေး၊ ပြီးကိုယ့်ရောဂါကိုလည်း ဘာရောဂါလို့မသိ၊ ခု၊ ထောင်ထဲရောက်တော့မှပဲ ရောဂါအမည်ပေါ်တော့သည်။

ညက သေးတွေ ဒလဟောအန်ပြီးကတည်းက မတင်မြမှာ ကိုယ့်ဟာကိုယ်မှ နိုင်သည့်အား မရှိတော့။ ပုံမှန်အသံဖြင့်စကား



မပြောနိုင်။ လက်ကလေးနှစ်ဘက်က ဒူးခေါင်းနှစ်လုံးကြားတွင် ထည့်ပြီး၊ ခွေခွေကလေး ဝေဒနာကို ကြိတ်မှိတ်ခံစားနေရသည်။

မနက်လင်းအားကြီး တစ်ကြိမ်အန်လိုက်သေးသည်။ ညက လောက်တော့မများ။ ဒါတောင် ဂန်ဖလားတစ်ဝက်လောက်တော့ရှိသည်။ အခန်းထဲတွင် အတူတူနေကြသူများက ရှိတာလေးတွေ ထုတ်ကျွေးကြသည်။ မတင်မြကမစားနိုင်။ မစားချင်ကြောင်းကို ပါးစပ်ကမပြောနိုင်။ လက်ကလေးဘဲ ခါပြနိုင်ရှာသည်။

\+ + +

မနက် ဆယ်နာရီလောက်ကျမှ ထောင်ဆရာဝန်ကြီး နှင့် ထောင်မှူးကြီးတို့ရောက်လာပြီး၊ ဆေးရုံတင်ဖို့ကိစ္စ လုပ်ကြသည်။

ထောင်ထဲရောက်မှ ဘာရောဂါဆိုတာကို သိရပြီး၊ ထောင်ထဲကမှ ဆေးရုံးတက်ခွင့်ရသွားသည်။

သူ ဆေးရုံတက်သွားရသည်ကို အိမ်ကလူတွေ သိကြလိမ့်မည် မဟုတ်၊ သိသည့်တိုင်လည်း-။

မတင်မြ ရောဂါပျောက်သွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးမတတ်နိုင်သော တီဘီရောဂါ ဝေဒနာသည်များ ပြောလေ့ရှိသည့်အတိုင်း ဆေးရုံရောက်ပြီး သုံးရက်မြောက်နေ့တွင် ရောဂါပျောက်သွားပါသည်။

'အစိုးအချောက် သေမှပျောက်'

သူတို့ ပြောလေ့ရှိသည့်အတိုင်း သေမှဘဲပျောက်သွားမှာ တော့သည်။

မခင်မြတစ်ယောက် ဆေးရုံရောက်ပြီး သုံးရက်မြောက်နေ့တွင် သေဆုံးသွားသော်လည်း သူ့ကိစ္စမှာ ထိုတွင်မချုပ်၊ မပြီးပြတ်ဘဲ အုတ်ရိုးကိုကျော်၍ မြင်းထန်းသော ဘယ်ဘက်ခုံမှာ မိန်းမထောင်၊ အချုပ်ထောင်သို့ ရိုက်ခတ်လာပြန်သည်။

မိန်းမထောင် အချုပ်ဆောင်အပေါ်ထပ်တွင် သရဲမ မတင်မြအကြောင်းမှာ ပြောမဆုံးပေါင် တောသုံးဆောင်ဖြစ်နေသည်။ အထိတ်တလန့်ရှိနေကြသည်။ အိပ်ချိန်ကိုကျော်လွန်၍ စကားပြောကြသူများကို အခန်းလူကြီးက အဟင်း၊ အဟဲ လုပ်စရာမလိုတော့။ ညနေ အမှောင်ရိပ်သန်းပြီဆိုကတည်းက ငြိမ်သက်တိတ်ဆိတ်နေသည်။ မျက်လုံးများကို အတတ်နိုင်ဆုံးမှိတ်ထားကြသည်။ တိုလူ့ဆီသွား၊ ဒီလူ့ဆီသွားမလုပ်ကြ။ ရယ်သံမောသံများ လုံးဝထွက်မလာ။

မြေကျ ရက်လည်ဆွမ်းတို့ကို ထောင်ထဲမှာမကျွေးလိုက်ရ၊ ပရိတ်တရားများ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းမလုပ်ရ၊ ကျွတ်ရာလွတ်ရာကို သွားဖို့ အမျှအတန်းမပေးဝေရသောကြောင့်၊ မကျွတ်မလွတ်ဘဲ သူတို့အခန်းထဲမှာပဲ ရှိနေသည်။ ညက အပေါ်ထသွားရင်း ဘယ်လိုတွေ့လိုက်ရသည်၊ ဘယ်သူ့ခြေထောက်ကိုလာဆွဲသည်။



ဘယ်သူ့ကိုဘယ်လို လာနှိုးသည်၊ ဘယ်သူ့ကို ဘယ်လိုကိုယ်တင်ပြသည်၊ ဘယ်သူ့ကို ဘယ်ကဲ့သို့ အိပ်မက်ပေးသည်များကို တစ်ယောက်တစ်ပေါက် ပြောကြသည်မှာ အတော့မသတ်။

မိုးလင်းသည်နှင့် ဒီအကြောင်းနှင့်နွယ်သော စကားများကို တစ်နေ့တာပြောစရာအဖြစ် အစတည်လိုက်ကြသည်။

မိန်းမတွေချည်းနေတဲ့ နေရာမှာဆိုတော့ ပိုဆိုးသပေါ့။

နောက်တော့ မတင်မြကို မတွေ့ဖူးသူက ခေတ်မှမီသလိုဖြစ်လာသည်။ မတွေ့ဖူးသူကလည်းအတင်းဘဲ၊ ဘယ်သို့ဘယ်ပုံတွေ့ပါသည်ဟု ပြောကြသည်။ သူတို့က ပိုတောင်စကား ကားသေး။

မည်သို့ပင်ရှိစေ၊ သရဲမ မတင်မြအကြောင်းမှာ အင်းစိန်ထောင် မိန်းမအချုပ်ထောင်တွင် အချိန်အတော်ကြာအောင် ပြောဆိုနေကြလိမ့်မည်ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

'ကျွန်တော့်နာမည်ဦးလှမင်းဖြစ်၍.......ဌာနမှူးအရာရှိတစ်ဦးဖြစ်ပါသည်။ ကျွန်တော်၏အိမ်နှင့် ဒေါ်ခင်အေးမြင့်မှာ တစ်အိမ်ကျော်တွင်ရှိ၍ ကျွန်တော်အပါအဝင် ကျွန်တော်၏ မိသားစုများနှင့် ခင်မင်ရင်းနှီးမှုရှိကြပါသည်။ ကျွန်တော့်ကို ရပ်မိရပ်ဖသဖွယ်သဘောထား၍ အစစအရာရာ တိုင်ပင်မှုရှိပါသည်။ တစ်ချို့ကိစ္စများတွင် ကျွန်တော့်၏ဇနီးအား ဖွင့်ဟတိုင်ပင်ခြင်းဖြင့် ကျွန်တော်လည်း သိရှိရပါသည်။ ဒေါ်ခင်အေးမြင့် နောက်အိမ်ထောင်ပြုသည့် ကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်ဇနီးအား အတွင်းရေး ကိစ္စများကိုပါ ဖွင့်ဟတိုင်ပင်ခဲ့သောကြောင့် ကျွန်တော်လည်း သိရှိခဲ့ရပါသည်။ သူအိမ်ထောင်ပြုရသည်မှာ လိုလိုလားလား စိတ်ဆန္ဒဖြင့်ပြုလုပ်ခဲ့ရခြင်းမဟုတ်ကြောင်းကိုကျွန်တော့်ဇနီးထံမှတစ်ဆင့် ကျွန်တော်သိထားပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်ခင်အေးမြင့်ကို ဘာမှမပြောသော်လည်း၊ ဒေါ်ခင်အေးမြင့် အမှားကြီး မှားသွားပြီဖြစ်ကြောင်း၊ တစ်နေ့နေ့တွင် ဒုက္ခအကြီးအကျယ်တွေ့ရမည်ဖြစ်ကြောင်း ကျွန်တော့်ဇနီးကိုပြောပြခဲ့ပါသည်။ ကျွန်တော် ပြောခဲ့သည့်အတိုင်းပင် တစ်နှစ်မပြည့်ခင် သူတို့၏ အိမ်ထောင်ရေးအက်ကြောင်းကြီး ထင်လာပါသည်။ ဒေါ်ခင်အေးမြင့်အဖို့ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက် အခြေအနေသို့ ရောက်လာသောအခါ ကျွန်တော့်အား ပြဿနာအရင်းအမြစ်ကို ပွင့်ပွင့်လင်းလင်းပြောပြပြီး ကျွန်တော်၏အကြံဉာဏ်နှင့် အကူအညီကို တောင်းခံခဲ့တာကြောင့် မောင်ထွန်းထွန်းကို နှစ်ယောက်ချင်း တွေ့ပြီး၊ ဆုံးမစကား ပြောပေမယ့် အကြောင်းမထူးခဲ့ပါ။ ရပ်ကွက်ကောင်စီရဲ့ အကူအညီနဲ့ ပြောကြဆိုကြဖို့ ပြောတဲ့အခါ အရပ်ထဲမှာ ဟိုး လေးတကျော်ဖြစ်မှာကြောင့် ကောင်စီကို မသွားလိုကြောင်း ပြောပါသည်။ နောက်တော့ သူတို့အိမ်မှာ ပြဿနာအမျိုးမျိုး ပေါ်ခဲ့ရာက နောက်ဆုံး မှုခင်း ဖြစ်တဲ့ထိအောင် အခြေအနေကို ရောက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်အေးမြင့် သိမ်သိမ်မွေ့မွေ့ ကြွေ့ရရ၊ နေထိုင်တာကို အိမ်နီးချင်းအားလုံး သိကြပါသည်။ ယခုအဆင့်ထိအောင် ဖြစ်လိမ့်မည်လို့ မထင်ခဲ့ပါ။ ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သည့် အားလျော်စွာ ကျွန်တော်သိသမျှကိုသာ အမှန်အကန်အတိုင်း ထွက်ဆိုခဲ့ပါသည်။'

နှစ်ဘက်သော ဥပဒေပညာရှင်များက မေးခွန်းအနည်းငယ်စီကိုသာ မေးမြန်းခဲ့ကြ၏။

ဦးခင်မောင်ထွန်းသာ ဦးလှမင်းကို သက်သေအဖြစ် ထွက်ဆိုအစစ်ခံစေသည်မှာ လျှောက်လဲချက်ပေးရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် ရည်ရွယ်သည်ဟု ဆိုရမည်ပါ။ သူလုံးပန်း ကြိုးစားနေသည်မှာ သူ၏တရားခံလွတ်မြောက်ရေးအဆင့်အထိ မျှော်မှန်းမထားပါ။

နောက်ဆုံးတင်ပြသည့် တရားခံပြသက်သေမှာ အပိုင်မြို့နယ်ကောင်စီဝင် ဦးထွေးမောင် ဖြစ်ပါသည်။

'ကျွန်တော်သည် အလုံမြို့နယ်........ရပ်ကွက်များ၏ မြို့နယ်ကောင်စီဝင်တစ်ဦး ဖြစ်ပါသည်။ ဒေါ်ခင်အေးမြင့်နှင့် ရင်းနှီးမှုမရှိပေမယ့် အိမ်အရောင်းအဝယ်လုပ်သည့်ကိစ္စ၊ အိမ်တက်မင်္ဂလာဆွမ်းကျွေးဖိတ်သည့်ကိစ္စများကြောင့် လူချင်းသိပါသည်။ နေ့ရက်နှင့်လပိုင်းကိုတော့ မမှတ်မိပါ။ ရပ်ကွက်ကောင်စီဝင် ဦးမောင်ထူး၏



ဇနီး ဒေါ်အေးနှင့်အတူ ကျွန်တော့်အိမ်သို့ ရောက်လာပြီး သူ၏ ခင်ပွန်းဖြစ်သူ မောင်ထွန်းထွန်း၏ အရက်မူးတိုင်း ဆူပူရမ်းကားသည့်အကြောင်းကို ပြောပြ၍ အကူအညီ တောင်းခံပါသည်။ ကျွန်တော်က မြို့နယ်ကောင်စီဝင်ဖြစ်ပေမယ့် ရပ်ကွက်ကောင်စီကိုကျော်လွန်၍ မလုပ်သင့်ကြောင်း၊ ရပ်ကွက်ကောင်စီရုံးတွင် တရားဝင်ဆိုင်ကြားလျှင် ဖြေရှင်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ရပ်ကွက်ကောင်စီတွင် တရားစီရင်ရေးအဖွဲ့လည်း ရှိကြောင်း ပြောပြခဲ့ပါသည်။ ဒေါ်ခင်အေးမြင့်က ခေါ်ယူဆုံးမပေးရန်ပြောသဖြင့် ရပ်ကွက်ကောင်စီဝင် ဦးမောင်ထူးနှင့်တိုင်ပင်ပြီး သင့်တော်သလို ဆောင်ရွက်ပေးမည့်အကြောင်း ပြောပြခဲ့ပါသည်။ ဒေါ်ခင်အေးမြင့် နေထိုင်သည့် ရပ်ကွက်အပိုင် ကောင်စီဝင် ဦးမောင်ထူးနှင့်တွေ့၍ မေးမြန်းသည့်အခါ မောင်ထွန်းထွန်းမှာ အရက်မူးလျှင် မသွားဆိုးသူတစ်ယောက် ဖြစ်ကြောင်း ရပ်ကွက်လူငယ်များနှင့်လည်း မသင့်မြတ်ကြောင်း၊ ရန်လိုသည့် အကျင့်ဆိုးမှုရှိကြောင်း သိရပါသည်။ ဦးမောင်ထူးကို တတ်နိုင်သမျှ အကူအညီပေးဖို့ ပြောကြားခဲ့ပါသည်။' စသည်ဖြင့် ထွက်ဆိုသွားပါသည်။

ယခု မှုခင်းမှာ တရားခံဖြစ်သူက စွဲဆိုထားသောအမှုကို မကျူးလွန်ပါဟု ငြင်းဆိုသည့်အလျောက် ခုခံကာကွယ်မှုအပိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျူးလွန်ခြင်းမှန်ထန်သော်လည်း ကျူးလွန်ရန်ဆန္ဒဖြင့် ကြိုတင်စီစဉ်၍ ကျူးလွန်ခဲ့ခြင်းမဟုတ်၊ သေဆုံးသူက ယင်းအမှုကို ကျူးလွန်မိစေရန် ဖန်တီးခဲ့သောကြောင့် အမှတ်မထင် ကျူးလွန်မိကြောင်း ပေါ်လွင်စေရန် ဦးတည်ချက် ထားနေရသည်။

တကယ်တော့ အချင်းဖြစ်မှုခင်းတွင် မျက်မြင်သက်သေ မရှိသောကြောင့် အလွန်ပင် ရှောင်တိမ်းလို့ ကောင်းသည်။ ရှောင်သာ တိမ်းသာလည်းရှိသည်။ ဒေါ်ခင်အေးမြင့်က သူအပြင်ထွက်သွားစဉ် အိမ်တွင် ဘယ်လိုဖြစ်ကြသည်မသိ၊ ခါတိုင်းလို အပေါင်းအသင်းများနှင့်သောက်စားရင်း မည်သို့ဖြစ်သည်မသိ။ ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရကြောင်း ထွက်ဆိုလို့ရသည်။

ယင်းသို့ ထွက်ဆိုခဲ့လျှင် ရဲက တရားခံကို မရ ရအောင် ရှာဖွေဖော်ထုတ်ရမည်။ သမီးနှင့်ပတ်သက်ရာ အကြောင်း ပါလာခဲ့သော် သူ့အမှားကြောင့် အဖြစ်မဲ့သည့် သမီးငယ်တွင်



ဘ၀တစ်သက် ဖျက်မရသည့်အမဲစက်ကြီး စွန်းထင်းတော့မည်။ အချုပ်ခန်းနှင့် ထောင်သို့မလွဲမသွေ ရောက်ရမည်။

'သားတို့ရုပ်ရည်၊ သိဘာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်းမ မြိမ်းစဘမ်းတည့်'

ရှေ့နေကြီးက ဖြောင့်ချက်ကို ရုပ်သိမ်း၍ အမှုခွင်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲထွက်ဆိုရန်ပြောသည်ကို လက်မခံခဲ့။

အမှုခွင်ပြောင်းသွားလျှင် သမီးနှင့်ဆက်နွယ်ပတ်သက်သာမည်ကို စိုးရိမ်သည်။ ခံစရာရှိသမျှ သူသာခံမည်ဟု အဖြတ်ဆုံးဖြတ်ပြီးသား။

နောက်တစ်ပတ်ရုံးချိန်းတွင် လျှောက်လဲချက် ပေးရမည်။ ပြီးလျှင် စီရင်ချက်ချရမည်။

လူ့စိတ်သဘောက အတော်ကို ဆန်းကြယ်သည်။

အမှုမပြီးခင်က အမှုမြန်မြန်ပြီးပါစေလို့ ဆန္ဒပြုခဲ့သော်လည်း တကယ် အမှုပြီးတော့မည် ဆိုသောအခါ တုန်လှုပ်ချောက်ချားမှုမဖြစ်သော်လည်း ခံစားမှုတစ်မျိုးဖြစ်ရပြန်သည်။

လက်ရှိနေထိုင်၍ အသားကျနေသည့် နေရာလေးကို စွန့်၍ တစ်ခြားပြောင်းရမည်ကို ဝန်လေးသလိုလို ဘာလိုလို။

ထောင်ကျဆောင်ကို ရွှေ့ရမည်။ ရဲဘက်စခန်းကို ပြောင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



လေးစားအပ်မှုဖြစ်သော တရားစီရင်ရေးအဖွဲ့ဝင်များ ခင်ဗျား။

ကျွန်တော်၏ အမှုသည် ဒေါ်ခင်အေးမြင့်အပေါ် စွဲဆိုထားသည့် စွဲဆိုချက်အတွက် လျှောက်လဲချက်ပေးပါမည်။

ယင်းအမှု၏ ဖြစ်ကြောင်း အခုခြေခံ အကြောင်း၊ ဇာတ်မြစ်ကို ကြည့်သည့်အခါ မှုခင်း ဖြစ်ပေါ်အောင် ဖန်တီးသူမှာ တရားခံအဖြစ် စွပ်စွဲခံနေရသူ ဒေါ်ခင်အေးမြင့် မဟုတ်ဘဲ သေဆုံးသူ မောင်ထွန်းထွန်းသာ ဖြစ်ကြောင်း ငြင်းဆိုစရာမရှိအောင် ပေါ်လွင်ထင်ရှားနေပါတယ်။

ဒေါ်ခင်အေးမြင့်ဟာ နဂိုကတည်းက ငွေကြေးပြည့်စုံပြီး၊ဆွေဂုဏ်၊ မျိုးဂုဏ် အဆင့်အတန်း ထည်ထည်ဝါဝါ ရှိခဲ့သူလည်း ဖြစ်ပါတယ်။ သံစျေးထဲ ဆိုင်နံပါတ် (----) နဲ့ အိမ်နံပါတ် (–) လမ်း၊ အလုံမှာရှိတဲ့ အိမ်ဟာ မောင်ထွန်းထွန်းနဲ့ မရခင်ကတည်းက ပိုင်ဆိုင်ခဲ့ကြောင်းကို အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ရုံးတော်ကို တင်ပြထားသလို၊ သက်သေများကလည်း ထောက်ခံထွက်ဆိုထားကြပါတယ်။ သေဆုံးသူ မောင်ထွန်းထွန်းနဲ့ စီးပွားရေး လုပ်ငန်း အတူ လုပ်ခဲ့သည် ဆိုရာ မှာလည်း မောင်ထွန်းထွန်းက လုစိုက်သာဖြစ်ပြီး၊ ငွေပင်ငွေရင်း စိုက်ထုတ်ခဲ့သူမှာ ဒေါ်ခင်အေးမြင့်သာ ဖြစ်ပါတယ်။



မောင်ထွန်းထွန်းဟာ ကလေးကချေ မဟုတ်ပေမယ့် ဆွေဂုဏ်မျိုးဂုဏ် အဆင့်အတန်းမမြင့်ပါဘူး။

ငွေကြေးလည်း ပြည့်ပြည့်စုံစုံ မရှိခဲ့ပါဘူး၊ ဒီအချက်ဟာလည်း သက်သေများ ထွက်ဆိုချက်အရ ထင်ရှားပါတယ်။ ဒေါ်ခင်အေးမြင့်က မောင်ထွန်းထွန်းကို အိမ်ထောင်ပြုခဲ့ရာမှာ၊ အစစအရာရာ အနစ်နာ အဆုံးရှုံးခံပြီး စွန့်စားခဲ့ရပါတယ်။ ဆွေမျိုး မိတ်သင်္ဂဟတွေရဲ့ ဝိုင်းပယ်ခြင်းကို ခံခဲ့ရပါတယ်။

သူများတကာတွေ့ခွက်မှာ ပက်လက်မြောခဲ့ရတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် မောင်ထွန်းထွန်းဘက်က တုံ့ပြန်မှုဟာ ကောင်းကွက်ရယ်လို့ ထိုးပြစရာ တစ်ကွက်တစ်လေမှ မရှိခဲ့ပါဘူး။ အားတက်စရာ၊ ဝမ်းသာစရာ၊ ကြည်နူးစရာ၊ နှစ်သိမ့်စရာရယ်လို့လည်း ထောက်ပြစရာတစ်ခုမှ မရှိခဲ့ပါဘူး။

ဒုံးနဲ့မျက်ရည်သုတ်ပြီး၊ စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှုကို နေ့စဉ်နဲ့အမျှ ခံနေရပါတယ်။ ဒေါ်ခင်အေးမြင့်က အနစ်နာခံခဲ့သလောက် တစ်ဘက်က တုံ့ပြန်မှုဟာ အဆိုးထဲကမထွက်တော့၊ နာကျည်းမှုကို ကြိတ်မှိတ်ခံစားခဲ့ရပါတယ်။

ဒေါ်ခင်အေးမြင့် ရှာဖွေသမျှကို သုံးဖြုန်းပျော်ပါးစားမူးယစ်ပြီး နေ့ရှိတင်မက၊ ကိုယ်ထိလက်ရောက် စော်ကားမှုများကိုပါ အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်စောင်စီရှ ်းတို့တာတို့ကို ရှောက်သွားရင် အရပ်ထဲမှာ ဟိုးလေးတကျော် ဖြစ်သွားမှာမို့ မဆိုင် ကြား မဖြေရှင်းရဲတဲ တယ်သူမပြုမိမိမှုတု သဘောစယူပြီး မြိုသိပ်နေခဲ့ရပါတယ်။ မောင်ထွန်းထွန်းက ဒါကိုအခွင့် အရေးယူပြီး ပိုရှုပိုရှု ရမ်းကားခဲ့ပါတယ်။ နာကျည်းမှု ခံစားချက် ပြင်းထန်လာတဲ့အခါ ပေါက်ကွဲမှု ဒွန်တွဲ ပါလာစမြဲဆိုသည့်အတိုင်း အချင်းမှုခင်းဖြစ်သည့်နေ့က ဒေါ်ခင်အေးမြင့် ထွေပိုးကိုထားခဲ့ရတဲ့ ပြင်းထန်လွန်း တဲ့ နာကျည်းမှုဟာ ထိန်းသိမ်းမရနိုင်တော့ဘဲ၊ ပေါက် ကွဲထွက်သွားခဲ့တာဘဲ ဖြစ်ပါတယ်။

ဒေါ်ခင်အေးမြင့်က မောင်ထွန်းထွန်းကို သတ်ဖို့ မဆိုထားဘဲ၊ တစ်စုံတစ်ရာသော ထိခိုက်အနာတရ ဖြစ် စေအောင် ဘယ်တုန်းကမှ မလုပ်ခဲ့ပါဘူး။

မောင်ထွန်းထွန်းက လုပ်သည့်တိုင်လည်း လက်တုံ့ မပြန်ခဲ့ပါဘူး။ အဲဒီနေ့ကလည်း မောင်ထွန်းထွန်းကို ဘာလုပ်မယ်ဆိုတဲ့ ဆန္ဒ၊ စိတ်ကူး၊ တွေးတောချက်၊ ရည်ရွယ်ချက် ဘာမှမရှိခဲ့ပါဘူး။ တစ်စုံတစ်ရာသော လက်နက်ကို ကြိုတင်ပြင်ဆင်ထားခြင်းမရှိသလို ဒဏ်ရာ အနာတရ ဖြစ်အောင် ဘယ်လိုဘယ်လိုလုပ်မည်ဆိုသော အစီအစဉ်လည်း မရှိခဲ့ပါဘူး။

မိမိ၏ ရင်တွင်းဖြစ်ပေါ်လာသော နာကျည်းစိတ်တို့ မထိန်းသိမ်းနိုင်မှာ စိုးလို့ မနက်ပိုင်း စကားများ



ကတည်းကအိမ်မှာမနေဘဲ အကြေးတောင်းရင်း ရှောင် ထွက်သွားခဲ့ပါတယ်။

ပြန်လာတဲ့အခါ ထွန်းထွန်းကို ဘာမှမပြောဘဲ ညောင်ခန်းမှာထိုင်နေစဉ် ထွန်းထွန်းက အပြင်မှာ အလေ သွားလိုက်တဲ့ မကောင်းတဲ့မိန်းမလို့ စွပ်စွဲပြီး၊ ရန်ရှာလာ တာကြောင့် စကားဖြင့် တုံ့ပြန်ခဲ့ပါတယ်။ အတယ်၍ အဲဒီနေ့က ကြိုတင်ပြင်ဆင်ပြီး ရည်ရွယ်ချက် တစ်စုံ တစ်ရာရှိခဲ့ရင် အဲဒီအချိန်ကတည်းက ဖြစ်မယ့် အခြေ အနေရှိပါတယ်။

နောက်ထပ်စကားနှင့် စော်ကားရုံတင်မက ကိုယ် ထိလက်ရောက် ကျူးလွန်လာတာကြောင့် ဖြတင်း ပေါက်နားတွင် ရပ်နေရာက ကြက်လျှောက်တန်းပေါ်က ဓားကို အမှတ်မထင် မြင်လိုက်ပါတယ်။

အဲဒီမှာ ထွန်းထွန်း နောက်ထပ် ကိုယ်ထိလက်ရောက် မစော်ကားရဲအောင် အဲဒီဓားကိုယူပြီး ချောက်လှန့်ခဲ့ တာဖြစ်ပါတယ်။

အိမ်ပေါ်က ဆင်း ပြေး ရင် ဖြစ် သား ဘဲ ဆိုတာက စကားအရ ပြောကြတာပါ။

ဒီလိုပြုမှုတိုင်းသာ အိမ် ပေါ် က ဆင်း ပြေး နေရရင် အိမ်ပေါ်မှာ ဘယ်နေ့ချိန်ရှိပါတော့မလဲ။ ဒါကိုလည်း ထည့်သွင်းစဉ်းစားရပါမယ်။

အ ချင်း ဖြစ် တဲ့ အ နေ အထားကို ပုံဖော်ကြည့်ရင် မောင်ထွန်းထွန်းက နောက်ထပ်လိုက်ပို့ ဟန်ပြင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒယိမ်းဒယိုင်နဲ့လာရာမှာ ဒေါ်ခင်အေးမြင့်က ရှေ့မတိုးဖို့ ဓားပြပြီးတားဆီးပါတယ်။

မောင်ထွန်းထွန်းက ခင်ဗျားကြီး ကျုပ်ကို ထိုးရဲရင် ထိုးစမ်းဆိုပြီး အတင်းတိုးဝင်အလာ ဒေါ်ခင်အေးမြင့်က မျက်စိမှိတ်ပြီး ဓားနဲ့တွက်လိုက်ပါတယ်။

မိန်းမသားအားနဲ့ တစ်ချက်ထိုး မသတ်နိုင်ပါဘူး။ ဓားက ရင်အုံကို အနည်းငယ်စိုက်ဝင်အသွား မောင်ထွန်းထွန်းက မူးမူးရူးရူးနဲ့ခုံကိုတိုက်မိပြီးအလိုကြမ်းပြင်နဲ့ ဓားရိုးနဲ့ အရှိန်ပြင်းပြင်းထိသွားတာကြောင့် ဓားက ရင်အုံထဲကို အဆမတန် စိုက်ဝင်သွားတာဖြစ်ပါတယ်။

ဒါကတော့ မှုခင်းဖြစ်တဲ့အခြေအနေကို ပုံဖော်ကြည့်ရင် တွေ့ရမယ့်ဖြစ်စဉ် အနေအထားဖြစ်ပါတယ်။

'ဒေါ်ခင်အေးမြင့်ရဲ့ အပြုအမူဟာ တမင်တကာသေစေရန် ပြုမူခြင်းမဟုတ်ကြောင်း ထင်ရှားပါတယ်။ ကိုယ့်ကိုယ်ကိုကာကွယ်ရင်း မတော်တဆဖြစ်သွားရတာ ဖြစ်ပါတယ်။ ပြစ်မှုတစ်ခုကို စီရင်ဆုံးဖြတ်ရာမှာ အချင်းဖြစ်ပွားချိန် ပြုမူသည့်အပေါ်ကြည့်ခြင်းထက် ပြုမူရန်ပြုလုပ်သူ၏ ရည်ရွယ်ချက်ကိုသာ အဓိကထား၍ ကြည့်ရမှာဖြစ်ပါတယ်။ ဒေါ်ခင်အေးမြင့်ဟာ မောင်ထွန်းထွန်းအပေါ် သေစေလိုတဲ့ရည်ရွယ်ချက် မထားရှိသလို ကြိုတင်စီစဉ်ပြင်ဆင်မှုလည်း ဘာမှမလုပ်ခဲ့ပါဘူး၊ ပေါက်ကွဲသွားတဲ့ဒေါသကို မထိန်းသိမ်းနိုင်တာကြောင့် မတော်တဆဖြစ်သွားရခြင်းဖြစ်ပါတယ်။"



'အဲဒါကို ထင်ရှားစေတဲ့အချက်ကတော့ ကိုယ်တိုင်ရဲစခန်းသို့ သွားရောက်အကြောင်းကြားပြီး အဖမ်းခံခြင်းနဲ့ ရိုးသားစွာ ဖြောင့်ချက်ပေးခြင်းဘဲဖြစ်ပါတယ်။

'သို့ဖြစ်ပါ၍ အမှုတွင် တရားခံအပေါ်စွပ်စွဲထားသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)အစား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ 'လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု'ဖြင့်သာ စီရင်ဆုံးဖြတ်၍ ပြစ်ဒဏ်ကို သက်ညှာစွာ စီရင်သင့်ပါကြောင်း လေးမြတ်စွာ လျှောက်ထား တင်ပြအပ်ပါသည်ခင်ဗျား'

\+ \+ \+

လေးစားအပ်ပါသော တရားစီရင်ရေး အဖွဲ့ဝင်များခင်ဗျား။

'မှုခင်းတစ်ခုဖြစ်တဲ့အခါ အဲဒီမှုခင်းဖြစ်ရပ်ရဲ့ ပကတိအနေအထားကို အလေးပေး ကြည့်ရမှာဖြစ်ပါတယ်။ စိတ်ကူးယဉ်တွက်ချက်မှုနဲ့ မှုခင်းဖြစ်ရပ်ကို ကောက်ချက်ဆွဲလို့ မရပါဘူး။ တရားခံဟာ ယင်းပြစ်မှုကို ကျူးလွန်သလား မကျူးလွန်ဘူးလား၊ ဒါက ပထမကြည့်ရမယ့်

www.burmeseclassic.com

www.burmeseclassic.com



အပိုင်းပါ။ ဘာကြောင့် ကျူးလွန်တယ်ဆိုတာ ဒုတိယ ကြည့်ရမယ့်အပိုင်း ဖြစ်ပါတယ်။ ယခုရှိးတော်က စစ်ဆေးနေဆဲ မှုခင်းဖြစ်ရပ်မှာ တရားခံက ဓားနဲ့ထိုးတာ မဟုတ်ပဲ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့အနေနဲ့ ကြောက်ကြောက်လန့်လန့် မျက်စိမှိတ်ပြီး ဓားနဲ့တက်လိုက်ရာက ဓားချက်အနည်းငယ် စိုက်ဝင်သွားစဉ် တရားခံကမူးပြီးအလဲ ဓားရိုးနဲ့ ကြမ်းပြင်ဆောင့်မိပြီး ဓားရိုးက နှလုံးသားထဲကို ထပ်ဆင့်စိုက်ဝင်သွားတာကြောင့် သေဆုံးရခြင်းဖြစ်တယ်လို့ စိတ်ကူးယဉ်တွက်ချက်မှုနဲ့ ကောက်ချက်ဆွဲသွားတာကို တွေ့ရပါလိမ့်မယ်၊ ဒါက ပကတိအနေအထား မဟုတ်ပါဘူး’

‘ပကတိအနေအထားက လင်မယား စကားများတယ်၊ ကိုယ်ထိလက်ရောက်အဆင့် ပါကောင်းပါလာမယ်။ အဲဒီကနေ လူသတ်မှုဖြစ်တယ်၊ လင်နှင့်မယား လျှာနှင့်သွားဆိုတဲ့ ပမာစကားရှိပါတယ်။ အခန့်မသင့်တဲ့အခါ စကားများကြတယ်။ ရိုက်မောင်းပုတ်မောင်းဖြစ်ကြတယ်၊ ပြီးတော့ ပြန်လည်သင့်မြတ်သွားကြတယ်၊ ဒါက ဖြစ်ရိုးဖြစ်စဉ်ပါ။ လင်ကမယားကိုသတ်တယ်၊ မယားက လင်ကိုသတ်တယ်၊ ဒါကြတော့ ဖြစ်ရိုးဖြစ်စဉ်နယ်ကို လွန်သွားပါပြီ’

‘ယောကျ်ားက အရက် အလွန်အကျွံ သောက်တယ်၊ သေးဆိုးတယ်။ အရက်သောက်ပြီးရင် ဆူဆူပူပူလုပ်တယ်တယ်၊ အဲဒီလို လင်မယားစုံတွဲတွေ အများကြီးရှိပါတယ်။



ဒါပေမယ့် လူသတ်မှုမဖြစ်ကြပါဘူး။တရားရုံးကိုမရောက်ကြပါဘူး၊ ဒီလိုဖြစ်တိုင်းသာ သွေးထွက်သံယိုမှုဖြစ်မယ်၊ လူသတ်မှုတွေဖြစ်ကြမယ်ဆိုရင် တရား၊ရုံးတွေမှာ အမှုတွေ ဒင်းကြမ်းပြည့်နေသလို ထောင်ထဲမှာလည်း အကျဉ်းသားတွေ ထားစရာမရှိအောင် ဖြစ်နေပါလိမ့်မယ်။’

‘တစ်ခါ တရားခံဖြစ်သူ မောင်ထွန်းထွန်းကို မေတ္တာသက်ဝင် ချစ်ခင်ခြင်းမရှိဘဲ ယူရပါသည်ဆိုသည်မှာ လောက၏ ဓမ္မတာသဘောကို ဆန့်ကျင်၍ ပြောဆိုခြင်းသာဖြစ်ကြောင်းတင်ပြရန်မှတစ်ပါး အခြားသာဓကဆောင်စရာအချက်အလက် မရှိပါကြောင်း။ မချစ်မနှစ်သက်သောသူကို ကွာရှင်းပြတ်စဲရန်လုပ်ဆောင်ဖို့နည်းလမ်းအသွယ်သွယ် ရှိပါလျက်၊ မလုပ်ဆောင်နေခဲ့သည်မှာ မေတ္တာသံယောဇဉ် ကြီးမားကြောင်း ထင်ရှားပေါ်လွင်စေပါတယ်’

‘ဤအမှုနှင့်ပတ်သက်၍ ပကတိအနေအထားကို ကြည့်သည့်အခါ ဖြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သည့်အပြင် တရားခံကိုယ်တိုင်ကလည်း ဤအမှုကို ကျူးလွန်ခဲ့ကြောင်း ဖြောင့်ချက်ပေးခဲ့ပါသည်။ ထို့ကြောင့် အပြစ်ကျူးလွန်သူကို အပြစ်ပေးရန်မှတစ်ပါး အခြားနည်းများ စဉ်းစားရန် မရှိသောကြောင့် ဤရုံးတော်မှ စွဲတင်ထားသည့်အတိုင်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)အရသာလျှင် ပြစ်ဒဏ်ကို ချမှတ်

www.burmeseclassic.com



ပေးပါမည့်အကြောင်း လေးစားစွာ တင်ပြလျှောက်ထားရပါကြောင်း’

\+ \+ \+

နှစ်ဘက်ဥပဒေပညာရှင်များက ဥပဒေအချက်အလက်များ၊ စီရင်ထုံးအကိုးအကားများကို ဖော်ပြလျက် လျှောက်လွှဲချက် ပေးသွားကြသည်။

နောက်တစ်ပတ်ရုံးချိန်းတွင် အဖြေပေါ်တော့မည်။ အဖြေဆိုသည်မှာ လွှတ်မြောက်ရေးမဟုတ်၊ ထောင်ဒဏ်အနည်းအများသာ ဖြစ်၏။

ဒေါ်ခင်အေးမြင့်အတွက်နည်းသည်များသည်မှာအကြောင်းမဟုတ်၊ အမှုမြန်မြန်ပြီးရေးသည်သာ အကြောင်း။

ကံတရားထောက်မလို့ လွှတ်ရင်တော့ အကောင်းဆုံးပေါ့။

ငါးနှစ်လောက်ဆိုရင် အချုပ်ရက်နှင့်လျှော့ရက်နှုတ်ပြီးသည့်တိုင် သုံးနှစ်လောက်တော့ နေရမည်။

အခု အသက် ၅၂-နှစ်။ အသက် ၅၅-နှစ်လောက်ထောင်က လွှတ်မည်။

အလွန်နေပျော်သည့်အရွယ်ဟုဆိုရမည်။

ဆယ်နှစ်ဆိုရင်တော့ အသက် ၆၀-နီးလောက်မှ လွှတ်မည်။ ကျန်းမာရင် နေပျော်သည်။ အပြင်တွင် သုံးလေးနှစ်လောက် စိတ်ဆောက်ကိုယ်ပါပင်ပန်းခဲ့ရသည့်ဒဏ်နှင့် ထောင်ထဲမှာ အနေအစားဆင်းရဲသည့်ဒဏ်ကြောင့် နေပျော်လောက်အောင် ကျန်းမာရေး မကောင်းနိုင်ရာ။



ဆယ်နှစ်အထက်ဆိုရင်တော့ အပြင်မရောက်ခင် ကိစ္စချောဖို့ ရာခိုင်နှုန်းရှစ်ဆယ် သေချာသည်။

မည်သို့ပင်ရှိစေ သူက ခံဖို့ ဆုံးဖြတ်ပြီးသား။ ခံနိုင်ရည်ရှိအောင်လည်း လေ့ကျင့်ပြင်ဆင်ထားသည်။ ဒါကြောင့် ရုံးထွက်မှာ ဘာလေးစားချင်လိုက်တာ၊ ထောင်ဝင်စာလာတဲ့အခါ ဘာယူခဲ့ပါလို့ တစ်ခါဖူးမျှ မပြောခဲ့၊ မမှာခဲ့။ ရှိတာနှင့် စားတတ်အောင်၊ ဖြစ်သလိုနေတတ်သည့် အလေ့အကျင့်ဖြစ်အောင် စားသောက် နေထိုင်ခဲ့သည်။ အပြင်ကနေ ဘာလုပ်ပေးပါ၊ ဘယ်လိုက်ပေးပါ။

ထောင်ထဲမှာ သက်သက်သာသာနေရအောင် ဘာလုပ်ပေးပါ၊ ညာလုပ်ပေးပါလို့လည်း မပြောဖူးခဲ့။

သမီးက ဘယ်သူ့ဆီသွားမည်၊ ဘယ်သူနဲ့တွေ့၍ အကူအညီတောင်းမည်ဟု ပြောလာသည်ကိုပင် ခေါင်းခါ၍ တားမြစ်ခဲ့သည်။

ထောင်ထဲရောက်ပြီးမှ ဘယ်လိုလုပ်ရင် ဘယ်လိုဖြစ်သည်၊ ဘယ်လိုနည်းလမ်းတွေရှိသည်၊ ဘယ်သူ့ကိုချဉ်းကပ်ရင်ပြီးသည်၊ ထုံးစံ ဘယ်သို့ရှိသည် စသည့် လုပ်ထုံးလုပ်နည်းများကို သိတာတောင်မှ အပြင်ကလူတွေကို မပြောခဲ့၊ ဘယ်လိုမျိုး လုပ်ပေးပါလို့ သမီးနဲ့ဒေါ်လေးကျော့ကို လေသံမဟခဲ့။

ခံနိုင်ရည်အားကိုသာ ပြည့်ဝအောင် မွေးနေခဲ့သည်။

စိတ်ကို လုံးဝ လျှော့ချထားလိုက်ပြီ။

www.burmeseclassic.com



အတိတ်အကြောင်းကို အတွေးစဉ်မခွဲတော့သလို၊ အနာဂတ်ကိုလည်း အတွေးမကျယ်တော့။ ပစ္စုပ္ပန်သက်သက်ကိုသာ ရှုမြင်သုံးသပ်၍ အခြေအနေပေးသလို ကြည့်နေဖို့ ဆုံးဖြတ်ထားလိုက်၏။

တစ်နှစ်နီးပါး နေထိုင်လာသည့် အချုပ်ဆောင်ကို ကျောခိုင်းရတော့မည်။ ခင်မင်ရင်းနှီး၍ သံယောဇဉ်တွယ်ပိုးရသည့် ဒေါ်တင်တင့်ကိုလည်းမျက်နှာလွှဲရတော့မည်။ဒါ့အတွက်တော့ စိတ်ထိခိုက်ရသည်ပါ။

နောက်တစ်ပတ် ရုံးထွက်တွင် ပြစ်ဒဏ်စီရင်ချက် ချမည်။ ထောင်ကျလျှင် နောက်တစ်နေ့ ထောင်ကျဆောင်သို့ပြောင်းရမည်။

ထောင်ကျဆောင်က အချုပ်ဆောင်နှင့် မျက်နှာချင်းဆိုင် ဝင်းထဲမှာရှိသည်။ အချုပ်ဆောင်ဝင်းနှင့်ထောင်ကျဆောင်ဝင်း ကြားထဲမှာ လူသွားလမ်းလေးရှိသည်။

ကျသစ်(ထောင်ကျအသစ်)ဖြစ်လျှင် နေရာသစ်သို့ပြောင်းရမည်၊ လူသစ်များနှင့် ဆက်ဆံရမည်။ အလုပ်ချထားမည်။ နေ့တိုင်း အလုပ်ခွင်ရှိရာသို့ သွားရမည်။ အချုပ်ဆောင်မှာလို အေးအေးသက်သက် ပုတီးစိပ်လို့မရ၊ တရားထိုင်လို့ မဖြစ်နိုင်ပါစေ။

မလုပ်ချင်ရင်သာ၊ လုပ်ချင်ရင်၊ မဖြစ်တာသည် မရှိ။ လုပ်ရင် ဖြစ်လိမ့်မည်သာတည်း။

○

အခန်း ( ၁၆ )

အချုပ်ကားပေါ်က ဆင်းလိုက်သည်နှင့် သမီးနှင့်အတူ ဒေါ်လေးကျော့ကိုပါ တွေ့လိုက်ရသည်။ ကားပေါ်ကအဆင်း အချုပ်ခန်းသို့အဝင် စကားမပြောရ။ ခွင့်လွှတ်ချင်သည့်အခါ ခွင့်လွှတ်ထားသော်လည်း အော်ငေါက်ချင်သည့်အခါ အရှက်ရလောက်စရာရှိအောင် အော်ငေါက်ခံရသည်။ ဒါကြောင့် ဖူးခါ ခင်အေးမြင့်က သမီးနှင့် ဒေါ်လေးကျော့ကို အပြုံးမျက်နှာပေးဖြင့် ခေါင်းညိတ်နှုတ်ဆက်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ခြင်းအလျဉ်းမရှိအောင် တည်ငြိမ်နေသည်ဟု မဆိုသာပါ။ခါတိုင်း ရှုံးထွက်နေမျှားလိုတော့ မဟုတ်။ ဣန္ဒြေပျက်လောက်အောင် မဟုတ်သည့် တုန်လှုပ်မှုကိုတော့ ခံစားနေရသည်။စီရင်ချက် ချမည့် အမှုများ အတွက် ရုံးခေါ်ချိန်မှာ ညနေပိုင်း။

မနက်ပိုင်း အေးအေးဆေးဆေး စားသောက်၍ စကားပြောဖို့အချိန်ရသည်၊ သမီးနှင့် ဒေါ်လေးကျော့တို့က နှစ်သိမ့်အားပေးစကားပြောကြသည်မှာ ခဏ ခဏ။

'မေမေ့အတွက်မပူစမ်းပါနဲ့သမီးရယ်၊ မေမေခံနိုင်ရည်ရှိပါတယ်၊ ရှိအောင်လည်း လုပ်ထားပါတယ်။ ရောင့်ရဲခြင်း၊ သီးခံခြင်းနဲ့ နေတတ်ထေတတ်တဲ့အဆင့်လောက်တော့ ရနေပါပြီ။ သမီးတို့သာ စိတ်အေးအေးနေကြပါ။ မေမေ့အတွက် အာရုံမထွေပြားပါစေနဲ့'။

စကားပြောကြရင်း ဒေါ်ခင်အေးမြင့်က အိမ်နှင့်ဆိုင်ကိစ္စအတွက် သူ့ဆန္ဒကို ဖွင့်ပြောသည်။

အိမ်ကို သမီးနာမည်နှင့်လွှဲပေးမည်။ ဆိုင်ကို ဒေါ်လေးကျော့နာမည်နဲ့ လွှဲပေးမည့်အကြောင်း။

'မေမေကလည်း ဒါတွေကို ခေါင်းရှုပ်ခံပြီး စဉ်းစားမနေပါနဲ့ သမီးဘာမှမလိုချင်ဘူး။သမီးမှာ အားလုံးပြည့်ပြည့်စုံစုံ ရှိပါတယ်။ ခုလည်း ဆိုင်ကို ဖွားလေးကျော့ဘဲ ရောင်းနေတာ၊ အိမ်မှာလဲ ဖွားလေးကျော့ဘဲ နေတာ၊ ဗိုလ်နေမြဲကျောင်းနေမြဲဘဲထားပါမေမေရယ်၊ မေမေလွတ်မှဘဲ မေမေကြိုက်သလိုလုပ်ပေါ့ မဟုတ်ဘူးလား ဖွားလေးကျော့'



'ငါ့အတွက်များတော့ ဘာမှမစဉ်းစားနဲ့၊အေး-ညည်းလွတ်လာတဲ့အခါကျတော့ ကိုယ့်ဟာကိုယ် ဆိုင်ပြန်ရောင်း၊ ငါက အေးအေးဆေးဆေး တရားပဲထိုင်နေချင်တာ၊ ခုတောင်မတတ်သာလို့ လုပ်နေရတာ'

ဒါပြီးတော့ တွေရာလေးပါးစကားပြောရင်း အချိန်ကုန်သွားသည်။

တရားခွင်မှာ....။

ဒေါ်ခင်အေးမြင့်က တရားစီရင်ရေးအဖွဲ့ဝင်များ၏ စားပွဲရှေ့ ကုလားထိုင်တွင် ထိုင်နေရသည်။

ရှေ့ဖတ်စာရေးကြီးက 'စီရင်ချက်ချမယ်၊ မတ်တတ်ရပ်နားထောင်ပါ' ဟု သတိပေးလိုက်ရာ ဒေါ်ခင်အေးမြင့်ရော ဥပဒေပညာရှင်များပါ မတ်တတ်ရပ်နေရသည်။

'တရားစီရင်ရေးအဖွဲ့ဥက္ကဋ္ဌက 'ဤအမှုတွင်' ဟု အစချီ၍ မှုခင်းအပေါ် သုံးသပ်ချက်များကို ဖတ်ကြားပြီး။

'အဖဦးဘမြင့်၏သမီး တရားခံ ဒေါ်ခင်အေးမြင့် (၅၂) နှစ်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) ကို ကျူးလွန်ကြောင်း ထင်ရှားသော်လည်း၊ သက်ညှာစွာ စဉ်းစားရမည်။ အကြောင်းခြင်းရာများကိုထောက်၍ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ကျခံစေရမည်။ အချုပ်ရက်ကို ပြစ်ဒဏ်မှ နုတ်ပယ်ခွင့်ပြုသည်'

သက်မ,ချနိုင်ပြီ။

ပေးသည့်အပြစ်ဒဏ်မှာ ကျေနပ်စရာအပြစ်ဒဏ်ဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထုံးစံအတိုင်း အယူခံဝင်မဝင်မေးသည့်အခါ အယူခံဝင်မည်ဟု ဖြေကြားလိုက်၏။

တရားရုံးအချုပ်ခန်းသို့ ပြန်ရောက်သောအခါ။

'သမီးရယ် အယူခံမဝင်ပါနဲ့တော့၊ မေမေ နောက်ထပ် နှစ်နှစ်ကျော်ပဲ နေရတော့မှာ မထူးပါဘူး၊ ထပ်ပြီးဖယားရှုပ် လာမှာစိုးလို့ပါ'

'မရှုပ်နိုင်ပါဘူးမေမေ၊ အယူခံမှာ လုံးဝမနိုင်တောင် နှစ် လျှော့နိုင်တာပေါ့'

'မေမေထောင်ထဲမှာ ကြားဖူးတာ ကတော့ အယူခံကျမှ နှစ်တိုးတာတွေလည်း အများကြီးရှိတယ်ဆို'

'ဒါကတော့ ကံတရားပေါ့ မေမေရယ်'

'အေးလေ သမီးတို့သဘောပေါ့၊ သမီးတို့ ဆန္ဒရှိရင်လည်း လုပ်ပေါ့၊ မေမေ့သဘောကတော့ ဒီအတိုင်းပဲ ရှိစေချင် တယ်'

'ဦးခင်မောင်ထွန်းကလည်း အရမ်းမလုပ်ပါဘူး မေမေ၊ အခြေအနေကိုကြည့်ပြီးမှ လုပ်မှာပါ'

ဆယ်နှစ်၊ ဆယ့်ငါးနှစ်ဆိုရင်တော့ တုန့်လှုပ်မိလိမ့်မည်၊ ငါး နှစ်ဆိုတာဆတော့ တုန်လှုပ်စရာမရှိ၊ အနိမ့်ဆုံးအပြစ်ဒဏ်ဟု ဆို ရပါမည်။

ထိုနေ့က ထောင်အပြန်တွင် စိတ်လက်ပေါ့ပါးနေသည်၊ အ[illegible] မည်း မသဲကွဲဘဲ တအုံနွေးနွေးနေခဲ့ရသည်မှာ ကြာပြီ။ အချုပ် ဆိုတာက လွှတ်မည့်ရက်အပိုင်းအခြားကို မခန့်မှန်းနိုင်။ ထောင် ကျပြီဆိုရင် အကြမ်းဖျင်း ခန့်မှန်းလို့ရပြီ။ အချုပ်ရက်နှုတ်လျှ[illegible]



လေးနှစ်ကျော်ကျော်လေး နေရမည်။ လျှော့ရက်ထပ်နှုတ်လျှင် သုံးနှစ်ခန့်နေရမည်။

ရောက်ရှိအသက်(၅၂)နှစ်။ ထောင်ကလွှတ်မည့် အချိန်ရှိမည့် အသက်မှာ (၅၅)နှစ်။

နေလို့ကောင်းသည့်အရွယ်၊ အိမ်ထောင်ပြုမည်ဆိုရင်တောင် ပြုကောင်းသည့်အရွယ်။

အဲဒီညတ တစ်နှစ်နီးပါး ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် လက် ပွန်းတတီးနေခဲ့ရသူ ဒေါ်တင့်တင့်နှင့် တဝကြီးစကားပြောဖြစ် သည်။ အခန်းထဲတွင် အတူနေရသူများကိုလည်း တစ်ယောက် မကျန် နှုတ်ဆက်ရသည်။ နက်ဖြန်မနက် ထောင်ကျဆောင်ကို ပြောင်းရတော့မည်။

အချုပ်ဆောင်နှင့် ထောင်ကျဆောင်ကို အမျိုးသမီးထောင် မှူး တစ်ယောက်တည်းတာဝန်ကိုင်သည်။ ခင်မင်ရင်းစွဲရှိပြီးသားမို့ နေရေးထိုင်ရေးအတွက် အဆင်ပြေဖွယ်ရှိသည်။ ဆိုတစေ၊ ထုန်းစီ အခန်းလူကြီးနှင့်အတူ နေရမည့်နေဖော်များမှာ မျက်နှာစိမ်းတွေ၊ ရောက်စတော့ အခက်အခဲ အနည်းနှင့်အများ ရှိမည်။ နောက်ပိုင်း မပြေလည်စရာမရှိ။

ထောင်ထဲမှာ အနေတတ်ဖို့တော့လိုသည်။ ထီးထီးတည်တည် ကြီး နေလို့မဖြစ်သလို ပလူးပလဲနေလို့လဲမဖြစ်၊ အပြောအဆို အရယ်အပြုံးရှိရမည်၊ အဆိုက်အထိုက် နေတတ်ထိုင်တတ်ရမည်။ ထောင်ထဲရောက်လာသူ အများစုမှာ အဆင့်အတန်းနိမ့်ပါးကြ သည်။ ရှိပါစေ၊ သူတို့က ကိုယ်နှင့်အတူနေရမည့်သူတွေ၊ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်မပဲ့၊ ညာကောင်မပဲဆိုပြီး ဟန်ရေးစည်လို့မရ။ သူတို့ကလည်း သူတို့အထာနှင့်သူတို့ ရှိကြသည်ပါ။

တန်းစီးနှင့် အခန်းလူကြီးတို့ကို ကျွေးဖို့ပေးဖို့ စားသောက်စရာများကို သီးသန့်ထားရသည်။ ထောင်ထဲမှာ ဒီလောက်နေကြာမှတော့ ထောင်အထာကို သိရပြီပေါ့။

နောက်တစ်နေ့ ထောင်ကျဆောင်ကို ပြောင်းခဲ့ရသည်။ ဒေါ်တင့်တင့်ခမျာ သူ့မျက်အိမ်မှာ မျက်ရည်များရစ်ဝိုင်းလျက်။

တော်ပါသေးသည်။ အကြောင်း မဆိုးဖူးလို့ ဘဲ ဆိုရမည်။ ထောင်ကျဆောင်မှာ သေးအိုးချေးအိုးတို့နှင့်ဝေးရာ အုတ်နံရံနှင့်ကပ်လျက်မှာ နေရာရသည်။ အုတ်နံရံနှင့် ကပ်လျက်နေရာက ကိုယ့်ကိုယ် အဖြစ်အသန်းမရှိသမို့ သီးသန့်နေရာဟု ဆိုနိုင်သည်။

အပေးအကမ်းလေးလဲ ပါသွားတော့ အဆင်ပြေသပေါ့။

နောက်တစ်နေ့ လေဘာချသည်။

စက်ချုပ်ရုံမှာ။

အလုပ်မပင်ပန်းပေမယ့် စိတ်ပင်ပန်းသည်။ အချုပ်ဆောင်မှာ လွတ်လွတ်လပ်လပ် နေရတာကြာပြီမို့၊ အလုပ်ရုံဘက်မှာ စည်းနဲ့ကမ်းနဲ့နေရတော့ အနေကျဉ်းကျပ်သည်။

စက်ချုပ်အလုပ်ရုံမှာ သုံးလကျော်ပဲကြာသည်။ ရဲဘက်စခန်းကို ပြောင်းရွှေ့ရတော့မည်။ သူကိုယ်တိုင်က ပြောင်းချင်သည့်ဆန္ဒလည်းပါသည်။

မီးရထားတစ်တန်၊ ကားတစ်တန်။

ပျဉ်းမနားအထိ မီးရထားနှင့်သွားရမည်။ ပျဉ်းမနားဘူတာကနေ ရဲဘက်စခန်းကို ကားနှင့်သွားရမည်။ ရေဆင်းစိုက်ပျိုး



ရေးနှင့် နှစ်မိုင်နီးပါးလောက် ဝေးသည်။ သူတို့က အမြန်ရထားနှင့် မသွားရ၊ စာပို့ရထားနှင့်သွားရမည်။

မျက်နှာကို ဘယ်လိုထားရမှန်းမသိ။ ရန်ကုန်ဘူတာကြီးမှာ 'မိန်းမအကျဉ်းသားတွေ၊ မိန်းမအကျဉ်းသားတွေ' ဆိုပြီး လာလာကြည့်ကြသည်။ မျက်နှာကို လွှဲဖယ်ထားလို့လည်းမရ။ နှာခေါင်းအထိ လက်ကိုင်ပဝါဖြင့် အုပ်ထားရသည်။ ရထားထွက်တော့မှပဲ သက်သာသည်။ စာပို့ရထားက ဘူတာစဉ်ဆိုက်တာ။ တစ်ဘူတာဆိုက်ရင်လည်း အကြာကြီး။ ဘူတာရောက်တိုင်းစိတ်ညစ်ရသည်။

မတတ်နိုင်ပါ၊ ရှေ့မျက်နှာ နောက်ထား၍ ဆိုရိုးစကားအတိုင်း မန္တလေးစာပို့ရထားကြီးနှင့် ရဲဘက်စခန်းသို့-

\+ \+ \+

ကျောက်ခဲနှင့်တူ ထိခတ်သည့်အသံများနှင့် သီချင်းဆိုသံများမှာ စည်းချက်ဝါးချက်နှင့်ဆိုနေဘိသကဲ့သို့ရှိပါချေ၏။ ကျောက်ထုအလုပ်စခန်း အနားသို့မရောက်ခင်၊ ကျောက်ထုသံကိုမကြားရ၊ သီချင်းဆိုသံက လွှမ်းအုပ်ထားသည်။

တကယ်တော့ သူတို့တတွေမှာပျော်၍ သီချင်းဆိုနေကြသည် မဟုတ်ပါ။ ကျောက်ထုရသည်မှာ ပင်ပန်းလွန်းပါသည်။ ထိုပင်ပန်းမှုကို ပြေလျော့စေရန် သီချင်းတအေးအေး သီဆို၍ ကျောက်ထုနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်အေးမြင့်လည်း ကျောက်ထုနေရသည်။ သူကတော့ သီချင်းမဆို၊ အမှတ်တရားလေးနှင့် ထုနေသည်။ သူ့ဟာနှင့်သူ တော့ အဆင်ချောလျက်။

သုံးလကျော်ပဲ၊ ကျောက်ထုလိုက်ရသည်။ နောက်ပိုင်းမှာ ဒေါ်ခင်အေးမြင့်မှာ အလုပ်ကြပ်ရာထူးသို့ တိုးတက်သွားသော ကြောင့် ကျောက်မထုရတော့။ ကျောက်ထုသမား နှစ်ဆယ့် ငါးယောက်ကို ကြီးကြပ်ရသောအလုပ်ကြပ်။

ကိုယ်ပင်ပန်းမှု သက်သာသော်လည်း၊ စိတ်ပင်ပန်းမှု မသက် သာပါ။ သူက အခြားသော အလုပ်ကြပ်များလို အော်ဟစ် ဆဲဆိုကြိမ်းမောင်း၊ ငေါက်ငန်းချခိုင်း၊ လေအေး လေပျော့ လေးနှင့်မို့ သူ့အဆိုင်းမှာ နာမည်ကောင်းမထွက်၊ ဒါပေမယ့် ပြဿနာတော့မပေါ်။

သမီးက နှစ်လတစ်ခေါက်လာသည်၊ ထောင်ရုံးခန်းမှာ ငွေ ကြေး အပြည့်အစုံ အပ်နှံပေးထားသည်၊ နေရေးထိုင်ရေး မကောင်းပေမယ့် စားရေးသောက်ရေး ပြေလည်သည်။

ကံတရားက ထောက်မလိုက်သည်ထင်ပါ၊ အယူခံတွင် (၅) နှစ်မှ (၄) နှစ်သို့ လျော့ချခြင်း ခံရသည်။

သည်သတင်းကို သမီးဖြစ်သူက ဝမ်းသာအားရ ယူဆောင် လာသည်။ သည်တစ်ခေါက် သမီးလာသည်မှာ တစ်ယောက် တည်းမဟုတ်၊ နှစ်ယောက်တွဲလျက်။

သမီးနှင့် အိမ်ထောင်ပြုမည့် သမက်လောင်း။



'အမ်၊ ဘီ၊ ဘီ၊ အက် (စ်) ဘွဲ့ရဆရာဝန်လေး။ အလုပ် ခွင်တော့ မဝင်ရသေး။ မျိုးရိုးဂုဏ် ထည်ဝင့်သည်။ သမီး ပြောပြသည့်အတိုင်းဆိုရင် သဘောမတူစရာ ဘာမျှမရှိ။

ဒါပေမယ့်။

သမီးထက် (၅) နှစ်ငယ်သည်။

သူ့အတွေးစဉ်မှာ ထွန်းထွန်း၏ အကြောင်းဆီသို့ ပြန် ရောက်သွားသည်။ စိုးရိမ်ကြောင့်ကြမှုကို ခံစားလိုက်ရသည်။ ပြီးမှ စိတ်ကိုဖြေလျှော့လိုက်ရသည်။

ဖြစ်စဉ်ချင်း မတူညီသလို နောင်ဖြစ်လတ္တံ့သော ဖြစ်ရပ် လည်း တူညီလိမ့်မည်မဟုတ်ပေ။

နောက်တစ်ခေါက် သမီးတစ်ယောက်တည်းလာတော့ သ ဘောထားမေးသည်။ သဘောမတူစရာမရှိ၊ ရင်မှာခံစားရသည့် စိုးရိမ်ကြောင့်ကြမှုကို ပြောပြလိုက်ရသည်။

အကြမ်းဖျင်း တွက်ချက်လို့ရပြီ၊ နောက်နှစ်လနှင့်သုံးရက် မြောက်နေ့တွင် လွတ်မည်။

ရဲဘက်စခန်းမှ....

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

လင့်ရှိဘာကားနှင့် သမီးလာကြိုနေသည်။

ဒေါ်ခင်အေးမြင့်မှာ ခိုင်မာသော ဆုံးဖြတ်ချက်ကို ထွေးပိုက်လျက်။

သမီးဆီမှာ တစ်မော်နေပြီး သမီးနှင့်အတူ ရန်ကုန်သို့ ဆင်းခဲ့သည်။ ဒေါ်လေးကျော့ကို ကန်တော့ဖို့နှင့် ဆိုင်ကိစ္စ အိမ်ကိစ္စများ လွှဲပြောင်းပေးရေး စီစဉ်ရန်ဖြစ်၏။

ဒေါ်ခင်အေးမြင့်က ရန်ကုန်မှာလည်းမနေ၊ သမီးဖြစ်သူနှင့်လည်း အတူမနေ။ သူနေမည့်နေရာကို ပြတ်ပြတ်သားသား ရွေးချယ်ပြီးသား။ ဘယ်သူမျှတားလို့မရ။

စစ်ကိုင်းချောင်မှာ။

လူ့ဝတ်ကြောင်ကို စွန့်၍၊ ဖန့်ရည်စွန်းသော ဝတ်စုံဖြင့် သီလရှင်အဖြစ်သို့။

'မေမေ သီလရှင်ဘဝနဲ့ အရိုးထုတ်ပြီး တရားဘာဝနာ ပွားများနေထိုင်ဖို့ မေမေ့ကို ခွင့်ပြုပါသမီး'

နားကြပါဦးစို့။

မေတ္တာများစွာဖြင့်၊

ကျော်မြသန်း

BURMESE CLASSIC
www.burmeseclassic.com